www.burmeseclassic.com

မောင်မိုး
စီစဉ်သည်
TWO CATS PUBLICATION

# ကလျာ

[ဝိဇ္ဇာထိုက်ပွဲ]

BURMESE CLASSIC .com

## မိုးခြွေပန်း

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်သိက္ခာမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၉၈၁၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၀၈၁၀၉၁၀

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်းနှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်းနှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ဒုတိယအကြိမ် ၂၀၁၀ ခုနှစ် အောက်တိုဘာလ
အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀ကျပ်

မိုးခြေပန်း/ကလျာ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်းနှစ်ကောင်စာပေ၊ ၂၀၁၀။
၄၀၉-စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)မိုးခြေပန်း

www.burmeseclassic.com

www.burmeseclassic.com

ပန်းငုံလေးတွေ ပန်းပွင့်လေးတွေဟာ မိုးကို ချစ်ကြတယ်။

မိုးကို မျှော်ကြတယ်နော်. . .

မိုးဆန်းပန်းလို လန်းပါစေ. . . လို့တောင် သူတို့လေးတွေကို ကိုယ်စားပြုပြီး လူသားတို့က ပန်ဆုတွေ ခြွေတတ်ကြတယ် မဟုတ်လား။

ဒါပေမယ့် ကိုကိုရယ်. . .

ပန်းပွင့်လေးတွေဟာ ကြမ်းတမ်းရက်စက်တဲ့ မိုးသီးမိုးပွင့်ရဲ့ဒဏ်ကို အလူးအလဲခံပြီး. . .

ပွင့်ဖတ်တွေ ကြွေ၊ ရိုးတံတွေကျိုးပြီး မြေပြင်ပေါ်မှာ လဲကျ ဘဝဆုံးရတဲ့အဖြစ်တွေကိုတော့ လူသားတွေက ဘာလို့များ စာမဖွဲ့ကြတာလဲရှင်. . .

မိုးဆန်းတိုင်းလည်း မလန်းပါဘူး။

မိုးခြွေလို့ ကြွေရတဲ့ အဖြစ်မဲ့ "မိုးခြွေပန်း"လေးတွေ ဒီကမ္ဘာမြေမှာ ရှိနေပါတယ်ဆိုတာ ကိုကို သိပါရဲ့လား ရှင်. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁ ။

ချန်ပီယံဟီးနိုးကားကြီးမှာ ခရီးသည်အပြည့် တင်ဆောင်လာပြီး ရန်ကုန်ဝင်ခါနီးမှ မိုးနှင့်တိုးတော့သည်။

မိုးက သဲကြီးမဲကြီးတော့မဟုတ်။

မိုးဖွဲသိပ်သိပ်ကလေးများက အဆက်မပြတ် စွေနေသည်။

ကောင်းကင်တစ်ခုလုံး ခဲသားရောင်ဖြင့် ညှိုမှောင်နေပါ၏။

ဘေးဝန်းကျင်ရော ကောင်းကင်ပြင်ကိုပါ ရှင်းသန့်ကြည်ဖြူစွာ မမြင်ရ။

"ခက်တော့တာပဲ. . . မိုးကလည်း ငါဆင်းခါနီးမှ. . ."

မိန်းကလေးတစ်ယောက်၏ ရင်တွင်းမှ ညည်းသံကိုမည်သူမှ မကြားနိုင်ကြ၊ ကားတစ်စင်းလုံးမှ ခရီးသည်များကလည်း မိမိတို့ဦးတည်ရာ 'ရန်ကုန်မြို့'ဆိုသော ခရီးဆုံးသို့ ရောက်တော့မည်မို့ ကိုယ့်ကိစ္စ ကိုယ့်အကြောင်း ကိုယ်ဆက်ရမည့် ခရီး





သိမ်း စသော အတွေးကိုယ်စီဖြင့် ရှိနေကြပေမည်။

မိုးစိမ့်လာ၍ အားလုံး ကိုယ့်ခုံမှာကိုယ် ငြိမ်သက်စွာငိုက်မျဉ်းစွာ. . . ဒေးမောစွာ ရှိနေကြတော့သည်။

"ကျွန်မ ပြည် ကားဂိတ်မှာထဲက ပြောထားတယ်နော်"

"သိတယ်. . . ရပ်ပေးမယ်၊ အစ်ကိုရေ. . . မင်္ဂလာဒုံစေ်ဆေးရုံရှေ့ ခဏရပ်မယ်နော်"

ကားစပယ်ရာ၏ ခပ်တိုးတိုးအသံကို ဒရိုင်ဘာက ခေါင်းညိတ်ပြပြီး ငါးမိနစ်ခန့်အကြာမှာ ကားက အရှိန်လျှော့ပြီး ခပ်မြန်မြန်ပင် ကားပေါ်မှ ဆင်းလိုက်သည်။

သည်နေရာမှာ ဆင်းမည့် ခရီးသည်ကလည်း သူတစ်ယောက်တည်း။

ကားအောက်ရောက်တော့လည်း ခေါက်ထီးက တော်တော်နှင့် ဖွင့်မရ၍ မိုးပွင့်တို့ အလုံးအရင်းနှင့် သူ့ကိုယ်မှာ လာခို၍ စို့ရွဲရပါလေပြီ။

"ခဏလေးနော် အစ်မလေး"

စပယ်ယာကလေးက ကားခေါင်မိုးပေါ် ပြေးတက်ပြီး အုပ်ထားသော တာလပတ်စကို လှန်သည်။

"အဲ. . အဲ. . ဟုတ်တယ်. . ဟုတ်တယ်. . အဲဒီအိတ်ပဲ"

ဂျင်းအပြာရင့်ကို ကတ်ထူခံ၍ ချုပ်ထားပြီး လက်ကိုင်နှင့်ရှေ့အိတ်များက အနီရဲရဲ သားရေနားကွပ်များနှင့်မို့ တွေ့လိုက်လျှင် ထင်းခနဲ မြင်သာနိုင်သည့် ခရီးဆောင်လက်ဆွဲအိတ်။

"ဒါ ဟုတ်တယ်နော်. . . တစ်ခုတည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟုတ်တယ်. . . ဒါ တစ်ခုတည်းပဲ၊ ပေး. . ပေး"

စပယ်ယာလေးက တွယ်ဆင်းပြီး ချပေးလိုက်ပြီးသည်နှင့် ဟီးနိုးကားကြီးက တရှိုးရှိုးမြည်သံနှင့်အတူ ရန်ကုန်ဘက်သို့ ခရီးဆက်သွားလေပြီ။

မိုးက ရွာလာသဖြင့် ကားစီးခရီးသည်များ၏ ပြတင်းပေါက်တိုင်းလိုလိုမှာ ပိတ်ထားကြ၍ လမ်းခုလတ်မှာ ဆင်းသွားသော မိန်းကလေးကို သတိမထားမိကြ မမြင်မိလိုက်ကြ။

မိန်းမလှလေးသည် အိတ်ကိုဆွဲလျက်. . . ထီးတစ်လက်ဖြင့်. . .

မင်္ဂလာဒုံစစ်ဆေးရုံကြီး၏ ရှေ့တည့်တည့်ရှိ အမျိုးသမီးအဆောင်ဘေး လမ်းကြားလေးထဲသို့. . .

မိုးမှုန်မိုးဖွဲလေးများကြားမှာ တရွေ့ရွေ့လှမ်းကာ ဝင်သွားခဲ့ပါပြီတည်း။

◆ ◆ ◆



## အခန်း ။ ၂ ။

"နေမင်းသာ"အတွက် ဖေဖေ ဦးချမ်းသာ ငှားပေးထားသော အင်းလျားလမ်းသွယ်ထဲမှ တစ်ထပ်တိုက်ကလေးရှိရာသို့ တက္ကစီကားဖြင့် ဝင်လာခဲ့သည်။

ခြံဝင်းကြီး၏ ဘေးလမ်းမှ ဝင်ရသော်လည်း ကိုယ်ပိုင်လမ်းလေးလို သီးသီးသန့်သန့် ရှိပါ၏။

နှစ်ထပ်တိုက်ကြီးနှင့်နေသော ဤခြံပိုင်ရှင်က နောက်ဘက်မှာ ခပ်ပါးပါး တစ်ထပ်တိုက်ကလေး ဆောက်ပြီး စပေါ်ငါးသောင်း၊ အိမ်လခ တစ်လရှစ်ရာဖြင့် ငှားထားခဲ့သည်။

အိပ်ခန်းက တစ်ခန်းတည်းသာ ပါရှိ၏။

ထမင်းစားခန်း. . . ရေချိုးခန်း. . . မီးဖိုခန်းနှင့် ဧည့်ခန်းတို့က ကျဉ်းလှသော်လည်း စနစ်တကျရှိလှ၍မက ရောင်စုံဆေးသုတ်ထားပုံလေးက ပိုမို၍ ချစ်စရာ။

ဤတိုက်မှာ နေမင်းသားတစ်ယောက်တည်းအတွက်တော့ အဆင်ပြေလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပိုင်ရှင်ထံမှ လိုင်းခွဲဖြင့်ဖုန်းသွယ်ပေးထားသေးသည်။ ဖုန်းလာလျှင် သူက ကိုင်စရာမလို၊ တိုက်ကြီးပေါ်ကကိုင်ပြီး သူ့ဖုန်းဆိုလျှင် သီးသန့်ခေါ်စေသော အသံ တပ်ဆင်ပေးထားပါ၏။

အစစအရာရာ ပြည့်စုံရုံမက အေးငြိမ်းလွတ်လပ်လှသော ဤတိုက်ကလေးကို နေမင်းသာ ချစ်၏။

တက္ကစီခပေးပြီး ဂျာကင်အိတ်တွင်းမှ သော့နှင့် တိုက်တံခါးကိုဖွင့်၏။ ဂျင်းပြာခရီးဆောင်အိတ်ကို အိမ်တွင်းသွင်းလိုက်ပြီးမှ ပြတင်းတံခါးများအားလုံး လိုက်ဖွင့်လိုက်သည်။

ပစ္စည်းများက အားလုံး နေသားတကျ။

မြေပိုင်ရှင် ရှိနေ၍ သူ့တိုက်ကလေးအတွက် အစောင့်ထားစရာမလိုအောင် စိတ်ချရလေသည်။

ဝင်စက အိုက်စပ်စပ် ခပ်မွန်းမွန်း ဖြစ်နေသော်လည်း ပြတင်းစုံမှလေများ တိုးဝှေ့ဝင်လာခဲ့သဖြင့် ချက်ချင်းပင် အေးမြသွားရပါပြီ။

"အင်း. . . ပြည်က တိုက်ကြီးက ဒီထက်ကျယ်ပေမယ့် ကမ်းနားလမ်းမပေါ်မှာမို့ ဒီလောက် မအေးချမ်းလှဘူး"

ပြည်မြို့နှင့် ရန်ကုန်သို့ သွားချည်လာလှည့် လုပ်နေသော နေမင်းသာက သူ့တိုက်ကလေးကို သဘောကျစွာ တွေး၍ အိပ်ခန်းသော့ဖွင့်ပြီး ဝင်လိုက်သည်။

အိပ်ခန်းပြတင်းကို ဖွင့်လိုက်တော့ ခရေပင်ကြီးနှင့် လက်လှမ်းထိ၍တောင် ရသဖြင့် ခရေသင်းနံ့ဝေသော လေက တိုးဝင်လာ၏။ မောပန်းခဲ့ရသမျှ အပန်းပြေသွားရသလို ရှိသည်နှင့်





အိပ်ရာဖုံးကို ဆွဲလှန်ပြီး တစ်ယောက်အိပ်ခုတင်မှာ ပစ်လှဲအိပ်ချလိုက်သည်။

ခဏနေမှ. . .

"ရေချိုးပစ်လိုက်ဦးမှပါလေ"

အဝတ်တွေချွတ်ပြီး ဘောင်းဘီတိုလေးဖြင့်ပင် ခရီးဆောင်အိတ်၏ဇစ်ကိုဖွင့်ပြီး အပေါ်မှ တင်လာခဲ့သော မျက်နှာသုတ်ပဝါကို ဆွဲလိုက်ချိန်မှာ ပေါ့ပါးစွာပါလာသဖြင့်. . .

"ဟာ. . . ဒါကဘာလဲ"

"အို. . . ဘရာစီယာပါလား"

"ဘယ်က ဟာလဲ၊ ဘယ်လိုဖြစ်လာတာလဲ"

နေမင်းသာ အလန့်တကြား သူ့အိတ်ထဲမှ ပစ္စည်းများကို တအားဆွဲထုတ်လိုက်တော့. . .

မိန်းမဝတ် ဘလောက်စ် ဇာအင်္ကျီ။

"ဒေါက်"

ဆိုသော အသံကို တဆက်တည်း ကြားလိုက်ရ၍ ကြမ်းပြင်ကို ငုံ့ကြည့်လိုက်တော့ ပွင့်နေသော မိတ်ကပ်ဗူး။

"ဒုက္ခပါပဲ၊ ဘာတွေဖြစ်ကုန်တာလဲ"

ထပ်ပြီး ဆွဲထုတ်လိုက်တော့ ပါလာတာက မီးပူတိုက်ပြီးသား ထဘီတစ်ထပ်။

"ထွီ. . . ဘာတွေလဲကွ"

ဆွဲလွှင့်ပစ်လိုက်ပြီးမှ ခုတင်ပေါ်မှာ ဆောင့်ထိုင်ချလိုက်ပြီး သူ့အိတ်ကို သေသေချာချာကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းနက်ပြာရင့်ကို ကတ်ထူခံ၍ ချုပ်ထားပြီး လက်ကိုင်နှင့် ရှေ့အိတ်များက အနီရဲရဲ သားရေနားကွပ်များ. . .

"ဟုတ်ပါတယ်၊ ငါ့အိတ်မှ ငါ့အိတ် အစစ်ပါ၊ ဘယ်လိုက ဘယ်လို ဖြစ်ကုန်တာလဲ"

"ရုပ်ရှင်ထဲမှာလို ဆိုက်ကိုဝင်ပြီး မြင်ချင်ရာ မြင်နေတာလား"

"မဟုတ်ပါဘူး၊ ငါအရူးမှ မဟုတ်တာ"

"တောက်. . . ငါ့ပစ္စည်းတွေပျောက်ပြီး ဘယ်ကမိန်းမစုတ်ရဲ့ ပစ္စည်းတွေ ရောက်နေရတာလဲ"

နေမင်းသာမှာ ဒေါသမွှန်အောင်ထွက်ပြီး မစဉ်းစားတတ်အောင် ဖြစ်နေဆဲမှာပင်"

"ဟာ. . . ငွေ"

"ဟုတ်တယ်၊ ငါ့အိတ်ထဲမှာ ဘဏ်ကထုတ်တဲ့ ငွေ ခုနစ်ထောင့်ငါးရာထုပ် ထည့်ထားတာပဲ"

နေမင်းသာအကျီဇလာနှင့် အိပ်ခန်းပြင်သို့ အမြန်ထွက်ပြီး တယ်လီဖုန်းဆက်သည်။

ပြည်နှင့်ရန်ကုန် အိမ်ဦးနှင့်ကြမ်းပြင်လို သွားနေသူမို့ ကားဂိတ်နှင့်က မိတ်ဆွေဖြစ်နေပြီ။ သူစီးခဲ့သော ကားနံပါတ်ကို ပြောပြီး အကျိုးအကြောင်း အနည်းအကျဉ်းပြောပြတော့ စပယ်ယာလေးကို ခေါ်ပေးသည်။

"ပြောပါ အစ်ကို၊ ကျွန်တော် မောင်နိုင်ပါ"

"အေးကွာ. . . ငါ့လက်ဆွဲအိတ်ထဲမှာ မိန်းမအဝတ်စား





တွေ လဲထည့်ထားလို့"

"ဗျာ"

"ငွေထုပ်လည်း ပါသွားတယ်ကွ"

"ဟာ. . . အစ်ကိုရာ၊ ကျွန်တော်တို့ ကားအသင်းမှာ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးပါဘူးဗျာ"

"အေး. . . ဒါပေမယ့် ငါ့အိတ်ထဲမှာ ထဘီတွေ ရောက်လာပြီကွ၊ မယုံရင် မင်းလာကြည့်"

"ဒုက္ခပါပဲဗျာ"

"အေး. . . ဘယ်သူထည့်သွားလဲမသိဘူး၊ တစ်ခုခုတော့ အမှားအယွင်းရှိနေပြီ မောင်နိုင်၊ ပြန်စစ်ကြစမ်းပါဦးကွ"

"အမှားအယွင်း"

"အေးလေ. . . ငါ မျက်နှာသုတ်ပဝါထုတ်လိုက်တာ ဘရာစီယာနဲ့ထဘီတွေ ထွက်လာတယ်ကွ"

နေမင်းသာ ဒေါသနှင့် အော်ပြောလိုက်သော်လည်း တစ်ဘက်မှ မောင်နိုင်က ခေတ္တမျှ ငြိမ်နေပြီးမှ-

"အစ်ကို. . . အမှားအယွင်းဆိုလို့ ကျွန်တော်စဉ်းစားမိပြီ အစ်ကို"

"ဟေ. . . ဘာလဲ"

"အစ်ကို့အိတ်က ဂျင်းသားနက်ပြာရောင်နဲ့ အနီနဲ့ မဟုတ်လား"

"အေး. . . ဟုတ်တယ်"

"ဒါဆို ဟို-အစ်မနဲ့ မှားသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အစ်မလဲကွ"

"မင်္ဂလာဒုံစစ်ဆေးရုံရှေ့မှာ ဆင်းသွားတဲ့ အစ်မချောချော လေးလေဗျာ"

"ငါ မသိဘူး"

"ဟုတ်တယ် အစ်ကို၊ သူက အဲဒါ. . . အဲဒါလို့ လက်ညှိုး ထိုးတာနဲ့ ကျွန်တော်ကိုယ်တိုင် ဆွဲချပေးလိုက်ရတာ၊ ဟုတ် တယ်. . . အစ်ကို့အိတ်နဲ့ တစ်ပုံစံတည်း"

"ဒါဆို ငါ ဘယ်လိုလုပ်ရမှာလဲ"

"အဲဒီအစ်မနဲ့ ပြန်လဲကြပေါ့"

"သူ့လိပ်စာ ငါ့ပေး"

"ကျွန်တော် ဘယ်သိပါ့မလဲ အစ်ကိုရာ၊ မင်္ဂလာဒုံစစ် ဆေးရုံရှေ့မှာ ချပေးပါဆိုလို့ ထုံးစံမဟုတ်ဘဲနဲ့ အားနာလို့ ချပေး ခဲ့ရတာ၊ သူဘယ်သွားလို့ ဘယ်လာမှန်းလည်းမသိ"

"ဒါဆို ငါက ဒီထဘီတွေ ဝတ်နေရမှာလားကွ"

"အစ်ကိုကလည်းဗျာ"

"မင်းမှာ တာဝန်ရှိတယ်"

"ကျွန်တော် ဘာလုပ်ပေးတတ်မှာလဲ အစ်ကိုရာ၊ အိတ် ချင်းမှားပြီး ပေးလိုက်မိတဲ့ ကျွန်တော့်ကို အစ်ကို လာထိုးရင် လည်း ခံရုံကလွဲလို့ ကျွန်တော် ဘာတတ်နိုင်မှာလဲ အစ်ကိုရာ"

"အေးကွာ. . . ဒါဖြင့်လည်း ပြီးရော၊ မင်း တော်တော် စကားရှည်တဲ့ကောင်"

တယ်လီဖုန်းကို ချပစ်လိုက်ပြီး၊ အနီးမှ ဒရင်းဘက်ပေါ်မှာ





ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"အင်း. . . ရိုးရိုးသားသား မှားတာဆိုရင်တော့ သူ့မှာ လည်း ခက်နေမှာပဲ"

"ဒါပေမယ့်. . . မိန်းကလေးက ယောကျ်ားရှပ်အင်္ကျီ ဝတ်နေတာ အစဉ်အလာလို ဖြစ်နေပါပြီ၊ အဲ ပုဆိုးဝတ်လည်း ဖြစ်တာပဲ၊ ငါ့မှာသာ သူ့ထဘီနဲ့ သူ့ဘယာစီယာတွေ ဘယ်လို လုပ် ဝတ်ရမှာလဲ"

တစ်ယောက်တည်း ဒေါအပွကြီးပွပြီး ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ နှစ်ခေါက်လောက် ဧည့်ခန်းမှာ လျှောက်ပြီးမှ အိပ်ခန်းထဲပြန်ဝင်လာသည်။

မိန်းကလေး အဝတ်စားများက ပွစာကျဲလျက်. . .

သိမ်းပေးဖို့ ဝေးလို့ ကိုင်ပင် မကိုင်ချင်တော့။

ပြန်လှည့်လာပြီး ရေချိုးခန်းမှာ ရေအကြာကြီး ချိုးပစ် လိုက်သည်။ ရေပန်းပွားအောက်မှာ ခေါင်းပါ ဝင်လိုက်ပြီး ချိုးချ လိုက်တော့မှ တစ်ကိုယ်လုံးအေးမြရှင်းသန့်သွားတော့သည်။

စောစောဆီက မကျေနပ်မှုများလည်း ချိုးရေထဲမှာ ထက်ဝက်လောက် မျောပါသွားခဲ့ပြီ. . .

သည်အိမ်မှာထားခဲ့သော တစ်ပတ်နွမ်း အင်ဒိုနီးရှား ပါတိတ်အင်္ကျီနှင့် မသစ်လွင်သော ကချင်ပုဆိုးတစ်ထည်ကို ယူဝတ်လိုက်ရပါ၏။

"ဒီမိန်းကလေးရဲ့ လိပ်စာ ဘာညာပါသလားလို့ ရှာကြည့် ဦးမှပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထဘီပုံကို ခဏထိုင်ကြည့်ပြီးမှ အိတ်ထဲမှ ပစ္စည်းများကို အထပ်လိုက် မဟုတ်ဘဲ အိတ်ကို ဆွဲမှောက်၍ သွန်ချပစ်လိုက်တော့သည်။

"အတော်စည်းကမ်းရှိတဲ့ မိန်းကလေးပဲ၊ စွယ်တာရယ်၊ စာအုပ်ရယ်ကို ပလတ်စတစ်အိတ်ကလေးတွေနဲ့ထုပ်လို့ သားရေကွင်းလေးတောင် ပတ်ထားသေးတယ်"

အိတ်များယူသွားသဖြင့် ပြာကလပ်စိန်မဟု အထင်သေးခဲ့သည့်စိတ်တို့ ပြေလွင့်ပြီး. . .

"ဟာ. . . ဒီစာအုပ်က ဒိုင်ယာရီ စာအုပ်ပဲ"

စာအုပ်အပေါ် ပလတ်စတစ်အိတ်ထဲမှာ မြင်နေရသည်က မှတ်ပုံတင်ကတ်. . .။

"ဟုတ်ပြီ၊ သူဘယ်သူလဲ ဘယ်မှာနေသလဲဆိုတာ သိနိုင်ပြီ"

"ပြီးတော့ မောင်နိုင်ပြောတဲ့ အစ်မချောချောလေးဆိုတာ ဟုတ် မဟုတ် သူ့ရုပ်ကို ကြည့်ရအောင်"

နေမင်းသာမှာ ပလတ်စတစ်အိတ်ကို ပတ်ထားသော သားရေကွင်းလေးကို ဖြေ၍ ထုတ်လိုက်သည်နှင့်. . .

"ဟာ. . . ဒါ တို့ပြည်မြို့က မှတ်ပုံတင်ပဲ"

အားတက်စိတ်ဖြင့် မှတ်ပုံတင်ကို ဖွင့်ကြည့်လိုက်သည့် အခါ တစ်ခါမှ မမြင်ဖူးသော မျက်နှာ. . .





အမည် . . . . . . . . .

အဘအမည် . . . . . . . . .

နေရပ်လိပ်စာ . . . . . . . . .

တို့ကို ဖတ်ရပြီးချိန်မှာတော့ နေမင်းသာ၏ တစ်ကိုယ်လုံး နွှမ်းနွေးလာသည်။

ဒေါသငွေ့တို့ တစ်ကိုယ်လုံးပြန့်၏။ မျက်ဝန်းမှ မီးစွယ်တွေ ထွက်လာသလား ထင်ရလောက်အောင် နေမင်းသာ၏ မျက်နှာက ဒေါသဖြင့် ကြမ်းတမ်းနေ၏။

မှတ်ပုံတင်ကို ဆောင့်ပစ်ချလိုက်ပြီး ဝုန်းဆို မတ်တတ်ရပ်လိုက်သည်။

"တောက်. . . ခင်းတို့မိသားစုဟာ ငါတို့သားအဖကို ဒုက္ခပေးလို့ပဲ မဆုံးနိုင်ကြတော့ဘူးလား"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၃ ။

မင်္ဂလာဒုံစစ်ဆေးရုံရှိရာ ပြည်လမ်း၏ အရှေ့ဘက်ခြမ်း လမ်းသွယ်ကိုဝင်ပြီး အတော်ဝေးဝေးကြီး လျှောက်ပါမှ လေတပ်ဝန်ထမ်းများ၏ အိမ်ထောင်သည်လိုင်းကို ရောက်ရှိပါလေမည်။

'စူး'သည် အိမ်ရှေ့ကပြင်မှာထိုင်ပြီး အစ်ကိုဖြစ်သူ ဖလိုက်ဆာဂျင်. . . ဆရာလှထူး၏ အပြန်လမ်းကို မျှော်နေမိသည်။

အရာရှိအဆင့် မဟုတ်၍ တပ်ကြပ်ကြီးနှစ်ဦးအတွက် အိမ်ကို နှစ်ခန်းတွဲ၍ ဆောက်ထားသည်။ ပျဉ်ထောင် အုတ်ကြွပ်မိုး ရေ မီး အစုံရသော်လည်း အိမ်များက ဟောင်းနွမ်း၍ ပျက်စီးစပြုနေပြီ။

အိပ်ခန်းနှစ်ခန်းနှင့် ဧည့်ခန်းသာပါပြီး သီးခြားအခန်းမရှိ။

အိမ်ရှေ့လှေကား နောက်ဖေးလှေကား တပ်ဆင်ထားပြီး တစ်အိမ်နှင့်တစ်အိမ် ဝေးသဖြင့် အလင်းရောင်နှင့် လေကောင်းစွာ ရရှိပါ၏။





စူး၏ အစ်ကိုတစ်ဝမ်းကွဲတော်သော ဆရာလှထူးမှာ သဘောကောင်းစွာဖြင့် ညီမဝမ်းကွဲလေး၏ ကိစ္စကို ကူညီဆောင်ရွက်ပေးရန် မနက် ခြောက်နာရီကတည်းက ရန်ကုန်သို့ သွားပေးနေပါ၏။

ယောင်းမ မမြတ်မြတ်ထွေးက ကလေးသုံးယောက်နှင့် ထော်ချာဝိုင်းနေသည်။

စူး ရောက်လာသည့်အတွက် မကျေနပ်ခြင်းရှိပုံ မရသော်လည်း ကြာရှည်လက်ခံထားရမှာကိုဖြင့် သူ စိုးရိမ်နေပုံရလေသည်၊

သူ့အပြစ်လည်း မဆိုသာပါ။ ယနေ့ ကုန်ဈေးနှုန်းနှင့် လူတစ်ယောက်စာ တာဝန်ကြီးလှသည့် အဖြစ်ကို သာမန်လခစား ဝန်ထမ်းငယ်တို့၏ ဇနီးတိုင်း ရင်လေးရ စိတ်ပင်ပန်းရသော ကာလပဲလေ။

မြန်မာတို့၏ ဧည့်သည်မြတ်နိုးတတ်သော စေတနာဓလေ့ထုံးစံကို ယနေ့ ကုန်ဈေးနှုန်းက ခြေဖျက်ဖွဲ့ယူနေလေသည်။

"အစ်ကိုလှထူး မမကို ရှာလို့ တွေ့ခဲ့ပါစေ"

စူးမှာ ဤဆုကို မနက်ကစ၍ အကြိမ်ကြိမ် အခါ တောင်းနေမိသည်။

သည်အိမ်မှာလည်း ကြာကြာမနေချင်။

ယောင်းမ မမြတ်မြတ်ထွေးက လေတပ် ဘူတာဈေးသို့ အကြီးမလေးခေါ်ပြီး ထွက်သွား၏။ မျောက်ရှုံးအောင်ဆော့သော အငယ်ယောက်ျားလေးနှစ်ကောင်က မောမောနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းမှာပင် ပိုးလိုးပက်လက် အိပ်နေကြလေပြီ။

စူးမှာ စိတ်ကျဉ်းကျပ်စွာ စိတ်ညစ်ညူးစွာဖြင့် ဖိနပ်ချွတ်ကပြင်မှာထိုင်ပြီး လှေကား၏ ပထမထစ်မှာ ခြေချထိုင်၍ အစ်ကိုလှထူး အလာကို မျှော်နေမိစဉ်မှာ. . .

စိမ်းပြာရောင် ဖယ်မလီကားတစ်စင်း ဝင်လာသည်။

နံပါတ် အနက်ဖြစ်သော်လည်း ဤကားများမှာ တက္ကစီဖြစ်ကြောင်း စူး မသိပါ။

အစ်ကိုများ ကားနှင့် ပြန်လာလေသလားဟု မျှော်နေဆဲမှာပင်. . .

ကားက စူး၏ အိမ်ရှေ့တည့်တည့်သို့ရပ်ပြီး ကားရှေ့ခန်းမှ လူတစ်ယောက် ဆင်းလာသည်။

အင်္ကျီပွပွ ဘောင်းဘီ ဝပ်ကင်းရှူးတို့ အားလုံး သစ်လွင်စွာဖြင့် အရပ်ရှည်ရှည် အသားညိုညို ကိုယ်လုံးကျစ်ကျစ်နှင့်လူ၊ အသက် အစိတ်နားနီးလောက်ရှိမည်။

မျက်နှာက ခပ်သွယ်သွယ် နှာခေါင်းပေါ်ပေါ်၊ ဆံပင်အုံကောင်းကောင်းကို ပန့်ကေလို ခပ်တိုတို ညှပ်ထားသည်။

မျက်ခုံးနက်နက်အောက်မှ စူးရှထက်မြက်သော မျက်ဝန်းများက လက်စိုစွာ စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးမှ. . .

"စူး ဆိုတာလား"

"ဟုတ်. . . ဟုတ်ကဲ့ပါရှင်"

စူးသည် သူ့ထက် ခြောက်နှစ်လောက် ငယ်ပေလိမ့်မည်ဟု ခန့်မှန်းမိသော်လည်း အမုန်းအငြိုးသည် သူ့ရင်မှာ ချေဖျက်





၍မရနိုင်။

"မင်း ပြည်က ဦးချစ်ငွေရဲ့ သမီးလား"

"ဟုတ်ပါတယ်၊ အစ်ကိုက စူးကို သိလို့လားဟင်"

"အပိုတွေ မေးမနေနဲ့၊ ဘယ်မှာလဲ ငါ့အိတ်"

"ရှင်"

"မင်း ပုံမှားရိုက်ပြီး ငါ့အိတ်ကို ယူသွားတာလေ"

"ဪ. . . အဲ. . . အဲဒါလေ. . ."

"လုပ်မနေနဲ့၊ ငါ့အိတ် ဒီမှာရှိလား"

"ရှိ. . . ရှိပါတယ်"

"ငွေထုပ်ရော"

"ရှင်"

"ဟန်လုပ်နေမယ် မကြံနဲ့၊ အို. . . တော်ပြီကွာ သွား. . . ငါ့အိတ်နဲ့ အဝတ်အစား ပြန်ရရင် တော်ပြီ မင်းအဖေ အကျင့်ဆိုးအတိုင်း မင်းလည်း ငါ့ဆီက ငွေရအောင်ယူမှာပဲ၊ ဘာငိုင်နေတာလဲ၊ သွားယူလေ"

"ရှင်. . . ရှင်. . . ဘာတွေလာပြောနေတာလဲ"

"အိုကွာ. . . ကြာတယ်. . . ပေး. . . ငါ့ညီရာ၊ အဲဒီအိတ် ယူခဲ့စမ်းပါ"

ကားဆရာက နောက်ခန်းမှဝင်ပြီး ထုတ်ယူလာတော့ စူး၏အင်းအိတ် နက်ပြာ. . .

စူး သည်လည်း အိပ်ခန်းထောင့်မှာ အလွယ်တကူ ရှိနေသော ဘီးတပ်အိတ်ကို အမြန်ဆွဲထုတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိတ်ချင်းက အားလုံးပုံတူ. . .

ဘယ်လိုမှ ရွေးမရနိုင်အောင် တူနေသဖြင့် နေမင်းသာ အတော်လေးတော့ အံ့သြသွားမိသည်။

"ပေးစမ်း"

နေမင်းသာက အိတ်ကို လှမ်းဆောင့်ဆွဲပြီး ဇစ်ကို ဖွင့်ကြည့်လိုက်မိသည်နှင့်. . .

"အေး. . . ဟုတ်တယ်၊ မင်းပစ္စည်း မင်းကြည့်ဦး"

စူး မှာ မျက်ဝန်းအဝိုင်းသားဖြင့် ကြောက်ရွံ့ အံ့သြမှု လွန်ကဲနေ၍ ဘာစကားမှ မပြောဖြစ်လိုက်။

"ဒီမှာ"

အိတ်ကို ဆွဲယူပြီး လက်ကိုင်မှ မ၍ ပခုံးပေါ်သို့ စွေ့ခနဲ နေအောင် မြှောက်ယူလိုက်ပြီး စူး ရပ်နေရာသို့ ခြေနှစ်လှမ်း တိုး၍. . .

"ဒီလို ပုံမှာရိုက်လို့ရအောင် ဒီလိုထွင်လုံး လုပ်ခဲ့တယ် ဆိုတာ ငါ မသိဘူးများမှတ်နေသလား"

"အေး. . . ဦးချမ်းသာ လက်ထက်ကတော့ မင်းအဖေ ဦးချစ်ငွေ လှည့်သမျှ ရမယ်၊ အခု နေမင်းသာလက်ထက်မှာ ဒါမျိုးလာလုပ်လို့မရဘူး၊ နားလည်လား"

"အိုး"

"အေး. . . အခု ငါ့ဆီက ရိုက်လိုက်တဲ့ငွေဟာ ငါ သူ တောင်းစားကို စွန့်ကြဲတယ်လို့ပဲ မှတ်လိုက်မယ်"

"ရှင်. . . ရှင်. . . ရှင်ဟာ. . ."





ရင်တွင်းမှာ ခံပြင်း ဒေါသ အလိပ်လိပ် တက်လာပြီး ဒိတ်ဆို့ထားသဖြင့် စကားသံများက မထွက်နိုင်မီမှာပင် သူ့ဖိနပ်ကို ပြင်းပြင်းနင်းပြီး အိမ်ပေါ်မှ ဆင်းသွားတော့သည်။

ကားတံခါးကို ဒိုင်းခနဲ ပိတ်သံနှင့် ကားစက်၏ ဝူးခနဲ ထွက်သံတို့က တစ်ချိန်တည်းလို ပေါ်ထွက်ပြီးသည်နှင့် စက်ဝိုင်းတာယ် တစ်ခုကို ကွေ့သလို ကားက ဝိုက်ကွေ့ကာ အရှိန်တင်၍ မောင်းနှင်ထွက်ခွာသွားခဲ့ပြီ။

စူး မှာတော့ ကျောက်ဆစ်ရုပ် တစ်ရုပ်လို ကား ကွယ်ပျောက်သွားသည်အထိ ရပ်နေမိဆဲ. . .

"သူ ဘယ်သူလဲ"

"သူ ဘာတွေ ပြောသွားတာလဲ"

စူး ဘာမှ နားမလည်ခဲ့ပါ။

ဖေဖေ ဦးချစ်ငွေမှ တစ်ဆင့် ပြန့်ပွားကူးစက်ခဲ့သော အာဃာတရောဂါရှင်တစ်ဦးဟု၍ဖြင့် မှန်းဆလို့ ရပါသည်။

"အို. . . ဘာပဲဖြစ်ဖြစ်၊ ငါ ရိုးရိုးသားသား မှားတာတို့. . . ပက်ပက်စက်စက် ပြောသွားလိုက်တာ"

"ငါ ဘာဖြစ်လို့ ပြန်မပြောရတာလဲ"

"ဘာကြောင့် ပြန်ရန်မတွေ့လိုက်မိတာလဲ"

"ကြည့်စမ်းပါဦး၊ မိန်းကလေးတစ်ယောက်ကို နိုင်ထက်စီးနင်း ပြောသွားလိုက်တာ"

စူးမှာ. . . သူ့အိတ်တွင်းမှ ဖရိုဖရဲနှင့် လုံးထွေးနေသော အဝတ်များကို ကိုင်ကြည့်ရင်း မျက်ရည်ပေါက်ပေါက် ကျမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အခု အချိန်မှာတော့. . . စူး၏ အကောင်းဆုံးသော အဖော်မှာ မျက်ရည်သည်သာ ဖြစ်ပါချေ၏။

◆ ◆ ◆

"အစ်ကို ကြိမ်းမောင်းခဲ့တာကို ချာတိတ်မလေးက ဘာမှ ပြန်မပြောဘူးနော်"

"မပြောချင်လို့တော့ ဟုတ်မှာ မဟုတ်ဘူး၊ သူ ကြောင်နေတာ"

စီးနေကျ ကားသမားလေး၏ မနေနိုင်သော အမေးကို ဖြေပြီး နေမင်းသာ ငြိမ်နေလိုက်သည်။

ရင်တွင်းမှာ ဒေါသအရှိန်က မပြေသေး။

စိတ်ထင်က ဦးချစ်ငွေ၏ သမီးသည်. . . သူနှင့် ရွယ်တူသို့မဟုတ် သူ့ထက် သုံးလေးနှစ်လောက် ကြီးမည်ဟု ထင်ခဲ့မိသော်လည်း၊ ယခု တွေ့ရသည့် ဦးချစ်ငွေ၏ သမီးက တကယ့် ချာတိတ်မလေးပါလား။

"ငါ ထင်နေတဲ့၊ ငါ သိနေတဲ့၊ ငါ သိပ်မုန်းတီး နာကျည်းနေတဲ့ ဦးချစ်ငွေရဲ့သမီးမှ ဟုတ်ရဲ့လား"

"တိုက်ဆိုင်တာများလား"

"နာမည်လေးကလည်း စူး တဲ့၊ ဆန်းသား. . . နေဦး"





နေမင်းသာမှာ တစ်ယောက်တည်း တွေးရင်း ယူလာခဲ့သော အိတ်ထဲသို့ လက်သွင်းနှိုက်လိုက်သည်။

အားလုံး သပ်ရပ်ညီညာစွာ။

အောက်ဆုံးရောက်တော့ လက်ချောင်းလေးများကို လျှိုသွင်းလိုက်သည့်အခါ ခပ်မာမာ အထုပ်ကလေးကို စမ်းမိ၍ ခက်ခက်ခဲခဲ ဆွဲထုတ်ပြီး ဖြေကြည့်လိုက်တော့ . . . ၇၅ ကျပ်တန် အရွက်တစ်ရာအုပ်က ပင်ကိုအတိုင်း. . .

"ဟာ"

"ဘာလဲ အစ်ကို"

"ငါ့ငွေထုပ် ဒီအတိုင်းပဲကွ၊ သူ တစ်ပြားမှ ခိုးမယူလိုက်ဘူး"

"ကောင်မလေးပုံစံက ရိုးရိုးသားသားလေးပါ။ ဘာမှ ပြန်ပြောတတ်ပုံ မရဘူး၊ မျက်ရည်တွေတော့ ဝဲလို့"

"မင်း မြင်ရလို့လား"

"အစ်ကို့ဒေါသသံကြားလို့ တစ်ယောက်ယောက်နဲ့များ ဖိုက်ရမလား ဆိုပြီး. . . လှေကားထစ်ကနေ ကျွန်တော် တက်ကြည့်နေတာ၊ သနားပါတယ် အစ်ကိုရာ"

"အေးကွာ. . . ငါ့အကြောင်းနဲ့ငါပါ၊ ထားလိုက်ပါတော့"

တက္ကစီကားမောင်းသမားကောင်းတို့၏ အရည်အချင်းက သူတစ်ပါးအရိပ်အကဲကို ကောင်းစွာ နားလည်ရပေမည်။

စကားများခြင်း၊ စပ်စပ်စုစုလုပ်ခြင်းမျိုးမရှိ။

ဒါကြောင့်သာ နေမင်းသာသည် နေ့စားဖြင့် ငှား၍မောင်း



www.burmeseclassic.com

www.burmeseclassic.com



သော ဘားလမ်းဂိတ်မှ "အတိုး"၏ကားကို အမြဲစီးနေကျ။

တေးသံသွင်းဆိုင်မှ သူငယ်ချင်း၏ အမည်ကို မေးပြီး သူမရှိလည်း တစ်ယောက်ယောက်က သွားခေါ်ကာ နေမင်းသာ ရှိရာသို့ ကားကို လွှတ်ပေးနေကျ. . .

"ဘယ်သွားဦးမလဲ အစ်ကို"

"အိမ်ပဲ ငါ့ပြန်ပို့ကွာ၊ ပြီးတော့ မင်း တစ်ခုခုသွားဝယ်၊ ငါ မနက်စာ မစားရသေးဘူး"

"ဟုတ်ကဲ့ အစ်ကို"

အင်းလျားလမ်း တိုက်ကလေးသို့ ရောက်တော့ အတိုးက အိတ်ကိုချပေးပြီး နေမင်းသာမှာသည့် ထမင်းကြော်နှင့် ဝက်နံရိုးကြော်ကိုဝယ်ရန် တက္ကသိုလ်ရိပ်သာလမ်းထောင့်မှ ပြည့်ဝ စားတော်ဆက်သို့ ထွက်ခဲ့သည်။ ဒါပဲအနီးဆုံးလေ။

နေမင်းသာကတော့ အိတ်ကိုသယ်ယူပြီး ပစ္စည်းများကို တစ်ခုချင်းထုတ်၍ အိပ်ရာပေါ်သို့ တင်သည်။

အားလုံး သပ်သပ်ရပ်ရပ် အထပ်လိုက် သူထည့်လာခဲ့ သည့်အတိုင်း။

စူး ဆိုသော မိန်းကလေးသည် သူ့ပစ္စည်းများကို ယူကြည့် ပြီးမှ စနစ်တကျ ပြန်ထည့်ထားသည်လား. . .၊ သူ့လို အတွင်း အထိ နှိုက်မကြည့်သည်လားတော့ မပြောတတ်၊ လက်ကိုင်ပဝါ အရွယ် မျက်နှာသုတ်ပဝါ အသေးလေးကအစ ဘာတစ်ခုမှ မပျောက်၊ နေမင်းသာ ကြာမြင့်စွာ ငိုင်နေမိ၏။

ဦးချစ်ငွေသမီး ဖြစ်ခဲ့ရင်တော့ နေမှာမဟုတ်ဘူး၊ တခြား





တ ကောင်မလေးများလား။

သံသယစိတ်ကြောင့် တယ်လီဖုန်းကို ကောက်ကိုင်နေဆဲ မှာ အတိုး ပြန်လည်ရောက်ရှိလာသည်။

သည်တော့မှ ဆာနေသည့်ဝမ်းကို ဖြည့်တင်းရန် သတိရ လာတော့သည်။

"ကျွန်တော် ပြန်ရတော့မလား အစ်ကို"

"အေး. . . အခု ၁-နာရီထိုးတော့မယ်နော်၊ ညနေ ၃-နာရီခွဲ လာခေါ်ကွာ၊ ငါ ဘောလုံးပွဲသွားမလို့"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ပြန်မယ်နော်"

"နေဦးလေ. . . ပိုက်ဆံယူသွားဦး"

"ညနေကျမှပဲ ပေါင်းရှင်းပါ အစ်ကိုရာ"

"အေးအေး. . . ငါ ရန်ကုန်မှာနေတဲ့ရက်အတွင်း အော်ဒါရှည် လက်မခံနဲ့နော်"

"စိတ်ချ အစ်ကို"

အတိုး ထွက်သွားတော့မှ ထမင်းစားရန် ပန်းကန် ထုတ် မည်လုပ်ပြီးမှ မထုတ်ချင်တာထက် မဆေးချင်၍ အထုပ်အတိုင်း ဖြန့်လိုက်သည်။

ဘူရှိ ရေခဲသေတ္တာငယ်လေးအတွင်းမှ ရေခဲစိမ် ဘီယာ တစ်ပုလင်းနှင့် ဖန်ခွက်ကို ထုတ်လိုက်၏။

တံခါးတစ်ပေါက် ရေခဲသေတ္တာငယ်လေးကို ခလုတ်ဖွင့်ပြီး ထားလိုက်သဖြင့် ထည့်ထားပြီးသား ကိုကာကိုလာ၊ သံဗူးဘီယာ နှင့် စပတ်ကလင်ပုလင်းများက အေးနှင့်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တံခါးနှစ်ပေါက်လည်း မလို၊ အထက်ထပ်မှာ သားငါး အစိမ်းထည့်ရန်လည်း အကြောင်းမရှိ၊ တစ်ယောက်သုံးလေးဟု ဆိုကာ ဖေဖေကိုယ်တိုင် ရှစ်ထောင့်ငါးရာနှင့် ဝယ်ပေးခဲ့သော အဖြူရောင် ရေခဲသေတ္တာငယ်လေးက ချစ်စရာ။

နေမင်းသာမှာ ဗိုက်ဆာဆာနှင့် ဘီယာနှင့် ဝက်နံရိုးကြော်ကို အရင်စားသောက်ပြီးမှ ထမင်းကြော်ကိုစား၏။

နေ့လယ် ဘယ်မှ မသွားဖြစ်သဖြင့် ကက်ဆက် ဒက်(က်)ကို ဖွင့်ပြီး အနောက်တိုင်းတီးလုံးချည်း သွင်းထားသော အခွေကို ဖွင့်လိုက်သည်။

စာသားပါသော သံစဉ်များကို သူ နားမထောင်ချင်။ သူ့ရင်ထဲတွင် ရှုပ်ထွေးမှုလေး ဝင်နေသည်။

ကြောင်ကြောင်ငေးငေး ကြောက်ကြောက်ရွံ့ရွံ့ အမူရာလေးနှင့် ကျန်ရစ်သော ချာတိတ်မလေးကို ပြန်လည်မြင်ယောင်ရင်း. . .

တကယ်ပဲလား၊ သရုပ်ဆောင်ပြနေခြင်းလား ဆိုသည်ကို သူ ဆုံးဖြတ်နိုင်စွမ်းမရှိသေး။

ရင်ထဲမှာတော့ ဦးချစ်ငွေတို့ မိသားစုကို အပိုင်းပိုင်းဖြတ်ကာ အမှန့်ချေပစ်ချင်သော အာဃာတဒေါသက ကြီးမားစွာ ပြင်းထန်နေဆဲပါပင်။

◆ ◆ ◆



အခန်း ။ ၄ ။

"ဟဲ့. . . စူး၊ အို. . . ဘာဖြစ်လို့ ငိုနေတာလဲ၊ နင့် မမမြတ်က ဘာပြောလို့လဲ"

"ဘာမှ မပြောပါဘူး၊ မမမြတ် မရှိခင် ဖြစ်တာပါအစ်ကို လှထူး"

"ဟင်. . . ဘာဖြစ်လဲ၊ ဘယ်သူက ဘာပြောလဲ၊ ပြောစမ်း. . . ငါ့ကို"

"ဟို. . . ဟို. . . အိတ်ကြီး လာလဲတယ်"

"ဩော်. . . မနေ့က ယောကျ်ားလေးအဝတ်စား ထည့်ထားတဲ့အိတ်နဲ့ မှားလာလို့ နင်တောင် တချိုငိုသေးတာလေ"

ဆရာလှထူးက စိတ်ပေါ့ပါးသွားသလိုဖြစ်ပြီးမှ. . .

"အဲတာ ဘာဖြစ်လို့လဲ"

"ပြောသွားလိုက်တာ အစ်ကိုရယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စူးကို သူက သိနေပုံရတယ်၊ ဖေဖေ့ကိုလည်း အခဲမကျေ ဖြစ်နေပုံရတယ်"

"နေပါဦး၊ သူက ပြည်ကပဲလား၊ ဘာတဲ့လဲ. . . ဘာပြော သွားလဲ"

"ဦးချစ်ငွေသမီးမို့ သူ့ပစ္စည်းကို ခိုးချင်လို့ တမင်လုပ်တာ ဆိုပြီး စွပ်စွဲသွားတာ အစ်ကိုရဲ့"

"အို. . . ရိုးရိုးသားသား မှားတာပဲဟာ။ ဒီကောင်က ဘယ်ကကောင်တဲ့လဲ"

"ပြည်ကပဲ၊ သူက ပြောသွားသေးတယ်"

"အင်း. . . ပြန်ပြောစမ်း"

"ဦးချမ်းသာလက်ထက်ကတော့ မင်းအဖေ ဦးချစ်ငွေ လှည့်သမျှရမယ်၊ အခု နေမင်းသာ လက်ထက်မှာ ဒါမျိုးလာလုပ်လို့ မရဘူးတဲ့"

"ဟင်. . . အခုလာတာ နေမင်းသာ ကိုယ်တိုင်ပဲလား"

"မသိဘူး၊ ဟုတ်မှာပေါ့"

အစ်ကိုလှထူးက မျက်နှာလေးငယ်သွားပြီး ခေါင်းယမ်းသည်။

"နင်နဲ့မှ တိုက်ဆိုင်တတ်ပလေ"

"ဘာဖြစ်လို့လဲ အစ်ကို"

"နင် မသိတဲ့ အချိန်က ကိစ္စတွေပါ၊ နေမင်းသာဆိုတာ ဦးချမ်းသာရဲ့ တစ်ဦးတည်းသောသားပဲ၊ နာမည်နဲ့လိုက်အောင် ချမ်းသာတယ်၊ ကဲပါ. . . တိတ်တော့၊ သူ့ပစ္စည်း သူ့ပြန်ပေး





လိုက်ပြီပဲ၊ မငိုနဲ့တော့၊ လူကြီးတွေကိစ္စလည်း ဘာမှ မသိချင်နဲ့၊ ကြားလား စူး"

ခေါင်းညိတ်လိုက်ရသော်လည်း စိတ်ထဲက မပါလှ။ အစ်ကို့ဆန္ဒ ဖြစ်ပါစေတော့ဟုသာ လိုက်နာရသော်လည်း သိလို စိတ်က ပြင်းပြလှသည်။

အစ်ကိုလှထူး ရန်ကုန်က ပြန်အလာကို မျှော်နေရာမှ ပြန်ရောက်လာသည်နှင့် စူး၏ငိုပွဲနှင့် ကြုံနေရ၍ သွားရခြင်း အကြောင်းရင်းကိုပင် နှစ်ဦးလုံး မပြောဖြစ်ကြသေး။

"ဪ. . . အစ်ကို၊ မမကို တွေ့ခဲ့လား ဟင်"

သတိရလာသည်နှင့် အမောတကော မေးမိသည်။

"အင်း. . . တွေ့ခဲ့ပါတယ်ဟာ"

အရေးကြီးဆုံးက မမနှင့်တွေ့ဖို့၊ ခြေရာဖျောက်နေသော မမကိုသာ ရှာနိုင်လျှင် စူး၏ လာခြင်းကိစ္စ ပြီးမြောက်ပါလေပြီ။

ယခုတော့ အစ်ကိုလှထူး၏အသံက အင်အားလျော့နည်း လှချေသည်။

ဘာပဲဖြစ်ဖြစ် တွေ့ခဲ့ပြီ ဆိုခြင်းအတွက် အားတက် ခမ်းသာစိတ်ကြောင့် စောစောဆီကကျခဲ့ရသော မျက်ရည်ပွင့်တို့ ပင် လွင့်ပြယ်ခဲ့ပါပြီ။

"မမနဲ့ တွေ့ခဲ့တယ်၊ ဟုတ်လား. . . အစ်ကို၊ သူက ဘယ်မှာနေတာတဲ့လဲဟင်၊ သူ့ဆီကို စူးသွားနေလို့ရမယ် မဟုတ် လား၊ သူက ဘာမှာလိုက်သလဲ၊ ဒီညနေ အမိသွားလို့ မီမှာပါနော် အစ်ကိုလှထူး"



www.burmeseclassic.com

www.burmeseclassic.com



အမေးတွေ အပြောတွေကို အဆက်မပြတ် တရစပ် ပြောနေသော ညီမလေး၏ တက်ကြွမှုကိုကြည့်ပြီး ဆရာလှထူး သက်ပြင်းချလိုက်သည်။

"ဟင်. . . အစ်ကို မျက်နှာလည်း မကောင်းပါလား။ မမက ဘာမှာလိုက်လို့လဲဟင်၊ သူ့ကိုရော ဘယ်မှာတွေ့ခဲ့တာလဲ အစ်ကို"

"သူ့ကို မနည်းရှာယူရတယ်လေ၊ သူနဲ့ ဆက်သွယ်ဖို့က ဖုန်းနံပါတ်ပဲ ပေးထားတာ၊ ဒီတော့ အစ်ကို့သူငယ်ချင်းက မောင်ထော်လေးလမ်းက တယ်လီဖုန်းဌာနမှာရှိတယ်၊ အဲဒီနံပါတ်ကို ပြပြီး လိပ်စာရှာရတယ်၊ အလွယ်တကူပဲ တွေ့ခဲ့ပါတယ်။ ဘောက်ထော်ထဲမှာ၊ ဟိုးအတွင်းပိုင်းမှာ"

"အဲဒီကို အစ်ကို လိုက်သွားတယ်ပေါ့နော်"

"အေးပေါ့"

"မမနဲ့တွေ့ရောလား၊ ဘာပြောလဲ၊ အစ်ကို့ကြည့်ရတာ အေးတိအေးစက် နိုင်လိုက်တာ"

"အေး. . . တင်မေဦးကို တွေ့ရတာကျတော့ အခုနင်ပြောတာထက်ပိုပြီး အေးတိအေးစက်နိုင်သေးတယ် မိစူး"

"ဟင်. . . မမက စူးကို ခေါ်မထားနိုင်ဘူးတဲ့လား ဟင်. . . အစ်ကို"

"အေး. . . ဟုတ်တယ်"

"အို"

"ရော့. . . ဒီမှာ ငွေငါးရာပေးလိုက်တယ်၊ ဦးဆီမှာ





ညီမလေး လာနေလို့ မဖြစ်ပါဘူး အစ်ကိုရယ်လို့ ပြောပြီး ချက်ရည်ကျတယ်၊ ဒါပေမယ့် ပြင်ဆင်ထားလိုက်တာတော့ နှင်ရှင်မင်းသမီး ရှုံးတယ်ဟေ့"

"သူ. . . သူ ယောကျ်ားရနေပြီလား ဟင်"

ဆရာလှထူးသည် စူးကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး. . .

"ငါမပြောချင်တော့ပါဘူးဟာ"

စူးသည် အစ်ကိုလှထူးကို ထပ်မံ မေးရဲသောသတ္တိ မရှိ။ ခမ၏ အိမ်ထောင်ရေးပြဿနာကို အစ်ကိုဖြစ်သူနှင့် မဆွေးနွေးရဲ။

အစ်ကိုလှထူး ဆက်ပြောလာမည့်စကားကို စူးက စောင့်မျှော်နေသော်လည်း ဘာစကားသံမှ ထွက်ပေါ်မလာ၊ ဝေးဝေးဆီမှ ငုံးခြီ ရာဇမတ်ကွက် ဝါးတဲလေးသို့သာ ငေးနေသည်။

စူးရင်ထဲမှာ စိုးရိမ်စိတ်များဖြင့် မူလောင်လာသည်။ တစ်ဦးတည်းသော အစ်မဖြစ်သူကို ခဲခဲယဉ်းယဉ်း ရှာရလိမ့်မည်ဟု ထင်သော်လည်း အစ်ကိုလှထူး တစ်ခေါက်သွားရုံဖြင့် တွေ့လာခဲ့သည်။ ဤအားတက်စိတ်ကလေးကို အစ်ကိုလှထူး၏ ထူးခြားစွာ မှိုင်းညို့နေသော မျက်နှာက ဖိနှိပ်ထားနေသည်။ စူး မနေနိုင်တော့။

"အစ်ကိုလှထူးရယ်၊ စူး သူ့ဆီကို ဘာလို့လာရတယ်ဆိုတဲ့ အကြောင်းလည်း အစ်ကိုလှထူး သိနေပါပြီလေ၊ ဒါကြောင့် စူး ဘာလုပ်ရမှာလဲ၊ ဒီအိမ်မှာ ကြာကြာနေဖို့လည်း မမမြတ်တို့



www.burmeseclassic.com

www.burmeseclassic.com



အားနာတယ်၊ မမကို ဘယ်လိုတွေ့ခဲ့တယ်၊ မမဟာ စူးပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာတွေ စူး အကုန်သိပါရစေ"

ဆရာလှထူးက သူ့မို့မို့မောက်မောက် ရင်ကြီးကို မြင့်တက်လာအောင် သက်ပြင်းကြီးချလိုက်ပြီးမှ. . .

"သူက ညီမကိုတော့ သံယောဇဉ်ရှိပုံရပါတယ်။ သူမှာလည်း သူ့အကြောင်းနဲ့သူ အခက်အခဲရှိနေပါလိမ့်မယ်။ ငါလည်း ဘာမှ မမေးခဲ့ပါဘူး၊ အစ်ကိုတစ်ယောက်အနေနဲ့ မေးလည်း မမေးအပ်ပါဘူး မိစူးရယ်၊ ရော့. . . ဒီငွေငါးရာ. . . သိမ်းထားလိုက်လေ"

"စူး မယူပါဘူး အစ်ကိုရယ်၊ ကြီးကြီးစုပေးလိုက်တဲ့ ငွေလည်း ပါပါသေးတယ်။ အစ်ကိုပဲ ယူထားပါ၊ စူးကိုလည်း ကျွေးထားရဦးမှာ"

ဆရာလှထူးသည် ညီမလေးအပေါ်တွင် စေတနာရှိလှသော်လည်း ဒီနေ့ခေတ် ကုန်ဈေးနှုန်းအရ လူပိုတစ်ယောက်ကို တင်ကျွေးနိုင်လောက်အောင် သူ့ဝင်ငွေက မပိုလျှံ၊ တစ်ဘက်ကလည်း ဇနီးသည်က တက်ဈေးများအကြောင်းကို ညည်းညူလှပြီ။

"အေး. . . ဒါဖြင့်လည်း ရော့. . . ငွေနှစ်ရာ သိမ်းထား၊ နင့် မမမြတ် ပြန်လာရင် ငွေသုံးရာပေးလိုက်ပေါ့၊ ဒီမှာပဲနေပါ၊ နောက်ပိုင်းမှပဲ ကြည့်စီစဉ်ကြတာပေါ့လေ နော်"

"ဟုတ်ကဲ့ အစ်ကို"

ငြိမ်သက်သွားသော အစ်ကိုလှထူးကိုကြည့်ပြီး. . .





"စူး မမနဲ့ တွေ့ချင်လိုက်တာ၊ အကြောင်းစုံ ပြောပြစရာတွေလည်းရှိတယ်"

"အင်း. . . ဦးဆီကို ရုတ်တရက် သွားလို့တော့ မဖြစ်ဘူးလေ၊ အစ်ကို ရုံးက ဖုန်းဆက်မေးလိုက်မယ် ဟုတ်လား၊ သူက လာခဲ့ပါဆိုပြီး ချိန်းတဲ့အချိန် သွားကြတာပေါ့၊ ကဲ. . . ကား ခတ်တတ်စီးခဲ့ရတာ ကျပ်လိုက်တာလည်းမပြောနဲ့တော့၊ ငါ ရေချိုးလိုက်ဦးမယ်မိစူး"

အစ်ကိုလှထူးသည် မေမေဒေါ်ခင်ပပ၏ အစ်ကိုအရင်းမှ မွေးဖွားခဲ့သော တစ်ဦးတည်းသားဖြစ်ပါ၏။

"ဦး"ဟူ ခေါ်သော မမ "တင်မေဦး"နှင့် စူးတို့အတွက် အမျိုးအရင်းဆို၍ ဤအစ်ကိုတစ်ယောက်သာ ရှိပါလေ၏။

ဦးဆိုသော မမတင်မေဦး၊ စူးတို့မြို့မှ ထွက်ခွာသွားခဲ့သည်မှာ ခြောက်နှစ်ကျော် ကြာမြင့်ခဲ့ပြီ။

သူ တစ်ခေါက်မှ ဇာတိမြို့သို့ ပြန်မလာခဲ့ပါ။

ယခုတော့. . .

စူးတို့ ညီအစ်မကို ရင်အုပ်မကွာထိန်းကျောင်းပေးခဲ့ရှာသော အပျိုကြီး ကြီးကြီးစု ကိုယ်တိုင်က "ဦးဆီသွားနေတော့" ဆိုပြီး စေလွှတ်လိုက်သဖြင့်. . .

စူးဘဝ၏ ပထမဆုံးခြေလှမ်းများသည်ပင်လျှင် အမှားမှား အယွင်းယွင်းဖြစ်၍. . .

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၅ ။

ဤဘဝတွင် လိုအပ်ခြင်းမရှိအောင် ပြည့်စုံကြွယ်ဝစွာ ချမ်းသာမည့်သူဟူ၍ မိဘများက ကြိုပြီး သိကြသဖြင့် ဤအမည်ကိုများ ပေးခဲ့လေသလား။

"ဦးချမ်းသာ"...တဲ့

ဦးချမ်းသာမှာ မိဘလက်ထက်က ချမ်းသာလာသူ မဟုတ်ခဲ့၊ သူ စီးပွားရေးနယ်အတွင်း ဝင်လာကာမှ တစ်နေ့တခြား ချမ်းသာလာသူဖြစ်သည်။

ဒီရေအလား စီးပွားတိုးတက်သူဟုဆိုလျှင် မှန်လိမ့်မထင်။

ဒီရေဟူသည် တလိပ်လိပ် တက်လာပြီးနောက် လ၏ ဆွဲငင်အား ပြီးဆုံးချိန်မှာ ပင်လယ်တွင်းသို့ ပြန်လည် လျော့ကျရစမြဲ။

ယခု ဦးချမ်းသာ၏ ချမ်းသာပုံက...လျော့ကျခြင်းမရှိအောင် ထာဝရ တိုးတက်နေသော စီးပွားဥစ္စာများ...။





ဤစည်းစိမ်ချမ်းသာများစွာတို့ကို ဆက်ခံပိုင်ဆိုင်ခွင့်ရှိမည့်သူက ဤလောကတွင် တစ်ယောက်တည်းသာရှိပါ၏။

သူကတော့...ဦးချမ်းသာ၏ တစ်ဦးတည်းသောသား နေမင်းသာ...

ဦးချမ်းသာ ရှာဖွေစုဆောင်းထားသမျှသော ပစ္စည်းဥစ္စာတို့ကို ပိုင်ဆိုင်ခွင့် ရရှိရုံ မဟုတ်သေး။

ဦးချမ်းသာ၏ နှလုံးသည်းပွတ်တွင်းမှ ချစ်ခြင်းမေတ္တာအလုံးစုံကိုလည်း ရရှိပိုင်ဆိုင်နေသည့် နေမင်းသာ။

ယခုအချိန်၊ ယခုအရွယ်အထိ နေမင်းသာပြောသမျှ...တောင်းဆိုသမျှ မလိုက်လျောခဲ့သည့်အရာဟူ၍ တစ်ခါမျှမရှိခဲ့ဖူးသေးပါ။

"ဖေဖေရှာသမျှ စည်းစိမ်ဥစ္စာအားလုံးဟာ...ဖေဖေ့သား အတွက်ပါ"

ဟူ၍ နေမင်းသာ၏ ပခုံးလေးကို ကိုင်၍ဖြစ်စေ၊ ခေါင်းလေးကို ပွတ်၍ဖြစ်စေ မကြာခဏ ပြောကြားတတ်လေသော ဦးချမ်းသာ။

အလုပ်တွေ ပတ်ချာလည်အောင် များနေသည့်ကြားက...သားထံ တစ်နေ့တစ်ခေါက် မရောက် ရောက်အောင် လာတတ်လေသော ဦးချမ်းသာ၏ လေးသိန်းကျော်တန် ဗောလ်ဗို ကားကြီးက အင်းလျားလမ်းသွယ်ထဲသို့ ဝင်ရောက်လာခဲ့ပါပြီ။

လေအေးစက် တပ်ထားသော ကား၏ နောက်ခန်းတွင်မှ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်နေအောင် လိုက်ပါလာခဲ့ရသော်လည်း ဦးချမ်းသာ၏ မျက်နှာမှာ အေးငြိမ်းညင်သာစွာ လိုက်လာနိုင်ခဲ့ခြင်းမရှိရှာ။

ကားပေါ်မှာ ထိုင်ရင်းကပင်. . . အလုပ်ကိစ္စတွေ တသီကြီး တွေးလာနေသည်။ ပွဲရုံလုပ်ငန်းမို့ ကားအဝင်အထွက်၊ ကုန်အချိန်မီ ရောက်မရောက် စသည့်ပြင်. . . ဟိုကိစ္စ ဖုန်းမဆက်ခဲ့ရသေးပါလား၊ ဒီကိစ္စ မေ့နေလိုက်တာဟူသော အလုပ်များ သူတို့၏ ဗျာပါဒများစွာဖြင့် သားလေးရှိရာ တိုက်ကလေးရှေ့သို့ ရောက်ခဲ့ရလေသည်။

"ဟဲ့သား. . . အကျႌကြွတ်ကြီးနဲ့ပါလား။ မိုးတွေက အုံ့လို့"

"မိုးအုံ့လို့ အိုက်လို့ပါ ဖေဖေရာ"

"အကျႌချွတ်ထားတာ မကောင်းပါဘူးသားရယ်။

အပူရှပ်တတ်တယ်၊ အအေးလည်း မိတတ်တယ် သားရဲ့"

နေမင်းသာ ပြုံးရုံမက. . . လှိုက်လှဲစွာ ရယ်မောပြီး ဖခင်ကြီး၏လက်ကို လှမ်းဆွဲ၍. . .

"ထိုင်စမ်းပါဦး ဖေဖေရာ. . . သား ကလေးလေးလည်း မဟုတ်တော့ပါဘူး"

သည်တော့ ဦးချမ်းသာပါ ပြုံး၏။

'ဖေဖေ ကား အဲယားကွန်းထဲက ထွက်လာတော့ တိုက်ထဲမှာတောင် ပူနေမှာပဲ"

"အေးကွ"

နေမင်းသာ ထိုင်ပါဆိုသော်လည်း ဦးချမ်းသာ မထိုင်နိုင်သေး။





မီးဖိုဆောင် ရေချိုးခန်းတို့ကို အရင်ကြည့်သည်။ ရေခဲသေတ္တာ ဖွင့်ကြည့်သည်၊ ကြောင်အိမ်ပေါ်မှ နက်စ်ကဖီး၊ အိုဗာတင်း၊ လိမ္မော်ရည်ပုလင်း စသည်တို့ကို ကြည့်သည်။

သန့်ရှင်းရေးကုလားမ အလုပ် လုပ်ပေးရဲ့လား။

သားထံမှာ စားစရာ ပြည့်စုံရဲ့လား. . . ဟူသော စိုးရိမ်စိတ်၊ သားလေးအတွက် စေတနာစိတ်များဖြင့် ဦးချမ်းသာ မနားနိုင်ရှာပါလား။

သားက အတင်းလက်မောင်းကိုဆွဲပြီး ဆိုဖာပေါ်သို့ ထိုင်ခိုင်းတော့မှ. . . ရယ်မောပြီး ထိုင်ဖြစ်တော့သည်။

"ဖေဖေ ညမှ လာမယ်ထင်နေတာ"

"သား ဘာများ လိုသေးလဲလို့"

"ဖေဖေရာ. . . လိုတာရှိလည်း သားဝယ်မှာပေါ့. . . တလေးမှ မဟုတ်တာ၊ ဒါကြောင့် ဖေဖေ့နား မနေချင်တာ၊ တိုဟာ စိတ်ပူ ဒီဟာ စိတ်ပူနဲ့"

"သား မနေချင်မှန်းသိလို့ ဒီတိုက်ကို ငှားပေးရတာပေါ့ သားရယ်၊ ဖေဖေကတော့ သားနဲ့အတူ နေချင်တာပေါ့၊ တို့မှာ ဒီသားအဖ နှစ်ယောက်တည်းရှိတာပဲလေ"

"သားအဖ နှစ်ယောက်ထဲ"

ဆိုသော စကားကြောင့် နေမင်းသာ၏ ရင်တွင်းမှာ တမ်းတမ်းတတ ရှိလာမိသည်။

"မေမေ"

မေမေသည်လည်း ဖခင်ထက် မလျော့နည်းဘဲ ပိုကဲသော



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာများဖြင့် တစ်ဦးတည်းသော သားလေး နေမင်းသာကို သည်းသည်းလှုပ် ချစ်ရှာသော မိခင်ကြီးပါ။

မေမေ သေဆုံးခဲ့ရခြင်းအကြောင်းကို တွေးမိတော့ ရင်တွင်းမှ အာဃာတမီးပွင့်တို့က ကြီးထွားတောက်လောင်လာခဲ့ပြီ။

"သား. . . ဘာဖြစ်လို့လဲ၊ ဖေဖေ့ကို ဘာပြောချင်လို့လဲ"

ညိုးရော်ခြင်း ခံပြင်းခြင်းတို့ ပြိုင်တူခံစားနေရသည့် သား၏မျက်နှာကို ကြည့်ပြီး စိုးရိမ်တကြီး မေးလာလေမှ. . .

ဒီအကြောင်းတွေ ပြန်မပြောတော့ပါဘူးလေ၊ ဖေဖေလည်း ငါ့နည်းတူပဲ ကြေကွဲနေရရှာသူပါ၊ ဖေဖေ အမောတကောနဲ့ ရောက်လာချိန်မှာ မေမေသေဆုံးရခြင်း အကြောင်းကို ပြန်လည်တူးဆွမနေချင်တော့ပါ၍. . .

"ဘာမှ ပြောချင်စရာမရှိပါဘူး ဖေဖေရာ၊ ဖေဖေ မောနေတာကို သား စိတ်မကောင်းဖြစ်သွားလို့ပါ"

"အမယ်လေးသားရယ်၊ ဒါလေးများ"

နေမင်းသာ၏ပခုံးကို လက်သီးနှင့်ထိုးပြီး သူငယ်ချင်းတစ်ယောက်လို ကျီစယ်နေ၍ သားအဖနှစ်ယောက်၏ ရယ်မောမှုက သံပြိုင်။

ဦးချမ်းသာသည် ပြီးခဲ့သည့်လကပင် အသက် ငါးဆယ့်ငါးနှစ် ပြည့်ခဲ့ပြီ။

သို့သော်လည်း တိုက်ပုံနှင့် ပုဆိုး အညိုကွက်လို လူကြီးဆန်စွာ ဘယ်သောအခါမှ ဝတ်စားလေ့မရှိ။





ယခုအထိ စပို့ရှပ်နှင့် ဖောရင်းရှပ်များကိုသာ ဝတ်ဆင်သည်။ စတစ်ကော်လာလို မြန်မာချုပ် အကျီအဖြူရောင်နှင့် တိုက်ပုံကို မင်္ဂလာဆောင်မှလွဲ၍ ဘယ်နေရာမျိုးမှ မဝတ်။

ယခုလည်း ခရမ်းရောင်ဖျော့ဖျော့ အစင်းလေးများပါသော စပို့ရှပ်နှင့် အိန္ဒိယ နေတံဆိပ်လုံချည် ခဲရောင်အကွက်ကို ဝတ်ထား၏။

တစ်ခေါင်းလုံးနီးပါး ဖွေးနေသော ဆံပင်ကိုလည်း ဆေးဆိုးထားသဖြင့် နက်မှောင်နေ၏။ ဆံပင်ရှည်ခေတ်ကလည်း ခပ်ရှည်ရှည်ထားခဲ့ပြီး ယခု ပန့်ကေခေတ်ကျတော့ ဆံပင်ပုံကျကျ ခပ်တိုတို ညှပ်ထားပြန်သည်။

မျက်ဝန်းနှင့် နားသယ်စပ်ကြားမှ အရေးအကြောင်းများကိုသာ မမြင်ရဘဲ ခပ်လှမ်းလှမ်းမှ ကြည့်မည်ဆိုလျှင် လေးဆယ်နှယ်လောက် ထင်ရအောင် နုနေသော ဦးချမ်းသာ။

ကျန်းမာရေးကလည်း လိုက်စားသည်။ အဆီဖြင့် ဝအိနေသော ကိုယ်ခန္ဓာမဖြစ်အောင် အစားကို ဂရုစိုက်၍ စားသောက်၏။

ဆေးလိပ်နှင့် အရက်ကို လုံးဝမသောက်။

ဦးချမ်းသာသည် အသက်ပင် ငါးဆယ်ကျော်သော်လည်း စိတ်ဓာတ်ကို လုံးဝ ချမပစ်။

ထာဝရ နုပျိုစွာနေပြီး ကျန်းမာရေးကိုလည်း ဂရုစိုက်၊ လူမှုရေးလည်း မလစ်ဟင်းစေရ၊ သားအတွက်လည်း မျက်ခြည်မပြတ်စေဘဲ စီးပွားရေးကို အားသွန်ခွန်စိုက် လုပ်ကိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လူတော်လူကောင်းတစ်ဦးဖြစ်ပေသည်။

လူ့လောကမှ ဥပဒေနှင့် မကင်းသော လုပ်ငန်း၊ သံသရာ၌ အကုသိုလ်ဖြစ်စေသော လုပ်ငန်းမျိုးကို ဘယ်သောအခါမှ မလုပ်ကိုင်သော သူတော်ကောင်းဖခင်ကြီးကို ချစ်ကြည်ညိုခြင်းကြီးစွာဖြင့် နေမင်းသာ ငေးကြည့်နေမိသည်။

"ဒီတိုက်မှာနေရတာ အိမ်ရှင်က အဆင်ပြေရဲ့လားသား"

"ပြေပါတယ်၊ မနက်ကတောင် ဘဲသားဆီပြန်တစ်ပွဲလာပို့ပေးသေးတယ်"

"ဖေဖေလည်း သားမလာခင်ကတည်းက တိုက်ပိုင်ရှင် 'ဒေါ်စိန်မြခိုင်'ကို ဖုန်းဆက်ထားသေးတယ်၊ သားလာရင် ဂရုစိုက်ပါလို့"

"ဂရုစိုက်ပါတယ်"

"အေး. . . လိုတာထက် ပိုပြီးတော့ တော့ ဂရုအစိုက်မခံနဲ့နော်. . . သား"

"ဘာလဲ ဖေဖေရ"

"ဒီအပျိုကြီးမှာက တူမနှစ်ယောက်ရှိတယ်လေ"

"မြင်ပြီးပါပြီ ဖေဖေရာ၊ ထမင်းအတူထိုင်စားရင်တောင် မျိုလို့ မကျမယ့်ရုပ်တွေ"

"ဟားဟား. . . ဒီလောက်လည်း မဟုတ်ပါဘူးသားရဲ့၊ အငယ်မက ဆရာဝန်မကွ"

"တော်စမ်းပါ ဖေဖေရာ၊ ဒီမှာ ဖေဖေ"

"တင်"





"သားက အဲဒီ တူမတွေနဲ့ မရဘဲ ဖေဖေ့ကို အပျိုကြီး ဒေါ်စိန်မြခိုင်က ခိုးပြေးနေပါဦးမယ်"

"ဟားဟား. . . ဟိုအပျိုကြီးသာကြားရင် တို့သားအဖကို တန်ချနေပါဦးမယ်ကွာ"

သူငယ်ချင်းနှစ်ဦးလို ရင်းနှီးစွာ ဆက်ဆံလေ့ရှိသော သားအဖနှစ်ယောက်ပါတည်း။

"ဖေဖေ့ကို သားအတည်ပြောစရာရှိတယ်"

"ပြော. . . မိန်းမ လိုချင်ပြီလား"

"သား မိန်းမလိုချင်တာမဟုတ်ဘူး၊ ဖေဖေ့ကို မိန်းမရစေချင်တာ"

"ဘာကွ"

"တကယ်. . . ဖေဖေသာ သင့်လျော်တဲ့ မိန်းမနဲ့ ရသွားရင် သား. . . တကယ် စိတ်ချမ်းသာမှာ၊ အသက်ကြီးလာရင် ဖေဖေ့ကို ပြုစုဖို့ လိုလာပြီလေ"

"သားက ဖေဖေ့ကို မပြုစုချင်လို့လား"

"ဖေဖေကလည်းဗျာ၊ သားက အနီးကပ် ဘယ်လိုလုပ်ပြီး အမြဲနေနိုင်မှာလဲ၊ ပြီးတော့ စိတ်ကူးစီစဉ်ထားတဲ့ ရှိုးဂျော့ဘ် (Shore Job) အလုပ်ရရင်လည်း နိုင်ငံခြားသွားရဦးမှာ"

"အဲဒါက အမြဲနေမှာမှ မဟုတ်တာပဲ၊ သားရောက်ဖူးအောင်လို့သာ လွှတ်ရမှာပါ"

"ဘာပဲဖြစ်ဖြစ် ဖေဖေ့နားမှာ အနီးကပ်ပြုစုဖို့ သဘောကောင်းတဲ့ မိန်းမတစ်ယောက်တော့ ဖေဖေ ယူသင့်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ပြောင်းပြန်ကွာ ငါ့သားရာ၊ သူများတွေများ အဖေ မိန်းမယူရင် ဓားကြိမ်း ကြိမ်းကြသူနဲ့၊ မိထွေးနဲ့ ရန်ဖြစ်ကြသူနဲ့၊ သားအဖေချင်း စိတ်ဝမ်းတွေကွဲကုန်ကြရော သားရဲ့"

"အဲဒါက သဘောနုပြီး နားလည်မှုမရှိကြတဲ့ သူတွေပါ ဖေဖေရာ"

"ဒီမှာ. . . သား"

"ပြော. . . ဖေဖေ"

"သားရဲ့မေမေ သေဆုံးပြီးကတည်းက ဖေဖေ့ကို လာကပ်ကြသူတွေ အများကြီးပဲသား၊ ယောကျ်ားဆိုတာ အသက်ဘယ်လောက်ကြီးကြီး ဂုဏ်ရှိန်ရှိမယ်၊ ပစ္စည်းရှိမယ် ဆိုရင် မိန်းမတွေက ကပ်ကြတာပဲ၊ ဒါပေမယ့် ဖေဖေဆုံးဖြတ်ပြီးပါပြီ သားရယ် ဖေဖေ့တစ်သက်မှာ ဘယ်သောအခါမှ နောက်အိမ်ထောင်မပြုတော့ဘူးလို့"

ဖခင်သို့ ထပ်မံ၍ လေးစားကြည်ညိုစွာ ကြည့်မိပြန်သည်။

သားဖြစ်သူနှင့်အတူ နေချင်လှရှာသော ဖေဖေသည်. . . သား လွတ်လွတ်လပ်လပ် နေခွင့်ရပါစေရန် တမင်သက်သက် ဤတိုက်ကို ငှားပေးထားခြင်းဖြစ်ပေသည်။

ဘွဲ့ရပြီးသည်မှာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်သော်လည်း ဘာအလုပ်မှ ရေရေရာရာ မလုပ်ဖြစ်သေး။

ဖခင်ကလည်း သားကို ပင်ပန်းမှာ စိုးလွန်း၍ ဘာမှ မခိုင်းရက်။

နေမင်းသာ ဖြုန်းချင်တိုင်းဖြုန်းစေဦး၊ ဝင်ငွေက ပိုနေမည်





သာ၊ နေမင်းသာကလည်း သုံးရုံကလွဲ၍ ဖြုန်းနေသော သားမျိုး မဟုတ်ခဲ့ပါ။

ယခုလိုပင် ဖခင်၏နေရာ၊ မိခင်၏နေရာ၊ သူငယ်ချင်း၏ နေရာများမှနေ၍ ဦးချမ်းသာသည် သားကို ပေါင်းသင်းဆက်ဆံပါ၏။

ထိုနေ့က. . .

သားကြိုက်သော ဟင်းလျာများကို ဒရိုင်ဘာအားဝယ်ခိုင်း၍ သားအဖနှစ်ယောက် ညနေစာ အတူစားပြီးမှ. . .

ဦးချမ်းသာသည် ပွဲရုံရှိရာ ရန်ကုန် အနောက်ပိုင်း ရွှေတောင်တန်းလမ်းသို့ သူ့ဗောလ်ပိုကားကြီးဖြင့် ပြန်သွားခဲ့ပါ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၆ ။

"ဟယ်လို. . . တင်မေဦးနဲ့ စကားပြောချင်လို့ပါခင်ဗျ"

"ဘယ်က တင်မေဦးလဲ"

"အခု. . . ဘောက်ထော်လမ်းသွယ် ခြံအမှတ်(    )က မဟုတ်လား"

"ဟုတ်တယ်"

"အဲဒီမှာ တင်မေဦး မရှိဘူးလား၊ ပြည်က ပြောင်းလာတာလေ"

"ဪ. . . ဧကရီဦး ကို ပြောတာထင်တယ်. . . နေဦး. . . နေဦး"

ကိုလှထူး ဖုန်းခွက်ကိုင်ပြီး စကားပြောသံ ပြတ်သွားချိန်မှာ စူးက. . .

"ဘာတဲ့လဲဟင်. . . အစ်ကို"

"တင်မေဦး မဟုတ်ပြန်ဘူးတဲ့ဟေ့. . . ဧကရီဦးတဲ့"

"ဟင်"

စူး အံ့ဩနေစဉ်မှာပင်. . .





"ဟဲလို. . . ဘယ်သူပါလဲရှင်"

"အခုစကားပြောတာ တင်မေဦးလား"

"ဟုတ်ပါသတဲ့ရှင်. . . အမိန့်ရှိပါ"

"ဟဲ့ဦး. . . ငါ လှထူးပါ"

"ဟင်. . . အစ်ကို"

"အေး. . . စူးက သိပ်တွေ့ချင်နေတယ်. . .၊ နင် မတွေ့ချင်လည်း ခဏတော့ တွေ့ရမယ်၊ ပြီးမှ မိစူးကို နင် နှင်လွှတ်ချင်လွှတ်၊ ဒါပဲ. . . မိစူးနဲ့ပြော"

တယ်လီဖုန်းထဲမှာ. . . အခြားသော အမျိုးသားထင်၍ ခပ်ညုညု ပြောလိုက်သော နုမ ဦး ၏ လေသံကြောင့် ကိုလှထူး ရှုတ်လည်းရှက် ဒေါသလည်းဖြစ်ပြီး နီမြန်းသော မျက်နှာသို့ ပြောင်းသွား၏။

နှုတ်က ဘာမှ မပြောတော့ဘဲ ဖုန်းလက်ကိုင်ကို စူးသို့ သွမ်းပေးပြီး သူ တံခါးဝမှာ သွား၍ နောက်ခိုင်းရပ်နေတော့သည်။

"မမ. . . မမဦးလားဟင်"

"ဟုတ်တယ် စူး"

"မမနဲ့ တွေ့ချင်လွန်းလို့ စူး လိုက်လာခဲ့တာ"

"အေး. . . တွေ့ရုံတော့ ရပါတယ်၊ မမဦး အားမယ့်နေ့ တွေ့ခွင့်ပေးပါ့မယ်"

"ဟင်"

"အတူလာနေလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ စူး အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာ သိပ်မှားတယ်။ အမေ မရှိတော့ပေမယ့် ကြီးကြီးစု ရှိသားပဲ၊ ကိုယ့်အိမ်မှာပဲ ကိုယ်နေရောပေါ့”

“ဟင်. . . ကိုယ့် ညီမလေး ဘာဖြစ်လာလဲ၊ အိမ်မှာ ဘာတွေဖြစ်နေလဲဖြင့် မမေးဘဲနဲ့. . . မမဦး သိပ်ရက်စက်တယ်၊ အမေတစ်ယောက်လုံး သေတာတောင် မလာဘဲ နေနိုင်တယ်၊ မမဦး. . . မမဦးဟာ. . .”

စကားသံအစား စူး၏ ရှိုက်သံများ ဆက်သွယ်ရေး လိုင်းကြိုးများအတွင်းသို့ စီးမျောသွားတော့သည်။

“ဟဲ့. . . အို. . . ဘာလို့ ငိုနေတာလဲ၊ အခု ဘယ်က ဆက်နေတာလဲ”

“မင်. . . မင်္ဂလာဒုံက”

“အင်း. . . နေဦး”

ခေတ္တမျှ စကားသံများ ပြတ်သွားပြီးခါမှ. . .

“နက်ဖြန် တနင်္ဂနွေမှာတော့ မမဦး မအားဘူး၊ သန်ဘက်ခါ လာခဲ့လေ. . . ဟုတ်ပြီလား”

“ဟုတ်”

“အစ်ကိုလှထူးကို လိုက်ပို့ခိုင်းပေါ့၊ သူ ရောက်ဖူးပြီပဲ”

“ဟုတ်ကဲ့”

“ကဲ. . . ဒါဆို သန်ဘက်ခါမှ တွေ့ကြမယ်လေ. . . မမဦးမှာ အရေးကြီးတဲ့ဧည့်သည်တွေရှိနေလို့. . . ဒါပဲ နော်. . . စူး”

ဖုန်းချသွားပြီးသည်အထိ စူး ကြောင်၍ တယ်လီဖုန်း





လက်ကိုင်ကို ကိုင်ထားနေမိသည်။

မျက်ရည်ကလည်း မြန်ဆန်စွာ ကျလာ၊ ခံစားမှုကလည်း ပြင်း တယ်လီဖုန်းကလည်း ပြောလေ့ပြောထမရှိ၍. . . စူး ရင်တွင်းမှာ ပြည့်သိပ်နေသော ပြောစရာစကားများ ဘာမှ ပြောခွင့်မရလိုက်မီမှာပင် တယ်လီဖုန်းလိုင်း ပြတ်သွားခဲ့ပြီ. . .။

မမဦး ကိုယ်တိုင်က ဖြတ်လိုက်လေပြီ။

ဘာမှမတတ်နိုင်ခဲ့သော စူးမှာ နောက်ထပ်လည်း ဘာမှ မတတ်နိုင်တော့ပါချေ။

မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် ပွတ်သုတ်နေဆဲ အစ်ကိုလှထူးက. . .

“ဘာတဲ့လဲ. . . စူး”

“သ. . . သန်ဘက်ခါမှ လာခဲ့တဲ့”

“နက်ဖြန်မှ ငါကအားတာ”

“သူက မအားဘူးတဲ့”

“သန်ဘက်ခါက တနင်္လာနေ့၊ ငါအလုပ်သွားရမှာ”

“အစ်ကိုလှထူး မအားလည်း. . .”

“ဘယ်တတ်နိုင်မလဲဟာ. . . သူမှ မအားဘဲ၊ ငါကပဲ ဖြစ်အောင်ပို့ပေးရမှာပေါ့၊ ကဲ. . . လာလာ၊ အိမ်ပဲပြန်ကြစို့”

အစ်ကိုလှထူး ဦးဆောင်သည့်နောက်မှ မျက်ရည်သုတ်ပြီး တုပ်ကုပ်ကလေး ပြန်လိုက်ခဲ့ရသည်။

သည်နေ့ စနေနေ့။

အစ်ကိုလှထူး အားသဖြင့် သွားချင်လွန်းသော မမဦး



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးမည်ဆိုပြီး မောင်နှမ နှစ်ယောက် မင်္ဂလာဒုံစစ်ဆေးရုံကြီး ရှိရာ ပြည်လမ်းထိပ်သို့ ထွက်လာခဲ့ကြသည်။

"သူ့ အိမ်က သည်အတိုင်း သွားလို့ ဖြစ်ပုံမရဘူး၊ အစ်ကိုတို့ ဖုန်းအရင် ဆက်ကြည့်ရအောင်စူး"

အစ်ကိုလှထူး အတွေးအတိုင်းပင် ယနေ့လာဖို့ မပြောနှင့် နက်ဖြန်ကိုပင် လက်မခံနိုင်သေးပါတဲ့။

"ဩော်. . . မမဦးရယ်"

ကိုယ့်ညီမလေး ရောက်လာတာကို ဘာလို့များ မတွေ့ချင်ရတာလဲ။

မမဦး စိတ်ထဲမှာ ဘာကြောင့်များ ဒီလောက်ရက်စက်တဲ့ စိတ်တွေ ဝင်နေရတာလဲ။

"မမဦး ဘာတွေဖြစ်နေလို့လဲဟင်"

"စူး သိချင်လိုက်တာ"

ရင်ခုန်တွေးများစွာဖြင့် ရှည်ဝေးလှသော လမ်းကို မောင်နှမနှစ်ယောက်သား လေးကန်စွာ လျှောက်၍ ပြန်လာခဲ့ကြရတော့သည်။

ရှေ့မှသွားနေသော်လည်း နောက်သို့ မကြာခဏ လှည့်ကြည့်ပေးရှာသော အစ်ကိုလှထူး။

တစ်ဝမ်းကွဲ အစ်ကိုထံမှပင် စူးအတွက် အကြင်နာတွေ ရပါလျက်. . . အစ်မအရင်းထံမှ ဘာကြောင့်များ စိမ်းကားရက်စက်မှုတွေ ပေးနေပါလိမ့်။

အပြန်လမ်း တလျှောက်လုံးမှာ ဆို့ကျင်သော ရင်ဖြင့် စူး၏ ခြေလှမ်းများက နှေးလေးလှချေသည်တကား။

◆ ◆ ◆

## အခန်း ။ ၇ ။

ကွေ့ဝေနေသော ဆံပင်ကောက်ကလေးများကို ဘရပ်ရှ်ကလေးနှင့် ဖြီးရင်းက ခေါင်းလေး စောင်းငဲ့ပြီး မှန်ထဲမှ ကိုယ့်ရုပ်သွင်ကို ပြန်ကြည့်နေမိသည်။

တစ်ပတ်တစ်ခါ မျက်နှာပေါင်းတင်ပြီး အလှပြင် ပစ္စည်းမျိုးစုံဖြင့် ခြယ်သထား၍ ပင်ကိုအသက်ထက် နုနေသည်။

ကိုယ်လုံးကိုလည်း သေးအောင် ကျင့်ထားသဖြင့် ခပ်ဝေးဝေးကကြည့်လျှင် ဆယ်ကျော်သက် တက္ကသိုလ်ကျောင်းသူလေးလားဟု ထင်မှတ်မှားနိုင်စရာ ရှိသည်။

"ဧကရီဦး". . . တဲ့၊

ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း အပေါ်ထပ်မှ အလှပြင်ဆိုင်ခန်းတစ်ခု၏ ပိုင်ရှင်မ။

နေရတော့လည်း ဘောက်ထော်မှ ချောင်ကျသော လမ်းသွယ်တစ်ခုမှာ ခြံဝန်းကျယ်နှင့် တစ်ထပ်တိုက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးကလည်း ကိုယ်ပိုင်။

အစစ အရာရာ ပြည့်စုံကြွယ်ဝခြင်းများကို ပိုင်ဆိုင်ထားသော ဇကရီဦး၏ မျက်ဝန်းမှာ ခါတိုင်းလို ရွှန်းလက် တက်ကြွမနေ။

ဝေသီသော အကြည့်၊ ငူငိုင်သော ပုံစံနှင့် မှန်ရှေ့မှာ သူအကြာကြီး ထိုင်နေသည်။

'ဇကရီဦး' ဟူသော အမည်သစ်ဖြင့် ဘဝသစ်တစ်ခု ဖန်တီးထားခဲ့သည်။

'တင်မေဦး' ဟူသော အတိတ်ကာလမှ ဘဝတစ်ခုကို လုံးဝ မေ့ဖျောက် ဖျက်သိမ်းထားခဲ့သည်မှာ ကြာခဲ့ပြီ။

တင်မေဦးဟူသော ဘဝကို သူဟာသူ သေဆုံးပစ်လိုက်သည်။

ကျန်ရစ်သော မိသားစုနှင့်လည်း သေဆုံးသွားပြီးသူတစ်ယောက်ကဲ့သို့ သူ လုံးဝ အဆက်ဖြတ်ပစ်လိုက်၏။

ပြည်မြို့မှ အပြီးအပိုင် ထွက်ခွာလာခဲ့ပြီး တစ်ယောက်တည်း ရုန်းရင်းကန်ရင်းက နောက်ဆုံး ဘဝနှင့်ရင်းပြီးကာမှ ယခုလို အခြေတကျ ဘဝကို ဇကရီဦး ပိုင်ဆိုင်ရရှိလာခဲ့ရခြင်း ဖြစ်ပေသည်။

သူ့ဘဝ သူ့အဖြစ်ကို စေ့စေ့စုံစုံ ပြန်တွေးမိသည့်အခါများ၌ အိပ်ဆေးသောက်၍ သူ့ဘဝကို ရပ်တန့်ချုပ်ငြိမ်းပစ်လိုက်တော့မည်ဟု စိတ်ကူးမိသည်အထိ သူ့ဘဝကို သူ စက်ဆုပ်လာခဲ့ဖူးသည်။





ယခု နောက်ပိုင်းမှာ. . .

ကောင်းကောင်းစား၊ လှလှဝတ်၊ ကားတစ်စင်းကို ကိုယ်တိုင်မောင်းပြီး နေချင်သလိုနေ၊ သွားချင်ရာ သွားဟူသော 'ကိုယ်ပိုင်လွတ်လပ်ခွင့်'ရရှိနေ၍ လောကသည် နေချင့်စဖွယ် ပါလားဟူ၍လည်း တွေးမိတတ်လာသည်။

ယခုတော့. . .

ဇကရီဦး ဟူ၍ ဖြစ်တည်လာသော ဘဝမှာပင် ကြုံသလို နေ၍ ပျော်နိုင်သမျှပျော်အောင် ကိုယ့်ဘဝ ကိုယ် ဆောက်တည်ကာ. . .

တင်မေဦးဟူသော အတိတ်နွမ်းဘဝကို လုံးလုံး သေဆုံးစေ ထားပြီးကာမှ. . .

ဦး၏ ညီမလေး စူး ရောက်လာသတဲ့။

သူနဲ့ တွေ့ချင်သတဲ့။

သူ့ဆီမှာ နေမလို့တဲ့။

ချစ်လှစွာသော တစ်ဦးတည်း ညီမလေး စူး၏ ငယ်ရုပ်လွှာသည် အတွေး၏ အမြင်မှာ ထင်ဟပ်လာခဲ့သည်။

ဖခင်ကြီး၏ မူးရူးဆဲဆိုနေသောရုပ်ပုံ။

မချိုတင်ကဲ ငိုကြွေးနေရှာသော မိခင်၏မျက်နှာ။

ကြီးကြီးစု၏ ဒေါသပုံရိပ်။

စသော ပြည်မြို့မှ ကိုယ့်မိသားစု၏ စရိုက်များအားလုံး ပြင်းစွာ ပြန်လည်မြင်တွေ့လာခဲ့သည်။

"စူးရေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မမဦးမှာ တာဝန်ရှိတယ်ဆိုတာတော့ သိပါတယ်၊

"ဒါပေမယ့်. . . တာဝန်ယူလို့မဖြစ်တဲ့ အခြေအနေ ဆိုတာတော့ မမဦးပဲ သိတယ်လေ၊

"အမှန်အတိုင်းပြောရရင်တော့ မမဦးရဲ့အဖြစ်၊ မမဦးရဲ့ ဘဝအတွက်လည်း ကိုယ့်မိသားစုကို ပြန်ပြီး ဒုက္ခမပေးချင်တော့ဘူး။

"ကိုယ့်မိသားစုရဲ့ ကိစ္စအဝဝကိုလည်း မမဦး တာဝန်မယူချင်တော့ဘူးကွယ်။

"အားလုံးကို ပျောက်ဆုံးမေ့လျော့ထားပြီး ဧကရီဦး အဖြစ်နဲ့ ဖြစ်ချင်သလိုဖြစ်ပြီး လွင့်ချင်သလို လွင့်နေပါရစေတော့။

"စူးရယ်. . . ဘာလို့များ ရောက်လာရတာလဲကွယ်။

"သန်ဘက်ခါလာဖို့လည်း ချိန်းပြီးပြီ၊ အေးလေ. . . ငါ့ကိုကလည်း မပြတ်သားပါဘူး၊ မမဦးနဲ့ မတွေ့ချင်ပါနဲ့တော့လို့ အပြတ်ပြောလိုက်ရကောင်းသား၊

"ခုတော့လည်း မတတ်နိုင်ဘူးလေ. . .၊ လာကြပစေတော့၊ အစ်ကိုလှထူးကတော့ ငါ့ဘဝ ရိပ်မိသွားပုံရတယ်၊

"အို. . . မတတ်နိုင်ဘူး၊ စူးတို့ရောက်လာမှပဲ ကြည့်ရှင်းရတော့မှာပဲ"

ဧကရီဦး ဖြစ်လာပြီးသည့် သည်ဘက်ဘဝမှာ လောကကို အလျားလိုက်သွားပြီး၊ အလိုက်သင့်လေး မျှောပြီး နေပစ်လိုက်သည်။

နက်ရှိုင်းသော အတွေးမျိုးတွေ မတွေး၊ ဘာ သောကမှ





အဝင်မခံ။

နက်ဖြန်အကြောင်းကိုပင် မတွေးဘဲ တစ်နေ့စာ တစ်နေ့သာ နေပစ်လိုက်သော ဧကရီဦး။

ဆံပင်ကို ကျကျနန ပြန်လည်ပုံချ၍ လိမ္မော်ရောင် ဆံညှပ်လေးနှစ်ဘက်ကို ညှပ်လိုက်သည်။

မျက်နှာကို ရောင်မျိုးစုံ ခြယ်သရန် မိတ်ကပ်သေတ္တာကို ဖွင့်နေဆဲမှာပင် အိမ်ဖော်မလေး မသန်းအေးက. . .

"မမ. . . ဦးလေးရောက်နေပြီ"

"ဟင်"

အခက်အခဲတစ်ခုနှင့် ကြုံသွားသလို မျက်နှာကို ကရင်ပတ်ဖိ ဖြင့်သာ အမြန်ရိုက်နေဆဲမှာ မှန်ထဲတွင် လူတစ်ယောက် အရိပ်က ပီပြင်ထင်ရှားလာသည်။

သက်ကြားအို. . .၊ ကိုယ့်အဖေအရွယ်. . .

သည်ရုပ်လွှာကို စိတ်ညစ်ညူးစွာ တွေ့လိုက်ရပါသော်သည်. . .

ကရင်ပတ်ဖ်ကို ပစ်ချပြီး မျက်စောင်းလှလှလေးထိုး. . . နှုတ်ခမ်းလေးကို ကလေးတစ်ယောက်လို စူ၍ စူလိုက်ပြီး. . .

"ကြည့်ပါလား. . . သူများအလှပြင်လို့တောင် မပြီးသေးဘူး ဘာလို့ ဝင်လာရတာလဲ"

"ဧကရီက မပြင်ဘဲလည်း လှနေတာပဲဟာ"

"ဟင်အင်း. . . ဟင်အင်း. . . ပြင်တော့မှ ပိုလှမှာပေါ့၊ ပိုလှမှ အစ်ကိုကြီးက ပိုချစ်မှာပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား. . . အခုလည်း ချစ်ပါတယ် ဗျာ၊ ချစ်လွန်းလို့ မလာဘဲ မနေနိုင် ဖြစ်နေရတာပေါ့ ကေရီရဲ့ ဟဲ. . . ဟဲ"

လှမ်းဖက်လာသော အစ်ကိုကြီး၏ခါးကို သိပ် ချစ်ဟန် သိပ် လွမ်းဟန်၊ သိပ်အားကိုးဟန်နှင့် သိမ်းကြုံး၍ ဖက်ထား လိုက်ရသည်။

အမှန်မှာတော့ အပေးနှင့်အယူ။

ကေရီဦးက "ဦးမြင့်ဟန်"ထံမှ ငွေကြေးနှင့် အဆောင် အယောင်များကို ယူသည်။

ဦးမြင့်ဟန်က ကေရီ၏ နုမြစ်လှပသော ကိုယ်ခန္ဓာ ယစ်မူးဖွယ်ရသကို ယူ၏။

သို့သော်လည်း. . .

သူတို့နှစ်ဦး တွေ့လေတိုင်း တက္ကသိုလ်ရောက်စ မချစ်ဖူး သော အချစ်ဦးစုံတွဲလေးများလို ချစ်စကား. . . လွမ်းစကားတို့ ဖြင့်သာ ထုံမွှန်းကြသည်။

စကားသံတို့သည် သာယာ၏၊ စွဲလမ်းနှစ်လိုဖွယ်ဖြစ်၏။ သို့သော်လည်း. . .

နှလုံးသားမှ ရိုက်ခတ်လာသော ခံစားမှုစကားစုများ မဟုတ်ကြ။

နှစ်ဦးလုံး၏ နှုတ်ခမ်းဖျားမှသာ လာသော စကားလုံး လေးများဖြစ်ကြောင်း၊ သူတို့နှစ်ဦးလည်း တစ်ဦးအကြောင်း တစ်ဦး သိကြပါလျက်နှင့်. . .

◆ ◆ ◆

အခန်း ။ ၈ ။

ဦးချမ်းသာသည် သူ့သားစီးဖို့ ဆလွန်းကားရှာသော်လည်း ဗိုလ်အောင်ကျော်လမ်း ပွဲစားတန်းမှ "မောင်အောင်ကျော်ထွေး" ၏ အာဝဇ္ဇန်းကောင်းမှုကြောင့် ဒတ်ဆန်း ဆန်နီပစ်ကပ် ဖျင်နရယ်လ်နံပါတ်ကိုပင် ဝယ်ဖြစ်သည်။

ပစ်ကပ်ဆိုသော်လည်း မိုဒယ်မြင့်သော ဘိဝမ်းတူးတူးမို့ နှစ်ဆယ့်ရှစ်အထိ ပေးခဲ့ရသည်။

"သား. . . ကြိုက်ရဲ့လား"

"ကြိုက်တော့ကြိုက်ပါတယ်၊ ကားက နှစ်သိန်းရှစ်သောင်း တောင် ဆိုတော့. . . မများလွန်းဘူးလား ဖေဖေ"

"ကန်စွန်းရွက်တောင် ဈေးတက်နေသေးတာပဲ သားရယ်၊ ကားဈေးတက်တာ မဆန်းပါဘူး၊ သားကြိုက်ဖို့ပဲ လိုပါတယ်"

"ကြိုက်ပါတယ်၊ အရောင်ကလည်း သားကြိုက်တဲ့ အပြာ ရောင်ပဲ၊ သားအတွက် ငွေတွေ သိပ်ကုန်နေသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်လည်း ဘာဖြစ်လဲ၊ ဖေဖေ ရှာဖွေနေသမျှ ဖေဖေ့ရဲ့ တစ်ဦးတည်းသော သားလေးအတွက်ပဲဟာ"

နေမင်းသာသည် ဦးချမ်းသာ၏ မျက်နှာကို ကြည်ညိုစွာ ကြည့်မိသည်။

လွန်ခဲ့သော ခုနစ်နှစ်က ဇနီးဆုံးခဲ့သည်မှစ၍ မိခင်နေရာ ရော. . . ဖခင်နေရာကပါ၊ လိုလေသေးမရှိအောင်၊ သားအပေါ် ၌ ဂရုစိုက်လွန်းရှာသည့် ဖခင်ကြီး။

"ဖေဖေ"

"ဟေ"

"သား စိစဉ်ထားတဲ့ကိစ္စလေ၊ နိုင်ငံခြားကို သွားဖြစ်ခဲ့ရင် ဖေဖေတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့၊ ဒါကြောင့် ဖေဖေ့ကို ပြုစုဖို့ မိန်းမယူလိုက်ပါလားလို့"

"တော်ပါ. . . မလိုပါဘူး သားရယ်၊ ဖေဖေလည်း ကျန်းမာနေတာပဲ၊ တို့သားအဖ ကြားမှာ မိန်းမတစ်ယောက် ဝင်လာရင် ဘယ့်လောက်ရှုပ်ထွေးသွားမယ်ဆိုတာ သားမသိဘူး နော်"

"ဒါတွေတော့ မသိဘူး၊ ဖေဖေ စားသောက်ဖို့. . . နေမကောင်းရင် ပြုစုဖို့"

"ဖေဖေရဲ့ အခု ကုလားထမင်းချက်ကလည်း ဗိုလ်အိမ်ထွက် ဆိုတော့ သိပ်အချက်ကောင်းတာ၊ နေမကောင်းရင်လည်း ဆရာဝန်ခေါ်မှာပေါ့၊ စပယ်ရှယ်လ်နပ်(စ်) ငှားမှာပေါ့ကွာ"

"နပ်(စ်)နဲ့ ရတတ်တယ်နော်"





"အဘွားကြီး ငှားမယ်လေကွာ"

"အဲဒီ အဘွားကြီးနဲ့ နီးစပ်ပြီး ရသွားမှ သူပြန်ပြုစုနေရပါဦးမယ် ဖေဖေရာ"

"ဟား. . . ဟား. . . ဟား၊ ငါ့သားနဲ့ကွာ"

ဦးချမ်းသာသည် သဘောကျ နှစ်ခြိုက်စွာ ရယ်မောပြီး သားကို ကလေးငယ်လေးတစ်ယောက်ကဲ့သို့ပင် ခေါင်းလေးကို ပွတ်၍ခါယမ်းလိုက်၏။

"သားမေမေ ဆုံးပြီးကတည်းက ဖေဖေ နောက်အိမ်ထောင် မပြုတော့ဘူးလို့ ဆုံးဖြတ်ပြီးကြောင်း သားကို ဖေဖေ ပြောခဲ့ပြီပဲ၊ ဒီအကြောင်း တော်ကြပါစို့ သားရယ်၊ ဒါနဲ့. . . နေ့က ဦးတင်မောင်ဆီ သွားတာ ဘာပြောလဲ"

"သင်္ဘောသားဆိုရင် ထွက်သွားရတာ ကြာပြီ ရှိုးကျော့(ပ) ဆိုတော့ အလုပ်ကောင်းကောင်းရဖို့ လိုအပ်လို့ပါတဲ့၊ ခဏတော့ သည်းခံစောင့်ပါတဲ့၊ မကြာပါဘူးတဲ့"

"အေးပေါ့၊ ဦးတင်မောင်က အရင်ကလည်း ရက်(ပ) ထုပ်လာတော့ ဒီဘက်မှာ ကျွမ်းပါတယ်၊ စောင့်လိုက်ဦးပေါ့ သားရယ်၊ ကိုယ်လည်း ဘွဲ့ရပြီးပြီပဲ"

"ဘွဲ့ရပြီး ဘာအလုပ်မှ မရှိတာ ခက်တာပေါ့ ဖေဖေရ၊ သင်္ဘောလိုက်လည်း ဖြစ်သားနဲ့"

"ဩော်. . . ဖေဖေ့မှာ သားလေးတစ်ယောက်တည်း ရှိတာ ဘယ်စိတ်ချနိုင်ပါ့မလဲ၊ ပြီးတော့လည်း ပင်လယ်ထဲမှာ အသက်စွန့်ပြီး စီးပွားသွားရှာစရာ မလိုပါဘူးသားရယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတာ သဘော်သားကားပဲ၊ ဒီကနေ အသင့်စောင့်ပြီး ဝယ်စီးနိုင်လောက်အောင် ဖေဖေက ချမ်းသာနေတာပဲ၊ ဘာလိုသေးလဲ”

ဖခင်ကြီး၏ စေတနာမျက်နှာကို ကြည့်ပြီး ခေါင်းညိတ်ရုံမှ လွဲ၍ နေမင်းသာ ဘာမှဖြေစရာမရှိတော့။

တစ်နေ့ကို ရာဂဏန်းနှင့်ချီ၍ သုံးစွဲနေသော နေမင်းသာ အတွက် သိပ္ပံဘွဲ့တစ်ခုနှင့် အလုပ်ဝင်လျှင်လည်းတစ်နေ့ ခြောက်ကျပ် ပြားငါးဆယ်ထက် လောလောဆယ် မပိုနိုင်၍ အလုပ်ဝင်ဖို့ မကြိုးစားတော့။

သဘော်လိုက်ပါရစေဟု ပြောမိသည်နှင့်ပင်. . . ဖခင်က ကန့်ကွက်သည်။

အန္တရာယ်များ၍ ပင်ပန်းလှသော သဘော်သားလုပ်ငန်းကို မလုပ်စေချင်။

သား နိုင်ငံခြားသွားလိုလျှင် ကမ်းပေါ်မှာ လုပ်ရသော ရှိုးဂျော့(ပ)ကို စီစဉ်ပါမည်ဟု ပြောပြီး၊ ဤလုပ်ငန်းမျိုး၌ ကျွမ်းကျင်သော သူ့မိတ်ဆွေ ဦးတင်မောင်ထံ၌ အပ်၏။

ဩစတြေးလျနှင့် ဂျပန်နိုင်ငံက ပထမ။ သည်နိုင်ငံကြီးများမှာ မရလျှင် စင်ကာပူလို၊ ဟောင်ကောင်လို၊ မလေးရှားလို နိုင်ငံမှာ နောက်ဆုံး ထိုင်းနိုင်ငံမှာဖြစ်စေ. . . ရလိုပါသည်ဟု ဦးတင်မောင်သို့ ပြောကြားပြီး ဖေဖေက ငွေတံတားခင်းကာ သားဖြစ်သူ၏ဆန္ဒအရ နိုင်ငံခြားသို့ ပို့ပေးပါတော့မည်။

လက်ရှိ ပိုင်ဆိုင်သော ငွေများ၊ အဆောက်အအုံများနှင့်





လုပ်ငန်းများတို့သည် ဤသားအဖနှစ်ယောက်၏ တစ်သက်စာမက နောက်မျိုးဆက် နှစ်ဆက် စာလောက် စားသောက်နိုင်ပါသော်လည်း. . .

နေမင်းသာသည် သူဌေးသားတစ်ဦးအဖြစ်နှင့် ငွေကို သုံးဖြုန်း၍ လက်ကြောတင်းအောင် မလုပ် မလုပ်ချင်သော လူစားမျိုးမဟုတ်။

ကျောင်းပြီးသည်နှင့် အလုပ်ဝင်ချင်သော်လည်း ခက်ခဲရှားပါးလှသော ဝန်ထမ်းအလုပ်က မရနိုင်။

ဖေဖေကလည်း သူ့စီးပွားရေးကိစ္စမှာ သူ့တပည့်များနှင့်သာ တွဲ၍ လုပ်ချင်သည်။ သားနှင့် မလုပ်ချင်။

သားလေးကို ကလေးဟုပင် ထင်၍အရာရာ၌ စိတ်မချ၊ အလုပ် လုပ်ခါနီး ဟိုဟာမှာ သည်ဟာမှာ. . .

သားကလည်း ကလေးတစ်ယောက်လို သည်မျှ မှာကြားနေသည်ကို မကြိုက်လှ။

သားအဖနှစ်ယောက် အလုပ်တွဲလုပ်၍ အဆင်မပြေနိုင်။ နှစ်ယောက်လုံးကလည်း မလုပ်ချင်ကြလှ၍၊ နောက်ဆုံး နေမင်းသာ နိုင်ငံခြားသို့သွား၍ အလုပ်လုပ်ရန် သားအဖနှစ်ယောက်လုံး နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်တော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၉ ။

စူး၏ ခြေလှမ်းများက နီးလာလေ. . . နေးလာလေ. . .

အစ်ကိုလှထူး၏ လှမ်းလျှောက်ပုံကလည်း အင်အားလျော့နည်းလှချေသည်။

"အထဲကို အဝေးကြီး ဝင်ရတယ်နော်"

တိတ်ဆိတ်မှုကြာသဖြင့် အားနာသော လေသံနှင့် စူးက ကိုလှထူးကို စကားစပြောမိ၏။

"အေးပေါ့. . . တမင် ချောင်ကျတဲ့နေရာမှာနေတာ ဖြစ်မှာပေါ့"

ဘာဖြစ်လို့ ချောင်ကျတဲ့နေရာမှာ နေတာလဲဟူ၍ မေးချင်သော မေးခွန်းကို မမေးရဲ။

အစ်ကိုလှထူး၏ တင်းမာနေသောမျက်နှာတွင် အဖြေက ရှိနှင့်နေသည်။ မမဦးနှင့် ပတ်သက်၍ အရှက်ရစရာ၊ မကျေနပ်စရာ ရှိနေပေလိမ့်မည်ဟု စူး. . . မှန်းဆတတ်ပါ၏။

မောင်နှမနှစ်ယောက် ချွေးဒီးဒီးကျအောင် လျှောက်လာ





ါမှ ကျယ်ဝန်းသော ခြံကြီးတစ်ခုရှေ့သို့ ရောက်လာသည်။

တိုက်နှင့် ခြံထိပ်က အတော်လေးလှမ်းသည်။ တစ်ခေါ်လောက် ဝေးလေမလားပင်၊ အဝမှ တအား ကြုံးခေါ်မှ ကြားရမည်ထင်ပါ၏။

"အစ်ကိုလှထူး၊ စူး အော်ခေါ်လိုက်ရမလားဟင်"

"အရူးလား၊ ဒီမှာ လျှပ်စစ်ဘဲလ် ရှိတယ်"

ကိုလှထူးက လျှပ်စစ်ခေါင်းလောင်းကို ခပ်ဖွဖွနှိပ်သည်။

အတွင်းက ဘာသံမှ မကြားရ။ လူရိပ် လူယောင်လည်းမမြင်၊ ဆီဒင်ကားနီလေး တစ်စင်းတော့ ရပ်ထားသည်။

စိတ်မရှည်ဟန်နှင့် ကိုလှထူးက ဖိ၍ ခပ်ကြာကြာ နှိပ်ထိုတ်တော့မှ ခွေးဟောင်သံ စ၍ ကြားရသည်။

ပြီးတော့. . . ခွေးတစ်ကောင်နှင့် ကောင်မလေးတစ်ယောက် ထွက်လာသည်။ ခွေးက ဟောင်လိုက်တာမှ စူးစူးဝါးဝါးနှင့် အဆက်မပြတ်။

"တံခါးမဖွင့်နဲ့၊ နင့်ခွေးထိန်းဦး၊ တို့ ခွေးကိုက်မခံနိုင်ဘူး"

"မကိုက်ပါဘူး ဦးလေးရဲ့၊ အလကားဟောင်နေတာပါ၊ ဟောင်လွန်းသောခွေး လူမလေးဆိုတာ ဒါမျိုးပေါ့၊ ငလုံးအကြောင်းသိတဲ့ လူတိုင်းက သူ့ကို ဘယ်သူမှ အလေးမထားကြဘူးလေ၊ အဟဲ. . . ဝင်ပါ"

အာသွက်လွန်းသော အိမ်ဖော်မလေး၏ စကားကြောင့် စူးတာ ပြန်၍ လေးစားရမည့် ခွေးမျိုးပင် ရှိသေးသယောင်ယောင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိသလား. . . မဦး"

"မမဇကေရီဦးလား၊ ရှိပါတယ်ရှင်၊ ဧည့်သည်ရောက်နေလို့ ဦးလေးတို့ကို တံခါးသွားဖွင့်ပေးလိုက်တဲ့၊ ဝင်ခဲ့ပါတဲ့"

စူးသည် မရဲတရဲနှင့် အစ်ကိုမျက်နှာကို လှမ်းကြည့်လိုက်တော့ ညှိုးမှိုင်းနေသော်လည်း အားခဲ၍ ညီမလေး၏ ဆန္ဒကို ဖြည့်စွမ်းပေးမည့်ပုံ ပေါ်နေရှာပါ၏။

အိမ်ဖော်မလေးနောက်မှ လိုက်ခဲ့ကြရသည်။ ခွေးက လည်း မဟောင်တော့။ အမြီးတန့်နှန့်နှင့် ဤသုံးဦးဘေးမှ ပတ်ဝိုင်း အနံ့ခံရင်း လိုက်ပါလာသည်။

တိုက်မှာ အပြင်က မြင်ရသည်ထက် အတွင်းမှာ ပို၍ သားနားနေသည်။

ဝင်ဝင်ချင်း နေရာမှာ တယ်လီဗေးရှင်းနှင့် ကြိမ်ကုလား ထိုင်စုံ တစ်ပတ်ရစ် ချထားသည်။ ခန်းမ၏ အလယ်တည့်တည့် မှာ ဒဗိုင်ဒါခေါ် သစ်သားအလှဆင်တစ်ခု ကာခြားထားသည်။ ထိုသစ်သား၏ အကွက်အကန့်ကြားမှာ ပန်းပုရုပ်များ၊ ကြွေရည် သုတ် နိုင်ငံခြားရုပ်များ၊ မွေးပွဝက်ဝံရုပ်များ၊ အပြင် သစ်မင် ပန်းအိုးထဲမှ ပန်းခြောက်များ၊ မှန်သေတ္တာရှည်ထဲမှ ကီမိုနို ဝတ်စုံနှင့် ဂျပန်မအရုပ်ကလေး စသည့် အသေးအဖွဲ အလှ အပများတင်၍ ပြင်ဆင်ထားသည်။

ခန်းမ၏ ခေါင်းရင်းဘက် အခန်းမှာတော့ အပြာရောင် ဇာခန်းဆီး အရှည်ကြီး ချထား၏။ အခန်းတွင်းမှ ဆိုဖာဆက်တီ ပေါ်၌ လူနှစ်ယောက် ထိုင်နေသည့်အရိပ်ကို မြင်ရသော်လည်း





အလင်းရောင်နှင့် ဆန့်ကျင်ဘက် ဖြစ်နေ၍ ဘယ်သူဘယ်ဝါ မကွဲပြား။

အိမ်ထဲသို့ လှမ်းမျှော်ကြည့်နေဆဲ ဇာခန်းဆီးထဲမှ အမ်းအော်သံကို ကြားလိုက်ရသည်။

"အစ်ကိုလှထူးနဲ့ စူးတို့ ထိုင်ကြဦးနော်၊ ဒီမှာ ကိစ္စလေး မပြတ်သေးလို့"

မမဦး၏ အသံက အောင်မြင်ပြတ်သားလှချေသည်။

မမဦးနှင့် မတွေ့ရသည်မှာ ခုနစ်နှစ်နီးပါးမျှ ကြာမြင့်ခဲ့ လေပြီ။

ပေါင်းမှ သည်ညီအစ်မရင်းနှစ်ယောက်သာ ရှိသည်။

နှစ်ပေါင်းများစွာ ကွဲကွာနေသော ညီမလေးကို ပခုံး ဖက်၍၊ လက်ဆွဲ၍ တလှိုက်တလှဲ ကြိုဆိုပေလိမ့်မည်ဟု ယုံစား အားကိုးခဲ့မိသော စူးမှာ မမဦး၏အသံကြောင့် မျက်ရည်များ ဝိုင်းတက်လာခဲ့သည်။

သူ့ဧည့်သည်သည် ညီမလေး အရင်းထက်ပင် အရေးကြီး နေသည်တဲ့လား။

အစ်ကိုလှထူးက သူ့ထံမှာ ပါလာသော ဆေးပေါ့လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာနေ၏။ သူ့စိတ် လှုပ်ရှားမှုကို တစ်နည်း တစ်ဖုံ ထိန်းနေခြင်းလားတော့ စူး မသိ။

ဧည့်သည်က သိပ်တော့ မကြာလှသော်လည်း ဆယ်မိနစ် ခန့်လောက် စောင့်ရသော အချိန်က စူးတို့အတွက် ရင်နင့်စရာ ကောင်းလောက်အောင် ကြာမြင့်လှချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်နော်. . . ဇကရီ"

"ကောင်းပါပြီ ကိုမြတ်. . . နောင်လည်း လာပါ အစ်ကို
ကြီး မရှိလည်း ဇကရီနဲ့ ပြီးပါတယ်"

"ငွေတွေ ရေကြည့်လိုက်ဦးနော်၊ လိုလဲပြော"

"ရပါတယ်၊ အချင်းချင်းတွေပဲ"

"ကဲ. . . သွားပြီနော်"

"အိုကေ. . . ဂွတ်ဒ်လပ်(က်)နော် ကိုမြတ်"

တံခါးထိပ်မှာ ကိုယ်ကို ခပ်နွဲ့နွဲ့မှီပြီး ကားထွက်သွားသည်
အထိ လက်ကလေး မြှောက်ယမ်းပြပြီး ပြုံးနေသော ဇကရီဦး
ဆိုသည့် မမဦးရယ်လေ။

သူ ပြန်လှည့်ဝင်လာတော့ အစ်ကိုလှထူးက ဆေးပေါ့
လိပ်ကို မီးခိုးတထောင်းထောင်းထအောင် ဖွာ၍ တစ်ဘက်
လှည့်နေ၏။

"စူး"

စူး လက်ကိုဆွဲပြီး စူး၏ဘေးမှာ ကပ်လျက် ဝင်ထိုင်သည်။

အပြင်မှာ နှစ်ယောက်ချင်းတွေ့လျှင်ပင် စူးမှတ်မိနိုင်
တော့မည် မထင်။

ဆံပင်အရှည် စန့်စန့်လေးကို ခါးအထိ ဖြန့်ချပြီး သနပ်ခါး
အဖွေးသားဖြင့် ပြည့်ပြည့်ဖြိုးဖြိုး ရိုးရိုးယဉ်ယဉ်ကလေးနှင့်
လှပခဲ့သော မမဦး။

ယခုတော့ ဆံပင်တွေက ကောက်လိမ်ပြီး နဖူးအထက်မှာ
အုပ်စုလိုက် ငှက်သိုက်လို အုံဖွဲ့နေသည်။





ခရမ်းရင့်ရောင် အင်္ကျီကလည်း စူးတို့ ငယ်ငယ်က ဝတ်ရ
သော ရှင်မီးအင်္ကျီ ပုံစံလို ကြိုးနှစ်ချောင်းမှလွဲ၍ အထက်ပိုင်း
သော။

လက်သည်းရော နှုတ်ခမ်းပါ အင်္ကျီနှင့်ဆင်တူ ခရမ်းရင့်
ရောင် ခပ်မည်းမည်းကြီး ဆိုးထား၏။

"အိမ်က ကိစ္စတွေ များ၊ လူက ရှုပ်လို့ စူးကို ချက်ချင်း
တွေ့ခွင့်မပေးနိုင်တာပါ၊ ဒါတောင် ကိုမြတ်က မမျှော်လင့်ဘဲ
ရောက်လာလို့ ပစ္စည်းတစ်ခုရောင်းနေတာနဲ့. . .၊ ကဲ. . .
ပြောပါဦး၊ မမဦး ဆီက ဘယ်လိုအကူအညီမျိုး လိုချင်တာလဲ"

ပြောပုံဆိုပုံ လေယူလေသိမ်းနှင့် မေးပုံမြန်းပုံက စိမ်းလှ
ချည်ရဲ့လေ။

စူး မျက်ရည်တွေ ကျလာသည်။

"အိုး. . . ဘာလို့ ငိုရတာလဲ၊ ပြောချင်တာရှိတာ ပြော
လေ စူး"

"မေ. . . မေမေဆုံးတုန်းက. . . မမဦး ပြန်မလာတာ
တော့ ရက်စက်လွန်းအားကြီးပါတယ် မမဦးရယ်"

"ဩ. . . စူးက ဒီကိစ္စအတွက် မမဦးကို ရန်တွေ့ဖို့ လာ
ခဲ့တာလား ဟင်"

"ဟဲ့. . . ဦး"

အစ်ကိုလှထူးက ဒေါသနှင့် လှမ်းခေါ်လိုက်ပြီး. . .

"နင် ကလေးကို ဘာမှငေါ့ထေ့နေစရာမလိုဘူး၊ စူးဟာ
ဒီကိုရောက်ပြီး အစ်မဆီကို အားကိုးတကြီးနဲ့ ရောက်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ. . . နင် သူ့ကို တာဝန်ယူနိုင်မလား၊ မယူနိုင်ဘူးလား. . . ဒါပဲပြော"

"အမယ်လေး. . . အစ်ကိုလှထူး လေသံကလည်း. . . ကြောက်နေရပါလား"

"နင် ဘယ်သူ့မှ မကြောက်လို့ ရန်ကုန်မှာ တစ်ယောက်တည်း ထင်တိုင်းကြဲနေတယ်ဆိုတာ ငါသိပြီ၊ ဒီတော့ အပိုစကားတွေ မပြောနဲ့၊ ငါမေးတာသာဖြေ"

"ဒီလို ပြတ်ပြတ်မေးရင်လည်း ဦးတို့က ပြတ်ပြတ်ပဲ ဖြေရမှာပေါ့၊ စူးလို အမျိုးလေးတစ်ယောက်ကို ဦးအနေနဲ့ တာဝန် မယူနိုင်ဘူး၊ ယူလို့လည်း မဖြစ်ဘူး၊ ဒါပေမယ့်. . . ဦး တတ်နိုင်သလောက် ငွေထောက်မယ်၊ ဒါပဲ"

"အေး. . . ကောင်းပြီ၊ လာ. . . မိစူး. . . ပြန်မယ်"

စူးသည် နစ်နဲ့ လှိုက်လှဲစွာ ငိုပြီး၊ မတ်တတ်ရပ်နေသော အစ်ကိုလှထူးကို မော့သာကြည့်ပြီး ထိုင်ရာမှ မထသေး။

ဖြည်းဖြည်းချင်း အစ်မဘက်သို့ လှည့်ကြည့်လျက် မျက်ရည်စက်လက်နှင့်ပင်. . .

"မမဦးရယ်. . .

"ငွေလိုချင်တာ တစ်ခုတည်းနဲ့ မမဦးဆီကို ရောက်လာတာ မဟုတ်ပါဘူး၊ ဒီတစ်ယောက်တည်းရှိတဲ့ အစ်မဆီကို အားကိုးတကြီးနဲ့ လိုက်လာခဲ့တာပါ၊ အိမ်မှာ ဘယ်လိုနေလဲ ကြီးကြီးစုရော ဘာဖြစ်နေသလဲ။ မေမေဟာ ဘယ်လိုဖြစ်ပြီး ဘာရောဂါနဲ့ ဆုံးရတာလဲ ဆိုတာတွေများ မမေးတော့ဘူးလား





ဘင်၊ မမဦး ကိုယ်ထဲမှာ ဖေဖေ မေမေတို့ရဲ့ သွေးရှိမှ ရှိသေးရဲ့လား. . .

"မမဦး. . . မမဦးဟာ အရင်က မမဦးမှ ဟုတ်သေးရဲ့လား၊ မမဦး ရင်ထဲမှာ ဒီလောက် ရက်စက်စိမ်းကားတဲ့ စိတ်တွေ ရှိနေမယ်လို့ စူး မထင်ဘူး. . . ဟူး. . . စူး မထင်ခဲ့မိဘူး"

စူးသည် လှိုက်ခဲသော စကားသံနှင့် ရှိုက်သံတို့ ရောထွေးလျက် ဆက်တိုက်ကြီး ပြောချလိုက်ပြီး မျက်နှာကို လက်ဝါးနှင့် အုပ်၍ ငိုချကာ အားရပါးရ ငိုနေရှာတော့သည်။

ကိုလှထူးသည် ခပ်ကြောင်ကြောင် ကြည့်နေသော တင်မေဦးကို စိုက်ကြည့်ပြီး စူး၏ လက်မောင်းကို ဆောင့်၍ ဆွဲထူလိုက်၏။

"ငိုမနေနဲ့ မိစူး၊ သူဟာ ငါတို့ ညီမလေး တင်မေဦး မဟုတ်တော့ဘူး၊ ဘဝပြောင်းသွားပြီ. . . တဖြစ်လဲသွားပြီ. . .

"ဟောဒီ ချမ်းသာကြွယ်ဝမှုတွေက သူ့ရင်ထဲက သွေးဆိုတဲ့ သံယောဇဉ်အကြွင်းနာနဲ့ မေတ္တာတရားတွေအားလုံးကို ချေဖျက်ပစ်လိုက်ပြီဟေ့. . .

"ထစမ်း မိစူး၊ နင့်အစ်မက စွန့်ပစ်နိုင်ပေမယ့် ငါလို အစ်ကိုတစ်ဝမ်းကွဲက စွန့်မပစ်နိုင်ဘူး၊ ငါ့အိမ်မှာပဲနေ၊ ဖြစ်သလို သုပ်စားကြမယ်၊ ကဲ. . . လာ၊ သွားကြစို့"

စစ်သားမို့ ပြတ်သားသည်။ ရိုးဖြောင့်၍ ဒေါသကြီးတတ်သော အစ်ကိုလှထူးသည် ညီမငယ်အား ဒရွတ်တိုက်မသွားရုံတမယ် အတင်းဆွဲချ ခေါ်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တင်မေဦးတဖြစ်လဲ ဧကရီဦးသည် အိပ်မက်ရာမှ လန့်ဖြ နိုးထလာသူတစ်ယောက်လို ကြောင်ကြောင်ငေါင်ငေါင်ကြီး ကျန်ရစ်၏။

သူတို့ ပြန်သွားသည့်တိုင် သူတို့ စကားသံများသည် ဤ အခန်းကျယ်၌ ကျန်ရစ်၏။ ထပ်ကာ ထပ်ကာ ကြားနေရပေ တော့သည်။

နှလုံးသားမဲ့သော မိန်းမတစ်ယောက်အဖြစ်နှင့် သူ့ကိုယ် သူ ခံယူထားသော ဧကရီဦးသည်. . .

ဘဝကို ရေစုံမျှောလျက်. . . သာယာမည့်နေရာမှာ ဘဝ နှင့် လဲ၍ နားခိုလျက်. . . အလုံးစုံသော ခံစားမှုအပေါင်းကို လျစ်လျူရှုခဲ့သော မိန်းမ. . .

ဖြတ်သန်းခဲ့သော ဘဝဟောင်းကို ဥပေက္ခာပြုလျက် တမင်ကို မေ့ထားပစ်ခဲ့သော မိန်းမ. . .

သူ့ရင်ထဲမှာ မည်သူနှင့်ပတ်သက်၍မှ ခံစားမှုမရှိ၊ ခံစား မပေးနိုင်ဟု ခံယူထားခဲ့သော မိန်းမသည်. . .

နေရာမှ ဖြည်းညင်းစွာထပြီး ကျောခိုင်းထွက်ခွာသွားကြ သော အစ်ကိုနှင့်ညီမတို့ ကွယ်ပျောက်သွားပြီးသည်အထိ ငေးကြည့်နေမိ၏။

သူ့မျက်ဝန်းအိမ်အပြည့် မျက်ရည်တွေ ဝေလာသည်ကို သူကိုယ်တိုင် သတိမထားလိုက်မိပါလား။

◆ ◆ ◆



## အခန်း ။ ၁၀ ။

အနောက်ဘက် ပင်လယ်ကမ်းခြေဆီမှ မုတ်သုံဦးသည် မြန်မာ့မြေပေါ်သို့ မိုးစက်မိုးပွင့်များ ကျဲဖြန့်ရန် စတင်ဝင်ရောက်ခဲ့ လေပြီ။

မြှင့်ထားသော်လည်း မြေလမ်းမို့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာလိုက်သည်မှစ၍ လမ်းတို့က ချိုင့်ဝှမ်းများ ဖြစ်ထွန်းလာခဲ့၏။

နေမင်းသာသည် သူ၏ ယာယီနံပါတ်နှင့် ကားအသစ် တော်စက်ကလေးကို တစ်လိမ့်ချင်း မောင်းလာသည်။

နိုင်ငံခြားမှ ပြန်ရောက်လာသော သူငယ်ချင်း တစ် ယောက်ထံမှ ပြန်လာခဲ့ခြင်းဖြစ်သည်။

ယခုအချိန်မှာတော့ နိုင်ငံခြားအကြောင်းများ စနည်းနာ နေရသည်ချည်းပါ၊ သူ့ထံမှ ဘာအကြောင်းမှ မထူးလှ၍ တော်တော် လမ်းကြမ်းကြမ်းမှာ စိတ်ပျက်စွာ ကားကို မောင်းလာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာနေ၍ တစ်လမ်းလုံး လူရှင်းနေ၏။

သူ့ရှေ့ မလှမ်းမကမ်းတွင်သာ အမျိုးသမီးတစ်ဦးနှင့် အမျိုးသား တစ်ဦးတို့ ထီးကိုယ်စီ ဆောင်းပြီး ရှေ့ဆင့်နောက်ဆင့် ခပ်ဖြည်းဖြည်း သွားနေကြသည်။

တရုတ်ပိတ် ပွင့်ရိုက် အဖြူခံမှာ အရုပ်ကလေးများနှင့် အထက်အောက် ဆင်တူဝတ်ထားသော မိန်းကလေးတစ်ယောက်၏ နောက်ပိုင်းက ကြော့ရှင်းနေပေသည်။

ထဘီကို ခပ်တိုတိုဖြစ်အောင် တစ်ဘက်က မထားသဖြင့် ဝင်းအိနေသော ခြေသလုံးဖွေးဖွေးလေးက မြေညိုပေါ်မှာ ထင်းနေသည်။

"မုဒုလက္ခဏာမိဖုရား၏ ခြေသလုံးကို မြင်ပြီး ကောင်းကင်မှ ချွန်နှင့်ပျံနေသော ရသေ့ကြီး ချွန်လျှောသည် ဆိုခြင်းမှာ သည်ခြေသလုံးမျိုးထင်ပါရဲ့"

နေမင်းသာမှာ ကြီးကြီးကျယ်ကျယ် နှိုင်းကြည့်မိ၍ တစ်ယောက်တည်းပြုံးကာ ကားကို သူတို့ထက် ကျော်အောင် မောင်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖတ်စ်ဂီယာမှ စယ်ကဲန်ဂီယာသို့ ချိန်းလိုက်ပြီး. . .

ဤမိန်းကလေးကို လွန်မသွားမီ ဘေးချင်းတိုက် ယှဉ်လိုက်သည်နှင့် အသေအချာ လှည့်ကြည့်လိုက်တော့. . .

"ဟာ"

"ဒါ. . . ဒါ. . . ဟိုနေ့က ငါဟောက်ပစ်ခဲ့တဲ့ မင်္ဂလာဒုံက ကောင်မလေးပါလား"





အတွေးမဆုံးခင် ကားက မိန်းကလေးကို ကျော်ဖြတ်ပြီး ခဲ့ပြီ။

သူ့ရှေ့မှ သူနှင့်အတူ လာပုံရသော အမျိုးသားကိုလည်း ကျော်ဝင်စားစွာ အသေအချာ ကြည့်လိုက်တော့. . .

"ဟာ. . . ဒါလည်း တို့ပြည်က အစ်ကိုလှထူးကြီး ပါလား. . .

"အင်း. . . ဟုတ်သားပဲ၊ အစ်ကိုလှထူးကြီးနဲ့ စူးတို့က မောင်နှမတစ်ဝမ်းပဲ ကွဲတာ. . .

"သူ စစ်ထဲ ဝင်သွားကတည်းက တို့နဲ့ ကွဲသွားတာ၊ ငယ်ငယ်ကဆို တို့ပေါ် ညှာပြီး အမြဲကစားခဲ့တဲ့ အစ်ကို လှထူးကြီး"

နေမင်းသာမှာ သူတို့ကို ဖြတ်ကျော် မောင်းလာရင်း. . . ကားနောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက်မိသည်။

မိုးသည် ပို၍ သည်းလာ၏။

နေမင်းသာမှာ မောင်းနေဆဲကားကို ရုတ်တရက် ရပ်ပစ်လိုက်သည်။

လမ်းလျှောက်လာသောသူများကို စောင့်ပြီး နီးလာသည်နှင့် တစ်ဘက်မှ ထက်ဝက်တင်ထားသော မှန်ကို လှည့်ချလိုက်ပြီး. . .

"အစ်ကိုလှထူးကြီး"

ကိုလှထူး ကြောင်သွားသည်။ ခါးကိုင်း၍ ကားပြတင်းပေါက်မှတစ်ဆင့် ငုံ့ကြည့်သော်လည်း သူ မမှတ်မိသေး။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ အစ်ကိုရ၊ နေမင်းသားပါ"

နေမင်းသာကို ငယ်စဉ်က ကိုလှထူးတို့ လူကြီးပိုင်းမှ "နေမင်းသား"ဟု နောက်ပြောင်ခေါ်လေ့ရှိကြသည်။ ဤအမည်ကို ပေးခဲ့သူမှာလည်း ကိုလှထူးကိုယ်တိုင်။

"ဟား. . . ဟေ့ကောင်လေး၊ ကြည့်စမ်း. . . မင်း မပြောရင် မင်းကို ငါ မှတ်မိမှာတောင် မဟုတ်ဘူး"

"ပိုချောလာလို့ မဟုတ်လား"

"အေးပေါ့ကွ"

"ကဲ. . . လာ၊ ကားပေါ် တက်ကြ၊ ကျွန်တော်လိုက်ပို့ပေးမယ်"

"နေပါစေကွာ၊ တို့က အဝေးကြီး ပြန်ရမှာ၊ သွား. . . သွား"

"ကျွန်တော် အားနေပါတယ် အစ်ကိုရ၊ အစ်ကို့အိမ်ရောက်ရင် ထမင်းကျွေးရမှာစိုးလို့လား"

"မဟုတ်ပါဘူးကွာ၊ အားနာလို့ပါ"

"အားနာရမယ့်လူချင်းလား အစ်ကိုရာ၊ ကဲ. . . တက်၊ အစ်ကိုက အလယ်က ထိုင်၊ အစ်ကို့ညီမက ဟိုဘက်ကထိုင်ပေါ့၊ နောက်က အမိုးမတင်ရသေးတော့ မိုးမိကုန်မယ်၊ နည်းနည်းတော့ ကျပ်မယ်"

"ရပါတယ်ကွာ၊ ကိုယ်ပိုင်ကားနဲ့ ပြန်ရတာပဲ။ ဘတ်စ်ကားဆို ဒီထက် ဆယ်ဆကျပ်သေးတယ်"

ကိုလှထူးသည် ဝမ်းသာအားရဟန်နှင့် ထီးဂျက်ကိုနှိပ်ပြီး ထီးကို လုံးဝ မပိတ်သေးဘဲ ကားထဲသို့ ဝင်ခါနီးမှာ. . .

"လာဟေ့. . . ညီမလေး၊ ဖုတ်သွင်းရထား ဆိုက်တယ်ကွ၊ တို့အိမ်အထိ လိုက်ပို့မှာတဲ့"

စုးသည်လည်း ကားနားသို့ပြေးကပ်ကာ ကယ်တင်ရှင်၏ မျက်နှာကို ငုံ့ကြည့်လိုက်ပြီးသည်နှင့် ကိုယ်သည် ဆတ်ခနဲ ဖြန့်လည် တောင့်မတ်သွားကာ. . .

"အစ်ကိုလှထူး"

"ဟေ"

"ဟိုတစ်နေ့က စုးကို ပက်ပက်စက်စက် ပြောသွားတာ သူပဲလေ"

"ဟင်"

"အစ်ကိုလှထူးကိုလည်း စုး ပြောပြပြီးပြီပဲ၊ အစ်ကိုကပဲ ပြောတယ်လေ၊ ဦးချမ်းသာရဲ့သား နေမင်းသာ တဲ့၊ သိပ်ချမ်းသာတယ်တဲ့"

"အေး. . . ဒါ. . . ဒါပေ. . ."

"တော်ပြီ အစ်ကို၊ စုးအဖေ့ကိုလည်း ပက်ပက်စက်စက် ပြောတယ်၊ စုးကိုလည်း သူ့ငွေတွေ ခိုးတဲ့ သူခိုးမတဲ့၊ စုးတောင် သူ့လို ရန်မတွေ့တတ်ပါဘူး"

"ဟဲ့. . . စုး"

"ဒီကနေ မင်္ဂလာဒုံ လမ်းလျှောက်ပြီး ပြန်ချင် ပြန်ရစမ်းပါစေ အစ်ကိုရယ်၊ ဒင်းရဲ့ကားတော့ မစီးပါရစေနဲ့"

"ဟုတ်တယ်၊ ကျွန်တော် သိပ်မှားသွားတယ်အစ်ကို၊ သူ့





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှာ လိပ်စာတွေ့လို့ လိုက်လာတာ၊ အစ်ကို လှထူးအိမ် ဖြစ်မယ်မှန်းလည်း ကျွန်တော် မသိဘူး"

"အေးကွာ. . . မင်းပြောခဲ့တာတွေ စူးက ငါ့ကို ပြန်ပြောပြပြီး ငိုတယ်၊ ငါက မင်းလည်း မင်းအဖေလိုပဲ ဘဝင်မြင့်နေပြီ အောက်မေ့တာ"

"အစ်ကိုကလည်းဗျာ"

"မင်း ရုတ်တရက် နှုတ်ဆက်လိုက်တော့ ငါတောင် အံ့ဩကိစ္စ မေ့သွားပြီး. . ."

"နေ. . . အစ်ကို၊ ကျွန်တော် ကိုယ်တိုင် တောင်းပန်ပါ့မယ်"

နေမင်းသာ ကားအပြင် ထွက်လိုက်သည်။ ကိုယ်ပိုင်ကားစီးနိုင်သူတို့ ထုံးစံအတိုင်း ထီး ပါလာလေ့မရှိ။

မိုးရေထဲမှပင် ကားခေါင်းပိုင်းမှ ကွေ့ပိုက်ကာ စူးနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး. . .

"အဲဒီနေ့က ကျွန်တော် သိပ်ဒေါသကြီးသွားမိလို့ မဆင်မခြင် ပြောလိုက်မိတာ သိပ်မှားသွားပါတယ် စူး၊ ငွေလည်း အပြည့် ပြန်တွေ့ရလို့ အဲဒီကတည်းက ကျွန်တော်မှားပြီလို့ သိခဲ့ရတာပါ"

"တော်ပါ"

"ကျွန်တော် တကယ်တောင်းပန်ပါတယ်ဗျာ၊ ကဲ. . . လာပါ၊ ကားပေါ်တက်ပါ၊ အိမ်ရောက်တော့ ကြိုက်သလို ပြန်ရန်တွေ့ဗျာ၊ ကျွန်တော် ငုံ့ခံမယ်နော်၊ ကဲ. . . လာပါ"





"အစ်ကို လှထူး"

အစ်မထံမှ အဆင်မပြေစွာ ပြန်လာခဲ့ရပြီး နောက်ထပ် ခံပြင်းမှုတစ်ခုနှင့် ထပ်တွေ့လိုက်ရ၍ စူး၏ ရင်ခုန်နှုန်းက အဆမတန် လျှင်မြန်နေပေသည်။

"ဘာလဲ စူး"

"မိန်းကလေးတစ်ယောက်ကို ဒီလောက် နှမချင်းမစာ တတ်ပက်စက်စက် ပြောဆိုသွားတဲ့ လူရဲ့မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ သူ တောင်းပန်တာကိုလည်း မကျေဘူး၊ အစ်ကိုလှထူးပဲ လိုက်သွား၊ စူးပြန်တော့မယ်"

စူး မျက်နှာ ဖွေးဖွေးလေးမှာ ပန်းနုရောင် ပြေးလာ၏။ မျက်ရည်စက်နှင့် မိုးရည်စက်တို့သည်လည်း သူ့မျက်နှာပြင်မှာ ပေါင်းဆုံကြသည်။

"ဟဲ့. . . နင်မှ မပြန်တတ်တာ၊ လာခဲ့လေ"

စူးက သူတို့ကားကို လွန်လျှောက်သွားရင်း. . .

"ရောက်ချင်တဲ့ဆီ ရောက်ပစေ၊ သချိုင်းကုန်းရောက်လည်း အေးတာပဲ၊ ဘယ်သူကမှ လက်မခံချင်တဲ့ ကောင်မကို အားတိုက်သွားပါစေ၊ စူး သေချင်တယ်"

စူး၏ အသံ အက်အက်ကလေးက မိုးစက်တွေကြားမှ နှေးရှစွာ ထွက်ပေါ်လာသည်။

"သူ ဘာတွေ ပြောသွားတာလဲ အစ်ကိုလှထူး"

"သူ့အကြောင်းကတော့ ပြောစရာ အများကြီးပဲကွာ၊ အဖြစ်ကလည်း သနားစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ငိုသွားတယ်၊ လိုက်ခေါ်ပေးပါ အစ်ကိုရာ"

"ရမှာ မဟုတ်ဘူး နေမင်းသာ၊ မင်းသွားတော့ ကျေးဇူး တင်ပါတယ်ကွာ"

ကိုလှထူးသည် ကားတံခါးကို ပိတ်ပေးလိုက်ပြီး ထီးကို ပြန်ဖွင့်ဆောင်း၏။

"အစ်ကို့အိမ်ကို ကျွန်တော်လာခဲ့ပါရစေဦးနော် အစ်ကို"

"အေးပေါ့ကွာ၊ အားတဲ့အခါ လာပေါ့"

ကိုလှထူးသည် သည်မျှသာ ပြောပြီး စူးနောက်သို့ လိုက် သွားတော့သည်။

နေမင်းသာသည် ကားကို စက်မနှိုး၊ ကားထဲသို့ပင် မဝင်။ မိုးရေထဲမှာ ရပ်လျက်ပင် စူးတို့ကို ကြည့်နေမိသည်။

မျက်ရည်များသုတ်လျက် မိုးပွင့်မိုးစက်များအောက်မှာ ခံစားမှုများစွာနှင့် လျှောက်လှမ်းသွားနေရှာသော စူးကို ငေးကြည့်ကျန်ရစ်ရင်း. . .

ရင်ထဲ၌ စူးရှပြင်းပြသော နာကျင်မှုဝေဒနာတစ်ရပ်သည် ခါးသီးစွာ ခံစားကျန်ရစ်ခဲ့ပါပြီ။

◆ ◆ ◆



အခန်း ။ ၁၁ ။

နေမင်းသာ ပွဲရုံလိုက်သွားတော့လည်း ဖေဖေ့ကို မတွေ့။

ဖေဖေ၏ အစုရှယ်ယာအများဆုံး ပါဝင်တည်ထောင် ထားသော အဝေးပြေးကားသင်းရှိရာသို့ လိုက်သွားပြန်တော့ လည်း ဖေဖေ ခုလေးတင်ပဲ ပြန်ထွက်သွားပြီဟု ဆိုသည်။

ရန်ကုန်မြို့တွင် အိမ်သားတစ်ယောက် လမ်းထွက်သွား လျှင် ခြေရာခံ၍ လိုက်ရန် မလွယ်ကူ။

နယ်မှာက မျက်နှာကြီးလေ မျက်နှာသိများလေ။

ဟိုလူမေး သည်လူမေးဖြင့် ကိုယ့်အိမ်သား သွားရာ လမ်းကို ခြေရာခံ၍ ရနိုင်သည်။

ယခုတော့ ဖေဖေမလာမချင်း စောင့်နေရုံမှလွဲ၍ နေမင်းသာ ဘာမှမတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် အနောက်ပိုင်း ရွှေတောင်တန်းလမ်းရှိ ဖေဖေ၏ ပွဲရုံအပေါ်ထပ်တွင် ပျင်းရိငြီးငွေ့ဖွယ်ရာ အချိန်များစွာကို ကျော်ဖြတ်နေရသည်။

အပေါ် တစ်ထပ်လုံး ခမ်းနားထည်ဝါသော ပစ္စည်းပစ္စယ ဆို၍ ဘာမျှမရှိ။

ဆယ့်လေးလက်မ တီဗွီလေးတစ်လုံးသာ စားပွဲခုံ အဟောင်းပေါ်မှာ တင်ထားသည်။

ဧည့်ခန်းမှ ကုလားထိုင်ကလည်း လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်မှ ပုံစံအိုကြီး။

အိပ်ခန်းမှာလည်း တစ်ယောက်အိပ်ခုတင်လေးနှင့် အိပ်ရာခန်းနားမှာလည်း သာမန်မျှသာ။

ဖေဖေ့အတွက် ထမင်းချက်တစ်ယောက်ရှိသည်။ သူက အိန္ဒိယအမျိုးသား ထမင်းချက်တစ်ယောက်ဖြစ်ပြီး အိမ်ထောင် ရှိ၍ ညမအိပ်။

အဝတ်လျှော်၊ ကြမ်းတိုက်၊ ဖုန်သုတ်၊ ပန်းကန်ဆေးရ သော သန့်ရှင်းရေးကုလားမက မနက်ပိုင်း ခေတ္တမျှ လာသည်။

ညပိုင်းမှာတော့ ပွဲရုံမှ ကောင်လေးတစ်ယောက် ဖေဖေ့ အိပ်ခန်းရှေ့ရှိ ဧည့်ခန်းကြမ်းပြင်မှာ လာစောင့်၍ အိပ်၏။ မနက် ကျတော့ သူ့အိပ်ရာ ခြင်ထောင် သူသိမ်းကာ အောက်ထပ် ပွဲရုံမှာဆင်း၍ အလုပ်လုပ်၏။

ဦးချမ်းသာသည် မနားမနေ ပင်ပန်းဆင်းရဲခံပြီး စီးပွား ရှာသမျှ အားလုံး နေမင်းသားအတွက်ချည်းသာ။





တိုက်ဝယ်၊ ခြံဝယ်၊ ကားဝယ်လျှင်လည်း အားလုံး နေမင်း အမည်နှင့်။

ဘဏ်မှာ ငွေစာရင်းဖွင့်ထားသော အမည်မှာလည်း င်းသာ။

သည်မျှလောက် သားကိုချစ်သော. . . သည်မျှလောက် အတွက် စီးပွားကြံ့ရှာပေးနေသော ဖခင်မျိုးသည် ဤ တ၌ ရှားပါးချေမည်။

ဖခင်သေ၍ မိခင်ကျန်လျှင် နောက်ထပ် အိမ်ထောင်ပြု ရှားပါးလှသည်။ မုဆိုးမ မိခင်ကြီးနှင့် သားသမီးများ ခွဲ သိုက်မပျက် နေတတ်ကြသော်လည်း. . .

မိခင်ဆုံးပြီး ဖခင်ကျန်ခဲ့လျှင် ခံလှ တစ်နှစ်. . . နှစ်နှစ် နောက်ထပ် အိမ်ထောင်ပြုကြသော ယောကျ်ားက ယ်ရာခိုင်နှုန်းလောက် ရှိတတ်ကြသည်။

ဤ ကိုးဆယ်ရာခိုင်နှုန်းထဲတွင် ဖေဖေ မပါရှာ။

အသက်က ငါးဆယ်ကျော်၊ အလုပ်ကိုလည်း ကောင်းစွာ င်သည့် ချမ်းသာသော ယောကျ်ားတစ်ယောက်အဖို့. . . ခြောက်နှစ်သမီးမှအစ အသက်လေးဆယ်ရွယ် အပျိုကြီး ကြိုက်ရာအရွယ်ကို ခေါင်းခေါက်၍ယူနိုင်ပါလျက်နှင့်. . .

သားအတွက် ငဲ့ကွက်စွာ အိမ်ထောင်မပြုဘဲ ဖြစ်သလို ရှာသော ဖခင်ကြီး၏ ကြီးမားသောမေတ္တာ. . .

ဖေဖေ့ကိုချစ်သည်ထက် ဖေဖေ၏ ဆောင်ရွက်ချက်များ ၍ လေးစားကြည်ညိုရပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တီ. . . တီ. . . တီ"

ကားဟွန်းသံကို ကြားရပါပြီ. . .

ဖေဖေစီးသည်က ဗော်လ်ဗိုကား အပြာရောင်၊ ဝယ်ထ
သည်မှာ ငါးနှစ်ကျော်ပြီ၊ နေမင်းသာ ဘွဲ့မရမီ ကတည်း
ဖြစ်၏။

ဤကားပိုင်ရှင်၏ အမည်မှာလည်း နေမင်းသာပါတည်

"သားကြီး"

လှေကားမှ ဦးချမ်းသာ ခပ်သုတ်သုတ် တက်လာ၏

"သား ကားရပ်ထားတာ တွေ့လို့ မေးလိုက်တော့ သ
ရောက်နေတာ နေ့လယ်လောက်ကတည်းကဆို၊ ဘာကိစ္စရှိ
လဲဟင်"

"မရှိပါဘူး ဖေဖေရဲ့၊ သက်သက် တွေ့ချင်လို့ လာတာ

"လန့်သွားတာပဲသားရယ်၊ ဘာများ အကြောင်းရှိလို့
လို့"

ဦးချမ်းသာက ချွေးပြန်သောမျက်နှာနှင့် မောဟိုက်
ထိုင်ချလိုက်သည်။

နေမင်းသာက သောက်ရေအိုးမှ ရေတစ်ခွက်ကို ခပ်
လာသည်။ ဖေဖေ့တွင် ရေခဲသေတ္တာပင် မရှိ။

"သား ခပ်တိုက်တဲ့ရေ သောက်ရတာ ရင်ထဲကို အေးသွ
တာပဲ သားလေးရယ်"

ဦးချမ်းသာသည် နေမင်းသာဟူသည့် သူ၏ တစ်
တည်းသောသားအား သားကြီးရေ. . . သားလေးရယ် ဟူ





ခေါ်ဝေါ်လေ့ရှိပြီး ငုံထားမတတ် ချစ်ရှာသော ဖခင်။

"ဖေဖေ. . . ထမင်းစားပြီးပြီလား"

ဦးချမ်းသာက သားကို တစ်ချက် လှမ်းကြည့်လိုက်ပြီး
မှ. . .

"မိတ်ဆွေတစ်ယောက်ကို ထမင်းကျွေးရင်း ဖေဖေပါ
စားလာခဲ့ပြီ၊ သား မစားရသေးဘူး မဟုတ်လား"

"ရတယ် ဖေဖေ၊ ပြန်မှ တစ်ဆိုင်ဆိုင် ဝင်စားမယ်"

ဦးချမ်းသာသည် ထိုင်ရာမှထပြီး လှေကားရင်းမှ
နေ၍. . .

"သန်းကို. . . သန်းကို"

ဟု သူတပည့်ကို လှမ်းခေါ်ပြီး သုံးလေးထစ် ဆင်းသွား
တာ ခဏ စကားပြောပြီးမှ ပြန်တက်လာသည်။

"သား ထမင်းစားဖို့ ဟင်းသွားဝယ်ခိုင်းတာ၊ ဒီမှာလည်း
ဖျော်ရည်ချက်ထားတဲ့ ကြက်သားရိုးစ် တော်တော်ကောင်းတယ်၊
ဖေဖေကိုယ်တိုင် နွှေးပြီး သားကို ကျွေးမလို့"

အကျီချွတ်ရင်း ပြောသည်။

ဦးချမ်းသာ ပျော်နေပုံရပါ၏။

နေ့လယ်ကတည်းက သူ့ကို လာစောင့်နေသော သား
ဖြစ်သူကို အားနာစိတ်၊ သနားစိတ်တို့လည်း ဖြစ်ထွန်းနေရှာ
သည်။

လျှပ်စစ်မီးဖိုနှင့်မို့ ဟင်းနွှေးရသော ကိစ္စက မကြာလှ။
သန်းကိုဆိုသော ကောင်လေးက ထမင်းပွဲ ပြင်ပေး၍ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ဟင်း အစုံအလင် တို့စရာ မျိုးစုံဖြင့် ထိုညနေက နေမင်းသာ ထမင်းစား၍ မြိန်လှသည်။

ဦးချမ်းသာကလည်း ကြည်နူးမဆုံးသော အပြုံးဖြင့်. . .

"ဖေဖေ့ကို သား မေးစရာရှိလို့"

"ဘာများလဲ သားကြီးရဲ့"

"ပြည်မြို့က ဦးချစ်ငွေ မိသားစုနဲ့ ပတ်သက်လို့"

"ဘာ"

ဦးချမ်းသာသည် နောက်တစ်ယောက် ဖြစ်သွားသကဲ့သို့ စောစောဆီက မျက်နှာနှင့် ဘာမှ မဆိုင်တော့။

လောဘ၊ ဒေါသ၊ မာန၊ အာဃာတ စသော စိတ်များ ဦးချမ်းသာ၏ မျက်နှာပြင်မှာ စုပေါင်းလိမ်းကျံ လိုက်သည်သို့ အရောင် ပြောင်းလဲသွားတော့သည်။

"ဒီကောင် အဖေဖေ့ကို ဘယ်လောက် ဒုက္ခပေးခဲ့တယ် ဆိုတာ သားလည်းအသိ"

"သိပါတယ် ဖေဖေ၊ ဒါပေမယ့်. . . ခု အချိန်မှာ ဘယ်လို လုပ်ပြီး ဖေဖေ့ကို ဒုက္ခပေးနိုင်တော့မှာလဲ။ သူ သေဆုံးပြီပဲ"

"အေးလေ. . . ဒါဆိုလည်း သား ဘာမှ မသိချင်နဲ့တော့ပေါ့"

"ဦးချစ်ငွေ အကြောင်းတော့ သားလည်း မသိချင်တော့ပါဘူး၊ ဦးချစ်ငွေရဲ့ သမီးတွေအကြောင်း ဖေဖေ့ကို မေးချင်လို့"

ဦးချမ်းသာ၏ မျက်လုံး ပြူးပြီး ဝိုင်းသွားသည်။ နေမင်း





သာ ကိုလည်း အံ့ဩလွန်းသော အကြည့်ဖြင့် ကြည့်လိုက်ပြီး မှ. . .

"သူ့သမီးတွေနဲ့ သား. . . ငါ့သားနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲဟင်"

"မပတ်သက်ပါဘူး ဖေဖေရဲ့"

"မပတ်သက်နဲ့နော်. . . သား၊ အကြီးမလေးဆို ခပ်ပျက်ပျက် ဖြစ်နေပြီလို့လို့တောင် သတင်းကြားတယ်"

"အငယ်မလေးကရော ဖေဖေ"

"သူ့အဖေဆုံးပြီး ဖေဖေနဲ့ ငွေကြေးကိစ္စ ရှင်းကြရတုန်းက ဒီကောင်မလေးက ဂါဝန်လေးနဲ့ ရှိသေးတာပဲ"

"ခုတော့ အရွယ်ရောက်လောက်ရောပေါ့၊ သူကရော သူ့အစ်မလိုပဲတဲ့လား"

"ဒီကလေးက ပြည်မှာ နေတာမဟုတ်လား၊ သူ့ကြီးကြီး "ဒေါ်စုစုခင်"က အင်မတန် စည်းကမ်းကြီးတဲ့ အပျိုကြီးပဲ၊ ပြည်မှာသာ နေရင်တော့ သူ့ကို ထိန်းထားမှာပါ၊ ဘာဖြစ်လို့လဲ သား၊ သားနဲ့ ဆုံကြလို့လား"

"သူတို့အကြောင်း သိချင်လို့ပါ"

ဖခင်၏ အမေးစကားကို ငြင်းလည်းမငြင်း၊ ညာလည်း မညာဘဲ စကားလွှဲ၍ဖြေလိုက်သည်။

"အင်း. . . အငယ်မလေးကတော့. . . ငယ်ငယ်လေး ရှိဦးမှာ၊ နေစမ်းပါဦး. . . သူတို့နဲ့သားနဲ့ ဘယ်မှာတွေ့လို့လဲ ဘယ်မှာ ဆုံကြသလဲ၊ ဘာကြောင့် သူတို့အကြောင်းကို ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



သားက သိချင်ရတာလဲ ဟင်”

ဦးချစ်ငွေလက်ထက်က ဖေဖေ စိတ်ဆင်းရဲဒုက္ခရောက်ခဲ့ရသဖြင့် သူ့သမီးများနှင့် နေမင်းသာကို လုံးဝမပတ်သက်စေချင်ကြောင်း ဦးချမ်းသာ၏ အမူအရာက သိသာလှသည်။

ဖခင်၏ လေးနက်လွန်းသော အမူရာကြောင့် နေမင်းသာက ခပ်ဖော့ဖော့လေး ရယ်ပစ်လိုက်ပြီး. . .

“သားကလည်း သတင်းကြားလို့ပါ၊ အကြီး တင်မေဦးဆိုတာ ဖျက်စီးနေတယ်လို့ သူငယ်ချင်းတွေက ပြောလို့ပါ”

“သွားပြီး မဆုံလိုက်နဲ့နော်. . .၊ ဒါမျိုးဆိုတာ သိပ်လည်တာ”

“ဟာ. . . ဖေဖေကလည်း၊ သားဒါမျိုး ဝါသနာမပါပါဘူး”

“တလောကလုံးက မိန်းကလေးတွေနဲ့ သားကြိုက်သလိုနေပါ၊ အဲဒီ တင်မေဦး ဆိုတာနဲ့တော့ လမ်းတွေ့ရင်တောင် ကွေ့ရှောင်သွားစမ်းပါသားရယ်၊ ဖေဖေ တောင်းပန်ပါတယ်”

“စိတ်ချပါ ဖေဖေ. . . သားကတိပေးပါတယ်”

‘သားကို ဖေဖေ ကျေးဇူးတင်ပါတယ်ကွာ”

“ဖေဖေ့စကားထဲမှာ အငယ်မလေး စူး. . . မပါဘူးနော်”

“အို. . . သားရယ်”

“ဟား. . . ဟား. . . အလကား စတာပါ ဖေဖေရယ်၊ ကဲပါ. . . ဒီအကြောင်းတွေ မေ့ပစ်လိုက်ပါတော့”

သားအဖနှစ်ယောက်လုံး တခြားသော ကိစ္စရပ်များဆီသို့





ကို လှည့်ဝေ့ပစ်လိုက်ကြရပါသော်လည်း မေ့ပျောက်သွားခြင်း နှစ်ဦးလုံးမှာ မရှိကြ။

နောက်ဆုံး နေမင်းသာ ပြန်ခါနီးအထိ သားအတွက် ပူပန်သော မျက်နှာနှင့် ဦးချမ်းသာ ကျန်ရစ်၏။

နေမင်းသာ၏ ရင်ထဲမှာတော့ စူးဆိုသော မိန်းကလေး၏ မျက်နှာလေးက ရင်နင့်အောင် စွဲ၍ နေပေပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၂

အိမ်အောက် မြေပြင်ပေါ်တွင် ဖင်ထိုင်ခုံငယ်နှင့်ထိုင် ကျောက်ပြားပေါ်မှာ အဝတ်ရိုက်လျှော်နေစဉ် ကားဝါဝါ တစ်စီး အိမ်ရှေ့ဆီမှာ ထိုးရပ်လာသည်။ အိမ်က ခြေတံ အမြင့်မို့ လှမ်းမြင်နေရသော်လည်း သူ့ထံသို့လာသည့်ကား လိမ့်မည်ဟု စူး. . . မထင်ခဲ့။

ကလေးများအဝတ်၊ အစ်ကိုလှထူးပုဆိုး၊ မမမြတ်‌ဖွေ ဘော်လီ၊ ဘရာစီယာ၊ မျက်နှာသုတ်ပဝါမှအစ အဝတ်တစ် ကြီးကို ရေလာခိုက်မှာ စူး. . . ထိုင်၍ လျှော်ပေးနေသည်

"စူး"

အသံလာရာ နောက်ဖေးလှေကားထိပ်သို့ စူး မော့ လိုက်တော့. . . ရှပ်ရှင်ရိုက်ကွင်းမှ မင်းသမီးတစ်ယော ဝတ်စားဆင်ယင်ပုံမျိုးနှင့်. . .

"မ. . . မမဦး"

စူးက တအံ့တသြနှင့် ထလိုက်တော့. . .

"နေ. . . နေ. . . မမဦး လာခဲ့မယ်"





တင်မေဦးက အိမ်ရှေ့ဘက်သို့ ပြန်သွားပြီး သူ့လေဒီရှူး ဒီနပ်ဖြူဖြူလေးကို ယူလာ၍ စီးလိုက်သည်။ လှေကားခပ်နဲ့နဲ့မှ ခပ်သွက်သွက် ဆင်းလာသဖြင့် လိမ့်ကျသွားမှာ စိုးရိမ်သလို ကြည့်နေဆဲ တင်မေဦး အနားရောက်လာပြီး. . .

"အဝတ်တွေက များလှချီလား၊ သူတို့က လျှော်ခိုင်းတာ လား"

"မခိုင်းပါဘူး. . . ကိုယ်က ကပ်စားနေရတော့လည်း အလိုက်သိတတ်ရတာပေါ့"

ခံပြင်းစိတ်က ရုတ်ချည်း ပြန်ပေါ်လာ၍ ပက်ခနဲ ပြောမိ သည်။

"ကဲ. . . ပြီးအောင် လျှော်လေ. . . မမဦး ဝိုင်းလျှော်ပေး ရမလား"

"အမယ်လေး. . . နေပါစေ၊ အလှတွေ ပျက်ကုန်ပါ့မယ်၊ အိမ်ပေါ်မှာ သွားထိုင်နေပါ"

"အင်း. . . စူးက မမဦးကို စိတ်ဆိုးသွားတာ မပြေနိုင်ဘဲ ကို၊ ကဲ. . . ကဲ. . . ပြီးအောင်လုပ်၊ မမဦး စူးကို ပြောစရာရှိလို့ လိုက်လာခဲ့တာ"

တင်မေဦးက ဇီဇဝါရုံမှ ဇီဇဝါတစ်ရွက်ကို ဖျတ်ခနဲ ချိုးခူးပြီး အိမ်ဘေးမှ ပတ်လျှက် အိမ်ရှေ့ဘက်သို့ ပြန်ထွက်သွား တော့သည်။

စူး မှာ ထလိုက်သွားရမလား၊ ဆက်လျှော်နေရမလား။ ဘာလုပ်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"အို. . . နေပစေ၊ သူ့အိမ် သွားတုန်းကတောင် တို့မောင်နှမကို အရေးလုပ်တာမှ မဟုတ်တာ"

စူးက နောက်ဆုံး ကလေးအဝတ်များကို ပွတ်ပွတ်လျှော်ပြီး ရေဆေးလိုက်တော့သည်။ အဝတ်များ စင်အောင် ညှစ်ပြီးချိန်မှာ မိုးဖွဲလေးများ ကျလာ၍ အဝတ်များကို မလှမ်းဖြစ်တော့၊ ဇလုံကို ခါးစောင်းတင်၊ ဖင်ထိုင်ခုံလေး နှစ်ခုကို သိမ်းယူပြီး အိမ်ပေါ်သို့ တက်ခဲ့သည်။

"ထဘီ လဲလိုက်ဦး စူး၊ အောက်တစ်ပိုင်းလုံး ရေစိုနေတယ်"

စူးကလည်း. . . လဲမလို့ပါပဲ၊ ခုတော့ သူ့စကား နားထောင်သလို ဖြစ်ရပြီမို့ ခပ်စိမ်းစိမ်း သူ့ကို တစ်ချက် ကြည့်လိုက်ပြီးမှ သည်ဘက်ခန်းထဲမှာ ထဘီလဲပြီး ထွက်လာရသည်။

"ညှော်ခံစရာတော့ ဘာမှ မရှိဘူးနော်၊ ကော်ဖီအမြဲ ဖျော်သောက်နိုင်တဲ့ အိမ်လည်း မဟုတ်ပါဘူး"

"ကဲ. . . တော်စမ်းပါတော့ စူးရယ်၊ အစ်ကိုလှထူးတို့ လင်မယား ဘယ်သွားကြလဲ"

"အစ်ကိုကတော့ အလုပ်သွားတာပေါ့၊ မမမြတ်ထွေးက ဒီလိုင်းက ကောက်ထားတဲ့ နို့ဆီနဲ့ ဆပ်ပြာတွေကို ဝိုင်ယာလက် ဈေးမှာ သွားသွင်းတယ်"

"သူတို့ ကလေး ဘယ်နှယောက်လဲ"

"သုံးယောက်"

"ကလေးတွေရော"





"နှစ်ယောက်က ကျောင်းတက်တယ်၊ အငယ်လေးက ...လို့ မမထွေး ချီသွားရတယ်"

စကားစပြတ်သွားပြီး ညီအစ်မနှစ်ယောက် ငြိမ်၍ တစ်ဦး ... တစ်ဦးသို့ ကြည့်ဖြစ်ကြသည်။

စူးသည် တင်မေဦး၏ အကြည့်ကို မရင်ဆိုင်ရဲ၍ ခေါင်းငုံ့ ...မိသည်။

မမဦးနှင့် ပတ်သက်၍ သူ့အိမ်မှာ သွားရောက်တွေ့ဆုံ ...တလောက်တော့ မခံစားရ။

သူနှင့်ဝတ်သက်၍ အရာခပ်သိမ်းသော မျှော်လင့်ခြင်းတို့ ... ရုပ်သိမ်းပြီးခဲ့ပြီ။

"စူး"

စူး မထူး။ မျက်လုံး တစ်ချက်သာ ဝင့်ကြည့်လိုက်၏။

"စူးတို့ ပြန်သွားတဲ့နေ့က မမဦး တစ်ညလုံး အိပ်မရဘူး၊ ...ဦးဟာ. . . မိသားစုကို စွန့်ခွာပြီး သီးခြားဘဝမှာ တစ် ...ကက်တည်း ရပ်တည်တော့မယ်လို့. . . ဆုံးဖြတ်ခဲ့တယ်"

"ကောင်းပါတယ်"

"မငေါ့ပါနဲ့ စူးရယ်. . . မမဦး ပြောပါရစေဦး၊ အိမ်ကို ...တူညီလည်း မတောင်း၊ ကိုယ်ကလည်း မပေးဘဲ အပြတ် ...ပြီး. . . ဖြစ်ရာဘဝမှာ ဒုက္ခတွေလည်းခံ၊ သုခတွေလည်း ... ဆိုပြီး၊ ဘဝကို ရေစုန်မျှောပြီး နေလိုက်ချိန်မှာ ညီမလေး ...ရောက်လာတယ်"

မမဦး၏ နှုတ်မှ ညီမလေးဆိုသော စကားသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စူး၏ရင်မှာ သိမ့်ခနဲ ခါသွားရသည်အထိ ခံစားလိုက်ရပါ၏။

"ကိုယ် တစ်ယောက်တည်း တုန်းကတော့ ကိုယ့်ရင်ထဲ ဘာသံယောဇဉ်မှ မရှိဘူး၊ အားလုံးကို ဥပေက္ခာ လုပ်ထားနိုင် မိန်းမဆိုပြီး ကြွေးကြော်ဝင့်ကြွားနေခဲ့တာပါ"

တင်မေဦးက သက်ပြင်းတစ်ချက် ရှိုက်ပြီး သူ့စလွယ် ဘက်(က)ထဲမှ မာလ်ဘိုလိုစီးကရက်ကို ဂက်စ် လိုက်တာ လှ လေးနှင့် ခြစ်ညှိ၍ ဖွာရှိုက်လိုက်ပြီးမှ. . .

"ခုလို စူးရောက်လာတော့မှ ကိုယ်ငယ်ငယ်ကအကြောင်း တွေ. . . ဖေဖေ မေမေတို့ မမဦးပေါ် ချစ်ခဲ့ပုံတွေ၊ မမဦး ဆို ပုံတွေ၊ ဥပေက္ခာပြုမိခဲ့ပုံတွေအားလုံး ပြန်တွေးမိပြီး မမ မျက်ရည်ကျမိတယ်ကွယ်"

စီးကရက်ညှပ်ထားသော မမဦး၏ လက်ကလေးမှာ တုန်နေပြီး မျက်ဝန်းမှ မျက်ရည်တို့ ဝဲလာသည်။

"လူဆိုတာ သံယောဇဉ်အနှောင်အဖွဲ့ကနေပြီး ဘ တော့မှ ရုန်းထွက်လို့ မရပါလားဆိုတဲ့ အသိတွေ ရခဲ့ပြီး၊ မမ ရင်မှာ နှောင်တစိတ်တွေ ဝင်လာခဲ့ပါတယ်ကွယ်"

"ဟင်"

"ဒါကြောင့် ညီမလေးကို လာတောင်းပန်တာပါ"

"အို"

"ညီမလေးမှာ လိုအပ်တာ မှန်သမျှ မမဦး တတ်နိုင်သ ဖြည့်စွမ်းပေးပါတော့မယ်၊ တို့ ညီအစ်မနှစ်ယောက်သာ လောကမှာ သွေးရင်းသားရင်းရှိတယ် ဖေဖေနဲ့မေမေကလည်း





ညီအစ်မကို အပြီးတိုင် စွန့်ခွာသွားရရှာပြီ"

"မမဦးရယ်"

တင်မေဦးက မျက်ရည်ဝဲရှဲ၊ အားငယ်စိတ် ဝင်နေသော ာ မျက်ရည်များ ကျလာတော့သည်။

"မမဟာလေ သေခါနီး နောက်ဆုံးအချိန်ထိ မမဦးကို ာ်သွားရှာတာ၊ သေတော့လည်း မလာဘူး၊ မမဦး တကယ် စက်တယ်"

"မမဦးမှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ်မို့ပါလေ၊ အဲဒီ အချိန်က မမဦးဘဝလည်း စုန်းစုန်းမြုပ်နေဆဲပါ"

စိန်နားကပ်၊ စိန်လက်စွပ်၊ ထောင်ကျော်တန် အဝတ် အစားများနှင့် ကိုယ့်ကားကို ကိုယ်တိုင် မောင်းလာသော င်မေဦးကို စူး တအံ့တဩ ငေးကြည့်နေမိသည်။

"အင်း. . . ဟိုတုန်းကတော့ ပေဘဝ၊ အခုတော့ တူ ဘဝ ပါတော့လေ၊ မမဦးလည်း ရန်ကုန်မြို့မှာ ရှစ်စပ်က ဂျင်ခြေ ည်နေပါပြီ"

"မမဦး ဘယ်လိုလုပ်ပြီး ချမ်းသာသွားတာလဲဟင်"

"ဒီလိုပဲပေါ့ကွယ်၊ သူတို့ထက် လည်သွားတော့လည်း ခံတဲ့ ဘဝကလွတ်ပြီး စံတဲ့ဘဝကို ရောက်ခဲ့ရတာပေါ့"

"သူတို့ဆိုတာ ဘာလဲဟင်၊ ဘယ်သူလဲဟင် မမဦး"

"မမဦး အကြောင်းကို မေးမနေပါနဲ့ ညီမရယ်၊ ဘယ် တော့မှလဲ မသိချင်နဲ့နော်၊ ကဲ. . . အခု စူးအကြောင်းပဲ ဆွေးနွေးရအောင်၊ ဒီမှာ စူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ရန်ကုန်ကို ဘာရည်ရွယ်ချက်နဲ့ တက်လာတာလဲဟင်"

"မမဦးဆီ လိုက်လာတာ"

"အိမ်က အခြေအနေရော"

"ကြီးကြီးစု မျက်စိကွယ်သွားပြီ"

"ဟင်"

"အိမ်ကိုလည်း ဖေဖေ့လက်ထက်ကတည်းက ယူထား[ိ]
ကျွေးရှင်က သိမ်းလိုက်ပြီလေ"

"အခု. . . ကြီးကြီးစုရော"

"ကံမကို ပြန်သွားတယ်၊ စူးတို့ ဒုက္ခကိုပဲ သူခံမယ်၊ သူ့ဒု[က္ခ]
ကို မပေးချင်ဘူးတဲ့၊ မျက်မမြင်ဘဝနဲ့လည်း စူးကို သူ စော[င့်]
ရှောက်နိုင်မှာ မဟုတ်ဘူးတဲ့၊ အစ်ကို လှထူးက တစ်ဆင့် မမ[ဦး]
ဆီကို လိုက်သွားဆိုပြီး လွှတ်လိုက်တာ"

"အင်း. . . တွင်ငယ်ငယ်က ပျော်ပျော်ရွှင်ရွှင်နဲ့ ချမ်းချ[မ်း]
သာသာ နေခဲ့ရတဲ့ မိသားစုဘဝလေးတော့ အားလုံး ပျက်စီးသွ[ား]
ပြီပေါ့လေ"

"အဲဒါ ဘယ်သူ့ကြောင့်လဲဟင်"

"မသိချင်နဲ့တော့ စူး၊ ကံကြမ္မာကြောင့်လို့ပဲ သဘောထာ[း]
လိုက်တော့"

စူးသည် ပြည်မြို့မှာတုန်းက နားမလည်နိုင်စွာ လူတိုင်း[၏]
မျက်နှာကို ကြည့်ခဲ့မိသလိုပင် မမဦး၏ မျက်နှာကိုလည်း
ကြည့်နေမိ၏။





တင်မေဦး ဟူသော ကေရိဦးသည် သူ့မျက်နှာ၌ ကာလ
အတန်ကြာအောင် မဖြစ်ထွန်းဘဲ ရှိခဲ့သည့် ခံစားမှု မျက်နှာသည်
ယခုတော့ ပေါ်လွင်နေချေပြီ။

မှိုင်းညို့သော မျက်နှာနှင့် မျက်ဝန်းမှာ မျက်ရည်ကြည်တို့
စို့ရွှန်းစွာဖြင့်. . .

"ကဲ. . . အခု စူး ဘာလုပ်ချင်သလဲဟင်"

"စူးလား"

"အင်းပေါ့၊ စူး ဘာရည်ရွယ်ထားလဲ"

"စူး အဖြစ်ချင်ဆုံးကတော့ သေချင်တာပဲ"

"ဟယ်"

"ဟုတ်တယ်၊ သူများ အကူအညီပေးမှ ကပ်ရပ်နေစရာ
ရှိမှ ရှင်သန်ရမယ့်ဘဝမျိုး ဘာလုပ်မလဲ၊ သေသွားရင် ကောင်း
တာပေါ့"

"ဟုတ်တယ်၊ မမဦးလည်း တစ်ချိန်က ဒီလိုဖြစ်ဖူးတယ်၊
သေချင်တယ်ဆိုတဲ့ လူတိုင်းဟာ မသေဖြစ်ကြပါဘူး၊ ဘဝ
ရေဆန်ကို အသေအလဲ ကူးခတ်ရင်း နားခိုစရာတော့ တွေ့သွား
ကြတာချည်းပါ"

ဆယ့်ရှစ်နှစ်ပင် မပြည့်သေးသော စူးနှင့်ဆိုလျှင် မမဦး၏
စကားလုံးများက မြင့်လွန်းနေသည်။ စူးအနေနှင့် လိုက်မမီ။
သူ့ဘဝနှင့် နှိုင်းယှဉ်တင်ပြနေသော သူ့အတွေး၊ သူ့အဘိ
ဓမ္မာ. . .

"လူဆိုတာ. . . ငါသေချင်တယ်၊ ငါလို ကောင်းမ



www.burmeseclassic.com

www.burmeseclassic.com



သေသွားလည်း အေးတာပဲ. . . ဆိုရုံနဲ့ သေသွားကြတာမှ မဟုတ်တာ၊ ဒီတော့ ဘဝတစ်ခု ဖြစ်အောင်တော့ ဖန်တီးရမှာပဲ၊ စူးဘာလုပ်ချင်သလဲ၊ ပြောစမ်း"

"စူး မသိဘူး"

"ဒီအိမ်မှာ ဆက်နေလို့ ဖြစ်ပါ့မလား"

"သူတို့ကတော့ ကျေနပ်ကြပါတယ်၊ စူးကိုလည်း သနားပြီး အားပေးကြပါတယ်၊ ဒါပေမယ့်. . . သူတို့က မပြောလည်း တော့ အားနာတယ်"

"ဒါဖြင့်ရင် စူးရဲ့ နေစရိတ် စားစရိတ်ကို အပြည့်အဝ ပေးမယ်ဆိုရင်ရော. . . စူး ဆက်နေလို့ ဖြစ်မလား"

"ဘယ်သူက လာပေးမှာလဲ"

"မမဦး ပေးမှာပေါ့"

"ဟင်"

"တစ်လ ငါးရာလောက်ပေးရင် ရမလား"

"အဲဒီလောက်တောင် မလိုပါဘူးထင်တယ်၊ သူတို့ မိသားစုရဲ့ ဝင်ငွေတောင်မှ ဒီလောက်လောက်ပဲရှိတာ"

"စူး အတွက် မမဦး အစစ တာဝန်ယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ စူးဆီကို လိုက်လာခဲ့တာပဲ ညီမလေး"

"မမဦးရယ်"

ဤကမ္ဘာမြေပေါ်မှ တစ်ဦးတည်းသော အရင်းနှီးဆုံး အစ်မမျက်နှာကို မျှော်လင့်စွာ ကြည့်မိသည်။ အားကိုးစွာ ကြည့်မိသည်။ နောင်တရစွာနှင့်လည်း ကြည့်မိပါ၏။





"မမဦး လစဉ်လာပြီး ငွေငါးရာပေးမယ်လေ. . .
သူတို့ကို သင့်သလို ကြည့်ပေးပေါ့၊ ပိုတာ စူး သုံး"

ငြိမ်တွေသွားသော ညီမငယ်၏ ဖူးသစ်စ မျက်နှာနုနု လှလေးကို တင်မေဦးက စိုက်ကြည့်ရင်း. . .

"စူး. . . မမဦးကို ဘာပြောချင်သလဲ. . . ပြောလေ၊ အဲဒီ စီအစဉ် မကြိုက်ဘူးလား"

"မကြိုက်လို့ မဟုတ်ပါဘူး၊ စူး ဒီအိမ်မှာ သိပ်မနေချင်ဘူး၊ ဦးနဲ့ပဲ အတူလိုက်နေပါရစေလား မမဦးရယ်"

တင်မေဦးသည် စူးသို့ ဆတ်ခနဲ လှည့်ကြည့်ပြီး ထိုင်ရာမှ တာ စူး၏ ပခုံးလေးနှစ်ဘက်ကို ဘူဆုပ်ကိုင်လိုက်ပြီး-

"မမဦးနဲ့ အတူတူနေချင်သတဲ့လား ညီမလေးရယ်"

"ဟုတ်တယ်၊ မမဦး အလုပ်တွေ ဝိုင်းလုပ်ပေးပြီး စူး ကျောင်းဆက်တက်ချင်တယ်၊ မမဦးနဲ့စူးလိုက်နေပါရစေနော် ခင်ကိုလှထူးကိုပြောပြီး စူးကို ခေါ်သွားပါနော်. . . မမဦး"

ဇကရိဦး ဆိုသော မာန်အပြည့်နှင့် မိန်းမ၊ မျက်ရည်ကျ ပြီ။

"မမဦးဆီမှာ စူးနေလို့ မတန်ပါဘူးကွယ်"

"မတန်ဘူးဆိုတာ မမဦးက သိပ်ချမ်းသာနေတာကို တာလား ဟင်"

တကယ်ပင် မသိသဖြင့် မေးလိုက်သော စူး၏ အမေး ပါ၊ ဦး အပေါ်တွင် စူး၏ အမျက်များ ပြေခဲ့ပြီပဲလေ။

"စူးဟာ လောကအကြောင်းကို ဘာမှမသိသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



တကယ့် အရှိုင်းမလေး သက်သက်ပါလားကွယ်"

"မမဦး ဘာပြောတာလဲ ဟင်"

"မသိချင်နဲ့၊ ဘာမှမသိချင်ပါနဲ့တော့စူး၊ စူးဆန္ဒက မမဦ
ဆီမှာနေပြီး ကျောင်းလည်း နေချင်တယ်ပေါ့. . . ဟုတ်လား

"အင်း. . . ဟုတ်တယ်"

"နေပါဦး၊ ကျောင်းနေချင်ရအောင် ဘယ်နှတန်းမို့လဲ"

အိမ်နှင့် လုံးဝအဆက်အသွယ်ပြတ်ခဲ့သည်မှာ ငါးနှ
တိတိ ရှိခဲ့လေပြီမို့ စူးအကြောင်းကိုလည်း တင်မေဦး ဘာ
မသိတော့။

"မနှစ်ကတည်းက ဆယ်တန်းအောင်တာ၊ မေ
မမာတာနဲ့. . . ပြီးတော့ ပိုက်ဆံလည်း မရှိတာနဲ့ ကျောင်းမ
ရတာပါ"

"အင်း"

တင်မေဦး၏ သက်ပြင်းချသံက ရင်ပမ်းလျှဖွယ်ရာဖ

"မိန်းမှာ တက်လို့ရမလား၊ ဒါမှမဟုတ် စာပေးစာ
ဖြစ်မလား စုံစမ်းပေးမယ်လေ၊ ဆယ်တန်းအောင်လက်မှ
တို့. . . အမှတ်စာရင်းတို့ပါလား"

"အစုံပါပါတယ် မမဦး"

"ကောင်းပြီလေ"

တင်မေဦးမှာ စူး၏ ပခုံးကိုကိုင်၍ မျက်ရည်များ နော
ထပ်မကျဖြစ်အောင် ပြန်ထိန်းပြီး နေရာမှာ ပြန်ထိုင်သည်။

"တက္ကသိုလ်နားနီးတဲ့ စံရိပ်ငြိမ်တို့ ခြောက်မိုင်ခွဲ





အင်းလျားလမ်းတို့မှာ မိန်းကလေးအဆောင်တွေ အများကြီး
ရှိပါတယ်"

"အဲဒီမှာ စူး နေရမှာလား"

"ဟုတ်တယ်၊ အဲဒီကနေ ကျောင်းတက်ပေါ့၊ မမဦး
အားလုံး တာဝန်ယူပေးမယ်"

"မမဦးအိမ်မှာ ဘာလို့ နေခွင့်မရတာလဲဟင်"

"စူး. . . ညီမလေး"

"ရှင်. . . မမဦး"

"မမဦး အိမ်မှာ နေလို့ မဖြစ်ရုံမဟုတ်ဘူး၊ စူးလာလို့ကို
မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ မမဦးရယ်"

"မသိချင်နဲ့ စူး၊ သိခွင့်ရအောင်လည်း ဘယ်တော့မှ
မကြိုးစားနဲ့. . . ကြားလား"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၁၃

"စူး ရောက်လာပြီးမှ တို့ အိမ်ရှေ့လည်း သိန်းကျော်တ
ကားတွေချည်းပဲ ဆိုက်ဆိုက်နေတာပဲဟေ့"

မမ မြတ်မြတ်ထွေးက ဂုဏ်ယူစွာဖြင့် ရယ်မော၍ ပြေ
လိုက်သည်။

မမဦး လာလည်သည်မှာလည်း သုံးကြိမ် သုံးခေါက်ရှိခဲ့

ယနေ့ လာသူကတော့ ဆန်နီပစ်ကပ် အပြာရောင်န
နေမင်းသာ။

သူလည်း ယခု တတိယအခေါက် ရောက်လာခြင်းပါပေ

"အစ်ကိုလှထူးကြီး ပြန်မလာသေးဘူးလား. . . မ
ထွေး"

"စောသေးတယ်လေကွယ်၊ နောက်တစ်နာရီလော
ဆိုရင်တော့ ရောက်လာတော့မှာပါ၊ ဟဲ့. . . ဘာတွေလုပ်
ပြန်ပြီလဲ"





"ကလေးတွေစားဖို့ မုန့်ပါ၊ တကယ်လို့ မမထွေးက ထမင်း
ကျွေးမယ်ဆိုရင်လည်း စားရအောင် လိုရမယ်ရ ဟင်းထုပ်
လေးတွေ ဆွဲလာတာပါဗျာ၊ ဟား. . . ဟား. . . ဟား. . ."

"ကျွေးပါတယ်တော်၊ တို့ကတောင် ကပ်စားရမှာပါ၊ ဒါပေ
မယ့်. . . ခုလို ဝယ်ဝယ် မလာခဲ့ပါနဲ့ကွာ၊ ဒီမှာရှိတာနဲ့ပဲ ဖြစ်
သလို စားကြတာပေါ့၊ တစ်ခါတလေလည်း ဆင်းရဲသားဟင်း
စားဖူးတယ်ရှိတာပေ့ါ"

"ဟာ. . . မမထွေးကလည်းဗျာ၊ မဟုတ်တာ"

သူတို့နှစ်ဦး၏ ရယ်သံက လွင်ကြည်စွာ လွင့်ပျံ့လာပါ၏။

စူး အနေကျုံ့ရပေဦးတော့မည်။

သူ ညစာ စားပြီးမှ ပြန်မည်တဲ့။

သူနဲ့ မမထွေးကလည်း ငယ်စဉ်ကတည်းက တွေ့ဖူး ဆုံဖူး
ရင်းနှီးဖူးကြသည်ဆိုပဲ။

မမမြတ်မြတ်ထွေးကလည်း ပြည်မြို့သူ။

အရင်တစ်ခေါက် လာကတည်းက ခုနစ်ပြည်ထောင်မင်း
တွေ ဆုံကြသလို သူ့အကြောင်းကိုယ်မေး၊ ကိုယ့်အကြောင်း
သူမေးနှင့် ပြည်မြို့မှ ငယ်ပေါင်းကြီးဖော်များအကြောင်း၊ ဆွေမျိုး
များအကြောင်း ပြောကြားရင်း တဝါးဝါး တဟားဟားနှင့် ပွဲကျ
ခဲ့ကြသည်။ သူနေသွားသည့် အချိန်ကလည်း နာရီပေါင်းများစွာ။

ထိုစဉ်ကလည်း စူးကို အာရုံစူးစိုက်စွာ သူ ဂရုတစိုက်
စကားပြောပြီး အထပ်ထပ် တောင်းပန်ခဲ့ပါ၏။

စူးကတော့ ဟိုနေ့က သုန်မှုန်သော မျက်နှာထားနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်လိုက်၍ နေမင်းသာ ပြန်သွားတော့. . .

"စိတ်ဆိုးပြေလိုက်ပါ မိစူးရယ်၊ ကောင်လေးက သဘော ကောင်းရှာပါတယ်၊ သူ့အဖေဆိုလည်း နင်တို့မိသားစုကို အများ ကြီး ကူညီခဲ့တာပါ၊ နင့်အဖေတို့ ဦးလေးချစ်ငွေကသာ ဆိုးလွန်း လို့ စီးပွားပျက်ခဲ့ရတာပါ၊ ကိုယ့် တနယ်ထဲသားတွေပဲ၊ ခင်ခင် မင်မင် နေလိုက်ပါ"

ဟူသော အစ်ကို့စကားကြောင့် သည်တစ်ခေါက် အစ်ကို့ ရှေ့မှာ သူ့ကို စူး သုန်မှုန်မပြရဲတော့ပါ။

စူးသည် စိတ်ညစ်ညူးစွာဖြင့် ကလေးအကြီးနှစ်ယောက် နှင့် သူနှင့် အိပ်ရသော ခြေရင်းခန်းလေးထဲမှာ ခွေလှဲ့နေဆဲ. . .

"စူး"

မမထွေးက တိုးတိုးလေး လာကပ်ခေါ်ပြီး. . .

"ထွက် စကားပြောလိုက်ပါဦးကွယ်၊ သူ ဝယ်လာတဲ့ ဟင်း တွေ ပြန်နွေးပြီး မမထွေးက ထမင်း ထပ်ချက်ရဦးမယ်၊ စူး ညှော်ခံထားပေးနော်"

ငြင်းချင်လှသော်လည်း မငြင်းသာပါ။ မမထွေး၏ စကား ကို ကလန်ကဆန်လုပ်၍လည်း မဖြစ်သေး။ သူ့အိမ်မှာ မှီခို ရခိုက်မှာတော့ သူ့စကားကို နားမထောင်၍ မဖြစ်။

အိပ်ရာမှ ထလာသော ဆံပင် ရှုပ်ပွပွနှင့်ပင် စူး အိမ်ရှေ့ သို့ ထွက်ခဲ့ရသည်။

စူး၏ ကပိုကရိုနှင့် ပင်ကိုအမူအရာလေးက တစ်မျိုးပို၍ လှနေပါသေးသည်။





"စူး နေကောင်းရဲ့လား"

"အင်း. . . ကောင်းပါတယ်"

သူ့ကို ခေါင်းညိတ်ပြပြီး နောက်ဘက်သို့ ဝင်ခဲ့သည်။

"မမထွေး. . . သွား. . . မီးဖိုကိစ္စတွေ စူးလုပ်လိုက်မယ်"

"ဒီမှာလည်း မမထွေးလုပ်မှ အဆင်ပြေမယ်၊ ဟိုမှာလည်း စူးညှော်ခံထားမှ အဆင်ပြေမယ်၊ သွားစမ်းပါ စူးရယ်"

စူးက ပွနေသော ဆံပင်ကို လက်ကိုင်ပဝါဖြင့်စု၍ ချီနေ ဆဲ. . .

"ဪ. . . စူးရေ၊ ကောင်လေးကို သံပုရာရည်တစ်ခွက် လောက် တိုက်ရအောင်လား"

"သဘောလေ"

"ဒါဆို စူးပဲဖျော်ပြီး ယူသွားပေးပါကွယ်နော်"

"ဟုတ်ကဲ့ မမထွေး"

အိမ်မှာ ကော်ဖီတိုက်စရာ မရှိသော်လည်း သကြားနှင့် သံပုရာသီးက အဆင်သင့် ရှိနေ၍ စူးဖျော်ပြီး ဖန်ခွက်ကလေးနှင့် ထွက်လာတော့ နေမင်းသာက ပြုံး၍. . .

"စူးကိုယ်တိုင် ဖျော်လာတာလား"

"ဟုတ်တယ်"

"အာ. . . အစပ်တည့်လိုက်တာဗျာ၊ ရင်ထဲကို အေးသွား တာပဲ"

"ရင်အေးရအောင် ရေခဲမှ မပါတာ"

"မဟုတ်ပါဘူး၊ စူးရဲ့ စေတနာကြောင့် ရင်အေးတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ"

"မမထွေး ခိုင်းလို့ပါ"

"ဒါဖြင့်. . . စူးက ကိုယ့်အပေါ် စေတနာမပါဘူး ဆိုပါတော့"

စိတ်ညှိုးနွမ်းသော မျက်နှာနှင့် စူးက သူ့ကို ကြည့်လိုက်ပြီး. . .

"လူတစ်ဘက်သားကို ထိခိုက်နစ်နာအောင် ပြောတတ်တဲ့ စကားတွေ ဘယ်တက္ကသိုလ်ကများ သင်လာခဲ့တာလဲ"

"ဟာ. . . စူးရယ်၊ ကိုယ်က နောက်တာပါ"

စူး၏ တည်ငြိမ်နေသော မျက်နှာလေးမှာ အပြုံး၏ အရိပ်အယောင်မျှ ထင်ဟပ်၍မလာ။

"ပထမဆုံးအကြိမ်က အဖြစ်အပျက်တွေအတွက် စူးကိုယ့်ပေါ် မကျေနပ်နိုင်သေးဘူးလားဟင်။ စူး ကျေနပ်အောင် ကိုယ်ဘယ်လိုတောင်းပန်ရမလဲ"

"မလိုပါဘူးရှင်၊ အင်အားကြီးတဲ့သူက အမြဲအနိုင်ရနေမှာပါ"

"ဒီလိုလည်း မဟုတ်သေးပါဘူး စူးရယ်"

"ဟုတ်ပါတယ်ရှင်၊ အဲဒီနေ့က အိတ်မှားခဲ့တာ စူး ရိုးရိုးသားသား မှားခဲ့တာပါ၊ အိတ်ဖွင့်ကြည့်ပြီးကတည်းက မှားပြီဆိုတာ သိလို့ အထဲကပစ္စည်းတွေကို ဘာတစ်ခုမှ ယူမကြည့်မိခဲ့ပါဘူး"

နေမင်းသာက သူမှောက်သွန်ချပြီး လုံးထွေးပြန်ထည့်

လာခဲ့ခြင်းအတွက်နှင့် စူး၏ စာတိုစာစများကိုရှာကာ သည်အိမ်လိပ်စာရလာခြင်းအတွက် ရှက်သလိုလို ခံစားနေရတော့သည်။

"အဲဒီလို ယူမကြည့်ဘဲ နေခဲ့ပါရက်နဲ့ ပိုက်ဆံတွေခိုးတဲ့သူခိုးမလို့ အစွပ်စွဲခံခဲ့ရတယ်"

"စူးရယ်. . . ကိုယ်လေ"

"ငွေမပြောနဲ့. . . စိန်တွေ အတုံးလိုက်ပါလာပါစေ စူး ယူပါဘူး၊ သူများပစ္စည်းကို မခိုးတတ်ပါဘူးရှင်"

"အဲဒီအတွက် ကိုယ်အထူးပဲ တောင်းပန်ပါတယ်၊ စူးကျေနပ်အောင်. . ."

"တော်ပါတော့ ကိုနေမင်းသာရယ်၊ စူး ဘဝက မကျေနပ်ဘူးလည်း မကျေနပ်ကြောင်း ပြနေနိုင်တဲ့အဖြစ် မဟုတ်ပါဘူး၊ ပြောပြီးပြီကော၊ ကိုနေမင်းသာတို့က အင်အားကြီးပါတယ်လို့"

"မဟုတ်သေးဘူးစူး. . . ၊ မဟုတ်သေးပါဘူးကွယ်"

"ဟုတ်ပါတယ်လေ. . . အခုပဲကြည့်ပါ၊ စူး အမှန်အတိုင်းနေခံရရင် စူးခုလို လာထိုင်ပြီး စကားပြောမနေချင်ဘူး"

"ဟင်"

"ဒါပေမယ့်. . . မမထွေးက စူး သွားစကားပြောပါဆိုတော့လည်း စူး လာခဲ့ရပါတယ်၊ စူးက ဒီအိမ်မှာ ကပ်နေရသူဆိုတော့. . . မမထွေးက စူးထက် အင်အားကြီးပါတယ်၊ ကိုနေမင်းသာကျတော့ သူတို့အပေါ် သြဇာညောင်းပြီး ပိုလို့အင်အားကြီးတာပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"စူးရယ်၊ အမှားကို ဝန်ချရင် ကျေပေးရပါတယ်၊ စူး ကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပါရစေ၊ တစ်ခုခု ပြန်ဆောင် ရွက်ပေးပါရစေ"

"မလုပ်ပါနဲ့။ စူး အရှုံးပေးနေရပြီပဲ"

"ဒီလိုမပြောပါနဲ့ စူးရယ် . . .၊ ကိုယ် ပြောခဲ့သမျှနဲ့ တန်ဖို့ အောင် ပြန်ပြီး ရန်တွေ့ခံရရင်တောင် ကိုယ့်ရင်မှာ ဒီလောက် နာကျင်မိမှာ မဟုတ်ပါဘူး၊ ခုလို အားငယ်နေတဲ့စကားတွေ စူးပြောလေ . . . ကိုယ် ရင်နင့်ရလေ ပါလား စူးရယ်"

"ဒါဖြင့်လည်း မေ့လိုက်ပါလေ၊ စူးရင်ထဲမှာတော့ သေတဲ့ အထိ ခုလို အပြောခံရတာကို မေ့လို့မရနိုင်ပါဘူး၊ ဒါပေမယ့် ဒါ နောက်ဆုံးပြောခြင်းပဲ ဖြစ်ရပါစေ့မယ်၊ ကျန်တဲ့ သံပုရာရည် သောက်ပါဦးနော်"

နေမင်းသာသည် သံပုရာရည်ကို ဖြည်းဖြည်းချင်း မော့ သောက်ပြီး စူးကို မကြည့်ဘဲ အပြင်ဘက်သို့ တည်ငြိမ်စွာ ငေးကြည့်နေရင်းမှ . . .

"ကိုယ့်အနေနဲ့ သိပ်စကားပြောချင်ပါတယ်၊ စူးကို တွေ့ချင်လို့ လာခဲ့တာလည်း အမှန်ပါပဲ၊ ဒါပေမယ့် စူး သွားပါ တော့"

"ရှင်"

"အခန်းထဲမှာ ပြန်ပြီး သက်သက်သာသာ နေပါတော့ စူးရယ်၊ ကိုယ့်ရှေ့မှာ ထိုင်နေရတာ စူးပင်ပန်းလှပါတယ်ဗျာ"

နှလုံးသည်းပွတ်တွင်းမှလာသော စေတနာစကား ဖြစ် ကြောင်း နေမင်းသာ သတ္တာဆိုဝံ့ပါ၏။

"ရပါတယ် ကိုနေမင်းသာရယ်၊ မမထွေးက စူးကို ဒီနေရာ မှာ ထိုင်ခိုင်းထားတယ်လေ"

"စူး"

"ရှင်"

"ဒါဖြင့် . . . ကိုယ်ပြန်ပေးရမလား ဟင်"

"ဖြစ်မှာလား၊ သူ ထမင်းစားမယ်ဆိုလို့ မမထွေးကတောင် ချက်နေပြီ"

"ကိုယ့်ရှေ့မှာ ထိုင်နေတဲ့စူးကို ကိုယ် ထိုင်ကြည့်နေချင် သေးတယ်စူး၊ ဒါပေမယ့် စိတ်ဆင်းရဲနေတာကို ကိုယ်မကြည့်ရက် တော့ဘူး"

သူကပြောရင်း ရုတ်ချည်း ထလိုက်ပြီး မီးဖိုခန်းဝသို့ သွားလျက် . . .

"မမထွေးရေ . . . ကျွန်တော် စစ်ဆေးရုံ ခဏသွားလိုက် ဦးမယ်"

"ဟဲ့ . . . မဟုတ်တာ၊ မင်းအစ်ကိုလည်း ပြန်လာတော့ မှာပဲ"

"ခဏလေး မမထွေး၊ နောက်တစ်ခေါက်လာကြည့်ဖို့ မလွယ်ဘူးဗျ၊ ခုတ်ဆီဈေးက ရှားနေတာ၊ ပြန်လာခဲ့မယ်လေ နော်"

"မြန်မြန်ပြန်လာနော်၊ မင်းအစ်ကိုလာရင် ထမင်းစားကြ ရအောင်လေ"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . သွားမယ်နော် မမထွေး"

"အေးအေး၊ ဩော်. . . သံပုရာရည်သောက်ပြီးပြီလား"

"ပြီးပြီ. . . သိပ်ကောင်းတာပဲလို့ စူးကို ချီးကျူးလို့တောင် စူးက ပြုံးနေတယ် မမထွေးရဲ့၊ ကဲ. . . ကျွန်တော် ခဏသွား လိုက်ဦးမယ်"

စူးနှင့် သူ ပြေလည်ကြပါကြောင်းကိုလည်း မမထွေး သိအောင် လိမ်ညာပြောပေးလေသူ ကိုနေမင်းသာ။

မြန်ထွက်လာတော့ လေသံကို တိုးနှိမ့်ပြီး. . .

"ကျွန်တော် အပြင်မှာ ခဏသွားရှောင်ပေးနေမယ်နော် အစ်ကိုလှထူးကြီး ပြန်ရောက်ပြီးချိန်လောက်မှ ပြန်လာပြီး ထမင်း စားကြတာပေါ့၊ ကျွန်တော့်နဲ့ မစားချင်ရင် စူး စားနှင့်ထားနော် ဟင်းတွေအစုံဝယ်လာတယ်"

စကားသံများက တိုးညင်းသော်လည်း တုန်ခါနေပါ၏။ မြတ်နိုးအပ်သော ပစ္စည်းတစ်ခုကို စွန့်လွှတ်လိုက်ရသော သူ တစ်ယောက်၏ ခံစားမှု မျက်နှာမျိုးဖြင့် စူးကို စိုက်ကြည့်ပြီး သူ ကားမောင်း၍ ထွက်သွားတော့သည်။

စူး၏ရင်မှာ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသော ဝေဒနာ တစ်ရပ် ခံစားကျန်ရစ်၏။

နေမင်းသာ ဆိုသောသူ၏ လုပ်ဆောင်ချက်သည် စကား လုံးပေါင်း တစ်ထောင်တစ်သောင်းဖြင့် တောင်းပန်ခြင်းထက်ပင် ပို၍ ထိရောက်သော တောင်းပန်ခြင်း မည်ပါလေ၏။

◆ ◆ ◆



အခန်း ။ ၁၄ ။

"ဘယ့်နဲ့လဲ. . . နေလို့ ဖြစ်ပါ့မလား၊ ရန်ကုန် လူနေမှု နေစ်ကတော့ မချမ်းသာသမျှ အစစအရာရာ ကျဉ်းကျပ်တယ် လေ"

"ရပါတယ် မမဦးရယ်၊ စူးနေလို့ ဖြစ်မှာပါ၊ ဒီမှာနေဖို့ စားဖို့ ပြည့်စုံတဲ့အပြင် ကျောင်းပါတက်ခွင့်ရတော့မယ်ဆိုလို့ စူး သိပ်ပျော်နေပါတယ်"

"မမဦး ဝမ်းသာပါတယ် စူး၊ အမယ်လေးဟဲ့. . . စာပေး စာယူ ဝင်ခွင့်ကလည်း မလွယ်ပါလား၊ ပရယ်တိကယ်လ်တောင် စ နေပြီတဲ့၊ တစ်ပတ်လွတ်တာ ဖြစ်ပါ့မလား. . . မေးဦး၊ ကိုယ် ဝင်ရမယ့် အခန်းလည်း စုံစမ်းနော်၊ မမဦးကတော့ တက္ကသိုလ် သင်တန်းတွေ မကျွမ်းဘူး၊ ရှစ်တန်းနဲ့ ကျောင်းထွက်ခဲ့ရတာလေ"

"ရပါတယ် မမဦး။ ဒီအဆောင်မှာလည်း တက္ကသိုလ် ကျောင်းသူတွေ ရှိပါတယ်။ စူး မေးကြည့်မှာပေါ့၊ ဖြစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကျောင်းကိစ္စဖြစ်အောင် စူးလုပ်တတ်ပါတယ်”

“အေး. . . အေး. . .၊ မမဦးကတော့ လိုသမျှ လာပို့မယ်၊ အဝတ်လည်း ချုပ်ပေးပါဦးမယ်၊ အစားတော့ မ နဲ့ စူးရေ၊ မမဦးတောင် ကြုံသလိုပဲ စားတာ”

“ဖြစ်ပါတယ် မမဦးရဲ့၊ စူး ဘဝ အခုလောက် အခြေ သွားတာကိုပဲ ကျေနပ်လှပါပြီ၊ တကယ်ပါပဲ၊ အစ်မကြီး အမိ ဆိုသလို မမဦး တာဝန်ကျေပါပြီ မမဦးရယ်၊ မေမေသာမသေ စူးတို့ညီအစ်မ ခုလို စည်းလုံးနေကြတာကို သိပ် ဝမ်းသာရှာမှာ”

“အင်း. . . ဖေဖေနဲ့ မေမေ ပေါ်မှာ တင်ခဲ့တဲ့ ကြွေး အတွက် ညီမလေးကို ကူညီခြင်းနဲ့ ပေးဆပ်မယ်လို့ မမဦး ဆုံးဖြတ်ပြီးပါပြီ”

စူးသည် သူ့ထက် “ခုနစ်နှစ်”မျှ ကြီးသော မမဦးသို့ လေးစားချစ်ခင်စွာ ငေးကြည့်မိဆဲမှာ. . .

“ဖေဖေသာ ကောင်းခဲ့ရင် တို့ညီအစ်မနှစ်ယောက် သူဌေး သမီးလေးတွေအဖြစ်နဲ့ တင့်တင့်တယ်တယ် နေရမှာ၊ ခုတော့ စူးလည်း အဆောင်မှာ ဖြစ်သလိုနေ၊ မမဦးဘဝလည်း. . .”

ဆက်လာမည့် စကားကို စောင့်သော်လည်း မမဦးထံမှ ဘာစကားမှ ဖွင့်ဟမလာ၍. . .

“အင်းနော်. . . ဘိုးဘိုးတို့ ထားခဲ့တဲ့ အမွေတွေက အများကြီးတဲ့၊ ဖေဖေ အရက်သောက် သုံးဖြုန်းလို့ ကုန်သွား ရတာနော်”

“အင်း. . . ဒီအတွက် မေမေဟာ တစ်သက်လုံး မျက်ရည်

ကျတ်ခွက် နေသွားရရှာတယ်၊ ဖေဖေဆုံးပြီး အမှုရှုံးလို့ တိုက်ကြီး ပါက ဆင်းပေးလိုက်ရတာနဲ့ မမဦးလည်း ရှက်ပြီး ရန်ကုန် ထွက်လာခဲ့တာပဲ၊ မမဦး မိုက်မဲတာပါပဲလေ”

“အဲဒီ တိုက်ကြီးကိုလည်း ဦးချမ်းသာ ပိုင်သွားတယ်နော် မမဦး”

တင်မေဦးက စူးသို့ စိုက်ကြည့်လိုက်ပြီးမှ မျက်နှာ ဆင်းသွားကာ. . .

“ဟုတ်တယ်”

“အခု နောက်ဆုံး ကန်လမ်းက ပျဉ်ထောင်အိမ်လည်း သူတို့ပဲ အပ်ခဲ့ရတာပဲ”

“မမဦးတောင် စူးနဲ့တွေ့မှပဲ သိရတာလေ”

“ကြီးကြီးစုက ပြောပြတယ်၊ ဦးချမ်းသာက အစက ပွဲရုံက စာရေးတဲ့၊ ကြိုးစားရာက ပွဲရုံပိုင်ရှင်သူဌေးကြီး ဖြစ်သွားတာတဲ့၊ ဖေဖေနဲ့ကလည်း ငယ်သူငယ်ချင်း၊ ဖေဖေ့ကိုလည်း စောင့် ရှောက်ရှာပါတယ်တဲ့၊ ဖေဖေ မတရားသုံးပြီး သူ့ဆီက ငွေတွေ သုံးလွန်းလို့ တိုက်တွေ အိမ်တွေ ထိုးအပ်ရတာဆို”

“ဟုတ်မှာပေါ့”

“ဦးချမ်းသာက စည်းကမ်းရှိတယ်၊ အလုပ်ကို စနစ်တကျ လုပ်တယ်၊ ဖေဖေ ငွေယူသမျှ လက်မှတ်ထိုး စာချုပ် ချုပ်ထား တော့ တရားဆိုင်ရင် သူပဲနိုင်တာပေါ့တဲ့၊ မိုက်တာက ငါ့မောင် ချစ်ငွေလို့ ကြီးကြီးစုက အမြဲပြောပါတယ်”

“အေးလေ. . . ဒါတွေ ထားလိုက်ကြစို့ စူး၊ တို့များ





www.burmeseclassic.com

www.burmeseclassic.com



မိဘလက်ထက်ကကိစ္စပါ၊ အခုလည်း ကွယ်လွန်ကုန်ကြပြီ
စူးသာ ပညာကြိုးစား"

"စိတ်ချပါ၊ စူးက စာသိပ်ကြိုးစားလို့ ဆယ်တန်း နှစ်ချ
ပေါက် အောင်ခဲ့တာပါ"

"စူး"

"ရှင်"

"ပြည်ကဘဝကို ပြန်တွေးမနေနဲ့တော့၊ ဦးချမ်းသာလက်
အပ်ရတာတွေလည်း ပြောမနေနဲ့တော့၊ မိဘလက်ထက်က
ကိစ္စတွေလည်း ပြီးပြီလို့သာ သဘောထားလိုက်နော်. . . ကြား
လား"

"ဟုတ်ကဲ့ပါ မမဦး"

"ကဲ. . . ပစ္စည်းတွေလည်း နေသားကျပြီ၊ မမဦး ပြန်မယ်
စူးကို မမဦး မှာစရာနှစ်ခုရှိတယ်"

"မှာပါ မမဦး. . . ပြောပါ"

"ဘယ် ယောကျ်ားကိုမှ မယုံနဲ့၊ ရည်းစားထားမိခဲ့ရင်လည်း
တစ်ဘဝလုံးပုံပြီး မချစ်နဲ့၊ မမဦးပြောတာ နားလည်ရဲ့လား စူး"

"ဟုတ်ကဲ့၊ နားလည်ပါတယ်"

"နောက်တစ်ခုက မမဦးဆီကို ဘယ်တော့မှ မလာနဲ့
သိပ်အရေးကြီးမှ ဒီဖုန်းကိုဆက်"

လက်ထဲမှ စာရွက်ကတ်ထူလေးကို လှမ်းပေးပြီး. . .

"တကယ်လို့ ဖုန်းထူးသူဟာ ယောကျ်ားသံဖြစ်နေခဲ့ရင်
ဘာမှမပြောဘဲ ပြန်ချလိုက်နော်"





"ဟုတ်ကဲ့"

"အိမ်က ကောင်မလေးနဲ့ မမဦး တစ်ယောက်ယောက်
ခဲ့ စူး ပြောချင်တာပြော. . . ကြားလား၊ ဒါလည်း အလွန်
ခင်း အရေးကြီးမှပဲဆက်နော်၊ မမဦး နှစ်ပတ် တစ်ခါလောက်
တော့ ရောက်အောင်လာခဲ့မယ်"

"ဟုတ်ကဲ့. . . စူး ဖုန်းမဆက်ပါဘူးမမဦး"

"ပြီးတော့ မမဦးဟာ တင်မေဦး မဟုတ်တော့ဘူး
နော်. . . ကေရီဦးအဖြစ်နဲ့ပဲ စူးရော စူးရဲ့ ပတ်ဝန်းကျင်ကပါ
ပါစေ"

"ကောင်းပါပြီ မမဦး"

"အေး. . . နောက်ဆုံး ထပ်ပြောခဲ့မယ်၊ ဘယ်ယောကျ်ား
ကိုမှ မယုံနဲ့၊ မမဦးကိုလည်း မဆက်သွယ်နဲ့၊ ဒါပဲကွယ်၊ မမဦး
ပြန်မယ်နော် ညီမလေး"

"ဟုတ်ကဲ့ပါ မမဦး. . . စိတ်ချပါ"

တင်မေဦး မဟုတ်တော့သော ကေရီဦးသည် သူ၏
တော်ရိုလာကားဝါလေးပေါ် တက်ပြီး စက်နှိုးနေဆဲမှာ စူးက
ကားနားသို့ ပြေးကပ်ပြီး. . .

"နောက် နှစ်ပတ်. . . အဲ. . . ဆယ့်ငါးရက်ကြာရင်
မမဦး လာခဲ့မှာပေါ့နော်. . . ဟုတ်လားဟင်"

"အေး. . . ဒါက အကြာဆုံးပါ၊ ဒီကြားထဲအားရင်လည်း
လာခဲ့ပါ့မယ်၊ စူး အခြေကျသွားရင်တော့ မမဦး သိပ် မလာချင်
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဩော်... မမဦးက သိပ်အလုပ်များတဲ့ မိန်း
တစ်ယောက်မို့ပါ၊ ကဲ... လိမ်လိမ်မာမာနေတော့ စူးရေ...
မမဦး သွားပြီ"

ဧကရီဦး ဟုဆိုသော မမဦး၏ကား မျက်စိရှေ့မှ ပျောက်
သွားတော့ စူး၏ရင်မှာ ဟာ၍ ကျန်ရစ်သည်။

မမဦး ပြန်သွားသည်ကိုလည်း ဝမ်းနည်းမိ၏။

ဘဝသစ်ကို တစ်ယောက်တည်း စရတော့မည်ဟု သိလာ
သည့်အခါမှာတော့ အားငယ်စိတ်က ဝင်လာသည်။

"အို... ငါ မမဦးနဲ့ ဆုံခွင့်ရပြီပဲ၊ သူ ကူညီနေရှာသား
ပြီးတော့... ငါ ပညာဆက်သင်ချင်တာလည်း သင်ခွင့်ရပြီ
လေ... ဘာလိုသေးလဲ၊ ဒီလိုပဲ ဘဝကို ရင်ဆိုင်ရမှာပေါ့"

အားပေးအတွေးများနှင့်အတူ အဆောင်တွင်းသို့ ဝင်
ခဲ့သည်။

စူး နေရသော အဆောင်က အင်းလျားလမ်းမှာ၊ ဒါ
မယ့်... တက္ကသိုလ် ပရိဝုဏ်ဘက်မှာမဟုတ်၊ တက္ကသို
ရိပ်သာလမ်းကို ကျော်ပြီးမှ အင်းလျားလမ်းလယ်မှ လမ်းသွ
ထဲတွင် ဖြစ်၏။

အငြိမ်းစား ကျောင်းဆရာမကြီးက သူ့ခြံနောက်ဘက်တွ
တန်းလျားဆောက်ပြီး နေခချည်း တစ်ရာ့ငါးဆယ် ယူသည်
ထမင်းကိုတော့ လှည်းတန်းဈေးမှ ချိုင့်ဆွဲစားချင်စား ချက်စာ
ချင်စား ခွင့်ပြုပါ၏။





ခြောက်ယောက်တစ်ခန်းဖြင့် အားလုံး လူနှစ်ဆယ်ကျော်
ရှိလေသည်။

သပ်ရပ်သန့်ရှင်းပြီး အဆင့်မြင့်သော ပြင်ပဆောင်တွင်
ပေးခြင်းဟု မမဦးထံမှ သိရသည်။

တချို့ အဆောင်တွေမှာက ကျဉ်းကျပ်ညစ်ပတ်ပြီး လွတ်
ခွတလည်း အပြည့်။

သည်မှာကတော့ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး
ချုပ်သဖြင့် စည်းနှင့်ကမ်းနှင့် နေရမည်၊ ည၉ အိပ် ညနေ
လည်ခွင့် မရှိ လူကြီးမိဘကိုယ်တိုင် လာခေါ်မှ ထည့်သည်။

တက္ကသိုလ် ဝင်းထဲမှ အဆောင်နီးနီး စည်းကမ်းကြီးပါ
၏။

ခြောက်ယောက်ခန်းမှာ တစ်ဘက်သုံးယောက်စီ နေရန်
များချထား၏။ လက်ရှိ နှစ်ယောက်က အတွဲမို့ စူးကို
ထဲ မထည့်ဘဲ ထောင့်နေရာကို ပေး၍ စူးအဖို့ ပို၍ အဆင
သွားပေသည်။ ခြံဝင်းထဲရှိ သစ်ပင်ပန်းမန်တို့ကိုရှုကြည့်ခွင့်
ည်၊ မိုးကောင်းကင်ကြီးကို မော့ကြည့်ခွင့်ရလေမည်။

သိပ္ပံဘာသာတွဲ ယူသော်လည်း စူးက အတွေးသမား
သနိက ယူဖို့ကောင်းသည်။ စူး တွေးတော့ တွေးချင်ပါသည်။
တော့ မဆွေးချင်ပါ။

စူးမှာ အိပ်ရာဖုံးလေးကို လှပ်ဖယ်၍ သပ်သပ်ရပ်ရပ်
တ်ပြီး ခုတင်ပေါ် လှဲအိပ်လိုက်သည်။

"ပြည်က ဘဝကို ပြန်မတွေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မမဦး မှာခဲ့သော်လည်း စိတ်က မငြိမ်၊ ပြည်အိမ်
ပြန်ရောက်သွားသည်။

စူးမှာကလည်း သတိရစရာ၊ တမ်းတစရာ၊ လွမ်းစ
တွေးစရာဆို၍ ပြည်မြို့က အကြောင်းသာ ရှိပါလေသည်။

ဖေဖေ မေမေနှင့် ကြီးစု. . . သူတို့နှင့် ဆက်နွ
ပတ်သက်သူများ၊ သူငယ်ချင်းများ၊ နာကျင်စွာ ခံစားခဲ့ရသ
နှလုံးသားဝေဒနာများ စသည်. . . စသည်. . . ။

◆ ◆ ◆



အခန်း ။ ၁၅ ။

ပြည်မြို့၌ ၁၆-၇-၁၉၇၈-ခု နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း
ငြိမ်းစီးကြေးရုပ်ကြီးကို ဖွင့်လှစ်စဉ်က စူးမှာ လေးတန်း
ကျောင်းသူကလေးဘဝ၌သာ ရှိသေးသည်။

မမဦးကတော့ အပျိုလေးဖြစ်နေပြီ၊ စီးပွားလျှောစ ပြုနေ
ခဲ့သော်လည်း ဦးနှင့် စူးတို့ ညီအစ်မကို သူဌေးသမီးလေးများ
ပြင်နှင့်သာ လက်ခံဆက်ဆံနေကြဆဲပါ။

စူးတို့၏အဘိုး "ပွဲစားကြီး ဦးဖွယ်" သည် ပြည်မြို့မှ
သာကြွယ်ဝလှသော သူဌေးများစာရင်းတွင် တစ်ဦးအပါ
ဝင်၊ ရွှေဆံတော်၏ ဂေါပကလူကြီးတစ်ဦး ဖြစ်၍လည်း
မိဘ်ဖများကပင် ကြည်ညိုလေးစားခြင်း ခံခဲ့ရသူပါ။

"ဦးဖွယ်နှင့် ဒေါ်လှချယ်"တို့တွင် တစ်ဦးတည်းသော
သမီး "မစုစုခင်" တစ်ဦးတည်းသောသားလေး "မောင်ချစ်ငွေ"တို့
ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စူး မမှတ်မိသေးသည့် အရွယ်ကပင် အဘိုးအဘွား
ဆုံးခဲ့သည်။ ကြီးကြီးစုကလည်း ရိုးအလှသော အပျိုကြီးဖြစ်
အဘိုး၏ စီးပွားဥစ္စာများကို ဖခင်ဦးချစ်ငွေသာလျှင် ကိုင်တွ
သုံးစွဲပြီး ပွဲရုံကိုလည်း ဂရုတစိုက်မလုပ်သဖြင့် အဘိုး ဆုံး
သုံးနှစ်အကြာမှာ ပွဲရုံက လုံးလုံး ပြုတ်သွားခဲ့ပြီ။

အစ်မ ဒေါ်စုစုခင်ကလည်း ရိုး၊ ဇနီး ဒေါ်ခင်ပပကလ
အေး၊ ကလေးများကလည်း အရွယ်မရောက်သည့်ပြင် သ
မိန်းကလေးများဖြစ်နေ၍ ဦးချစ်ငွေတို့ ထင်တိုင်းကဲ့နေ
တော့သည်။

ဖဲဝိုင်းဘေးမှာ အရက်ပုလင်းချပြီး မျက်စိမပွင့်အော
သောက်သော ဦးချစ်ငွေအဖို့ ဖဲဝိုင်းမှာ နိုင်စရာအကြော
မရှိတော့ပါ။

သူ့ကို မြှောက်ပင့်ညာစားနေကြသူများက အများအပြ

သည့်အထဲမှာ ပွဲရုံစာရေးလေးဘဝမှနေပြီး ပွဲရုံပိုင်
ဖြစ်လာသည်အထိ ရိုးသားစွာ ကြိုးစား၍ သူဌေးပေါက်စလေ
တစ်ယောက် ဖြစ်လာသူ ဦးချမ်းသာသည်သာ. . . ဦးချစ်ငွေ
မမှားတန်တာ မမှားရအောင် စောင့်၍ ထိန်းပေးနေခဲ့သည်

သူတို့ချင်းကလည်း ငယ်သူငယ်ချင်းများဖြစ်ကြ
သံယောဇဉ်ကြီးကြလေသည်။

“မမစုရေ. . . ကြည့်လဲလုပ်ဦး၊ ပွဲစားလမ်း တရု
ကျောင်းကြီးနားက တိုက်လည်း အရောင်းစာချုပ် ချုပ်ပြီး
စျေးနည်းနည်းလေးနဲ့ ပေါင်ထားတာ. . . အခု ဆုံးသွားပြီ





“ဒုက္ခပါပဲ မောင်ချမ်းသာရယ်၊ ကြည့်လည်း ထိန်းပါဦး
ယ်၊ အိမ်မှာလည်း ငွေရော အတွင်းပစ္စည်းတွေရော ယူတာ
တ်တက်ပြောင်ပြီကွဲ့”

“ကြည့်လည်းထိန်းကြဦးဗျာ၊ ဒါနဲ့ လာမယ့် တနင်္ဂနွေမှာ
ဌေးဦးစိန်ကြည်ရဲ့သား မင်္ဂလာဆောင်ရှိတယ်လေ. . . အဲဒါ
ခင်ပပဝတ်ဖို့ ချစ်ငွေက စိန်ငှားပါတဲ့”

“ဒင်းဟာဒင်း သုံးဖြုန်းပြီး မသွားမဖြစ်တဲ့ မင်္ဂလာဆောင်
ကျတော့ မယားကို ကိုယ်ချည်းပဲခေါ်သွားရမှာ ရှက်ထင်ပါရဲ့၊
တ်ဝတ်လက်စားတော့ ငှားပေးတတ်သား. . .

“နေပစေ ကိုချမ်းသာ. . . ခင်ပပ ဘာမှမဝတ်ဘဲ သွား
ယ်၊ သူဖြုန်းလို့ မွဲနေပြီဆိုတာလည်း ပြည်တစ်မြို့လုံးအသိပဲ”

“ဒီကောင်ကြီး မလွယ်ဘူးဗျာ၊ ကျွန်တော့်ဆိုလည်း အမျိုး
း နှိပ်စက်တယ်”

ဦးချမ်းသာ ပြန်သွားတော့ ဒေါ်စုစုခင်က အံကြိတ်
ားသည်။

ရွာဘဲရပ် (ပြည်သားတို့အခေါ် “ရဘဲရပ်”)မှ သာမန်ပွဲရုံ
ာရေးလေးမှ သူဌေးဖြစ်လာသော မောင်ချမ်းသာ၏ ရိုးသားမှု
နှင့် ကြိုးစားမှုတို့ကို နှိုင်းယှဉ်ပြီး ဒေါ်စုစုခင် အံကြိတ်လိုက်ရခြင်း
ဖြစ်ပေသည်။

ဒေါ်ခင်ပပကတော့ ခင်ပွန်းသည်၏ အမင်္ဂလာသတင်း
များကို ကြားရလေတိုင်း ငိုပွဲဆင်ရုံမှလွဲ၍ ဘာမှ မစွမ်းဆောင်
နိုင်၊



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် စနေနေ့ညတွင်. . .

"အို. . . စိန်ဆွဲကြိုး၊ စိန်လက်ကောက်၊ စိန်နားကပ် စိန်လက်စွပ် အစုံပါလား"

"မင်း မင်္ဂလာဆောင်သွားဖို့ ချမ်းသာဆီက ငှားလာတာ"

"မဝတ်ဘူး. . . မငှားပါဘူးလို့ ပြောလိုက်သားနဲ့"

"သူက အတင်းငှားလိုက်တာပါကွာ၊ ဟုတ်တယ်. . . ဦးဖွယ်ချွေးမ ဖြစ်ပြီး စိန်တွေ သီးမနေရင် ငါသိက္ခာကျမှာပေါ့"

အရက်မူးမူးနှင့် ပြောနေသူမို့ ဘာမှပြန်မပြောဖြစ်တော့။

စိန်များနှင့် ဒွန်တွဲနေခဲ့ရသော ဒေါ်စုစုခင် ယူကြည့်လိုက်တော့ စိန်ကောင်း စိန်သန့် စိန်စစ်များဖြစ်ကြောင်း မြင်တွေ့လိုက်ရသည်။

သည်လိုနှင့်ပင် မင်္ဂလာပွဲပြီးသည့် ညနေမှာ. .

"သေသေချာချာယူသွားပြီး ကိုချမ်းသာလက်ထဲ ရောက်အောင်ထည့်နော်. . . ကိုချစ်ငွေ"

ထိုညက သန်းခေါင်ကျော်မှ ပြန်လာသည်။ မူးမူးနှင့် ထိုးအိပ်သဖြင့် ဘာစကားမှ မပြောလိုက်ကြရ။

မနက် ဆွမ်းခံ ပြန်ချိန်လောက်မှာ ဖြူဖပ် ဖြူရော် မျက်နှာနှင့် ဦးချမ်းသာ ရောက်လာပြီး. . .

"ချစ်ငွေရော. . ."

"ခုနစ်နာရီလောက်ကတည်းက ထွက်သွားတယ်"

"ကျွန်တော့်စိန်တွေ ကြည့်ကြပါဦးဗျာ၊ အားလုံး အတုတွေနဲ့ လဲထားတယ် မမစုရယ်၊ လုပ်ပါဦးဗျာ"





"ဟင်"

"အို. . . ဟုတ်ရဲ့လားကွယ်"

"ညက အတော်နောက်ကျမှ သူလာပို့တယ်၊ ကျွန်တော့်မိန်းမက ယူထားလိုက်တယ်လေ၊ ဒီမနက်မှ သေသေချာချာကြည့်တော့ အားလုံး အတုတွေနဲ့ လဲထားလိုက်ပြီ"

"ဒုက္ခပါပဲ"

"မမစုနဲ့ ခင်ပပတို့ လမ်းမတော်က ဦးဘိုးလှပန်းထိမ်ကို အပ်ခဲ့ကြပါဗျာ၊ အဲဒီမှာ လုပ်တာပါ၊ သူ့ကို ခုပဲ ပြခဲ့ပြီးပါပြီ၊ စိန် စစ်တွေ ကော်ထုတ်ပြီး ခတုပေဒစိန်တွေ ဖြစ်သလို ထည့်ထားတာတဲ့၊ ဒီမှာကြည့်ပါ၊ ပန်းထိမ်ဖိုကိုလည်း ခဏလိုက်ခဲ့ပေးကြပါ"

ပန်းထိမ်ဖိုရောက်တော့ ဤဖိုဌ်လုပ်သော စိန်များလည်းမှန်ကြောင်း၊ အတုနှင့် အစားထိုးထားခြင်းမှာလည်း မှန်ကန်ကြောင်း သက်သေခံ၏။ 'ဦးဘိုးလှ'သည် သစ္စာရှိ၍ ချမ်းသာကြွယ်ဝသော ပန်းထိမ်ဖိုပိုင်ရှင်ပါ။

နောက်ဆုံး ကိုချစ်ငွေနှင့် ဆုံကြတော့ ထုံးစံအတိုင်း အရက်မူးသံ လျှာလေးသံနှင့်. . .

"ငါ အစစ်တွေ ပို့ခဲ့တာပါကွာ၊ ဒီအတိုင်း ပို့ခဲ့တာပါ၊ ဘုရားစူး၊ ကာလနာတိုက်"

"အို. . . ဒီလို မကျိန်နဲ့၊ နင် ညက ဖဲဝိုင်းထိုင်ပြီးမှ ပြန်လာတာ မဟုတ်လား. . . ပြောစမ်း"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒီမှာ ထိုင်လို့ ကုန်ခဲ့တာပေါ့ ချစ်ငွေရယ် ကိုယ့်ငွေ ကိုယ်ဖြုန်းတာ လူမသိဘူးဟဲ့၊ သူများပစ္စည်း လိမ်လည် တော့ နာမည်လည်းပျက်၊ ဟင်း. . . နင်တစ်နေ့ ဒုက္ခတွေ့မယ်

အရက်သည် ဦးချစ်ငွေ ကိုယ်တွင်းရှိ အသွေးအသားနှ ဦးနှောက်အာရုံကြောများ၏ အရှင်သခင် ဖြစ်ခဲ့လေပြီ၊ သူ ဆင်ခြင်နိုင်စွမ်းအားမရှိတော့။

လောင်းကစားသည်လည်း သူ့ကို စိုးမိုးပိုင်ဆိုင်သွားလေ ပြီ၊ ဖြစ်တဲ့နည်းနဲ့ ငွေရှာပြီး ဖဲဝိုင်း၌ မထိုင်ဘဲ မနေနိုင်တော့

တုန်တုန်ယင်ယင်နှင့် မျက်ရည်ဝဲနေသော ဦးချမ်းသာ သည် သူ့စိန်များအတွက် လျော်ကြေးမတောင်းခဲ့ပါ။

သိတတ်သော ဒေါ်စုစုခင်ကသာ သူ့နား၊ သူ့ယောင်း နားနှင့် လှချင် ဝတ်ချင် စားချင်စအရွယ် အပျို တူမလေ တင်မေဦးနားမှ စိန်နားကပ်သုံးရံ၊ စိန်လက်စွပ်တစ်ကွင်းနှင့် ရှိ သမျှ ရွှေတို့ လျော်ပေးလိုက်ရသည်။

တစ်အိမ်လုံး နားပေါက်ဟောင်းလောင်းဖြင့် ရွှေမရှိ စိန်မရှိ၊ ငွေ မရှိသောအဖြစ်ပါလား။

ယင်းကိစ္စအတွက် ဦးချမ်းသာ၏မိန်းမ ဒေါ်မိမိက ရဲမတိုင်ရကောင်းလားဟု ဆွေ့ဆွေ့ခုန်ဖြစ်ပြီး လူတကာလည် ပြော၍ ငိုသည်ဟု ကြားရ၏။

ဒေါ်မိမိ၏ ခံပြင်းချက်ကို သူတို့၏ တစ်ဦးတည်းသော သားလေး နေမင်းသာကလည်း မခံရပ်နိုင် ဖြစ်နေသည်ဟု ကြားရပါ၏။





ဦးချမ်းသာကမူ သူငယ်ချင်းမို့ အမှုမလုပ်ရက်၍ ရသမျှ နှင့် ကျေအေးပေးလိုက်ပါသည်။ သူငယ်ချင်းအပေါ် ကောင်းရှာ သွန်းသော ဦးချမ်းသာအပေါ် ကြီးကြီးစုနှင့် မေမေတို့က တဖွဖွ ပြောနေကြကြောင်း စူး မှတ်မိနေပါသေးသည်။

◆ ◆ ◆

ဖဲဝိုင်းမှအပြန် ဖဲရှုံးလို့ဆိုပြီး အရက်တွေ အလွန်အကျွံ သောက်ရာက လမ်းဘေးမှာ မူးလဲလို့ ဆေးရုံဝိုင်းပို့လိုက်ရပြီတဲ့။

"ဦးနှောက်ကြော ပြတ်သွားပြီတဲ့"

"ဦးချစ်ငွေ ဆုံးပြီတဲ့"

ဆိုသော သတင်းတို့သည် ပြည်မြို့အနှံ့ ပြန့်ပါ၏။

သည်သို့. . .

ဖေဖေဆုံးပြီး သုံးလလောက်အကြာမှာ ရွှေ့နေတစ် ယောက် ရောက်လာသည်။

ယခု စူးတို့ မိန်းမသား မိသားစု လေးယောက် နေနေ သော ကမ်းနားလမ်းမှ တိုက်ကြီးနှင့်ဘေးမှ မြေပိုတစ်ကွက်ကို ဦးချမ်းသာထံမှာ ငွေတစ်သိန်းနှစ်သောင်းနှင့် ဦးချစ်ငွေ ရောင်း ပြီးပြီတဲ့၊ အဲဒီကိစ္စ ဖြေရှင်းပါရန်. . .

မိဘလက်ထက်က တိုက်မို့ ဒေါ်စုစုခင်နှင့် ဦးချမ်းသာတို့



www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာ တရားဆိုင်သည်။

ဖခင်ချစ်လွန်းရှာသော သားလေး ဦးချစ်ငွေအမည်နှင့် တိုက်နှင့် မြေကွက်ဖြစ်သည်ကတစ်ကြောင်း၊ သူကိုယ်တိုင် ရောင်းပြီး ဂရံများ စာချုပ်စာတမ်းများ အပ်ခဲ့သည်ကတစ် ကြောင်းမို့ မှန်ကန်သော ဦးချမ်းသာပဲ တရားနိုင်၍ ဒေါ်ခင်ပပ တို့ မိန်းမသား မိသားစုလေးယောက် အိမ်ပေါ်မှ ဆင်းပေးရ တော့မည်။

ရေဝတီမြစ် ရှိရာသို့ မျက်နှာမူထားသော နှစ်ထပ်တိုက် ကြီးနှင့်ဘေးမှ မြေပိုတစ်ကွက်တို့ကို စွန့်လွှတ်ကာ မဝေးလှသော ကန်လမ်းပေါ်ရှိ သူတို့ပိုင် ပျဉ်ထောင်အိမ်ဟောင်းလေးသို့ ပြောင်းရွှေ့ရမည်။ လူငှားဆင်းဖို့ ငွေပေးရမည်။

"မမစုရယ်. . . စာချုပ်ကိုလည်း ကြည့်ပါ၊ ငွေတစ်သိန်း နှစ်သောင်းနဲ့ ကျွန်တော့်ကို အရောင်းစာချုပ် ချုပ်ခဲ့တာပါ၊ တစ်ရာ နှစ်ကျပ်တိုးပေးပြီး ပြန်ရွေးမယ် ပြောခဲ့ပေမယ့် အတိုး လည်း တစ်ပြားမှ မရခဲ့ပါဘူး၊ တစ်ခြားတစ်ယောက်ကို ငွေပေး စရာရှိလို့ မပေးနိုင်ရင် အဖမ်းခံရမယ်ဆိုလို့ ကျွန်တော်လည်း ပေးလိုက်ရတာပါ"

"ကဲ. . . ဒီမှာ ငွေနှစ်သောင်း ပြန်ယူပါ မမစု၊ ကျွန်တော် လည်း စိတ်မကောင်းသိပ်ဖြစ်ရပါတယ်ဗျာ"

ဦးချမ်းသာ ပြန်ပေးသော ငွေလေးနှစ်သောင်းဖြင့် အခြေ မပျက် အသက်ဆက်ခဲ့ကြရသည်။

ဦးချမ်းသာ စူးတို့မိသားစုအပေါ် ဝဲ့ညာလေ နေမင်းသာ





နှင့် သူ့မိခင် ဒေါ်မိမိတို့က မကျေမချမ်း ဖြစ်ရလေပါ။

ဘာပဲဖြစ်ဖြစ် ကိစ္စအားလုံးတော့ ပြေလည် ပြေငြိမ်းသွား ခဲ့လေပြီ။

◆ ◆ ◆

နောက်ထပ် တစ်စခန်းထသူက တင်မေဦး။

ဖခင်ကလည်း လူလိမ် လူညာကြီးအဖြစ်နှင့် သေဆုံး သွားရသည်။

လက်ဝတ်လက်စားဆိုလို့လည်း ဘာမှ မရှိတော့။

တိုက်ကြီးပေါ်မှလည်း ဆင်းပေးလိုက်ရပြီ။

သူနှင့် ပြိုင်နေသော၊ သူ့ကို ပြိုင်ကြသော သူငယ်ချင်း များ၏ မေးငေါ့ခြင်းနှင့် စူးရဲသော အကြည့်ဒဏ်ကို တင်မေဦး လုံးဝ မခံနိုင်တော့ပါ။

ကြီးကြီးစုနှင့် မိခင်ကြီးက မျက်ရည်စက်လက်နှင့် တား သည့်ကြားကပင် သည်မှာ ရှက်ရချည်ရဲ့၊ ရန်ကုန်မှာ အလုပ် သွားလုပ်မည်ဆိုပြီး ဖွတ်ထွက်သွားခဲ့သော တင်မေဦး။

ထွက်သွားသည့်နေ့မှစ၍ ယနေ့အထိ ပြည်မြို့သို့ တစ် ခေါက်မှ ပြန်ရောက်မလာတော့ပေ။

ကြီးကြီးစု၊ မေမေနှင့် စူးတို့သည် တစ်ခါတစ်ရံ ဦးချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ထံမှ အကူညီကို ဆက်လက်တောင်းခံကြရသည်။ မငြင်းဘဲ ပေးရှာပါ၏။

စူးတို့ မိသားစုကို လုံးဝကျေနပ်ခြင်းမရှိသော ဦးချမ်းသာ၏ဇနီး ဒေါ်ခင်မိမိလည်း အရွယ်မတိုင်မီ ကွယ်လွန်ခဲ့ရှာသည်။

သူသား နေမင်းသာဆိုသောသူကို ရန်ကုန်တက္ကသိုလ်မှာ ထားကြောင်း ကြားသိရသည်။

စူးငယ်ငယ်ကတော့ တွေ့ဖူးသလားမသိ၊ မမှတ်မိတော့ပါ။ ကြီးလာချိန်မှာတော့ နေမင်းသာနှင့် တစ်ကြိမ်တစ်ခါမှ ပြည်မြို့မှာ မဆုံကြတော့ပါ။ သူက သူ့အမေဘက်ကလိုက်ပြီး စူးတို့တတွေကို စိတ်နာနေသူလေ။

သည်လိုနှင့် နှစ်များစွာကို ကျော်ဖြတ်ပြီး စူး ဆယ်တန်းစာမေးပွဲ အောင်ခဲ့သည်။

ကျောင်းတက်ဖို့ မစဉ်းစားနိုင်အား၊ အသည်း ကျစ်သောရောဂါဖြင့် မေမေ ဒေါ်ခင်ပပ အသည်းအသန် ဖြစ်နေရှာသည်။

နောက်ဆုံးမှာတော့ သမီးကြီး တင်မေဦးကို မျှော်လင့်ရင်း တမ်းတမ်းတတ ခေါ်ဆိုရင်းဖြင့် မေမေဒေါ်ခင်ပပသည် စူး၏ မျက်စိအောက်မှာပင်အသက်ပျောက်သွားခဲ့ရှာသည်။

အကုသိုလ်များ ဝင်ချင်လျှင် ဆက်တိုက်။

မေမေဆုံးပြီး တစ်နှစ်မပြည့်မီ ကြီးကြီးစု၏ မျက်လုံးမှာ ရောဂါပိုးများဝင်ကာ စုံလုံးကွယ်တော့သည်။

သိပ်လှသောစူး။

ပညာဆက်သင်ရန် လိုအပ်သော၊ စူးအတွက် သူလို





ဘဲ့တကြီးနားမှာနေ၍ ဘဝကို မဆုံးစေအပ် ဟူသော ဆုံးဖြတ်ချက်များဖြင့်. . .

"ရန်ကုန်မှာ စူးတို့ မေမေရဲ့ အစ်ကိုအရင်းက မွေးခဲ့တဲ့ မောင်လှထူးဆီ သွားတော့ စူး၊ ပြက္ခဒိန်မှာ သူ့လိပ်စာ ရေးထားတယ်. . .

"ပြီးတော့ သမီးအစ်မ အမိုက်မ မိဦးကို တွေ့အောင်ရှာပြီး တာဝန်ယူခိုင်း၊ သူနဲ့အတူနေပြီး ကျောင်းတက်ပါရစေ ချော. . . ကြားလား. . .

"ကြီးကြီးစုတော့ ပြည်တစ်ဘက်ကမ်းက ကံမမြို့မှာရှိတဲ့ အမျိုးတွေဆီ သွားနေမယ်. . .

"မောင်ချမ်းသာဆီက ယူထားတဲ့ ငွေတွေလည်း များပြီ၊ ဒီအိမ်ကိုပဲ တန်ဖိုးသင့်ပြီး အပ်လိုက်တော့မယ်. . .

"ခရီးဆောင်အိတ် ကောင်းကောင်းတစ်လုံးဝယ်၊ လိုတဲ့ ပစ္စည်းတွေထည့်၊ အမြန်ဆုံးပဲ ရန်ကုန်သွားပေတော့ တူမလေး ရေ"

တူဝရီးနှစ်ယောက် မျက်ရည်စက်လက်နှင့် ဖက်၍ ငိုပြီးနောက်. . .

များမကြာခင်မှာပင်. . . စူးတစ်ယောက် ရန်ကုန်မြို့သို့ ဆောင်လည်လည်နှင့် ရောက်လာခဲ့ရခြင်းဖြစ်ပါတော့သတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

စူးသည် ဖြတ်သန်းလာခဲ့ရသော ငယ်ဇာတိမြို့အကြောင်း... ကို အကျဉ်းရုံး စဉ်းစားပြီးချိန်မှာတော့ မျက်ရည်တို့ မကြွေ... နေအောင် ထိန်းထားနိုင်စွမ်း မရှိတော့။

"ဒါကြောင့်သာ ပြည်မြို့က အကြောင်းတွေ မစဉ်းစား... တော့လို့ မမဦးက မှာခဲ့တာနေမှာ"

ဒါပေမယ့်. . . စူးဘဝကလည်း အထီးကျန်။ ကျော... စာ တာဝန်များက မရှိသေး၊ ဘော်ဒါဆောင်မှာ အစစ အ... ပစ္စည်းများက နေသားတကျ ရှိနေခဲ့ပြီမို့. . .

စူး၏ အလုပ်က အိပ်ရာထက်မှာ လဲလျက် တွေးနေ... လွဲ၍ တစ်ခြားဘာမှ မရှိသဖြင့် မမဦး၏စကားကို နားမထော... မိသလို ဖြစ်ရခြင်းပါ။

စူး၏ အတွေးထဲမှာ ပြည်မှ အကြောင်း။ သူ့အဖေ... ကောင်းခဲ့ကြသော အစ်ကိုလှထူးနှင့် မမထွေး။

ဩော်. . . ပြီးတော့ ကြီးကြီးစုကို ဦးချမ်းသာက ... ငါးထောင် နောက်ဆုံးလာပေးခြင်းအကြောင်းများ၊ ၎င်းငွေထဲ... ကြီးကြီးစုက တစ်ထောင်ပေး၍ ရန်ကုန်သို့ စူးကို လွှတ်လိုက်... ဖြစ်သည်။

ကျန်သော ငွေနှင့် ကမမှ တူမဝမ်းကွဲများရှိရာသို့ ... သွားနေရမည်။

သူ့ တူမများသည် သူ့အပေါ် စေတနာရှိသော်လည်း ... မရှိကြ၊ ငွေထုပ်နှင့် ရောက်လာသူ ကြီးဒေါ်ကို စေတနာ... ပြုစုကြမှာပါဟု ကြီးကြီးစု ယုံကြည်စွာ ကမမြို့သို့ ရောက်နေ...





...ပြီ။

သူ့ငွေသမီးဘွဲ့ ခံခဲ့သော အပျိုကြီး ကြီးကြီးစုမှာ ဘာမှ ...သုံးရရှာ၊ ဖေဖေဦးချစ်ငွေ ဖြုန်းပစ်၍ စီးပွားလည်း လုံးလုံး ...ကျခဲ့ပြီ။

ယခုငွေသည် ရသင့်ရထိုက်သော ငွေမဟုတ်၊ ကြွေးမြီမှ ...ပြန်ခြင်းငွေလည်း မဟုတ်ပါ။

ဦးချမ်းသာက စေတနာသန့်သန့် ကရုဏာသက်သက်ဖြင့် ...ငါးထောင် လာပေးခြင်းသာ ဖြစ်ပါ၏။

ဦးချမ်းသာသည် ဖေဖေ၏ သူငယ်ချင်းကောင်းတစ် ...ယောက်အနေဖြင့် နောက်ဆုံးအချိန်အထိ အကူညီပေးနေရှာသော. . . စူးတို့၏ ကယ်တင်ရှင်က ဦးချမ်းသာပါ။

ယခုတော့. . .

စူး ဘဝ တစ်ခုလုံး၏ ကျေးဇူးရှင်ကြီးမှာ. . . မမဦးသာ ဖြစ်ချေတော့သည်။

ခေတ်မီလွန်းစွာ လှပနေသော မမ တင်မေဦး၊ အဲလေ. . . ကေရီဦး၏ အလှများကို ဝမ်းမြောက်စွာ ငေးမော...သည်။

အားလုံး စီစဉ်ပေးပြီး ငွေကြေးပါ ထောက်ပံ့နိုင်မည့် မမဦးကို လေးစားကြည်ညိုစိတ်ဖြင့် အချစ်ကြီးသလို အထင် ...ကြီးမိပါ၏။

သို့သော်လည်း. . .

"မမဦး၏ ဘဝသည် ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"တိုက်တွေ ကားတွေနှင့် မမဦး၏ ချမ်းသာကြွယ် မှုသည် ဘယ်လိုဖြစ်တည်လာခဲ့သလဲ"

"မမဦး ဘာအလုပ်တွေ လုပ်နေသလဲ ဟူ၍ဖြင့်"

စူး ဆိုသော ဆယ်ကျော်သက်မလေးသည် တွေးမကြည် မိ၊ တွေးရကောင်းမှန်းလည်း မသိခဲ့။

◆ ◆ ◆



အခန်း ။ ၁၆ ။

ဇူလိုင်မိုးသည် တစ်စုံတစ်ဦးကို အငြိုးကြီးနေသလို သဲကြီး ရှာချနေလေပြီ

စူးတို့၏ စာပေးစာယူ လက်တွေ့နှင့် စာတွေ့သင်တန်း သည်း စဉ်ဆက်မပြတ် သင်ကြားနေပါလေပြီ။

ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ တက်ရသော်လည်း ာရှက်ထိပ်အထိ ကားမစီး၊ လူကျပ်လွန်းသဖြင့် မာလာ င်ရှေ့မှဆင်းပြီး ပင်မတက္ကသိုလ်မှ ဖြတ်လျှောက် အင်းလျား းအတိုင်း ပြန်နေကျ။

စနေနေ့မှာ စူးတို့ ပရက်တီကယ်လ်က တစ်နေ့လုံး ပင်။ နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ။

သို့သော်လည်း အချိန်ပြည့် နေစရာမလို၊ စူးက အစော ၍ စောစောပြန်လာကာမှ မိုးက သဲကြီးမဲကြီး ရွာချနေ၍ တက္ကသိုလ်မှာ မိုးခိုနေရသည်။

"လှလိုက်တာကွာ. . . မိုးစက်လေးတွေ"

"လှတဲ့ မိုးစက်ကလေးတွေက စူးတတ်သလား မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ထီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး စူးက စူးစူး
လှည့်ကြည့်လိုက်တော့ အပိုးမကျိုးသော မျက်နှာ စပ်ဖြဖြ
ငရစ်နှစ်ကောင် ရှောင်ထွက်သွားကြသည်။

လှသော စူးကို စ သော သူ၊ မြားနှင့် ပစ်သောသူ၊ စာ
သူ၊ လိုက်စကားပြောသူတို့က သင်တန်း စတက်ပြီး မကြာ
မှာပင် စတင်ကြဲခဲ့ရ၍ စူးအတွက် ရိုးနေပါပြီ။

ငါးပွက်ရာ ငါးစာလိုက်ချသည် ဆိုသော စကားပုံ
နီးစပ်ပါ့မလားတော့ မသိ၊ ဤတက္ကသိုလ် ပရိဝုဏ်မှာ မိ
ကလေးတစ်ယောက်၏ အရည်အချင်း၊ စိတ်ထားမြင့်မြတ်
နှင့် စာတော်ခြင်း စသည်တို့ကိုကြည့်ပြီး လိုက်ကြသူက
သလောက်။

မိန်းကလေးတစ်ယောက် လှပြီဆိုလျှင်တော့ ထန်းလျ
ခဲမှာ ပုရွက်ဆိတ် အုံသလို လိုက်သူတွေက တစ်အုံကြီး၊ တစ်
ကြီး။

အချင်းရှိသော်လည်း အဆင်းပါရမီ နည်းရှာသော
ကျောင်းသူတို့မှာ ကျောင်းပြီးသွားသည်အထိ လိုက်သူ မရှိ
ရည်းစားမထားလိုက်ရ။

မိဘကလည်း စီစဉ်မပေးနိုင်ခဲ့လျှင် ဤမိန်းကလေး
သူများတွေလို ရွှေလက်တွဲချင်ပါလျက် တစ်သက်လုံး အပျို
ဖြစ်ရသူတွေက မြန်မာပြည်မှာ အနန္တ။

စူးမှာတော့ တစ်နေ့တစ်ခြား နာမည်ကြီးလာသ
ထင်၏။ စူးဆိုသော အမည်ကိုပင် သိသူ တော်တော်များ





ဦး၏။

စူးကတော့ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ပါ။ ဘယ်သူ့ကို
ည်း စိတ်မဝင်စားပါ။ ကိုယ့်ဘဝ ကိုယ်နားလည်စွာဖြင့် စာကို
ကြိုးစားမည်ဟူသော ဆုံးဖြတ်ချက်ကို ဆုပ်ကိုင်ထား သူပါ။

မိုးသည် သည်းရှိန်ကုန်၍ အားပျော့သွားသလို မိုးစက်
တ်များ သေးသွားသည်။

စူးက ထီးကို ခပ်ကုပ်ကုပ် ဆောင်းပြီး သိပ္ပံအဆောက်
အအုံဘက်မှ ဖြတ်လျက် လက်ဝဲဘက်ချိုးပြီး အင်းလျားလမ်း
တ် ထွက်လိုက်သည်။

မိုးရွာနေ၍ နောက်ကလာမည့်ကားကို ရှောင်ရမည့်
အစား မျက်နှာချင်းဆိုင်လျှင် အန္တရာယ်ပိုးကင်းမည်ဟူသော
ည်ရွယ်ချက်ဖြင့် လမ်းဖြတ်ကူးကာ အင်းလျားလမ်းအတိုင်း
လျှောက်လာဆဲမှာ. . .

ခေမရဋ္ဌ ရှမ်းစားသောက်ဆိုင် အကျော်လောက်တွင်
မီးမတင်ရသေးသော ကားပြာလေးတစ်စင်း မျက်နှာချင်းဆိုင်
အရှိန်လျှော့၍ လာနေသည်။

လက်ယာဘက်လမ်းကို ချိုးကွေ့ရန် အချက်ပြမီးလေးက
တ်တုတ်မှိတ်တုတ် ပြနေ၍ စူးက အင်းလျားလမ်းသွယ်ကို ဖြတ်
သေးဘဲ ရပ်၍ စောင့်နေ၏။

ကားက ဆက်သွားရမည့်အစား ရပ်လိုက်၍ ကန့်လန့်ခံ
သို ဖြစ်နေ၏။

စူးက ကားဝင်သွားမည်ကို စောင့်ပြီး လမ်းရှင်းမှ သွား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလား၊ ကားကို ပတ်ကွေ့ပြီး ဆက်သွားရကောင်း မလားဟု ခြေလှမ်းတုံ့နေဆဲမှာ. . .

"စူး. . . စူး. . . အို. . . စူးပါလား"

ကားတွင်းမှ ပြေးဆင်းလာသူက နေမင်းသာ။

စူးက လွယ်အိတ်နီလေးကို ရင်ခွင်မှာပိုက်ပြီး ထီးမှ သူကတော့ မိုးရေထဲမှာ။

သူ့ကို တွေ့လိုက်ရတော့ စူး၏နှလုံးသွေးများ ဆောင့်ခုန် တိုးမြန်လာသည်။

"စူး အခု ကျောင်းက ပြန်လာတာလားဟင်၊ တိုက်ဆိုင် လိုက်တာ၊ အခုပဲ မင်္ဂလာဒုံက ပြန်လာတာ၊ စူး ဘယ်မှာနေသလဲ လို့ အစ်ကိုလှထူးကို သွားမေးတာ၊ မသိဘူးဆိုလို့"

"စူးသွားတော့မယ်နော်၊ သူလည်း မိုးတွေစိုနေပြီ"

စူးက သူနှင့် ရင်မဆိုင်ချင်၊ မတွေ့ချင်၍ သည်မျှသာ ပြောပြီး ခပ်သွက်သွက် လျှောက်ထွက်လာခဲ့တော့သည်။ နောက် ကို လှည့်ကြည့်လိုသောစိတ်ကိုလည်း ချိုးနှိမ်ထားရလျက်. . .

စူး သူ့ကို မကြည့်မိအောင် သတိထားပြီး တက္ကသိုလ် ရိပ်သာလမ်း ယာဉ်ကြောအတွက် မီးနီပြသည်နှင့် စူးက လမ်း ဖြတ်ကူးလိုက်သည်။

သူတော့ ကျန်ရစ်ပြီ။

သည်ဘက် အင်းလျားလမ်းပေါ် ရောက်သည်အထိ စူး၏ရင်က မငြိမ်သေး။

သို့သော်လည်း သူ ကျန်ရစ်ပြီမို့ စိတ်အေးရပါပြီ။





အတော်လေး လမ်းလျှောက်လာပြီး စူး ချိုးကွေ့ရမည့် လက်ဝဲဘက် အခြမ်းနား အရောက်တွင်. . .

"အို. . . သူ့ကားက ရှေ့မှာပါလား"

စူး ပြန်လည်ရင်ခုန်စွာ လမ်းထဲဝင်လာတော့ သူ့ကားက ဖြည်းလိမ့်ရုံလေးမောင်းပြီး နောက်က လိုက်လာနေချေပြီ။

အင်းလျားလမ်းသွယ်၏ လမ်းလယ်လောက်မှာ စူး၏ အဆောင်ရှိသည်။

စူးက ခပ်သွက်သွက်လျှောက်ပြီး အဆောင်ခြံဝင်းတွင်းသို့ ဝင်လိုက်စဉ်မှာပင်. . .

သူ့ကားက ဝူးခနဲနေအောင် မောင်းပြီး ခြံတွင်းသို့ ဝင်နှင့် ၍ တိုက်ကြီး၏နောက်ဘက် ဘော်ဒါဆောင်ရှေ့မှာကားကို ဒုန့်ခနဲနေအောင် ရပ်လိုက်ပြီ။

စူး ပြန်လှည့်သွား၍လည်း မဖြစ်၊ ပြန်လှည့်သွားစရာ နေရာလည်း မရှိပါ။ ကျောင်း၏ စာသင်ခန်း လက်တွေ့ခန်း တံခါးများလည်း ပိတ်ပြီ။

စူး ဝင်လာတော့ သူက ဧည့်ခန်းမှာ အစွင့်သား ထိုင် လျက်. . .

"အဝတ်သွားလဲ စူး. . . ပြီးတော့ ကိုယ်နဲ့ ခဏလာ စကားပြောပါ၊ စူး ထွက်မလာရင် ကိုယ်မပြန်ဘူးနော်"

မနာခံ၍ မဖြစ်တော့ပါလား။

ထွက်ပေါက်ပိတ်နေသော ထောင်ချောက်မိ ယုန်သူငယ် လေးတစ်ကောင်လို စူး ဖြစ်ရပါချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးမိလာသော်လည်း စူး၏ တစ်ကိုယ်လုံး ရှိန်းနွေးလာ၏ ခံစားမှုသစ်ကြောင့် သွေးလည်ပတ်နှုန်း မြန်လာခြင်းကြောင့်ပါ

မမဦး တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ပေးလာသော အဝတ် များထဲမှ ပြာလွင်သော အင်္ကျီအကွက်ပွပွကြီးတစ်ထည်နှင့် ထဘီ အနက်ပြောင်တို့ကို လဲလှယ်ဝတ်လိုက်ရသည်။

စိုနေသော အာရှကေ ဆံပင်လေးကို မျက်နှာသုတ်ပဝါ နှင့် သုတ်ပြီးမှ ဖြီးလိုက်ရသည်။ မျက်နှာကိုပါ သုတ်ပြီး သနပ်ခါး မှုန့်နှင့် တို့ဖတ်ပဝါကို တို့၍ တစ်မျက်နှာလုံး ပွတ်ပစ်လိုက်တော့ မျက်နှာလေးမှာ မှုန်သွားအောင် လှလေသည်။ မိတ်ကပ်နှင့် ကရင်ပတ်ဖ်တို့ လိမ်းလျှင် ဖြယ်သလာတာပေါ့မည်။

အလှ ပြင်လာကြောင်းလည်း သူမသိစေချင်။

မျက်နှာပြောင်ကြီးနှင့်လည်း မတွေ့ချင်။

မိန်းကလေးတို့၏ ခံယူချက်ကလည်း ခက်သားပါလား နော်. . .။

"အင်း. . . သူ့ကို မတွေ့ချင်ပေမယ့် တွေ့ဖို့က ကြိုး ဖြစ်လာတယ်၊ သူလည်း ငါ့ကို အပြတ် တောင်းပန်နေပြီပဲ ပြီးတော့. . . သူ့အဖေဟာလည်း တို့ကို အခု နောက်ဆုံးအချိန် အထိ ကူညီတုန်းပါလေ"

ယင်းအတွေးများနှင့်အတူ ဧည့်ခန်းသို့ လှမ်းထွက်ခဲ့ သည်။ ဧည့်ခန်း၌ စုံတွဲတို့ မရှိကြသေး၍ တော်ပါသေးသည်

"မိုးမိလို့ စူး ချမ်းလာမယ်၊ ကော်ဖီပူပူလေး ဖျော်သော လိုက်ပါဦးလား"





"ရပါတယ်"

"အင်္ကျီအထူ ဝတ်ထားရင် ကောင်းမယ်"

"ကိစ္စမရှိပါဘူး. . . စူးကို ဘာပြောစရာရှိလို့လဲ"

"ပြောစရာတွေကတော့ အများကြီးပေါ့ စူးရယ်၊ ဒါပေ မယ့်. . . စူး အချိန်ပေးနိုင်သလောက်ပဲ ပြောပါ့မယ်"

"ကဲ. . . ပြောစရာရှိတာသာ ပြောစမ်းပါရှင်"

"ကိုယ် မင်္ဂလာဒုံရောက်တာ သုံးခေါက်ရှိပြီ၊ အစ်ကို လှထူးကလည်း စူး မှာထားလို့ ထင်ပါရဲ့၊ ဘာမှမေးလို့မရဘူး၊ စူးကို ကျောင်းထားပေးဖို့ သူ့အစ်မ လာခေါ်သွားတယ်၊ ဘယ် နေရာမှာ နေလဲ ငါမသိဘူးပဲ ပြောတယ်"

"သူ တကယ်မသိတာ ဖြစ်မှာပါ၊ ဒီအဆောင်မှာ နေ ကြောင်း စူး သွားမှ မပြောရသေးတာ"

"ကိုယ့်စိတ်က အစ်ကိုလှထူး ကိုယ့်ကို ညာပြောတာလို့ပဲ ထင်ပြီး ဒီနေ့လည်း သွားမေးပြီး ပြန်လာတာ သူ့ဆီက ဘာမှ မသိခဲ့ရပေမယ့်. . . ကိုယ် ကံကောင်းလိုက်တာကွယ်၊ စူးနဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတယ်လို့၊ ပြီးတော့ နေကြတာက ဘစ်လမ်းထဲ"

"ဟင်"

"ကိုယ်က ဟိုဘက် အင်းလျားလမ်းမှာလေ၊ ခုလိုပဲ ဆိုက်ကြီးနောက်က တိုက်ကလေးတစ်လုံးကို ငှားနေတာ"

"ဩော်"

"ဒီနေ့ စနေနေ့၊ ကျောင်းကပြန်လာတယ်ဆိုတော့ စူးက



www.burmeseclassic.com

www.burmeseclassic.com



ကော်ရက်စပွန်းဒဲန့်ပေါ့နော်၊ ဘာမေဂျာလဲဟင်. . .”

“ဖီးဇစ်(ခ်စ်)ပါ”

“စူးက စာသိပ်တော်တယ်လို့ အစ်ကိုလှထူးက ပြော တယ်၊ ဆယ်တန်းအောင်ပြီး တစ်နှစ်နားလိုက်ရသေးတယ်ဆို”

“အင်း”

“ဘာဖြစ်လို့လဲ ဟင်”

“မေမေ မကျန်းမာလို့၊ ဆုံးပြီးတော့လည်း ကျောင်းထား ပေးမယ့်လူ မရှိလို့ပါ”

“အခုတော့. . . စူးဘဝက အားငယ်စရာ မရှိတော့ ပါဘူးနော်. . .၊ စူးရဲ့မမက အလှပြင်ဆိုင်ပိုင်ရှင်တဲ့. . . အစ်ကို လှထူးက ပြောပြတယ်”

“အင်း”

“စူးကို ကိုယ် တောင်းပန်ချင်တဲ့ စကားလုံးတွေကတော့ ရင်ထဲမှာ အပြည့်ပါပဲစူးရယ်၊ မင်္ဂလာဒုံအိမ်မှာတုန်းက ကိုယ့်ကို မြင်ရင် စူး စိတ်ညစ်နေပြီဆိုတာသိလို့ ကိုယ် ရှောင်ပေးသွား တာပါ”

“စူး နားလည်ပါတယ်”

“ဆက်ပြီး နားလည်ပေးပါဦး စူးရယ်၊ ကိုယ် စူးဆီကို လိုက် လာပြီး ပြောခဲ့ ဆိုခဲ့တာတွေ ပြန်တွေးမိတော့ ကိုယ်သိပ် မှားတယ်ဆိုတာ သိရပါပြီ၊ မှားရုံမဟုတ်ပါဘူးလေ. . . လူမဆန် တဲ့ အပြုအမူတွေ လုပ်မိခဲ့ပါတယ်၊ အဲဒီအတွက် စူး ကျေနပ် အောင်. . .”





“တော်ပါတော့၊ အဲဒီကိစ္စ ထားလိုက်ပါတော့”

“မထားပါရစေနဲ့ စူး၊ စူး ကျေနပ်တဲ့အထိ ကိုယ့်ကို တောင်းပန်ခွင့်ပေးပါ စူးရယ်၊ အဲဒါတစ်ခုဟာ ကိုယ့်ရဲ့ အဖြစ်ချင် ဆုံး ဆန္ဒပါ”

“စူးလို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ဒီလောက် တောင်းပန်ဖို့ မလိုဘူးထင်ပါတယ်လေ”

“စူး အဲဒီလိုပြောလေ၊ ကိုယ်သေလောက်အောင် တောင်း ပန်ချင်လေပါပဲ စူး”

အပူရင်၏ ထင်ဟပ်မှုကြောင့် ညှိုးရော် နွမ်းလျနေသော သူ့မျက်နှာကို စူး စိုက်ကြည့်ဖြစ်မိ၏။

“အမှန်ကို ဝန်ခံရရင် မေမေရှိစဉ်က စူးတို့ဖေဖေက ဆိပ်နှိပ်စက်တာပဲ၊ ဦးချစ်ငွေရဲ့ဒဏ်ကို အလူးအလဲ ခံနေရတယ်၊ ဘာညာပေါ့လေ. . . ပြောသံ ငိုသံတွေ ကြားခဲ့ရတော့ ဦးချစ် ငွေ မိသားစုကို စိတ်နာနေမိခဲ့ပါတယ်”

“အင်း”

“အဲဒီအစွဲရှိနေဆဲမှာပဲ ဦးချစ်ငွေရဲ့သမီးက တမင် စိတ်ချင်း လဲယူသွားတယ်ထင်ပြီး ဒေါသတွေ အရမ်းထွက်ရာ က အဆင်ခြင် ကင်းမဲ့စွာ ပြောလိုက်မိခြင်းပါ စူး. . .

“အပြန် ကားပေါ်မှာ ငွေထုပ်ကို တွေ့ရကတည်းက ‘ငါမှားပြီ’ဆိုတာ သိသွားခဲ့ပါပြီ၊ ဖေဖေနဲ့လည်း ဆွေးနွေးပြီးပါပြီ၊ အမှန်တော့ မိဘ လက်ထက်က ကိစ္စမို့ စူးတို့မှာ ဘာအပြစ်မှ ရှိပါဘူး စူးရယ်။ ကိုယ့်ရဲ့ မဟာအမှားအတွက် ဘာပြန်လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ ဟင် စူး၊ စူး တစ်ခုခုတော့ ဆုံးဖြတ် ပေးပါ"

"မဟာအမှားလို့လဲ ထင်မနေပါနဲ့တော့လေ"

"ဟင်. . . စူး"

"စူးလည်း ဟိုတုန်းကတော့ ကိုယ့်ဘာသာ အားငယ်နေရတဲ့အထဲ သူခိုးမအထိ အပြောခံရတော့ စိတ်လည်းဆိုး အားလည်းငယ်၊ ဝမ်းလည်းနည်းပြီး ငိုလိုက်ရတာ"

"စူး ရယ်"

"ခုတော့. . . စူးဘဝလေးလည်း အခြေတကျ ဖြစ်သွားပါပြီလေ၊ ကိုနေမင်းသာရဲ့ ဖေဖေကလည်း စူးတို့မိသားစုရဲ့ ကျေးဇူးရှင်ပါ၊ ဒါကြောင့် အဲဒီကိစ္စတွေ မေ့လိုက်ပါတော့နော်"

"ဟင်. . . မေ့လိုက်ရမယ်"

"ဟုတ်တယ်၊ စူးလည်း မေ့ပစ်လိုက်ပါ့မယ်"

"ဟာ. . . စူးရယ်၊ ဒါဆို ကိုယ့်ကို ခွင့်လွှတ်လို့ပေါ့နော်. . . ဟုတ်လား ဟင်"

စူး ခေါင်းညိတ်ပြလိုက်တော့ သူ့အပြုံးများက ဝင်းလက်ကြည်လင်လိုက်ပါဘိခြင်းလေ. . .

ထိုညနေက နောက်ထပ်နာရီဝက်လောက် စကားပြောဖြစ်ကြပြီးမှ သူပြန်သွားသည်။

သူပြန်သွားသော်လည်း သူနှင့်ပတ်သက်သော တစ်ခုံတစ်ရာသည် စူးထံမှာ ကျန်ရစ်ခဲ့သည်သို့ ရှိရပါချေ၏။

◆ ◆ ◆



အခန်း ။ ၁၇ ။

သည်တနင်္ဂနွေမှာတော့ မနက်ပိုင်း ပရက်တီကယ်လ်ရှိ၍ စူးအဝတ်တွေလျှော်၊ ခေါင်းလျှော်၊ ကိုယ့်ကျောတစ်ခင်းစာ အွက်ကွက်ကလေး တစ်နေရာကို လှဲကျင်း သန့်ရှင်းရေး လုပ်ပြီးမှ စာကျက်ဖို့ စားပွဲမှာ ထိုင်လိုက်သည်။

စာထဲမှာ သိပ် စိတ်မရောက်လှ၊ ရူပဗေဒပုစ္ဆာများက သိပ်မရှင်းလင်း။

အဝတ်လျှော်ချိန် ရေချိုးချိန်နှင့် စာကြည့်ချိန်များတွင် စူးသည် မမဦးကို မျှော်နေမိသည်တော့ အမှန်ပါ။

သို့စဉ်လျက် စိတ်အာရုံသည် မနေ့ညနေက အကြောင်းအရာတို့၌ ပို၍ ကျက်စား ပျံ့လွင့်နေသည်။

ကိုနေမင်းသာနှင့် စူးတို့သည် ကြို၍ဖန်၍ ဆုံဆည်းခဲ့ကြခြင်းမဟုတ်၊ မတော်တဆ တိုက်ဆိုင်ရာမှ ဆုံဆည်းခဲ့ကြသည်ချည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ပထမဆုံး မင်္ဂလာဒုံအိမ်မှာ လာခဲ့စဉ်က ရင်ထဲမှာ သည်းသည်းခိုက်မျှ နာကျည်းစွာ သူ့ကို စက်ဆုပ်မိခဲ့ပါသည်။

အားငယ်နေသူ တစ်ယောက်ကို အင်အားတွေ သုံးကာ နှိပ်စက်ကလူ ပြုတတ်သော အာဏာသားကြီးတစ်ယောက်လို့လည်း ရွံရှာကြောက်မိခဲ့သည် အမှန်ပါ။

ယခုတော့. . .

မင်္ဂလာဒုံအိမ်မှာစတင် ရှောင်ဖယ်ပေးသွားစဉ်ကဝဲ ရင်ထဲမှာ အကျိတ်အခဲတို့ ပြယ်စပြုခဲ့ရပြီ။

မနေ့ကဖြင့် သူ့မျက်နှာ နွမ်းနွမ်းနှင့် တောင်းပန်ခြင်းများ၊ စူးထံမှ ပြေလည်မှုရတော့ သူ့အပြုံးများ၊ သူ့စကားလုံးများက အားပြည့်လာသည်။

စူးနှင့် ပတ်သက်၍ သူတကယ်ပင် ထိခိုက်စွာ ခံစားခဲ့ရရှာကြောင်း ပေါ်လွင်လာသဖြင့် စူး စိတ်ပြေရုံမက သူ့အကြောင်းပင် တွေးနေမိသည်အထိပါ။

“အို. . . ငါနဲ့ ဘာဆိုင်လဲ၊ သူမှားတာသိလို့ လာတောင်းပန်တာဖြစ်မှာပါ။ သူက သိပ်ချမ်းသာတဲ့ ဘွဲ့ရပြီးသား သူဌေးသား၊ ငါ့ဘဝက ကိုယ်တိုင်တောင် မရှင်သန်နိုင်သေးတဲ့ နွယ်ပင်လေး တစ်ပင်ပဲလေ၊ သူ့ကိစ္စ ပြီးတော့လည်း ပြီးသွားမှာပဲပေါ့၊ ငါလည်း သူ့ကို ခွင့်လွှတ်ပါတယ်လို့ ပြောလိုက်ပြီးပြီပဲ”

သူနှင့်ပတ်သက်၍ အတွေးကို အဆုံးသတ်ပစ်လိုက်ရ၏၊ မမဦးကို အမျှော်ကြီး မျှော်သော်လည်း မမဦးက စူးကျောင်းသွားရခါနီးအထိ ရောက်မလာခဲ့တော့ပါ။





“မမဦး တစ်ယောက် သိပ်များ အလုပ်များနေသလား မသိဘူး၊ သနားပါတယ်. . . ငါ့အစ်မ”

တွေ့စရာ အကြောင်းရှိ၍ မျှော်ခြင်းမဟုတ်ပါ။ မမဦးကို ချစ်စိတ် လွမ်းစိတ်များကြောင့် တွေ့ချင်၍ တမ်းတခြင်းသာ ဖြစ်ပါလေသည်။

စူးနှင့် အတူနေ ဘော်ဒါကျောင်းသူများက ပင်မ တက္ကသိုလ်မှာ ကျောင်းတက်ကြသူများဖြစ်၍ သူတို့က အားကြသည်၊

တချို့ကလည်း စူးလို တစ်ကိုယ်ရေ အလုပ်များလုပ်ကြ၊ အတွဲ ရှိသူများကလည်း မြို့ထဲ ထွက်ကြ၊ တချို့ကလည်း ဆွေမျိုးများ လာခေါ်သွားကြနှင့်။

တစ်ဦးတည်းသော စာပေးစာယူကျောင်းသူဖြစ်သည့် စူးသည်သာ လွယ်အိတ်ကလေး လွယ်လျက် ထွက်ခဲ့ရသည်။

မိုးက မရွာသော်လည်း နေသာခြင်း မရှိ။ ကောင်းကင် တစ်ပြင်လုံး မိုးသားမိုးငွေ့များနှင့်အုံ့ဖွဲ့ထားသဖြင့် နေမင်း၏ အလင်းရောင်က မထိုးဖောက်နိုင်။ စူးမှာ ခရမ်းပြာရောင် ဝတ်စုံလေးနှင့် လွယ်အိတ်နီကိုလွယ်လျက် အင်းလျားလမ်းအတိုင်း လျှောက်လာဆဲ တက္ကသိုလ်ရိပ်သာလမ်း မရောက်မီ လမ်းထိပ် အနီးမှ လက်ဖက်ရည်ဆိုင်နားမှာ ရပ်ထားသော ဆန်နီ ကားပြာလေး။

အမိုးမတင်ရသေးသော ကား၏ နောက်ပိုင်းကို မှီလျက် လက်ပိုက်ရပ်ကာ စူး လျှောက်လာသည်ကို စောင့်ကြိုကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သော. . . သူ. . . နေမင်းသာ။

"ဟယ်"

စူး လန့်သွားပြီး ခြေလှမ်းလည်း တန့်သွားတော့ သူ[...] ပြုံးပြုံးကြီး ကြည့်ပြီး စူးဆီသို့ လျှောက်လှမ်းလာ၏။

"မနက်ပိုင်း စူး ကျောင်းသွားရမယ်ထင်ပြီး အစောကြီး[...] လာစောင့်နေသေးတယ်"

"ဟင်"

"နောက်တော့ ကျောင်းတစ်ခေါက်ပြေးပြီး နို့တစ်ဘို့[...] အချိန်ဇယား သွားကြည့်တယ်၊ ကျောင်းသူလေးတွေလည်[...] မေးကြည့်တော့မှ စူးရဲ့ ပရက်တီကယ်လ်က သုံးနာရီမှ စမှာဆို[...] ကိုယ် နှစ်နာရီ မိနစ် နှစ်ဆယ်ကတည်းက ဒီမှာ လာစော[...] နေတာ"

"ဟင်. . . ဘာကိစ္စလဲ"

"စူးနဲ့ တွေ့ချင်လို့ပေါ့ဗျာ"

"အို"

"ကဲ. . . လာလေ. . . ကားပေါ်တက်၊ ကိုယ် လိုက်[...] ပေးမယ်"

"ဟင်အင်း. . . မစီးချင်ပါဘူး၊ စူးဘာသာ လမ်းလျှော[...] သွားနေကျ"

"လာပါ. . . စူးရယ်"

"လုံးဝ မစီးပါရစေနဲ့၊ စီးဖို့လည်း မသင့်လျော်လို့[...] စူးတောင်းပန်ပါတယ်ရှင်"





စူးက စကားဆုံးသည်နှင့် ခေါင်းငုံ့ပြီး သူ့ကို ကွေ့ပတ်[...]တ် ခပ်သွက်သွက် လျှောက်ထွက်လာခဲ့တော့သည်။

စူး နောက်သို့ တစ်ချက်မျှ ပြန်လှည့်မကြည့်၊ စိတ်လှုပ်ရှား[...]ားဖြင့် တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်ကူးတော့မည်[...]ဆဲမှာ. . .

"ဟိတ်. . . စူး. . . ဟိုမှာ ကား"

အင်းလျားလမ်းတွင်းသို့ အရှိန်နှင့် ကွေ့ဝင်လာသော [...]ားကို မမြင်မိ။

ဘွားခနဲ ပေါ်လာသော ရှေ့မှကားနှင့် နောက်က ကပ်[...]ာ်လိုက်သော ကိုနေမင်းသာတို့၏ အသံကြောင့် စူးရင်ဘတ်[...] ဖိပြီး မျက်ဝန်းအဝိုင်းသားဖြင့် သူ့ကို လှည့်ကြည့်လိုက်[...]တော့. . .

"လန့်သွားလားဟင် စူး. . . သိပ်လန့်သွားလား"

"ရပါတယ်၊ စူး ကိုက လောကြီးသွားတာပါ"

"ကားတွေက ရမ်းတယ်၊ လမ်းကူးရင် သတိထားကူးနော်[...]"

"ဟုတ်ကဲ့. . . အရင်တစ်ခါကလည်း အဲဒီလို လောကြီးမှု[...]ကြောင့်ပဲ စူး အပြောခံခဲ့ရတာလေ"

"အိတ်မှားတဲ့ကိစ္စ တော်ပါတော့ စူးရယ်၊ ကိုယ်တို့နှစ်[...]ာက် ပြေလည်ခဲ့ကြပြီလေ"

"ဟုတ်ပါတယ်၊ ကဲ. . . စူး သွားတော့မယ်နော်"

"နေဦး စူး. . . ကိုယ် လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ"

"ကျောင်းအထိပေါ့"

"အို. . . မဟုတ်တာ၊ စူးဘာသာ သွားပါရစေ၊ သူ့ လည်း ကားကြီး ရပ်ထားခဲ့တယ်လေ"

"ကားက မောင်းယူသွားဖို့ မလွယ်ပါဘူး၊ ပစ္စည်းပျော ရင်သာ ပျောက်မှာ၊ ဒါပေမယ့် ကိုယ့်အဖို့တော့ စူးနဲ့ စကားပြေ ခွင့် ရနေတဲ့အချိန်ဟာ ကားတစ်စင်းထက် တန်ဖိုးရှိပါတ စူးရယ်"

"အို. . . စူးသွားတော့မယ်"

မီးစိမ်းပြထားချိန်မှာ စူး လမ်းကို ဖြတ်ကူးပြီး အင်းလျ လမ်းအတိုင်း အသွက်ဆုံး ခြေလှမ်းများဖြင့် စူး လျှောက်လာ သည်။ နောက်ကို လှည့်မကြည့်မိ။ ဘာစကားသံမှ ထပ်မကြာ ၍ သူလိုက်မလာတော့ကြောင်း သေချာလေမှ ကျောင်း ပရိုဝေ ရှိရာ လက်ဝဲဘက် လမ်းတွင်းသို့ စူး ကွေ့ချိုးဝင်ခဲ့သည်။ တော့ မာလာ ရှေ့က ကားစီး၊ လှိုင်ရောက်တော့ ကျူတိုရီရ အခန်းဝင်လိုက်သည်။ လွယ်အိတ်ကလေးချပြီး အမှတ်မထ အပြင်ကို လှမ်းကြည့်မိတော့. . .

"ဟယ်. . . သူ"

◆ ◆ ◆





"စူး ကားမစီးချင်ဘူးဆိုလို့ ကားကို ခြံထဲမှာ ပြန်ထားပြီး ကိုယ်လာစောင့်နေတာ"

"အို. . . ကားနဲ့ မလိုက်ရဘဲ ခုလို လိုက်နေတော့လည်း ဘာထူးမှာလဲ၊ စူး တစ်ယောက်တည်း သွားပါရစေ"

"ကိုယ် မနေခဲ့ပါရစေနဲ့ စူး၊ ဒီနားက ခေမရဋ္ဌမှာ တစ်ခုခု ဝင်စားရအောင်နော်. . . စူး၊ ကိုယ် မနက်ကတည်းက ဘာမှ စားရသေးဘူး၊ စူးနဲ့ လွဲသွားမှာစိုးလို့၊ ကျောင်းက အပြန်ကို စောင့်နေတာ"

"ဆာရင် ဝင်စားနေခဲ့ပါ၊ စူးက အဆောင်မှာ ထမင်းချိုင့် ရှိပါတယ်"

"လာပါ စူးရယ်"

"အို. . . စူး မလိုက်ရဲဘူး"

"မလိုက်ရဲဘူးဆိုတဲ့ စူးရဲ့ ကြွန္တေသိက္ခာကို ကိုယ် လေးစား ပါတယ်. . .၊ ကိုယ့်ကို ပြည် မြို့သူမြို့သားအချင်းချင်းလိုပဲ သဘောထားပြီး မိတ်ဆွေတစ်ယောက်အနေနဲ့ လိုက်ခဲ့ပါ၊ လာပါ. . . လာပါနော် စူးရယ်"

ခေမရဋ္ဌသို့ ဝင်ဖြစ်ခဲ့ရပါပြီ။

ခေမရဋ္ဌ ဟူသည် အရှေ့ပိုင်းရှမ်းပြည်၏ မြို့တော်. . . ယခင်က စော်ဘွား ထီးနန်းစိုက်ရာ ကျိုင်းတုံမြို့ကို ခေမရဋ္ဌ ဟု ခေါ်ပါသည်။

ယခု ဤအမည်ကို ယူ၍ ကျိုင်းတုံ ရှမ်းတို့ပင် ဖြစ်မည် ထင်သည်။ ရှမ်းအစားအစာ စစ်စစ်များ ရောင်းချပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်း ထမင်းချဉ်၊ ရှမ်းခေါက်ဆွဲအသုပ်၊ တို့ဟူးကြော… ဝက်ခေါင်းသုတ်နှင့် အဖျော်ရည်မျိုးစုံ။

ရှမ်းပြည်နယ်သူများ၊ ရှမ်းပြည်နယ်နှင့် ပတ်သက်သူမျ… အလွမ်းဖြေစရာ မြေစိုက်ဆိုင်ခန်းငယ်လေးပါ။

ထိုနေ့က ခေမရဋ္ဌမှာ ရှမ်းခေါက်ဆွဲသုပ်စားပြီး ပျားရ… နှင့် သံပုရာ ရောစပ်ထားသော ပျားသံသရာရည် ချိုချဉ်အေ… လေးကို ပိုက်နှင့် စုပ်သောက်ရင်း အတော်လေးကြာအော… စကားပြောဖြစ်သည်။

စူး ရင်ထဲမှာ အာဃာတများလည်း သံပုရာရည်နှ… မျှောသွားလေပြီ။

ထိုနေ့က ခပ်ကြာကြာမျှ စကားပြောဖြစ်ကြသည်။

စူးကြောက်ရွံ့မနေတော့ပါ။

ရှက်ခြင်းလည်း ပါးလျသွားခဲ့ပြီ. . .

◆ ◆ ◆



အခန်း ။ ၁၈ ။

သောကြာနေ့ မမဦးလာမည်ဟု ကြိုတင်ဖုန်းဆက်ထား၍ …တ်အစောကြီးကတည်းကပင် မမဦးကို မျှော်နေမိသည်။

သည်နေ့ ဗိုလ်ချုပ်ဈေးသို့ ပို့ခိုင်းမည်။

မမဦး ဝယ်ပေးထားသော ပိတ်စများကိုလည်း စူး မအပ် …တ်၍ ဘယ်မှာမှ မအပ်ရသေးပါ။

စူး၏ဆံပင်ကိုလည်း ဗိုလ်ချုပ်ဈေးမှာပင် ညှပ်ချင်သည်။ …တ်ရမလား၊ ပုံသွင်းရမလား၊ မမဦးကို မေးရမည်။

သည်နေ့ ရောက်လာမည့် ထမင်းဆိုင်နံ့နှင့် ထမင်းချိုင့်မှ …လျာကိုလည်း မစားချင်တော့၊ အပြင်မှာ မမဦးနှင့် နံနက်စာ …ည်။

မမဦးကိုယ်တိုင် မောင်းနှင်သည့် ကော်ရိုလာကားကို …းရမှာ ဘယ်လောက်များ ကျက်သရေမင်္ဂလာရှိလိုက်ပါ …။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မေမေနဲ့ ကြီးကြီးတို့ မြင်စမ်းစေချင်လှပါသည်

မနက်စောကြီးကတည်းက မျှော်နေရသော စူးမှာ မမ

တကယ်ရောက်လာတော့ နံနက် ဆယ်နာရီခွဲပြီးလေပြီ။

"လာခါနီးမှ မမျှော်လင့်တဲ့ကိစ္စတစ်ခု ပေါ်နေလို့ စူးရေ

"မမဦး စောစောလာမယ်ဆိုလို့ အစောကြီးကတည်းက

မျှော်နေတာ"

"ခုရော ဘယ်ကပြန်လာတာလဲ"

"ရှင်"

"စူးက ပြင်ဆင်ထားလို့"

"မမဦးလာရင် အပြင်လိုက်ရမလားလို့လေ"

ကေရီဦးသည် စူးသို့ ဝေသီသောအကြည့်ဖြင့် ခေတ္တ

တွေ၍ ကြည့်လိုက်ပြီးမှ အားမာန်သွင်းလိုက်သော အပြ

ဖြင့်. . .

"စူးက ဒီနေ့ဝတ်စုံလေးနဲ့ လှလိုက်တာ၊ ဒါမှလည်း ဝ

ပေးရကျိုးနပ်တာပေါ့၊ ဪ. . . စူးရေ၊ လာ. . . ကားထဲ

ပစ္စည်းတွေ ဝိုင်းသယ်ဦး"

ကြွပ်ကြွပ်အိတ်နှင့် နှစ်အိတ်. . . ဒီဇိုင်းသစ် ပလ

စတစ်ခြင်းတောင်းအဝါလေး တစ်ခုနှင့်အပြည့် ပစ္စည်း

တွေ. . .။

"အို. . . ဘာတွေလဲ၊ များလှချည်လား"

"စူးဖို့ပေါ့"

"ဟာ. . . မမဦးရယ်"





ကြွပ်ကြွပ် နှစ်အိတ်အပြည့်က အဝတ်များ၊ စားစရာများ

တော့ ပလတ်စတစ်ခြင်းနှင့်အပြည့်။

"မမဦး ပေးထားတဲ့ ဝတ်စရာတွေ စားစရာတွေ အများ

ရှိပါသေးတယ်၊ စူးအတွက် ငွေတွေဒီလောက်ထိအောင်

ကုန်မခံပါနဲ့ မမဦးရယ်"

"မမဦးတစ်ယောက်တည်းသုံးလို့ ငွေတွေက မကုန်ဘူး

"

"မမဦးက သိပ်ချမ်းသာတာပဲနော်"

ကေရီဦးသည် နှုတ်ခမ်းထောင့်စွန်းလေး တစ်ဘက်သာ

ညွတ်ကာ ခပ်မဲ့မဲ့နှင့် ခပ်ယဲ့ယဲ့လေးပြုံး၏။

ညှော်ခန်းစားပွဲပေါ်မှာ ပစ္စည်းတွေချရင်း စူးက မြူးကြွ

သည်။ သူ့အစ်မ အပြုံးကိုလည်း သူ သတိမထားမိ။

"မမဦးလာရင် စူးက လိုက်ပို့ခိုင်းမလို့"

"ဘယ်ကိုလဲ"

"ဘုရားတို့ ဈေးတို့ မုန့်ဆိုင်တို့ပေါ့ မမဦးရာ"

တင်မေဦး ဟူ၍ မခေါ်စေရ၊ ကေရီဦးဟုသာ အသိ

တ်ပြုရမည် ဆိုလေသော မမဦးသည် စူးကို စိုက်ကြည့်

. . . နှုတ်ခမ်းလေးများ တင်းတင်းစေ့သွားသည်။ ခံစားမှု

စေရ၊ ဘယ်သူ့အတွက်မှ မခံစား၊ သူ့အတွက်သာ ခံစားကြစေ

၍ ခံယူထားလေသော ကေရီဦး၏ ခံစားမှုမျက်နှာကို ယခု

မြင်ရပါလေပြီ။

ချစ်လှစွာသော ညီမလေးဆိုသော သံယောဇဉ်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်အောင် တမင်လုပ်ထားသော ကေရီဦး၏ နှလုံးသားထဲ တုပ်နှောင်လှုပ်ခါနိုင်စွမ်း ရှိပါလား။

"စူး"

"ရှင်. . . မမဦး"

"အခန်းထဲမှာ ကျောင်းသူတွေရှိလား"

"မရှိဘူး မမဦး၊ သူတို့က ကျောင်းတက်ရလို့ သွားကြပြီ"

"လာ. . . ဒါဖြင့် အခန်းထဲသွားကြရအောင်"

စူးက ပစ္စည်းများ စုစည်းသယ်ပိုးရင်း သူပိုင်ဆိုင်သည့် ခုတင်တစ်လုံးစာ နေရာလေးသို့ ဦးဆောင်ခေါ်လာရသည်။

"လာလေ မမဦး၊ အဲဒါ သူများခုတင်ကြီး၊ စူးခုတင်ပေါ်မှာပဲထိုင်ပါ"

"စူးက စည်းကမ်းရှိတယ်နော်၊ အင်း. . . စည်းကမ်းရှိတယ်၊ ရက်ချိန်းတိကျတယ်၊ မျိုးရိုးဂုဏ်ကို ထိန်းသိမ်းတယ်၊ ဣန္ဒြေနဲ့သိက္ခာကို စောင့်စည်းတယ်ဆိုတာတွေကို တစ်ဘက်က ကြည့်ရင် လွတ်လပ်မှုတွေ ဆုံးရှုံးတာပဲ၊ ဒါကြီးတွေ ရင်မှာ ပိုက်ထားရတာ လေးလံပင်ပန်းလွန်းလှပါတယ်လေ"

မမဦး၏ စကားကို နားလည်သော်လည်း မမဦး ဘာကြောင့် ဒီလိုခံယူထားသည်ဆိုခြင်းကိုဖြင့် စူး နားမလည်ပါ။

မမဦးက ဒီဘက် ခုတင်သို့ ပြောင်းထိုင်ပြီး. . .

"စူးကို မမဦး တောင်းပန်မလို့"

"ဟာ. . . မမဦးကလည်း"

"စူး သွားချင်တဲ့ အပြင်တွေကို မမဦး လိုက်မပို့နိုင်တဲ့





အတွက်"

"ဒါလား၊ ရတယ်. . . ရတယ် မမဦးရဲ့၊ စူး လည်တာ ပတ်တာလည်း ဝါသနာ မပါပါဘူး၊ မမဦးက အိမ်မလာရဘူး ဆိုလို့ မမဦးနဲ့ အတူတူနေခွင့်ရအောင်ပါ။ ပြီးတော့. . . မဦးမောင်းတဲ့ကားကို စီးဖူးအောင်လို့ပါ"

"စူးရယ်"

"ဒီအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ မမဦးရာ၊ ကလေးလို လျှောက်တွေး နေမိတာပါ၊ ဟုတ်တယ်၊ ချမ်းသာလေ. . . အလုပ်တွေများလေတဲ့၊ မမဦး မအားဘူးဆိုတာ စူး နားလည်ပါတယ်။ မပြန်ခင် ကော်ဖီသောက်သွားနော် မမဦး၊ စူး မြန်မြန် ဖျော်လိုက်မယ်"

ခုတင်ဘေးရှိ စာကြည့်စားပွဲပေါ်မှာ စူး ကော်ဖီဖျော်ပြီး ရှုစွန်ကိတ်ခြောက်ကို ပန်းကန်ငယ်မှာ ထည့်နေသည်။

အားလုံး ကေရီဦး ပို့ထားသော ပစ္စည်းများချည်းသာပါ။ သည် ထားသိုတာက စည်းကမ်းတကျ၊ ကော်ဖီဖျော်တာက သပ်သပ်ရပ်ရပ်၊ အပျိုကြီး ကြီးကြီးစုနှင့် ကြာမြင့်စွာ နေခဲ့ရ၍ စည်းစံနစ် ကျနေလေသလား။

ကေရီဦးငယ်စဉ် တင်မေဦးဘဝက အိမ်မှာ အိမ်ဖော်တွေ င်းရဲသော ဆွေမျိုးများ လာရောက်မှီခိုသူတွေ အပြည့်နှင့်မို့ ဘာအလုပ်မှ မလုပ်ခဲ့ရ။

တင်မေဦး ထွက်လာပြီးနောက် စူး ကြီးလာတော့ ဖေဖေ ချစ်ငွေ အရက်တွေသောက်ပြီး ကြွေးကြီး ဖဲဝိုင်းထိုင်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စီးပွားက လျှော့ခဲ့သည်။

ထုံးစံအတိုင်း မိုခို၍ မကောင်းချိန်မှာ ဘယ်ဆွေမျိုး မျိုးစပ်မှ မကပ်ကြတော့၊ အိမ်ဖော်လည်း မထားနိုင်သဖြင့် စူး မီးဖိုချောင် ဝင်ခဲ့ရသည်ထင်ပါ၏။ ပင်ပန်းဆင်းရဲခဲ့ရှာသော ညီမလေး။

"ဟော. . . မမဦးက အိပ်လို့၊ ကော်ဖီ သောက်ရအောင် လေ. . . ပြန်ရတော့မှာဆို"

ကေရီဦး ပြုံးလိုက်သည်။

အပြင် အဆင် အခြယ် အသများစွာဖြင့် သိပ်လှနေသော မမဦး၊ အခုလို ကြည်လင်စွာ ပြုံးလိုက်တော့ ဖက်နမ်းချင်စရာ ကောင်းလောက်အောင် လှလိုက်ပါဘိလေ။

"မမဦး မပြန်သေးပါဘူး စူးရဲ့၊ အပြင်ကို လိုက်မပို့နိုင်တာကိုသာ ပြောတာပါ"

"ဟာ. . . ဝမ်းသာစရာကြီး"

စူးက လဲနေသော ဦး၏ဘေးမှာ ရွှင်မြူးစွာ ဝင်၍ ထိုင်လိုက်သည်။

"စူးကို မေးကြတယ် မမဦးရဲ့"

"ဘာကိုလဲ"

"ဒီအဆောင်က မစပ်စုတွေလေ. . . အမယ်လေး အဆောင်ပိုင်ရှင်ကအစ သိချင်တာ"

"အေးလေ. . . ဘာကိုလဲလို့"

"စူးအစ်မက သိပ်လှတာပဲတဲ့၊ ကော်ရီလာ ကိုယ်တိုင်





ကောင်းလို့ သူဌေးကတော်လားတဲ့၊ စူးတို့ ခဲအိုက ဘာအလုပ် လုပ်သလဲတဲ့"

"စူးက ဒီတော့ ဘယ်လိုဖြေလိုက်လဲ"

"ဟုတ်တယ်. . . သူဌေးလို့၊ မျက်နှာတင်းတင်းနဲ့ ဖြေလိုက်တော့ ဘာမှဆက်မမေးကြတော့ဘူး မဟုတ်ရင် စကား ပြော ဆက်ရှည်နေမှာ မမဦးရဲ့၊ အဲဒီလို ဖိနှိပ်ထားမှဖြစ်မှာ၊ စူး ကိုယ်တိုင်ကလည်း မမဦးအကြောင်းကို တကယ်ပဲ ဘာမှ မသိသေးဘူးလေ"

"ဘာမှလည်း မသိချင်နဲ့လို့ စူးကို မမဦး ပြောထားပြီးပြီသား၊ အေး. . . ကောင်းတယ်၊ သူဌေးကတော်လို့ပဲ ပြောထားလိုက်"

"မမဦးကရော. . . တကယ်ပဲ သူဌေးကတော်လား ဟင်"

"စူး ရယ်"

"မမဦးဟာ သူဌေးကတော်လည်း မဖြစ်နိုင်ပါဘူး။ စူးတို့ ကျောင်းက နည်းပြဆရာမ ပေါက်စလေးတွေလို အပျိုလေး အတိုင်းပဲ မမဦးက လှနေတာကိုး"

"စူး"

"ရှင်"

"မမဦးအကြောင်း ဘာမှမပြောနဲ့လို့ စူးကို ပြောထားတာ ဘယ်တော့မှ မမေ့စမ်းပါနဲ့ကွယ်၊ ကဲ. . . စူး အကြောင်းတွေပဲ မမဦးကို ပြောပြစမ်း"

"စူး အကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ကျောင်းက အတွေ့အကြုံ လိုက်တဲ့ ထောင်လေးတွေ၊ ပြီးတော့. . . စူးမှာ ရည်းစားရှိနေပြီးသား လား"

"ဟာ. . . မမဦးကလည်း"

"ဒါဖြင့်. . . ကြိုက်မယ်လို့ ရည်မှန်းထားစရာ လူရော တွေ့နေပြီလား"

စူး လန့်ဖျပ်စွာ ကေရီဦးကို ကြည့်မိသည်။ သူ့အကြောင်းများ သိနေပြီလားဟူသော စိုးရိမ်မှုမျက်နှာလေးက အထင်းသား. . . ။

အကင်းပါးပြီးသား၊ လူသဘောကို နောကြေပြီးသား ကေရီဦးက လှိုက်လှဲစွာ ပြုံးလိုက်ရင်း. . .

"ကဲ. . . ပြောစမ်း. . . ညီမလေးရဲ့ ချစ်သူမဟုတ်သေးတဲ့ အရင်းနှီးဆုံးလူရဲ့ အကြောင်း"

"မမဦးက သိပ်သိတာပဲနော်"

"လူတွေရဲ့ မျက်နှာကို ဖတ်နိုင်တဲ့. . . အတတ်ပညာ မမဦး တတ်ကျွမ်းနေတာ ကြာခဲ့ပြီ စူး"

"စူးလည်း မမဦးကို ပြောရကောင်းမလား စဉ်းစားနေတာပါ"

"မစဉ်းစားနဲ့. . . ပြောတော့"

"ပြည်က ထွက်လာတဲ့ နေ့ကပဲ စပြီး သူနဲ့တွေ့ရတာ၊ နောက်တော့. . . . . . . . . . . . . . ."

စူးက နေမင်းသာ ဆိုသောသူ၏အကြောင်းကို ပြောပြ





သည်။ နောက်ထပ် ဆုံကြလေတိုင်း သူပြောခဲ့သော စကားလုံးနုနုလေးများ၊ အချစ် ဖွဲ့ဆိုမှုများကိုဖြင့် စူး ရှက်၍ ထည့်မပြောဖြစ်. . .

"အခု စူး ပြောနေတဲ့ "သူ"ဆိုတာ ဘယ်သူလဲလို့ မမဦးသိရင် အံ့သြသွားမယ်"

"ဆိုစမ်းပါဦး၊ တို့ပြည်ကလား"

"ဟုတ်တယ်၊ ဦးချမ်းသာရဲ့သား"

"ဟိုက်"

မမဦး မျက်လုံးလေး ပြူးသွားသည်။

"သူ့အဖေက တို့ရဲ့ရန်သူလေ. . . ကမ်းနားလမ်းက ဆိုက်ကြီးကို အပ်လိုက်ရလို့ မမဦးရှက်ပြီး ရန်ကုန်ထွက်လာတာ"

"နောက်ပိုင်းတော့ ကောင်းရှာပါတယ် မမဦးရယ်၊ မေမေဆုံးတုန်းကလည်း ငွေပေးခိုင်းတယ်၊ အဲဒီငွေနဲ့ပဲ မေမေ့ကို သင်္ဂြိုဟ်ရတာ"

"အင်း"

ကေရီဦးထံမှ ရင်ပန်းလျှလွန်းသော သက်ပြင်းချသံ. . .

"ကြီးကြီးစု မျက်စိကွယ်ပြီးတော့လည်း ငွေငါးထောင် ဆစ်ပေးပါသေးတယ်"

ကေရီဦး ဘာမှမပြော။

"သူကတော့ လူကောင်းတစ်ယောက်လို့ စူး ထင်မိပါတယ် မမဦး"

"အေးပေါ့လေ၊ မျိုးဆက်သစ်တစ်ခု ပြောင်းသွားပြီပဲ



www.burmeseclassic.com

www.burmeseclassic.com



နေမင်းသာဆိုတာကို ငယ်ငယ်ကပဲ မြင်ဖူးတယ်၊ ကြီးမှ တစ်ခါ မဆုံတော့ဘူး"

"စူးကို လိုက်တဲ့သူတွေ အများကြီးပါ၊ သူက စူးသ လည်း အများကြီး ကြီးတော့ စူးကို ဝဲညှာမယ်လို့ ထင်တာ"

"စူး သူ့ကို ချစ်နေပြီလား"

"ဟာ. . . မချစ်သေးပါဘူး"

"ကင်းကင်းနေနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွယ်၊ အဖေနဲ့တော့ ဘယ်တော့မှ သွားမတွေ့နဲ့နော် စူး၊ ဒီလူ ကြောင့် တို့မိသားစု ဘဝပျက်ခဲ့ရလို့ မမဦး စိတ်နာနေတယ်"

စူး ပါးစပ်ကလေး ပွင့်ဟသွားသည်။

နေမင်းသာကို စူး စိတ်မဝင်စားခဲ့သည်မှာ အမှန် ရှောင်လည်း ရှောင်ခဲ့ပါသည်။

ဒါပေမယ့်. . .

သူ့ စိတ်ဝင်စားမှု လွန်ကဲခြင်းကိုဖြင့် စူး ပြန်လည် စိတ်မဝင်စားဘဲ မနေနိုင်ခဲ့ပါ။

အကယ်၍ စူး သူ့ကို ချစ်မိခဲ့သည့်တိုင်အောင် မမဦး မချစ်ရဘူးဆိုလျှင် စူး နောက်ဆုတ်ရပါမည်။

စူး အတွက် မမဦးသည် ပိုင်စိုးသူအဖြစ် သတ်မှတ် သွားပါ။

ညီအစ်မနှစ်ယောက်လုံး ငြိမ်တွေနေကြပြီးမှ. . .

"စူး"

"ပြောပါ မမဦး"





"စူးလည်း တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်နေပြီ သေး၊ မမဦးအိမ်က ထွက်လာတုန်းက ဆယ့်ခုနစ်နှစ် ကျော်ကျော် သေးပဲ ရှိသေးတယ်။ ဒါကြောင့် စူးရဲ့ ကိုယ်ပိုင် ဆုံးဖြတ်နိုင်ခွင့် ဆိုစွတွေမှာ မမဦး မပါဝင်ဘူး စူး"

အားတက်မျှော်လင့်သော မျက်ဝန်းများဖြင့် သူမမမဦးကို စူး စောင့်မျှော်ကြည့်ရှုနေမိသည်။

"တစ်ခုတော့ သတိထား"

"ဟုတ်ကဲ့"

"ယောကျ်ားဆိုတာ သူတို့ ဘဝပျက်အောင် အနစ်နာခံပြီး ဘယ်မိန်းမကိုမှ မချစ်ဘူး၊ သိပ်လိမ္မာကြတယ်၊ တကယ် မိုက်မိုက် ကန်းကန်း ချစ်တတ်ကြတာက တို့ မိန်းမတွေ"

ဧကရီဦး၏ မျက်နှာမှာ လေးနက်တည်ကြည်နေ၏။

"ဒါကြောင့် သူတို့ကို ချစ်ရင် နှလုံးသားထဲက မေတ္တာ အတုန်နဲ့ ပုံပြီး မချစ်နဲ့၊ ကိုယ်ခန္ဓာနဲ့ ဘဝကိုလည်း မအပ်နဲ့၊ သူတို့လိုပဲ လိမ်လိမ်မာမာ ချစ်တတ်ပါ စူး၊ မမဦးပြောတာ နားလည်လား၊ သဘောပေါက်ရဲ့လားဟင်"

"ဟုတ်ကဲ့. . . သဘောပေါက်ပါတယ် မမဦး၊ စူးရဲ့ ဘဝကိုအပ်ပြီး ဘယ်တော့မှ မချစ်ပါဘူးလို့ မမဦးကို ကတိ ပေးပါတယ်"

"ကောင်းပါပြီ စူး၊ စူး အကြောင်း ကြားလိုက်ရတော့ မမဦး အတော်လေး ခံစားသွားရတယ်၊ ဒါပေမယ့်. . . အခု တစ်ထိုင်တည်းမှာပဲ မမဦး ပြင်လိုက်ပါပြီ၊ လောကကြီးအို



www.burmeseclassic.com

www.burmeseclassic.com



အလျားလိုက် ရင်ဆိုင်တာပဲကောင်းတယ်၊ ဖြစ်လာမှ ရှင်းယူ
တာပေါ့၊ အရာရာကို အလေးအနက်ထားပြီး ကြိုစဉ်းစားနေ
မကောင်းပါဘူးလေ၊ လောကကြီးကလည်း ကိုယ်ဖြစ်ချင်တာ
တွေ ဖြစ်ပေးတာမှ မဟုတ်တာ"

ကေရီဦး ဟူသော မိန်းမလှတစ်ယောက်တွင် ရင်နှ
ကြေကွဲစရာ နှလုံးသားဇာတ်လမ်းတစ်ပုဒ်နှင့် ကြုံဆုံခဲ့ရ
ကြောင်းတော့ စူး နားလည်စပြုခဲ့ပါပြီ။

သို့သော်လည်း. . .

မမဦး ပြည်မြို့ကို စွန့်ခွာသွားချိန်မှစ၍ ပြန်လည်ဆုံတွေ့
ချိန်အထိ တိကျသော မမဦးဘဝကို စူး သိခွင့်မရခဲ့။

ယခုအချိန်ထိလည်း လျှို့ဝှက်ထားဆဲပါ။

"မမဦးရဲ့ ဘဝမှန်ကို စူး ဘယ်တော့များမှ သိခွင့်ရပါ့မ
မမဦးရယ်"

◆ ◆ ◆



အခန်း ၊ ၁၉ ။

"စူးရဲ့မမက ဘာပြောလဲ"

"ဘာမှ မပြောဘူး"

"စူး ညာတာ၊ အဲဒီကောင်လေးကို ချစ်လိုက်လို့ ပြောသွား
ယ်မဟုတ်လား၊ ကို ကြားပါတယ်"

"မဟုတ်တာတွေလည်း ပြောတတ်သားနော်"

"အဟား. . . ဟား"

သူ အားပါးတရ ရယ်ပြီး စူး၏ လက်ခုံဖွေးဖွေး မို့မို့လေး
သူ့လက်နှင့် အုပ်ကိုင်ထားနေဆဲ. . .

"တကယ်ပြောတာ၊ မမကပြောတယ်၊ ယောကျ်ားတွေ
သူတို့ဘက်က အနစ်နာခံပြီး ဘယ်တော့မှ မချစ်တတ်ကြ
ဘူးတဲ့"

"အဲဒါ သူ့ရည်းစားက ပစ်သွားလို့ ပြောတဲ့စကား ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



"စူးရဲ့ မမဦးကို ဒီလိုမပြောပါနဲ့"

"အလကား ပြောတာပါ စူးရယ်၊ စူးရဲ့ မမဦးကို မတွေ့ တာလည်း ဆယ်နှစ်လောက်ရှိပါပြီ၊ သူ အိမ်ထောင်ကျနေ လား"

"စူး မသိဘူး"

"ဟင်"

မျက်နှာပျက်သွားသော စူးကို နေမင်းသာက အံ့ဩလွ စွာ ကြည့်လိုက်ပြီးမှ. . .

"အို. . . ဒါတွေက ကိုတို့နှစ်ယောက်နဲ့ ဆိုင်တဲ့ကိ မဟုတ်ပါဘူးစူးရာ၊ ကဲပါ. . . ကိုယ်တို့ကိစ္စပဲ ပြောကြရအောင်"

"အို"

"တကယ်ပါစူး၊ စူးနဲ့တွေ့ဆုံပြီး ကို့ရဲ့ မိုက်ရိုင်းမှုတွေ အတွက် နောင်တရခြင်းနှင့်အတူ စူးကို သိပ်သနားသွား တယ်. . .

"အဲဒီအချိန်ကစပြီး ကို့ရင့်ထဲကို စူး. . . ရောက်ရှိလာ တယ်၊ အဲဒီ နှလုံးသားသွေးသည်ဟာ ဘယ်သောအခါမှ ပြ ထွက်သွားမှာ မဟုတ်တဲ့ သွေးသည်ပါ၊ ကိုယ့်ရဲ့ နှလုံးသည်းပွ တွေ ချုပ်ငြိမ်း ငြိမ်သက်သွားမှပဲ ကို့ရင်ထဲက စူးထွက်သွားမှာ

"ဘယ်အချစ်ဝတ္ထုထဲက စာတွေလည်း ဟင်"

"ကို့ကို မလှောင်ပါနဲ့ စူးရယ်. . .၊ စူးဆိုတဲ့ မိန်းကလေ ဟာ ကိုယ့်ရဲ့ နှလုံးသားကို သည်မျှ ပိုင်စိုးလွှမ်းမိုးနိုင်လိမ့်မယ် လို့ မထင်ခဲ့မိပါဘူး၊ အခုတော့ ကိုယ့်ရင်ထဲမှာ အချိန်ပြည့်





ဒေး. . .၊ ကိုဒီလိုခံစားနေရတာတွေကိုရော စူးယုံရဲ့လားဟင်"

စူးသည် စေ့စေ့ဆိုက အလေးအနက်မထားသလို နေရာမှ တည်ငြိမ်လာသော မျက်နှာနှင့် သက်ပြင်းကိုချလိုက် . . .

"သူ့စကားကို စူး. . . ယုံချင်နေပါတယ်၊ ဒါပေမယ့် စူး ကြောက်တယ်ရှင်"

"ဘာကိုကြောက်တာလဲ စူးရယ်၊ ပြောစမ်းပါဦး"

"ယောကျ်ားတွေဟာ အနစ်နာခံပြီး မချစ်တတ်ဘူးတဲ့"

"ယောကျ်ားအားလုံး ဘယ်ဟုတ်နိုင်ပါ့မလဲကွယ်၊ သိပ်ချစ် မိန်းကလေးအတွက်ကြောင့် အသက်တောင် စွန့်သွားကြတဲ့ ယောကျ်ားတွေ ရှိခဲ့ဖူးပါတယ်"

"သူ့စကားကို စူး အတိုက်အခံပြောနေတာ မဟုတ်ပါဘူး၊ ကြောက်တာက ဘဝချင်းခြားနေတာကို ပြောတာပါ"

"ဘာ. . . ဘယ်လို"

"ဪ. . . စူး စကားက စူးကပဲ သေပြီးသွားသလိုလို တ်. . .၊ စူးမပြောတတ်လို့ပါ၊ ဘဝချင်းခြားတယ်ဆိုတာက ချမ်းသာတဲ့ သူဌေးသားနဲ့ အခြေနေမဲ့ စူးတို့ဟာ. . ."

"တော်. . . တော်စူး၊ အဲဒီလို စူးစိတ်ထင်နေမှာကို ကိုယ် ကြောက်ဆုံးပဲ၊ ကိုယ့်ဘဝကို နှိမ့်ပေးရမလား၊ စူးဘဝကို မြှင့်ပေးရမလား ပြော၊ ဘဝချင်း ညှိမယ်၊ အချစ်ချင်း ညှိချင်တယ် ချစ်ရယ်"

စူး၏ လက်ခုံလေး နာကျင်သည်အထိ သူ ဆုပ်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း စူး မရှန်းမိ။

ဘာစကား တုံ့ပြန်ရမှန်းလည်း စူးမသိတော့။

"ဒီမှာ စူး"

"ရှင်"

"စူးရဲ့မမက ကိုယ်ဟာ ဦးချမ်းသာရဲ့သားမို့ သဘောမ ဘူးလို့ ပြောသွားသလား ဟင်"

"ဟင့်အင်း... မပြောပါဘူး"

"ဟာ... ဒါဖြင့် ဘယ်လိုပြောသွားသလဲဟင် စူး"

"ယောကျ်ားတွေကို မယုံဖို့ မပုံဖို့ သင်ခန်းစာတွေပို့ချ ကိုယ့်ဟာကိုယ်ပဲ ဆုံးဖြတ်တဲ့"

"ကိုယ့်ကို ဘယ်လိုဆုံးဖြတ်မယ်လို့ စူး စိတ်ကူးထား ဟင်"

"မသိဘူး"

"ဩော်... စူးလေးရယ်"

အချစ်ဆုံး၏ နှလုံးသားနုနုလေးမှာ ဝေခွဲရခက် ကြောင်း နေမင်းသာ မြင်တွေ့လာရပါပြီ။

စူးအပေါ်တွင် အကြင်နာတွေ တပွေ့ကြီးနှင့် အချစ် ချစ်နေပြီဖြစ်သော နေမင်းသာကိုလည်း သူယုံသည်၊ တုံ့ ချစ်လိုစိတ် ဝင်နေပြီ။

တစ်ဘက်ကလည်း ခံယူထားရသော အစ်မဖြစ်သူ ယောကျ်ားမုန်းတီးရေး တရားများကို သက်ဝင်ယုံစား သဖြင့်...





ချစ်သူ၏ရင်မှာ ခံစားမှု ထက်ဝက်စီဖြင့် ဆုံးဖြတ်ရ ခက်နေရှာကြောင်း နေမင်းသာ မြင်တွေ့ရသည်နှင့်-

"ဒီမှာ စူး"

"ဟင်"

"ကိုဟာ ဦးချမ်းသာရဲ့သား၊ ပြည့်စုံကြွယ်ဝမှုများစွာကို ပိုင်ဆိုင်သူအဖြစ်နဲ့ စူး မယုံမရဲဖြစ်နေတယ် မဟုတ်လား"

မညာတတ်သော စူးက ချက်ချင်း ခေါင်းညိတ်ပြဖြစ် သည်။

"ဒီ ရန်ကုန်မှာ စူးကို အုပ်ထိန်း ပိုင်ဆိုင်သူဟာ နှစ်ဦးပဲ ရှိတယ်၊ စူးရဲ့ မမဦးနဲ့ အစ်ကိုလှထူးကြီးတို့ပဲပေါ့နော် စူး"

"ဟုတ်ပါတယ်"

"ကောင်းပြီ...၊ ကို ဒီညနေပဲ အစ်ကိုလှထူးဆီ သွားမယ်စူး"

◆ ◆ ◆

"အို... စူးရဲ့ ဧည့်သည်ဆိုလို့ မမဦးထင်ပြီး ထွက်လာ တာ၊ အစ်ကိုလှထူးကြီးပါလား"

"အေး... နင်ဘယ်အဆောင်မှာ နေမှန်းကို မသိလို့ မေးရတာ၊ မနေ့က နေမင်းသာ ရောက်လာမှသိလို့၊ ဒီနေ့ လာခဲ့ရတာ"

"အို"



www.burmeseclassic.com

www.burmeseclassic.com



“မမထွေး နေကောင်းလား၊ ကလေးတွေရော”

“အားလုံး နေကောင်းကြပါတယ်၊ နင့်ဆီကိုရော ဦး အမြဲလာသလား”

“အမြဲတော့ မလာအားပါဘူး၊ တစ်ပတ်တစ်ခါ နှစ်ပတ် တစ်ခါ လာပါတယ်။ စားစရာ ဝတ်စရာနဲ့ ငွေတွေတော လိုလေသေးမရှိ ပေးပါတယ်”

“အေး... ဝမ်းသာပါတယ်၊ ဒါနဲ့ မောင်နှမချင်းပဲ မေး ဦးမယ်... သူ့အိမ်ထောင်ကျနေပြီလား၊ ဘာအလုပ်အကိုင် တွေ လုပ်နေသလဲဟင်”

“မသိပါဘူး... အစ်ကိုလှထူးရယ်၊ သူ့ဘဝကို မသိချင် နဲ့တဲ့”

“အင်း... ဒီကောင်မလေးကြောင့်တော့ ခက်ပါပေ တယ်၊ ကပါလေ... နင်တို့မှာလည်း အရင်းအချာဆိုလို့ အစ်ကိုဝမ်းကွဲ ငါတစ်ယောက်ပဲရှိတာ၊ ဒါကြောင့် လူကြီးမိဘ နေရာကို ငါပဲ တာဝန်ယူပြီး ပြောရတော့မှာပဲ၊ နင့်ကို နေမင်းသ -က လက်ထပ်ပါရစေတဲ့”

“ဟာ”

အပူငွေ့တစ်ခု ကိုယ်ပေါ်ကို အုပ်လွှမ်းလိုက်သလို တစ် ကိုယ်လုံး ရှိန်းခနဲ နွေးပြီး ချွေးများပင် ချက်ချင်း စို့လာ တော့သည်။

“အဲဒီကိစ္စ နင်ဘယ်လိုသဘောရသလဲ”

“အို... စူး ဒီလိုတစ်ခါမှ စိတ်မကူးမိသေးပါဘူး၊ ဘွဲ့





အောင် ကျောင်းတက်ချင်တာပဲရှိတယ်”

“အေး... ဟုတ်တယ်၊ ငယ်လည်း ငယ်သေးတယ်လေ”

အစ်ကိုဖြစ်သူက စူး၏ခံယူချက်ကို လက်ခံလိုက်သဖြင့် ူး ရင်နည်းနည်းပေါ့သွားရသည်။

“ဒီလိုဟ...”

အစ်ကိုလှထူးသည် နှမ လင်နေရမည့်ကိစ္စမျိုးမို့ အပြော တ်လှသဖြင့် ချောပြေဆုံးသော စကားလုံးများကို ရွေးနေရဟန် ရှိသည်။

“ဒီကောင်လေးက နင်နဲ့ ပြဿနာဖြစ်ပြီးကတည်းက နင့် ကို သိပ်သနားသွားပုံရတယ်၊ ပြီးတော့... ယောကျ်ားလေး သဘာဝပေါ့ဟာ...၊ အဲဒါ နင့်ကို ဖွင့်ပြောတော့ နင်က သူ့ကို... အဲ ခင်ခင်မင်မင်တော့ ရှိပုံပါတယ်တဲ့၊ သူဌေးသား ဖြစ်နေလို့... မယုံဘူးတဲ့၊ ငါ့ညီမ ငယ်ပေမယ့် ဒီလိုစဉ်းစား တတ်တာ တော်ပါပေတယ်၊ ဒါပေမယ့်... ဒီလိုရှိတယ် မိစူးရဲ့”

တပ်ကြပ်ကြီးလှထူးမှာ သူ့လွယ်အိတ်တွင်း၌ ပါလာသော ဆေးလိပ်ကို ထုတ်၍ နှုတ်ခမ်းမှာတပ်ပြီး သူ့ကိုယ်မှ ရှိသမျှ အိတ်တို့ကို စမ်းသည်။ နောက်ဆုံးတော့ မီးခြစ်က လွယ် အိတ်ထဲမှပင် ထွက်လာပြီး သူညှိသောက်နေ၏။ စူးလည်း စ၍ စကားမပြောရဲ၊ သူလည်း စကားပြန်စရန် စဉ်းစားနေပုံရသည်။

“သူကလည်း နင့်ကို အခုချက်ချင်း ယူချင်တာမျိုး မဟုတ် သေးပါဘူး၊ ကျောင်းနေချင် နေပါစေဦးတဲ့”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဟာ. . . ရှင်းရှင်းပြောရရင် နင်က သူ့ကို ဖြ
ချစ်. . ၊ အဲ. . . တံ့ပြန်ပြီးချိန်ကျမှ သူ ငွေးသားမို့ မျက်နှာမ
ပြီး နင့်ကိုပစ်သွားမှာ နင်ကြောက်နေတာမဟုတ်လား"

စူး ခေါင်းငုံ့ထားရသည်။ အစ်ကိုလှထူး ပြောသည်
အတိုင်း မှန်ပါကြောင်း၊ ခေါင်းညိတ်ချင်သော်လည်း မညိတ်ရဲ

"အေး. . . သူလက်ထပ်ပါရစေဆိုတာ. . . အဲဒ
အတွက်ပဲ၊ သဘောကတော့ဟာ. . . အတည်ယူမှာပါ၊ အ
လက်ထပ်ဆိုလည်း လက်ထပ်မှာပါဆိုပြီး ငါ့ကိုလာပြီး သက်သေ
ထူတာပါ"

"ဒီ. . . ဒီအကြောင်း မမဦးကိုလည်း စူးပြောပြပြီးပါပြီ"

"ဟုတ်လား. . . သူက ဘာတဲ့လဲ"

အစ်ကိုလှထူးက သူ့အပေါ်တွင် တာဝန်တွေ ပုံကျနေရာ
မှ တွဲဖက်ရရှိလာသဖြင့် အားတက်သရော မေးလာသည်။

"ဦးချမ်းသာတို့နဲ့ သိပ် မပတ်သက်ရင်တော့ ကောင်းမယ်
တဲ့၊ ဒါပေမယ့် ကိုယ့်ဟာကိုယ်ပဲ ဆုံးဖြတ်တဲ့၊ ယောကျ်ားတွေကို
မယုံနဲ့တဲ့၊ ဒါပဲပြောတယ်"

"ဒါကတော့ သူ့ရှုထောင့်က သူ့အတွေ့အကြုံအရ ပြော
တာဖြစ်မှာပေါ့၊ နောက်ပြီး ဦးလေးချစ်ငွေက ဆိုးခဲ့တာပါ၊
ဦးချမ်းသာက တစ်လျှောက်လုံး ညှာခဲ့သူပါ၊ ခုတော့ ပြီးတာတွေ
လည်း ပြီးခဲ့ပါပြီ၊ ငါ တစ်ခုတော့ ပြောချင်တယ်"

"ဟုတ်ကဲ့. . . ပြောပါ အစ်ကို"

"ဒီကောင်လေးကို ငါ ငယ်ငယ်ကတည်းက သိတယ်၊ တို





ည်အသင်းမှာ လူစုံ ဆုံကြရင်လည်း ဦးချမ်းသာအကြောင်း
ပြောကြရင်းနဲ့ နေမင်းသာရဲ့ ကောင်းသတင်းကိုပဲ အမြဲကြားရ
တယ်။ အခုလည်း ငါ့ဆီကိုလာပြီး သူ အခု လက်ထပ်ပါရစေ၊
သူ့အဖေကို ပြောရင်လည်း သဘောတူမှာပါတဲ့၊ ငါ့သား
ကြိုက်တာရွေးလို့ ပြောပြီးသားတဲ့၊ သူကတော့ စူးကို အခု
ပိုင်ဆိုင်ခွင့်ရမယ်ဆိုလည်း လိုချင်တာပါပဲတဲ့၊ ဒါပေမယ့် စူးရဲ့
ဆန္ဒက ကျောင်းနေချင်တယ် ဆိုရင်လည်း သူစောင့်ပါ့မယ်တဲ့၊
ဒီလိုပဲဟာ၊ နင့်ကိုတော့ အတော်လေး စွဲလမ်းတပ်မက်နေပုံ
ရတယ်"

စူး ရင်တွေ လှပ်လှပ်ခုန်လာသော်လည်း အရဲစွန့်၍
အေးပစ်လိုက်မိပါပြီ။

"အစ်ကိုလှထူးကရော သဘောတူနေလို့လား"

"ငါကတော့ နေမင်းသာကို စိတ်ချတယ်၊ ဒါပေမယ့်. . .
နင့်သဘောပဲ မိစူး၊ နင့်ကိစ္စ နင်ဆုံးဖြတ်၊ ငါလည်း မပြောတတ်
တော့ဘူး။ ဒါပဲ၊ ငါပြန်မယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း။ ၂၀

မုတ်သုံလေမှ ကြွေကျလာသော မိုးစက် မိုးပွင့်တို့သည်
ရွက်နွမ်းနှင့် ပန်းညှိုးပွင့်များကို မြေသို့ ခြွေသက်ချသည်နှ
အမျှ. . .

ပြက္ခဒိန်မှ ရက်စွဲလေးများကိုလည်း ခြွေချပစ်လိုက်ချေပြီ

ယနေ့ ကုံကော်ရွာ အဝန်းအဝိုင်း တစ်ခုလုံးကို သိပ်သည်
ညိုမှောင်သော မိုးသားတို့ဖြင့် အုပ်မိုးဆိုင်းဖွဲ့ထားခဲ့သည်မှာ
မနက်အစောကြီးကတည်းက။

ကုံကော်ရွာဆိုသော မြသီလာ တက္ကသိုလ်နယ်မြေမှာ
သစ်ပင်ကြီးငယ်များစွာတို့ အုံ့ဖွဲ့ထားသော ဒေသဖြစ်၍လားမသိ
မြို့ထဲထက် ပို၍ မိုးရွာတတ်သည် ထင်ပါ၏။

မိုးရာသီ၏ မိုးလယ်လမို့ ရွာချလိုက်သော မိုးက တစ်မြို့
လုံး ပြိုကျလာသည်သို့ သဲကြီးမဲကြီး ရှိလှသည်။ မိုးစက်ပွင့်တို့
သည်ပင် အပွင့်ကြီးလှ၍ အသားကို ထိရှသလို နာကျင်လာ





သည်။

ကုံကော်ရွက်တို့သည် မိုးစက်ပွင့်တို့၏ ရိုက်ပက်မှုကြောင့်
တက်ကျလိုက်၊ ပြန်မတ်လိုက်ဖြင့် ပင်ပန်းတကြီး ရှိနေကြသည်။

ဂျပ်ဆင် မြင့်မြင့်မားမားသည် မိုးစက်များကြားမှာ
နှန်ဝါးဝါး။

ဘွဲ့နှင်းသဘင်သည်မှု ပို၍ ညိုမည်းစွာ သူပါရော၍
ငိုနေလေသလား။

မိုးသည်းနေ၍ ကန်တင်းမှာ၊ အာရ်ဆီမှာ၊ စာကြည့်တိုက်
စက်မြိတ်အောက်မှာ မိုးခိုနေကြသဖြင့်. . .

ဖြောင့်စင်း ရှင်းပြန့်နေသော အဓိပတိ လမ်းမကြီးပေါ်မှာ
ထီးတစ်ချောင်းနှင့် ချစ်သူနှစ်ယောက်။

မိုးပေါက်မိုးပွင့်တို့က သူတို့နှစ်ဦးကို ရက်စက်စွာ ဝိုင်းပက်
နေပါလျက်. . .

"ပျော်စရာကြီးနော် ချစ်"

"အိုး. . . မိုးတွေ ဒီလောက်ရွာနေတာကြီးကို"

"မင်္ဂလာ မိုးစက်တွေပါ စူးရယ်၊ ကိုကိုတို့ ချစ်သူနှစ်ဦး
အတွက် မင်္ဂလာပန်းပွင့်တွေ ကြဲချနေတယ်လို့ မှတ်ယူပါ"

"သွား. . . ချမ်းရတဲ့အထဲ"

"ကိုကို သိပ်ပျော်နေတယ်ချစ်ရဲ့၊ ဒီအဓိပတိလမ်းကြီးကို
လေ မိုင်ပေါင်း နှစ်သောင်းသုံးထောင်အထိ ရှည်အောင် ဆွဲဆန့်
ပစ်လိုက်ချင်တယ်သိလား"

"ဟာ. . . ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်. . . ဒီကောင်မလေး ပထဝီ မကျေပါလား ဘယ်လိုများ ဆယ်တန်းအောင်လာတာလဲ"

"ကိုကိုနော်"

"အဲတာ ကမ္ဘာတစ်ပတ်အရှည်လေ၊ ကိုကို့အချစ်ဆုံးလေးနဲ့ ကမ္ဘာတစ်ပတ်ပြည့်အောင် လျှောက်ပစ်လိုက်ချင်တာကို ပြောတာ၊ ကိုကိုသိပ်ကို ပျော်နေတယ် အချစ်ဆုံးလေးရယ်"

နေမင်းသာသည် ထိုးကို တစ်ဘက်ကကိုင်လျက် စူး၏ ပခုံးလေးကို နစ်နေအောင် ဖက်ထားသည်။

"ချစ်လေးရော မပျော်ဘူးလားဟင်"

"ပျော်ပါဘူး၊ နေမင်းသာဆိုပြီး သူနဲ့ သွားတိုင်း မိုးချည်းရွာနေတာ"

"အဟား. . . ဟား. . . ဟား. . . ပြောလဲ ပြောတတ်ပါ့ စူးရယ်"

စူး ဘာစကားလေးပဲ ပြောလိုက်ပြောလိုက် နေမင်းသာသည် သဘောကျနှစ်ခြိုက်သွားသည်ချည်းသာ။

နေမင်းသာဆိုသော သူသည် ယခုအခါမှာ စူး၏အချစ်ဆုံးသော အချစ်ဦး ဖြစ်နေလေပြီ။

နေမင်းသာသည် စူးကို ရှူးရှူးမူးမူး ချစ်ခင် စွဲလမ်းခဲ့ရှာသူ ဖြစ်ကြောင်း စူး သိခွင့်ရပါပြီ။

အားလပ်နေသော သူသည် စူးကို အချိန်ပြည့် စောင့်မျှော်ဂရုစိုက်နေတတ်ရှာပေသည်။

သူ စူးကို သူ့ရင်နှင့်အမျှ ချစ်နေပြီဖြစ်ကြောင်း စူး သိပါ၏၊ သို့သော်လည်း မမဦး၏ သိအိုရီနှင့် မမဦး၏ အဘိဓမ္မာများကို နားဝင်နေ၍ နေမင်းသာကို သူ မယုံရဲ။

ဤအတောအတွင်းမှာ နေမင်းသာဘက်က ရဲရဲဝံ့ဝံ့ကြီး အာမခံသွားခဲ့လေသူက စူးတို့၏ အစ်ကိုလှထူးကြီးကိုယ်တိုင်သာ. . .

သည်တော့လည်း စူးကို ငုံထားမတတ် ချစ်ရှာလွန်းသော သူ့ကိုနေမင်းသာကို စူး ပြန်လည်၍ ချစ်မိခဲ့ရပြီပေါ့။



"ကိုကို"

"ဗျ"

"လှေလှော်အသင်းထဲ သွားကြမလား"

"သိပ် သွားချင်တာပေါ့၊ ဒါပေမယ့်. . . ကိုကို့ရဲ့ စူးလေး အအေးမိနေပါဦးမယ်ဗျာ၊ အဆောင်ပဲပြန်ကြစို့၊ အဝတ်လဲပြီး နွေးနွေးနေ၊ ကော်ဖီတစ်ခွက်သောက်"

"ဟုတ်ကဲ့ပါ ရှင့်"

"ကိုကို့ကို မချင့်မရဲဖြစ်အောင် မလုပ်နဲ့နော်. . . ဟောဒီ အဒိပတိလမ်းမကြီးပေါ်မှာ တအားဖက်နမ်းပစ်လိုက်မှာ"

"သွား. . . ကိုကို မကောင်းဘူး"

"ဟေး. . . ဘေးဘက် မယိမ်းလိုက်နဲ့လေ၊ မိုးတွေစိုကုန်မှာပေါ့"

"စိုပစေ"

စူးက မော့ကြည့်ရင်း ပြော၏။ သူက ခေါင်းငုံ့ရင်း ပြုံး၏။

"တိုးဖက်ကွယ်၊ မိုးသက်တော့မယ်လို့. . . ခေတ်ဟောင်း





www.burmeseclassic.com

www.burmeseclassic.com



တေးမှာ ဆိုထားခဲ့တာ၊ အဓိပ္ပာယ်လေး ချစ်စရာ၊ ခုတော့. . . မိုးက သက်နေပြီ၊ တိုးဖက်ရုံတင်မကဘူး၊ တင်းနေအောင် ဖက်ထားချင်တယ် ချစ်ရဲ့"

"ကိုကိုကလည်းလေ"

"စူး အဆောင်ရောက်ပြီး ကိုကိုနဲ့ ပြန်ပြန် ခွဲသွားရတာတို့ ရင်ထဲမှာ လွမ်းနေသလိုပဲ"

"တစ်လမ်းထဲ နေရတာပဲ ကိုကိုရယ်၊ ပြီးတော့ အချိန်ပြည့် နီးနီးလည်း တွေ့နေရတာပဲဟာ"

"ကိုကိုလေ. . . စူးကို ဘယ်လိုချစ်မှန်း မသိဘူး. . . ကလေးရယ်"

"ဘာ ကလေးလဲ၊ ရည်းစားတောင် ထားတတ်နေပြီလေ"

"ကလေးပေါ့၊ ခုမှ တစ်တန်းရှိသေးတာ"

"ကိုကိုနော်. . . သူများကို မစနဲ့"

"ဟာ. . . မှန်တာ ပြောတာလေ"

"သွား. . . မဟုတ်တာတွေ"

"ဘယ်နဲ့ မဟုတ်ရမှာလဲ၊ အခု စူးတက်နေရတာ ရန်ကုန် တက္ကသိုလ် လှိုင်နယ်မြေလေ. . . စူးက ပထမနှစ်ဆိုတော့ တစ်တန်းကျောင်းသူ၊ ဒေါ်စာပေးစာယူပေါ့"

"ကြည့်. . . သူများကိုပဲ လိုက်စနေ"

စူးက ငြူစူပြန်တော့လည်း သူ့ရယ်သံက လွင်ကြည်ပြန် တာပါပဲ။

မိုးက ပို၍ပင် သည်းလာသည်။





မိုးသည်းသည်းအောက်မှာ ထီးတစ်ချောင်းတည်း ဆောင်းပြီး ကိုယ့်ချစ်သူနှင့်အတူ လျှောက်ဖူးပါသလား။

ဘယ်ဆုံတွေ့မှုမျိုးကမှ သည့်လောက် ကြည်နူးဖွယ် ကောင်းမည် မထင်။

မိုးက သည်းတော့ လမ်းမှာ လူသူက ရှင်းနေရုံမက. . . တစ်ယောက်စ နှစ်ယောက်စနှင့် ကြုံလျှင်လည်း ကိစ္စမရှိ။ ထီးကို တစ်ကုပ်လေး ဆောင်းထားရတော့ ဘယ်သူဘယ်ဝါရယ်လို့ သိမြင်နိုင်ကြ။

ပြီးတော့ မိုးလုံစေရန် အကြောင်းပြပြီး နှစ်ယောက်သား အားပါးတရ ဖက်ထားနိုင်ပါသေးသည်။

ကိုကို့နှုတ်က ပျော်လှပါသည်ဟု ဖွင့်ဟပြောကြားနေ သည်ထက် မလျော့နည်းသော ပျော်ရွှင်ကြည်နူးခြင်းတို့က ရင်နှင့်အပြည့်. . .

အဆောင်နားပင် နီးလာပါပကော။

ခရီးကလည်း တိုလိုက်တာကွယ်။

ကိုကိုပြောတဲ့ ကမ္ဘာတစ်ပတ်ဆုံးအောင် ခုလိုပဲ နှစ်ကိုယ် တွဲပြီး၊ မိုးထဲ ရေထဲ လေထဲမှာ လျှောက်နေချင်တဲ့ စူးမလေးပါ တာရော ကိုကို သိရဲ့လားဟင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၁ ။

"အလုပ်တွေများနေသလား မောင်ချမ်းသာ"

ဦးချမ်းသာကို မောင်ချမ်းသာဟု ခေါ်လာသဖြင့် ဇာတိ မြေမှ လူကြီးတစ်ယောက်ယောက်သာ ဖြစ်ရမည်ဟု အထင်နှင့် မော့ကြည့်လိုက်တော့. . .

"ဟင်. . . ဦးဘဆန်း"

"အေးကွာ. . . ငါ့မြင်တာနဲ့ မင်းလည်း လန့်မသွားပါနဲ့ဦး"

"ဦးဘဆန်းကလည်းဗျာ. . . ကျွန်တော်က ဘာလို့ လန့်ရမှာလဲ၊ ထိုင်. . . ခဏလေး၊ ဒီစာရင်းလေး သွင်းပြီးရင် ပြီးပါပြီ"

ဘားလမ်း၏ ပထမထပ်မှာ တည်းခိုခန်းဖွင့်ထားသော ဦးချမ်းသာသည် ကောင်တာမှာထိုင်၍ မန်နေဂျာနှင့် အထူ စာအုပ်ထူကြီးမှာ ရေးမှတ်ပြီးတော့ ထလာသည်။

ဦးချမ်းသာကတော့ ဆံပင်နည်းနည်းကျဲပြီး ထိပ်ပြောင် ကာ ပိုဝလာသည်မှလွဲ၍ ပို၍ပင် စိုပြည်နုနယ်၍ နေလေသည်။

အရက်သောက်ခြင်း၊ လောင်းကစားခြင်း ကင်းရှင်းသော သော ဦးချမ်းသာ။





သူ ကြည့်လိုက်လျှင် အမြဲအားလပ်ပျင်းရိနေခြင်းမျိုး မရှိ၊ အလုပ်တစ်ခုခုကို ထာဝစဉ် လုပ်နေသည်။ ကျန်းမာရေးအတွက် လမ်းလျှောက်သည်။ အသက် ငါးဆယ်ကျော်၍ ဖြူလာသော ဆံပင်ကို ဆံပင်နက်ဆေး ဆိုး၏။ စပို့ရှပ်ဖောရင်းရှပ်တို့ကို ဝတ်ပြီး ထာဝရ ဖျတ်လတ်သွက်လက်နေသော ဦးချမ်းသာ။

နောက်ဆုံး ဘာအလုပ်မှ လုပ်စရာမရှိလျှင် အမြဲစာဖတ် နေတတ်သည်။

ဘဝတစ်ခုကို ပျက်စီးအောင် လုပ်သူမှာလည်း မိမိ ကိုယ်တိုင်ပဲ. . .

ဘဝတစ်ခုကို တိုးတက်အောင် လုပ်နိုင်သူမှာလည်း မိမိ ကိုယ်တိုင်ပဲ. . .

ဘေးလူ ဖျက်လို့က အဆုံးစွန်သော ပျက်စီးခြင်းသို့ မရောက်နိုင်။

မိမိကိုယ်တိုင် ကိုယ့်ကိုယ်ကို ဖျက်လေမှ ဘဝတစ်ခုလုံး ပျက်ရုံမက၊ သားစဉ်မြေးဆက်ပါ နာလန်မထူနိုင်တဲ့ အဖြစ် ရသွား။

"ဦးဘဆန်း. . . ဘာတွေ တွေးနေတာလဲ"

"သြော်. . . မင်း ချမ်းသာတာကို ကြည့်ပြီး မောင်ချစ်ငွေ ရဲ့ အဖြစ်ဆိုးနဲ့ ယှဉ်ကြည့်နေမိတာပါ"

"ဦးဘဆန်းကလည်းဗျာ. . . ပြောစရာစကားရှားလို့ လား တွေ့တွေ့ချင်း သူ့အကြောင်းမှ ပြောရသလား"

ကြည့်ရုံဖြင့် ဆင်းရဲသားမှန်း သိသာလှသော ဦးဘဆန်း



www.burmeseclassic.com

www.burmeseclassic.com



၏ ရှုပ်သွင်မှာ ပိန်လှီဖျော့တော့နေသည်။

အသက်ကလည်း ခြောက်ဆယ်ကျော်၏။

ဦးချမ်းသာနှင့် ဆယ်နှစ်မျှလောက်သာ ကွာပါလျှ
သားအဖလောက် အရွယ်ချင်းက ခြားနားနေပေသည်။

ဦးဘဆန်း ဆိုသူသည် အရှိန်အဝါ ထွန်းတောက်
သော ဦးချမ်းသာကို ရွံ့ကြောက်ရိုကျိုးဟန် မပြ၊ ပုံစံက ခပ်တ
တင်းနှင့်ပင်။

"ငါ လူကြုံလွှတ်မလို့ပါပဲ၊ ဒါပေမယ့် မင်းနဲ့ငါရဲ့ ကြား
မှာ ဘယ်သူ့ကိုမှ မဝင်စေချင်လို့ ငါကိုယ်တိုင် မြို့က လိုက်
ခဲ့ရတာ"

"ကဲ . . . ဆိုလေ"

"ငါ နေမကောင်းဘူး မောင်ချမ်းသာရယ်၊ ပြည်
ဆရာဝန်က အစာအိမ်ရောဂါ ရှိနေတယ်၊ ခွဲမှ ပျောက်မယ်ဆို
လာခဲ့ရတာ"

"ဒီမှာခွဲတော့ ဘယ်သူက ကြည့်ပေးမှာလဲ"

"မင်းကြည့်ပေးပေါ့ကွ ဟား . . . ဟား"

"ကျွန်တော်က ဘယ်လိုလုပ် ကြည့်ပေးနိုင်မှာလဲ၊ ခွဲရ
နေ့မှာ ဆရာမ ငှားပေါ့၊ ဆေးဖိုးဝါးခ ကျွန်တော်ပေးမယ်"

"အေးကွာ . . . မင်းဆီလာတိုင်း ငါ့ကို ပေးကမ်းစွန့်
နေတာ ငါအားနာလှပါပြီ၊ ငါ့မှာလည်း မင်းကလွဲလို့ ပေးမယ့်
မရှိလို့ မကြာခဏ လာနေရတာပါ။ မင်းကလည်း စိတ်ညစ်ည
ငါ့ကို သေပါစေလို့ ဆုတောင်းနေရင် ငါက ကျေးဇူးတင်မှာ





ောင်ချမ်းသာရဲ့"

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ ဦးဘဆန်း"

"တကယ်ပြောတာပါကွာ၊ ငါလည်း တစ်ယောက်တည်း
နေရတာ ကြာတော့ အားငယ်လာတယ်၊ ချောက်ချားလာတယ်၊
လို့ လူ့ဘဝမှာ ဘာမှ အသုံးမကျတဲ့ကောင် သေသွားလည်း
းတာပါပဲ၊ ငါကိုယ်တိုင်က သေချင်နေလို့ မင်းဆုတောင်းနေ
ကျေးဇူးတင်မယ်လို့ပြောတာ တကယ်ကွ။ ကြိုးဆွဲချတာတို့
ဆိပ်သောက်တာတို့တော့ မလုပ်ရဲဘူးလေကွာ"

"ဒီမှာ ဦးဘဆန်း"

"အေး"

"ခွဲရင် ပြည်မှာပဲခွဲ၊ ပွဲစားတန်းက ဒေါ်ဒေါင်းရင် တူလေး
အောင်"ကို တိုက်မှာခေါ်ထား၊ ဆေးရုံမှာလည်း စောင့်
ပေါ့၊ သူ့အတွက်လည်း ပေးမယ်၊ ဆေးဖိုးဝါးခလည်း
လုံး ကျွန်တော် တာဝန်ယူတယ်၊ ကဲ . . . ဟုတ်ပြီလား"

"အေးကွာ . . . ကျေးဇူးပဲ . . . နေပါဦး၊ ဒါနဲ့ ငါက
ယ်မှာတည်းရမှာလဲ။ မင်းပွဲရုံသွားတော့ မင်းဖွင့်ထားတဲ့
ည်းခိုခန်း သွားတယ်ဆိုလို့ ငါလိုက်လာတာ"

"တည်းဖို့လား"

"အေး . . . ဒီတစ်ညတော့ ငါဒီမှာအိပ်ပြီး နက်ဖြန်မှ
ယ်လေ"

"ကျွန်တော်ကလည်း ပွဲရုံ ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မှာ"

"မင်းက ဘယ်မှာအိပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတည်းခိုခန်းမှာ အိပ်တဲ့အခါလည်း အိပ်တာ
တစ်ယောက်တည်းဆိုတော့ ကြုံသလိုပဲပေါ့ ဦးဘဆန်းရယ်"

"နို့... နေမင်းသာရော နိုင်ငံခြား သွားပြီလား"

"မသွားရသေးပါဘူး၊ သွားဖို့ လုပ်တုန်း ကိုင်တုန်းပဲ"

"သူကရော ဘယ်မှာနေလဲ"

"သူက သူ့တိုက်နဲ့သူ တခြားမှာ"

"မိန်းမရနေပြီလား"

"ဟာ... မဟုတ်တာ၊ သားမိန်းမရရင် ဦးဘဆန်း မ
ဘဲ နေပ့ါမလားဗျ"

"အေး... ဒါလည်း ဟုတ်တာပဲ၊ နေပါဦး... မင်း
သားအဖ နှစ်ယောက်က ဘာလို့ အတူတူမနေကြတာလဲ၊ မိန်း
လည်း မရှိကြဘဲနဲ့"

"သားလေး လွတ်လပ်အောင်ပေ့ါဗျာ၊ ကျွန်တော်
ပွဲရုံမှာဖြစ်သလို အိပ်တာ နေတာ ဦးဘဆန်းလည်း အသိ"

"သူဌေး ဖြစ်ပြီပဲကွ၊ စည်းစိမ်နဲ့နေပေ့ါ"

"သူဌေးဖြစ်လာသေး... အလုပ်တွေ များလာလေ
ပင်ပန်းလေပဲ ဦးဘဆန်းရေ့"

"အင်း... မင်းရဲ့ အကြံဉာဏ်နဲ့ ကံကလည်း ဆန်းကြ
ပါပေ့ကွာ"

"ကဲ... ကျွန်တော်သွားစရာရှိသေးတယ်"

"နေဦးလေကွာ၊ ငါက ဘယ်မှာသွားအိပ်ရမှာလဲ။ ငွေ
ရော"





"ကျွန်တော်... အားလုံး စီစဉ်ထားခဲ့မှာပါ ဦးဘဆန်း
ရယ်"

ဦးချမ်းသာသည် တည်းခိုခန်း မန်နေဂျာ "ကိုတင်အောင်
ထွန်း"ထံသို့ ပြန်သွားပြီး...

"တခြား တည်းခိုခန်းတစ်ခုကို ဖုန်းဆက်ပြီး ကောင်လေး
တစ်ယောက် လိုက်ပို့ခိုင်းလိုက်ပါ၊ တစ်ညအခန်းငှားခ ပေးခိုင်း
လိုက်ပါ"

"ဒီမှာလည်း အခန်းနှစ်ခု အားနေသားပဲဆရာ"

'ကိုတင်အောင်ထွန်းကဲ့သို့ပင် ဦးချမ်းသာက လေသံ
နှိမ့်၍-

"အဲဒါ ဆရာ့ဦးလေ၊ အရစ်ရှည်လွန်းလို့ တမင် ဒီမှာ
ထားချင်တာ"

"ကျွန်တော် နားလည်ပါပြီဆရာ"

ဦးချမ်းသာ ပြန်လှည့်လာပြီး...

"ကျွန်တော့်မိတ်ဆွေ တည်းခိုခန်းကို ပို့ပေးလိမ့်မယ်၊
ဆော့... ငွေငါးရာယူ"

"နည်းလှချီလားကွ မင်းဟာကလည်း"

"ဩော်... အဲဒါက... အခုသုံးဖို့နဲ့ ခရီးစရိတ်၊ ဆေးရုံ
တက်ဖြစ်ပြီဆိုတော့ ဖုန်းဆက်လိုက်လေ၊ ငွေပို့ခိုင်းမှာပေါ့၊ ဆေးရုံ
တက်တယ်ဆိုတာ လေးထောင်မျိုး၊ ငါးထောင်မျိုး မကုန်လို့
လား"

"အေး... အေး၊ ဟုတ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကျွန်တော်သွားမယ်၊ ဦးဘဆန်း တစ်သက်ထဲ လိုတာ ထောက်ပံ့ပါ့မယ်၊ စိတ်ချပါ"

"ငါ့အတွက်လည်း စိတ်ချပါ"

ဦးချမ်းသာက ပြုံးရွှင်စွာ နှုတ်ဆက်ပြီး ပြန်ဆင်းသွား တော့သည်။

ဦးဘဆန်း ဆယ်မိနစ်မျှ မစောင့်လိုက်ရမီမှာပင်. . .

"ကဲ. . . ဦးလေး၊ ဒီကောင်လေးနဲ့ လိုက်သွားပါ၊ လွှ လမ်းမှာ တည်းခိုဖို့ ကျွန်တော် ဖုန်းဆက်ထားပြီးပါပြီ"

"အေး. . . အေး၊ ကျေးဇူးပဲကွာ"

အောင့်လာသော ဗိုက်ကို နှိပ်ပြီး ခပ်ကုန်းကုန်းလေး ထလျှက် တစ်လှမ်းချင်း အခန်းဝသို့ ဦးဘဆန်း သွားနေဆဲ ကသုတ်ကရက် ဝင်လာသူတစ်ယောက်ကြောင့် ဦးဘဆန်း ရပ်ပေးလိုက်ရသည်။

ဝင်လာသူက ကောင်တာဆီသို့ ပြေးသွားရင်း. . .

"အစ်ကို. . . ဖေဖေ ရှိလား"

"ဟာ. . . နေမင်းသာ၊ အခုလေးတင်ပဲ ဆင်းသွား ပြီ. . . နည်းနည်းလေး လွဲသွားတယ်ကွာ၊ ငါးမိနစ်လောက် ကလေး"

"ဘယ်သွားမယ် ပြောသွားလဲ"

"အစ်ကိုကိုတော့ ဘာမှ ပြောမသွားဘူး"

"ဒါဖြင့်လည်း ကျွန်တော်ပြန်မယ် အစ်ကို"

"ကောင်းပြီ ညီလေး"





သည်မျှသာ ပြောပြီး မြည်လာသော တယ်လီဖုန်းကို ကိုတင်အောင်ထွန်း ကောက်၍ ကိုင်လိုက်ရသည်။ မိတ္ထီလာမှ ဆည်းနေကျ ဧည့်သည်က ဘူတာကြီးမှနေ၍ အခန်းအား အား စုံစမ်းခြင်းဖြစ်သည်။ အားပါသည် လာခဲ့ပါဟု ကိုတင် အောင်ထွန်း ပြောဆိုနေစဉ် အတွင်းမှာပင်. . .

လှေကားဆီသို့ ဆင်းအံ့ဆဲဆဲ နေမင်းသာ၏ လက်ကို ဆွမ်းဆွဲခြင်း ခံလိုက်ရ၍ လှည့်ကြည့်လိုက်တော့. . .

"ဟာ. . . အဘဆန်း ပါလား"

"အေး. . . လူလေး၊ မင်းနဲ့တွေ့ချင်နေတာ အတော် ကြာကွာ"

"ဖေဖေနဲ့ရော"

"တွေ့လိုက်တယ်၊ ခုလေးတင်ပဲ၊ ဒီမှာ ငွေငါးရာတောင် ပေးခဲ့တယ်"

"ဖေဖေက အဘဆို တကယ် စေတနာရှိတာပါ"

"ငါလည်း သူ့အထောက်အပံ့နဲ့ အသက်ရှင်နေရတယ် ဆိုပါတော့ကွာ၊ ခု မင်းဘယ်လဲ"

"အဘရော ဘယ်သွားမှာလဲ"

"ငါ့ကို လစ္စလမ်းက တည်းခိုခန်းကို ပို့ပေးမလို့တဲ့. . ."

"လာလေ. . . ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမယ်"

"သိပ်ကောင်းတာပေါ့ကွာ"

တည်းခိုခန်းမှ ကောင်လေးကို အကျိုးအကြောင်းမေးပြီး ထားရစ်ခဲ့တော့သည်။ လိုက်စရာ မလိုတော့၊ ဦးဘဆန်းက



www.burmeseclassic.com

www.burmeseclassic.com



နေမင်းသာ၏ ဒတ်ဆန်း ဆန်နီကားပြာလေး ရှေ့ခန်းမှာ အငြိမ့်သား ပါသွားခဲ့လေပြီ။

"လူလေးကို အဘတွေ့ချင်နေတာ အတော်ပဲကွာ၊ ယောက်တည်း တွေ့ရတယ်၊ မင်း ကားမောင်းရင်း စကား ပြောလို့ရသလား"

"ရတယ်၊ ရန်ကုန်လမ်း ကျွန်တော် ကျွမ်းနေပါပြီ"

"အေး. . . ဒါဖြင့် ပြောမယ်၊ အဘက အစာအိမ်ရောဂါ နဲ့ ဗိုက်ခွဲရမှာတဲ့"

"ဟင်"

"အေး. . . အဲဒါ ပြည်မှာပဲ ခွဲတဲ့၊ မောင်ချမ်းသာက. . ."

"ဘာဖြစ်လို့တဲ့လဲ"

"ကိုယ့်မြို့ဆိုတော့ကွာ. . . ပြုမယ့်စုမယ့်လူ ရှိတာပေ ဒေါင်းရင် တူလေး ခေါ်ထားတဲ့"

"ဟုတ်တယ်၊ ရန်ကုန်မှာက အဘဆန်းအတွက် ကျွန် တော်တို့ သားအဖပဲရှိကြတာ"

"မင်းတို့ကလည်း မအားကြပါဘူးကွာ၊ ဒါကြောင့် နက်ဖြန်ပဲ ပြန်မယ်လေ"

"အဘဆန်း ခွဲရင် ကျွန်တော်လည်း လာကြည့်နိုင်ရင် ကြည့်ပါ့မယ်"

"ကြည့်နိုင်ရင် မဟုတ်ဘူး၊ ကြည့်ကို ကြည့်ပေးစမ်း နေမင်းသာ။"

သူ့ရောဂါ ကုသချိန်မှာ အားကိုးရှိချင်ရှာသည်ဟု ယူဆ





သော နေမင်းသာက ပေါ့ပါးလွတ်လပ်စွာ ပြုံးလိုက်ပြီး. . .

"ဟုတ်ကဲ့ အဘ"

"နေမင်းသာ"

"ပြော. . . အဘ"

"မင်း ဆက်ဆက်လိုက်လာပြီး ခွဲတဲ့ ဆရာဝန်ကို မေးစမ်း ဘွာ ငါ သေမလား-ရှင်မလားလို့"

"ဟာ. . . အဘကလည်း. . . မဟုတ်တာ"

"အဘ အတည်ပြောနေတာ နေမင်းသာ၊ အဘ အသက် ရှည်ဦးမယ်ဆိုရင်တော့ မလိုသေးဘူးပေါ့ကွာ"

"ဗျာ"

"အေး. . . တကယ်လို့ အဘဟာ လူ့ပြည်မှာ မနေရ တော့ဘူးဆိုတဲ့ နောက်ဆုံးအချိန်မျိုးကျရင်တော့ မင်းကို ခွင့်ပြောခဲ့စရာ စကားတွေ အဘမှာရှိနေတယ်"

နေမင်းသာသည် ဦးဘဆန်းသို့ အံ့သြသလို လှည့်ကြည့် လိုက်မိသည်။

ဦးဘဆန်း၏မျက်နှာသည် ဆွေးမြည့်ခြင်းဖြင့် တည်ငြိမ် နေပေသည်။

"အခုပဲ ပြောလို့မဖြစ်ဘူးလားဟင် အဘ"

"မဖြစ်လို့ လူလေး၊ အဘ ကတိသစ္စာဆိုထားလို့၊ ဒါပေ မယ့် အဘ မသေမီမှာတော့ ဒီအကြောင်းတွေ လူလေးကို ခွင့်ပြောခဲ့ချင်တယ်ကွယ်"

"ဘာများလဲ အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဘ အသက်နဲ့အမျှ ဘယ်သူကိုမှ ဖွင့်မပြောပါဘူး ဆိုတဲ့ ကတိကို တည်ချင်လို့ပါ၊ ဒါပေမယ့်. . . ဒီကိစ္စအတွက် အဘရင်ထဲမှာ တင်းကျပ် နင့်ပိုးနေတယ်ကွယ်၊ ဒါကြောင့် တမလွန် ကူးခါနီးလေးမှာတော့ အဘ လူလေးကို ဖွင့်ပြောခဲ့ မယ်လို့ ဆုံးဖြတ်လိုက်ပြီ။ လူလေး ပြန်လာခဲ့နော်"

"ဟုတ်ကဲ့. . . စိတ်ချပါ အဘ"

"အဘကိုလည်း ကတိတစ်ခု ပြန်ပေး"

"ဘာပေးရမှာလဲ အဘဆန်း"

"ဒီအကြောင်း. . . အခု အဘပြောပြတဲ့အကြောင်း မောင်ချမ်းသာကို ပြန်မပြောပါဘူးလို့"

"ဗျာ"

"သူသိလို့ မဖြစ်လို့ပါကွယ်၊ အဘ တောင်းပန်ပါတယ်"

"ဟုတ်. . . ဟုတ်ကဲ့ အဘ"

ပြောနေဆဲမှာပင် ဦးချမ်းသာ၏ လွစ္စလမ်း တည်းခိုခန်းသို့ ရောက်ခဲ့ပြီ။

အခန်းတွင်းအထိ လိုက်ပို့ခဲ့ပါ၏။

ဦးဘဆန်းတွင် လွယ်အိတ်တစ်လုံးမှ လွဲ၍ တခြား ဘာ ပစ္စည်းမှ မပါ။

"ကဲ. . . ပြန်တော့လေ လူလေး၊ မင်းတို့က အလုပ်များ သား မဟုတ်လား"

ဦးဘဆန်းထံမှ ပြန်လာပြီးသည့်တိုင် ရင်ခုန်နှုန်းက မြန်နေဆဲ၊ ရင်ထဲမှာလည်း တစ်ခုခု အန္တရာယ်နှင့် ကြုံရတော့ သလိုလို လေးလံထိုင်းမှိုင်းနေသည်။

"ငါနဲ့ အဘဆန်းနဲ့ ကမ်းနားလမ်းကတိုက်မှာ နှစ်ယောက် တည်း အတူနေတုန်းက အဘဆန်းက ငါ့ကို ဆန်းပြားနက်ရှိုင်း တဲ့ အကြည့်တွေနဲ့ ခဏခဏ ကြည့်တတ်တယ်. . .

"သူ့ရင်ထဲမှာ ငါ့ကို ပြောရစ်ခဲ့စရာ စကားတွေ ရှိနေလိမ့် မယ်လို့ ငါ ဘာလို့ မတွေးတတ်ခဲ့ပါလိမ့်. . .

"သူနဲ့ ပတ်သက်ခဲ့သူ အားလုံးထဲမှာ ငါ့တစ်ယောက် တည်းကိုသာ ရွေးပြီး ပြောရစ်ခဲ့မယ်တဲ့. . .

"ပြီးတော့. . . အဲဒီစကားဟာလည်း တမလွန် ကူးခါနီး အလေးမှာမှ ပြောရစ်ခဲ့မယ်ဆိုပါလား. . .

"အဘဆန်း ပြောခဲ့မယ်ဆိုတဲ့ အကြောင်းဟာ ငါ့ အကြောင်းပဲ ဖြစ်ရမယ်၊ ငါနဲ့ ပတ်သက်ရမယ်. . .

"အဘဆန်းဟာ ငါ့ကို သိပ်ချစ်တယ်၊ တခြား ငါ့ရွယ်တူ တွေဆိုရင် သား. . . သားနဲ့ ခေါ်ပြီး ငါ့ကိုမှ ဘာကြောင့်. . .

"လူလေး. . . လူလေးလို့ ခေါ်ရတာပါလိမ့်"

နေမင်းသား၏ရင်တွင်းမှာ တစ်ကြိမ်တစ်ခါမျှ မတွေးဖူး သေးသော အတွေးသစ်တစ်ရပ်က ခိုဝင်လာခဲ့ပြီ။

ယင်းအတွေးကြောင့် မောင်းနေဆဲ ကားသည်ပင်လျှင် ယမ်းခါ၍ လမ်းမှားမတတ်။

ရင်ခုန်နှုန်းက ပို၍ မြန်သွား၏။ နေမင်းသား၏ နဖူးပြင် တွင် ချွေးသီးချွေးပေါက်များ ခိုသီးလျက်။

◆ ◆ ◆





www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၂ ။

ကေရီဦးသည် ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း၏ အပေါ်ထပ်မှ ဝရန်တာကို တံတောင်နှင့် ရွရွလေးထောက်လျက် ဈေးရှုခင်းကို အပေါ်စီးမှ ကြည့်နေသည်။

တစ်ကျပ်ပေး၍ ဝင်လာကြသော ရောင်စုံကားများတ ပွဲတစ်ခု လှည့်နေသလို ကားတန်းက တသီကြီး။ အဆက်ပြတ် သည်ကို မရှိကြ။

အဘွားကြီးများပင်လျှင် ဗိုလ်ချုပ်ဈေးလာလျှင် နှုတ်ခမ်းနီ လေးတော့ ဆိုးလာတတ်ကြသည်။

တစ်နေ့တည်း လေးငါးထောင်ဖိုး အဝတ်ဝယ်သွားသူများ

တစ်နေ့တည်း လေးငါးရာဖိုး အဝတ်အစား ဝယ်သွားကြသူများ။

ဘာမှ မဝယ်နိုင်ဘဲ အဝတ်အစားများကို လိုက်ဈေး လိုက်မေးကြသူများ။





အလှပြင် မှန်သေတ္တာလေးအတွင်းမှ တစ်ထောင်ကျော် တန် ရွှေမွေး၊ သုံးရာကျော်တန် ပေါင်ဒါ၊ တစ်ရာကျော်တန် လက်သည်းဆိုးဆေး စသည်များကို မဝယ်နိုင်ဘဲလျက် ဟိုဟာ သည်ဟာ လက်ညှိုးထိုး၍ ဆိုင်ရှင် တရုတ်မက မျက်နှာ ပြနေသည့် မြင်ကွင်းများ. . .

ဤဈေးအတွင်းမှာ တစ်နေ့တည်းပင် သောင်းဂဏန်း သိန်းဂဏန်းအထိ မြတ်စွန်းသွားသူများ. . .

ဤဈေးအတွင်းမှာ. . . ဖဲပြောင် ဝမ်းဆက် အဝတ် အလေး တစ်ဆင်စာအတွက် ဘဝဖျက် ခံသွားရသူများ. . .

ကားသစ်ကလေး တဝိဝိ စီးခွင့်ရချင်စိတ်နှင့် အငယ် အနှောင်းဘဝ ရောက်သွားရသူများ. . .

စသော မိန်းကလေးတို့၏ ဇာတ်လမ်းပေါင်းများစွာကို တစ်ယောက်ချင်း တစ်ဦးချင်းစီ စာတမ်းပြုစုရပါလျှင် ကမ္ဘာ ပေါ်မှာ ထုတ်လုပ်သမျှ စက္ကူတို့နှင့်ပင် လောက်နိုင်ပါ့မလား သိ။

ဘာထူးလဲ. . .

ဤဇာတ်လမ်းတွေထဲမှာ ကေရီဦးသည်လည်း ဇာတ် ဆောင်တစ်ဦးအဖြစ်နှင့် ပါဝင်ခဲ့ဖူးသည်ပဲလေ။

သက်ပြင်းရှည်တစ်ခုကို ချပြီး သူကျောနောက်မှ ဆိုင်ကို လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေရီဦး ဖြူတီလက်(ပ)"

Aakari Oo Beauty Lab

တူသော ပလတ်စတစ်ထု ဆိုင်းဘုတ်အောက်မှာ ခမ်းနား သစ်လွင်သော အလှပြင်ပစ္စည်းများ. .

ထိုင်ခုံသုံးခုံအပြည့် အလှပြင်သူနှင့်. . . ဆိုင်ဝန်ထမ်းများက ဂရုတစိုက် ပြင်နေပုံကို သင်တန်းသူများက ပုရွက်ဆိတ်အုံသလို အုံခဲ၍ ဝိုင်းကြည့်နေကြသည်။

ကေရီဦးက ယခုတော့ ဆရာကြီး. . .

ကိုယ်တိုင် ပြင်ပေးနေစရာမလိုတော့၊ ကိုယ်က ဆိုင်ပိုင်ရှင် ဖြစ်ခဲ့ပြီ။

လွန်ခဲ့သော ကာလများက သူသည် ယခုလို သင်တန်းသူတစ်ယောက်. . . ။

နောက်တော့ ကေရီဦး၏ဘဝက တစ်ဆစ်ချိုး ပြောင်းလဲခဲ့ပြီ။

ခရောင်းလမ်းနှင့် ဆူးကြမ်း အနိမ့်အမြင့်များစွာတို့ဖြင့် တည်ဆောက်အပ်သောလမ်းကို ကြိုးစား၍ လျှောက်ခဲ့ရာမှ. . .

ခွန်အားကိုသုံး၍ မဖြစ်နိုင်တော့ကြောင်း ကေရီဦး သိလာသဖြင့် ဉာဏ်အား မာယာ အင်အားများကို သုံးပြီးချိန်ကျတော့. . .





ကေရီဦးမှာ ညက်ညောဖြောင့်တန်းသော လမ်းမပေါ်သို့ ရောက်ခဲ့ပြီ။

ဤလမ်း၏ ဝေးဝေးဆီမှာလည်း ပန်းတိုင်ရှိနေပြီဖြစ်၏။

ပန်းတိုင်သို့ မသွားလိုသေးလျှင်လည်း ဤလမ်းပေါ်မှာ ကေရီဦးအတွက် နေစရာ တိုက်၊ စီးစရာ ကား၊ ဝတ်စားစရာ၊ ရတနာ အပြည့်နှင့်. . .

ဖော်မိုက်ကာ ခင်းထားသော ခုံပုံလေးကို ဆွဲယူပြီး ဆိုင်ရှေ့၏နံရံကို ကပ်မှီ၍ ခြေချိတ်ထိုင်လိုက်သည်။

အပြာရောင် သူ့ဝတ်စုံနှင့် လိုက်ဖက်သော ငါးရာကျော်တန် လေဒီရှူးဖိနပ် အပြာနုလေးက သူ့အလှသွေးကို ပို၍ ကြွလာစေသည်။

ခြော်. . . တစ်ချိန်က ဖိနပ်တစ်ရံကို ငါးရာပေးပြီး စီးနိုင်မည်ဟု အိပ်မက်ပင် မမက်ခဲ့ဖူးသော ဘဝ။

ငွေငါးကျပ်မရှိသဖြင့် ထမင်းတစ်နပ် နှစ်နပ် အနပ်ပေါင်းများစွာ ငတ်ခဲ့ဖူးသော ဘဝတို့ကို ကေရီဦး၏ အတွေးအာရုံမှာ ပြန်လည်ရှင်သန်လာခဲ့ချေပြီ။

ဦးမြင့်ဟန် ခေတ္တယူသွားသဖြင့် ကားစောင့်နေဆဲမှာ. . .

ဘဝပျက်နေပါလျက် အလှမပျက်သေးသော မိန်းကလေးများ၏ ရောင်စုံခြယ် ကိုယ်ခန္ဓာဖြင့် ဟိုမှသည်မှ လမ်းသလားနေကြသော. . . စျေးဝယ်နေကြသော. . . အကျီအပ်နေကြသော. . . ဆံပင်ပြင်နေကြသော မိန်းကလေးများကို ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသော ကေရိဦးမှာ. . .

သူလည်း တစ်ချိန်က. . .

◆ ◆ ◆

“မိန်းကလေးက ဘယ်သွားမှာလဲ၊ တစ်ယောက်ထဲလား”

“ကျွန်မအဒေါ်တွေ ပုဇွန်တောင်မှာ ရှိတယ်”

ပြည်ရထားပေါ်မှာ အကြင်နာနှင့် မေးလာသော မိန်း ကြီးကို မျက်စောင်းထိုး၍ “တင်မေဦး” ဖြေလိုက်သည်။

နုနုငယ်ငယ်လေးနှင့် ချောမောလှပသော မိန်းကလေး အဖော်မပါ၍ သားသမီးချင်း စာနာစိတ်နှင့် မေးမိသော်လည်း မျက်စောင်းထိုး၍ မျက်နှာတင်းပစ်လိုက်သဖြင့် မိန်းမကြီး အကြင်နာမှ ချဉ်စရာ အဖြစ် ပြောင်းသွားသော မိန်းကလေး အရေးလုပ်၍ မေးမနေတော့။

မျက်နှာသာ တင်းထားရသော်လည်း ရထားဆိုက်နီ နီးလေ. . . တင်မေဦး၏ ရင်ခုန်နှုန်းက ရထား စက်သံထ မြန်လာလေ. . .

ရထားရပ်တော့ ရုတ်တရက် မထဖြစ်သေး၊ ခရီးသည် ကမူ အထုပ်တွေဆွဲကြ၊ တောင်းတွေ မကြ၊ လာကြို သူတို့ လှမ်းအော် အသံပေးကြနှင့် ကြွက်ကြွက်ညံနေပေသည်။

လက်ဆွဲအိတ်တစ်လုံးသာ ပါလာသော တင်မေဦးမှာ ဟိုငေးသလိုလို သည်ရှာသလိုလိုဖြင့် ဟန်နှင့်ရပ်နေရသော်





ည်း ကြောက်စိတ်က အရှိန်အဟုန်နှင့် တိုးဝင်လာသည်။

“ဒီလောက် ရှက်စရာကောင်းတဲ့အဖြစ်နဲ့တော့ ပြည်မြို့မှာ မနေနိုင်ဘူး၊ ဖြစ်ချင်ရာဖြစ်၊ ငါ ရန်ကုန်ကို ထွက်ပြေးမယ်. . .

“တင်မေဦးတဲ့. . . စနေသမီးပဲ. . . ဟင်း၊ ထက်ရမယ့်နေရာ နှစ်ယောက် မရှိဘူး၊ ဘယ်သူမှ ကြောက်တဲ့ကောင်မ မဟုတ်ဘူး”

မာန်မာနအပြည့်ဖြင့် ထွက်ပြေးလာခဲ့သော်လည်း ဆယ့် နှစ်အရွယ် မိန်းကလေးတစ်ယောက်မှာ. . .

သည်မျှ ရှုပ်ထွေးကျယ်ပြန့်သော ရန်ကုန်မြို့ကြီး၏ မြေပေါ်သို့ တစ်ယောက်တည်း ခြေချကာ တစ်ကိုယ်တည်း ခရီးဆက်ရတော့မည်ဆိုတော့ အားငယ်ဝမ်းနည်းစိတ်တို့က ပြည့်လျှံလာသည်။

ငိုချင်စိတ်ကို မနည်းထိန်းပြီး တွေ့သမျှလူတိုင်းကို အန္တရာယ်ပြုမည့်သူလားဟူသော သံသယစိတ်များဖြင့် မျက်ဝန်းဝိုင်းဝိုင်းလည်အောင် ကြည့်ရင်း ဘူတာရုံတွင်းမှ ထွက်ခဲ့ရသည်။

ရေစီးကြောင်းကြီး တစ်ခုလို မျောသွားသော လူအုပ်ကြီးအတိုင်း ရောနှောလိုက်သွားပြီး ဘူတာရုံကြီး အပြင်ဘက်သို့ ရောက်သည်နှင့်. . .

“ပုဇွန်တောင်. . . စက်ဆန်း. . . ပုဇွန်တောင်. . . စက်ဆန်း၊ လိုက်မလား၊ ညီမလေး. . . ဘယ်သွားမှာလဲ”

“ပုဇွန်တောင် စာတိုက်ရှေ့”



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ"

"ကား. . . ကားက ဘယ်မှာလဲ"

"ဟောဟိုရှေ့မှာ၊ ခရီးသည်တွေတော့ ပါတယ်၊ စီး ငှားမလား"

"ဟင်အင်း. . . အများနဲ့ပဲလိုက်မယ်"

"ဒါဖြင့် ငါးကျပ်ပဲပေး၊ လာ. . . လာ. . . ဒီကားပေါ် တက်"

ကားကြိုသူက သုံးဘီးကားတစ်စင်းကို လက်ညှိုးညွှန်ပြပြီး နောက်ထပ်ခရီးသည်များကို ဆက်၍ ခေါ်နေသည်။

"ဩော်. . . ငါ့မှာသာ ကြောက်နေတာ၊ ဘူတာကြီးမှာ ဒီလိုပဲ သွားကြ လာကြ လုပ်နေကြတာပါပဲ"

"လာ. . . လာ. . . ကလေးမ၊ ရှေ့ခန်းကတက်"

တံခါးရွက်ကလေး ပွင့်ထွက်လာသော်လည်း မတက် သေး။

ငါ့ကို ရှေ့ခန်းကတင်ပြီး မောင်းချင်ရာများ မောင်းသွား ရင် ဒုက္ခ။

"ဟင်အင်း. . . ကျွန်မ နောက်ကပဲ စီးမယ်"

"စီးချင်လည်းသွားစီး၊ ကျပ်မှာစိုးလို့ပြောတာ. . . လူ ထပ်တင်ဦးမှာ"

ကားဆရာ အသံကြောင့် ကြည့်လိုက်တော့. . . အသက် ခြောက်ဆယ် လောက်နီး အဘိုးကြီးဖြစ်နေ၍ တင်မေ ဦး စိတ်ချစွာ ဝင်ထိုင်လိုက်ရသော်လည်း ရင်က မငြိမ်ချင်သေး





"နောက်ခန်းမှာ သူတို့ မိသားစုတစ်စု ပစ္စည်းတွေ မချလို့ နောက်မှာပဲ စီးကြတာ၊ ရှေ့ခန်းက ရတာ ကောင်း"

အဘိုးကြီးက မကျေနပ်သလို ပြောရင်း ဆေးပေါ့လိပ် နေဆဲ. . .

"ဒီကား သာကေတ ရောက်မလား"

"စက်ဆန်းတင်"

"လမ်းသင့်တာပဲဗျာ. . . ဆက်သွားလိုက်ပါလား"

"တခြားကား ငှားပါ"

ဆေးလိပ်သောက်မပျက် ပြောပြီး ခရီးသည်ကို လှည့် ကြည့်တဲ့နှင့်. . .

"ဒီလောက် လမ်းဆိုးတဲ့နေရာကို ဘယ်လိုက်လို့ဖြစ်ပါ့ ပဲ"

သာကေတဆိုသည်ကို ကြားသာ ကြားဖူးသည်၊ မရောက် ခဲ့ပါ။

တင်မေဦးသည် ရန်ကုန်သို့မူ အကြိမ်ကြိမ် ရောက်ဖူး ၏။

ကလေးဘဝက မိဘများနှင့်၊ အရွယ်လေးရလာ တော့. . . ကြီးကြီးစုနှင့် သို့မဟုတ် အမျိုးတစ်ယောက်ယောက် ပါဘဲ တစ်ခါမှ မလာခဲ့ဖူးပါ။

လူနှစ်ယောက် ထပ်တက်လာပြီး သုံးဘီးကား ထွက်ပါပြီ။

ကားဆရာသည် မိန်းကလေးတစ်ယောက်တည်းလာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမှာလဲ စသော စကားများ
တစ်ခွန်းမျှ မမေး။

"ဩော်. . . ရန်ကုန်မှာ ငါ့လို အရွယ်တွေ ဒီလိုပဲ
ယောက်တည်း သွားနေကျ၊ လာနေကျ ထင်ပါရဲ့"

"ဦးလေး. . . စာတိုက်ရှေ့ကျ ကျွန်မကို ရပ်ပေးနော်"

"အေးပါ. . . လိုသေးတယ်"

ဆွံ့အားနွမ်းနေးသော သုံးဘီးကားကို တခြားကား
အားလုံးက ကျော်တက်သွားကြသည်။ လေးလေးနှင့်မှန်
မောင်းနေသော်လည်း လိုရာခရီးသို့ ရောက်လာနိုင်စွမ်း ရှိပါ

ကားက အရှိန်လျှော့ပြီး ဘေးကိုထိုးရပ်တော့ တင်မေ
၏ လက်ဝဲဘက်မှာ ပုဇွန်တောင်စာတိုက်၊ သွားရမည့်နေရာ
တင်မေဦး မှတ်မိသွားပြီ. . .

ကားခ ငါးကျပ် ထုတ်ပေးပြီး ကျေးဇူးနော် ဦးလေ
ဟူသော စကားကို တုံ့ပြန်သံ မကြားရ၊ ဆူညံသော စက်သံ
အတူ သုံးဘီးကားလေး ခရီးဆက်သွားလေပြီ။

"ဦးလှမင်း-ဒေါ်အေးမြင့်"ဟူ၍ ရေးထားသော လိပ်
စာရွက်ကို ထုတ်ဖြန့်ကြည့်သည်။ တောင်ညွန့်တွင်းမှ ဤအိမ်
တင်မေဦး သုံးလေးခေါက် ရောက်ဖူးပါ၏။

ဒေါ်အေးမြင့်က ပြည်ဇာတိ၊ ဦးလှမင်းက ရန်ကုန်သား
သူတို့၏ သမီး အကြီးဆုံး "မြင့်မြင့်မင်း"က တင်မေဦး၏ သူငယ်
ချင်း. . . အရင်းဆုံး။

သားသမီးများ၌ မြင့်မြင့်မင်းကို ဒေါ်အေးမြင့်၏ မိ





ပြည်မှာထားပြီး ကျောင်းတက်စေခဲ့သည်။

တင်မေဦးနှင့် မြင့်မြင့်မင်းတို့က တစ်ကျောင်းတည်း။
နေခဲ့လည်း အတူတူ. . .

ကျောင်းပိတ်၍ မြင့်မြင့်မင်းလည်း ရန်ကုန်က သူ့မိဘဆီ
. . .

တင်မေဦးလည်း ရန်ကုန်သို့ အလည်လာပြီး ဘုန်းကြီး
မှာ တည်းကြသော်လည်း မြင့်မြင့်မင်းတို့အိမ်သို့ အမြ
ပို့ခိုင်းခဲ့ဖူးသည်။ သည်အတွက် တန်းတန်းမတ်မတ် သွား
တော်ပါ၏။

ရှစ်တန်းဖြေပြီးတော့ မြင့်မြင့်မင်း ရန်ကုန်ပြောင် သနား
သူက အောင်ပြီး တင်မေဦးက ကျ၏။

နောက်တစ်နှစ် ဆက်ဖြေ၍လည်း မအောင်။
စာမေးပွဲကလည်းကျ၊ တိုက်ကြီးကိုလည်း ဖခင်က သူ
သခင် ရောင်းခဲ့ပြီးဖြစ်၍ အမှုန့်ကာ တိုက်ပေါ်မှ ဆင်းကြရ
တော့မည်။

သူငယ်ချင်းများနှင့် အပြိုင်အဆိုင် ဝတ်စားရုံမက သူဌေး
သမီးဟူသော ဘွဲ့ထူးကိုပိုက်ကာ ဟန်မပျက် ကြွားနေရာမှ ယခု
ဖြစ်ရသည့်အတွက် ရှက်လှချည်ရဲ့၊ ဖြစ်ချင်ရာဖြစ်ဆိုကာ
ထွက်ပြေးလာသော တင်မေဦး ဖြစ်ပါကြောင်း အရိုးခံစိတ်
. . .

ဦးလှမင်းနှင့် ဒေါ်အေးမြင့်တို့အား ပြောပြတော့ သူတို့
င်မယား နှစ်ယောက်၊ တစ်ယောက်မျက်နှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မျက်လုံးပြူးကုန်ကြသည်။

“အိမ်အတွက်တော့ စိတ်ချပါ၊ လိုက်မရှာနဲ့၊ တစ်သ မပြန်ဘူး၊ ပြန်လာခေါ်ရင် ဦး သတ်သေပစ်လိုက်မယ်လို့ အပြတ်ရေးခဲ့တာ၊ သူတို့ ဦးကို ဘယ်သူမှ လိုက်မခေါ်ပါဘူး”

အိမ်ရှင်နှစ်ဦး မျက်လုံးပြူးရုံမက မျက်နှာပါ မည်းလာလေပြီ။

သူတို့ ဘာကြောင့် ဒီလိုဖြစ်ကြသည်ဟုလည်း တင်မေ တွေးတတ်။

“သမီးလည်း မရှိဘူး တင်မေဦး၊ ကမာရွတ်က သူကြီး သွားနေတယ်”

“ဒါဖြင့် ဦးလည်း မြင့်မြင့်မင်းဆီ လိုက်သွားနေပါရ

သည်တော့ ဒေါ်အေးမြင့် မျက်ဝန်းမှာ ဒေါသရိပ် စိုးရိမ်စိတ်များ ရောယှက်ကာ...

“အို... ဘယ်ဖြစ်မလဲကွဲ့၊ သမီးက ဒီနှစ် ဆယ်တန်း အရေးကြီးလို့ တမင် သူကြီးကြီးဆီမှာ သွားထားတာ၊ အထက်တန်းပြဆရာမလေ”

ဒေါ်အေးမြင့်ကို ငေးကြည့်နေသော တင်မေဦးသို့ စူးရှသော အကြည့်ဖြင့်...

“တင်မေဦးက ရှစ်တန်းတောင် အောင်အောင် ဖြေ မဟုတ်ဘူးလေ၊ ခုလို ထွက်ပြေးလာတယ်ဆိုတာလည်း သင့်လျော်ပါ့မလဲ၊ ကိုယ်က မိန်းကလေး၊ အန်တီမြင့်တို့ဆီ လည်း လက်ခံထားလို့ မဖြစ်ဘူး၊ ဒါ ရှင်းရှင်းပဲပြောတာ”



သည်သို့ အပြောခံရလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့။

သူတို့ နယ်မှာလိုပင် ဧည့်သည် တစ်ယောက်ကို မြတ်နိုး ကြိုဆိုကြမည်ဟု ယုံကြည် မျှော်လင့်ထားခဲ့မိသော တင်မေ ဦး။

ဩော်... အရင် သူဌေးသမီးဘဝက ဧည့်သည်အဖြစ် ဝါလာတုန်းကတော့ ‘သမီး... သမီး’ နဲ့ ရွှန်းရွှန်းကိုဝေလို့။

ခုတော့ မှီခိုသူအဖြစ်နဲ့ ရောက်လာမှန်းလည်းသိရော တို့ လုံးဝ လက်မခံကြတော့ပါလား၊ သမီးချင်းမှ မစာနာ။

တင်မေဦး ရှိုက်ကြီးတငင်ငိုတော့ ဦးလှမင်းက သနား သွားသည် ထင်ပါ၏။

“ကဲပါကွာ... နောင်တော့မှ တစ်ခုခု စီစဉ်ကြတာပေါ့”

သူ့ဇနီးသို့ လှည့်ပြောပြီးမှ...

“မငိုနဲ့တော့ သမီး၊ ကဲ... ရေမိုးချိုး၊ သမီးထွေးရေ... တင်မေဦးကို ကူညီလိုက်ပါ၊ ပြီးတော့... သမီးတို့နဲ့ ထမင်း အတူစား... ဟုတ်လား”

ဦးလှမင်းသို့ ထိုးလိုက်သော ဒေါ်အေးမြင့်၏ မျက်စောင်း စူးရှလှချေသည်တကား။

တင်မေဦး စတင်ထွက်ခွာခဲ့သော ခရီးသည် အရိပ်မဲ့သော ကန္တာရ နေပူခရီးကြမ်းနှင့် စမ်းရေမဲ့သော လမ်းဖြစ်ပါကြောင်းကို ပထမနေ့မှာပင် တင်မေဦး သိရှိခွင့် ရခဲ့ပါချေပြီတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၂ (က)

တင်မေဦးဘဝ၏ ပထမဆုံး ကယ်တင်ရှင်မှာ 'ညွန့်လှမောင်'ဖြစ်ပါ၏။

ဦးလှမင်းတို့နှင့် နံရံတစ်ချပ်ခြားသော ဟိုဘက်ခန်းမှ ကားပွဲစား လူလည်တစ်ဦး။ အိမ်ရှင်သား၏ သူငယ်ချင်း။ ဒီအိမ်မှာ ခေတ္တ လာရောက်နေထိုင်သူ။

တင်မေဦး၏ အဖြစ်သနစ်စုံကို ကြားပြီးသည်နှင့် သနားလှချည်ရဲ့၊ သူ အလုပ်ရှာပေးမည်။ နေရန် ကူညီပေးမည် ဆိုသော စကားများကို ယုံစား အားကိုးစွာဖြင့် ဒေါ်အေးမြင့်တို့ မသိအောင် သူနှင့် ပုဇွန်တောင်ဘူတာမှာ ချိန်းပြီး. . .

“ဦး သွားတော့မယ်၊ ဒီမှာလည်း အားနာလာပြီ၊ ပြည်ပဲ ပြန်တော့မလို့”

ဒေါ်အေးမြင့် အံ့ဩသွားသော်လည်း ဦးကို မသွားပါနဲ့ဟု မတားမြစ်။ ဦးလှမင်းကလည်း မရှိချိန်မို့ ဦးက အိတ်တစ်လုံးကို





ပြီး တောင်ညွန့်မှ ပုဇွန်တောင်ဘူတာသို့ ခြေကျင်ပင် လျှောက်လာခဲ့တော့သည်။

သည်ဘူတာငယ်ကျတော့ ရန်ကုန်ဘူတာကြီးလို မစည်ကား. . .

လူရှင်းရှင်း ကြားထဲမှာ ညွန့်လှမောင်ကို ရှာမတွေ့၍ တင်မေဦး စိတ်တွေ ထူပူသွားတော့သည်။

သူနှင့်က ပြေလည်ကြပြီးသား. . .

အဝတ်ကို ကြော့နေအောင် ဝတ်ပြီး စကားကို နုနေအောင် ပြောတတ်သော ညွန့်လှမောင်ကို တင်မေဦး အထင်ကြီးသွားသည်။

ပြည်မှာထားခဲ့ဖူးသော ရည်းစားဦး 'ခင်မောင်အေး'နှင့်က ခြားစီ။ နာမည်နှင့်လိုက်အောင် အေးတိအေးစက်နှင့်. . . ကိုလည်း ချစ်ပါလျက် ဦးလုပ်ချင်သမျှကို စီစဉ်မပေးနိုင်သူမို့ သူ့ကို အဆက်ဖြတ်ပစ်ခဲ့သည်မှာ ရန်ကုန်သို့ ထွက်ပြေးမည့် စီအစဉ် မရှိခင်ကတည်းက။

ယခု ညွန့်လှမောင်ကျတော့ တင်မေဦး၏ ဒုက္ခတွင်းမှ ကယ်ယူမတင်ပေးမည့် ကယ်တင်ရှင်။

အရာရာတွင်လည်း စီစဉ်နိုင်သူ တစ်ဦးဖြစ်ကြောင်း အိမ်မှာ ခိုကိုးရစဉ် ဆယ့်နှစ်ရက်အတွင်းမှာပင် တင်မေဦး ခွင့်ရခဲ့ပါပြီ။

သူ ပြန်လာတိုင်း စကားပြောခွင့်ရသည်။ သူ၏ ထက်မြက်သော အကြည့်တို့ကို ရင်ခုန်စွာ တပ်မက်မိခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



တင်မေဦး။

"ကိုမောင် ရောက်မလာဘူးလို့ထင်ရင် ဦး ဘယ်လို မလဲလို့ ဟိုတိုင်ကွယ်က ချောင်းကြည့်နေတာဦးရဲ့"

"ကြည့်ကွယ်. . . သူ မကောင်းဘူး၊ ဒီမှာဖြင့် လန့်သွ တာပဲ"

စိုးရိမ်မှု မျက်နှာလေး ကြည်လန်းသွားတော့ လှလိုက် တင်မေဦးရဲ့ မျက်နှာလေးကွယ်။

ညွန့်လှမောင်က နေကာမျက်မှန်တွင်းမှ စိုက်ကြည့်ရ ရှိသမျှသွားအားလုံးပေါ်အောင် ပြုံးလိုက်သည်။

မုဆိုးကျော်သည် သူ၏ထောင်ချောက်အတွင်းမှာ ရှာ အဖိုးတန်လှသောသားကောင်တစ်ကောင်ကို ကောင်းစွာ မိထ သည့်အခါ အားရစွာပြုံးသော စဉ်းလဲသည့်အပြုံးမျိုး-

BURMESE CLASSIC .com

တင်မေဦးကလည်း ပြုံးနေ၏။

ပင်လယ်တွင်း၌ လက်ပစ်ကူးနေစဉ် မဏိမေခလာ လာရောက်ကယ်ပြီးသည့်အခါ မဟာဇနက္ကသည်လည်း အပြုံးမျိုး ပြုံးမိပေလိမ့်မည်ဟု တင်မေဦး တွေးနေသည် ကယ်တင်ရှင် တွေ့ရပြီလေ။

"ဟော. . . မြို့ပတ်ရထားလာပြီ၊ သွားကြစို့"

"ဘယ်ကိုလဲ"

"ဦး စိတ်ချမ်းချမ်းသာသာ နေရမယ့်နေရာလေးကို

ညွန့်လှမောင်က အိတ်ကို ကျောပေါ်တင်ပြီး လက်တို ကိုင်းကို ပခုံးအထက်မှာ ထားလျက် လက်ပြန်ဆွဲထားပုံကို





လှသည်။ ကျန်လက်တစ်ဘက်က တင်မေဦးကိုဆွဲပြီး ရထား ပေါ်သို့ တက်ခဲ့ကြ၏။

နေ့လယ်မို့ တွယ်ရပ်သူများရှိရလောက်အောင် ရထားက ကျပ်လှ၊ နှစ်ယောက် ထိုင်စရာပင် ရလိုက်ပါသေးသည်။

"ဦးရဲ့ ရှေ့ခရီးမှာ အားလုံး အဆင်ပြေတော့မယ်လို့ မှတ် ထိုက်တော့နော် ဦး"

"ခု ဘယ်သွားကြမှာလဲ"

"ဟိုရောက်တော့ ကြည့်၊ ကိုမောင် အားလုံး စီစဉ်ပြီးသား ပါ ဦးရဲ့"

တင်မေဦး၏လက်ကို ဖွဖွလေးကိုင်ပြီး နူးညံ့ညင်သာစွာ ပြောလိုက်ပုံက ငယ်ရည်းစား ခင်မောင်အေးနှင့် ကွာပါ့။

"ဒေါ်အေးမြင့်ကြီးကတော့ တကယ်ပဲ. . . သိပ် အောက်တန်းကျတာပဲ၊ တစ်နေ့တစ်နေ့ ဦးရဲ့အတင်းပဲ အိမ်နီး နားချင်းတွေကို လျှောက်ပြောနေတာ၊ ဦး အိမ်ကထွက်သွား စေချင်နေတာ၊ သိပ်စိတ်ပုပ်တဲ့ မိန်းမကြီး၊ တကယ်ဆို ကိုယ့်သမီး အရွယ်လေးပဲ၊ ကယ်ထားပေါ့၊ မထားချင်လည်း တစ်ခုခုစီစဉ်ပေး ပေါ့နော်။ ဦးမှာလည်း ပစ္စည်းလေးဘာလေး ပါသားနဲ့"

"အင်းလေ. . . အစ်ကိုမောင်ရယ်၊ အစ်ကိုမောင်နဲ့ တွေ့ ဆလို့ပေါ့"

ညွန့်လှမောင်က ပုဇွန်တောင်ဘူတာမှာ ပြုံးသည့် အပြုံး မျိုး ထပ်ပြုံး၏။

သည်လိုနှင့် ဘူတာတစ်ခုမှာ ဆင်းကြသည်။ ဘာဘူတာ



www.burmeseclassic.com

www.burmeseclassic.com



မှန်း တင်မေဦးမသိ။

ထိုဘူတာမှာ ကားငှားတော့ သုံးလေးစင်းက ခေါင်းခါ၏။ နောက်ဆုံး တစ်စင်းကျကာမှ. . .

"လမ်းထိပ်မှာပဲ ရပ်ဗျာ"

ဆိုသော စကားဖြင့် မော်တော်ဆိုင်ကယ်လို မောင်းရသော ဟမ်းဘီးကားလေးတစ်စင်းပေါ်မှာ မျက်နှာချင်းဆိုင်၌ စီးကြရသည်။

နှစ်ယောက်လုံး ကိုယ့်အတွေး ကိုယ့်မျှော်လင့်ချက်များဖြင့် ပြုံးနေကြဆဲပါပဲ။

လမ်းထိပ်မှအတွင်းသို့ အတော်လေးဝင်ခဲ့ရပါသေးသည်။

လမ်းတလျှောက်လုံး ညွှန့်လှမောင်က တင်မေဦး၏အိတ်ကို ထမ်းလျက်. . . တင်မေဦး၏ လက်ကလေးကို မလွှတ်တမ်း ဆွဲလျက်။

ကယ်တင်ရှင်ကြီး မဟုတ်လား. . .

နောင်သောအခါ ကာလများစွာ ကြာလာမှ တင်မေဦး ဆင်းခဲ့ရသော ဘူတာမှာ အင်းစိန်ဘူတာ အဲဒီကမှ ကားပြန်စီးပြီး စက်မှုတက္ကသိုလ်အနီးမှ ခဝဲခြံသို့ ခေါ်လာခဲ့ခြင်း ဖြစ်ကြောင်း တင်မေဦး သိခွင့်ရလာခဲ့ရသည်။

"အဲဒီအိမ်က စပေါ်နှစ်ထောင်. . . အိမ်လခ တစ်ရာ"

"များလိုက်တာနော်. . .၊ အိမ်ခန်းက ကျဉ်းကျဉ်းကလေး"

"ရန်ကုန်မှာ ကျောတစ်နေရာချဖို့ မလွယ်ဘူးလေ ဦးရယ်





ဘာပဲဖြစ်ဖြစ် ဒေါ်အေးမြင့်လက်က လွတ်သွားရင်ပဲ ဦး စိတ်ချမ်းသာတယ်မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုမောင်"

ညွှန့်လှမောင်က သူ့ကိုယ်သူ "ကိုမောင်"ဟု ပြောသော်လည်း ဦးကမူ သူ့ထက် အသက်အများကြီး ကြီးသူမို့ အစ်ကို ည့်ခေါ်ပါ၏။

အိမ်က ကြမ်းခင်း သွပ်မိုး ဝါးထရံကာ၊ လေးပင်သုံးခန်းကို အိမ်ရှင်နှစ်ခန်း၊ ဦးတို့အတွက် တစ်ခန်း၊ ကန့်ပေးထားသည်။ ဟိုဘက် သည်ဘက်က သုံးထပ်ပြား ခြားထား၏။

အိမ်ခန်းလေးက ကျဉ်းမြောင်းလှသော်လည်း သပ်သပ် ဝ်ရပ်ရှိပါ၏။

အိမ်ရှေ့မှာ ကုလားထိုင်မြင့် နှစ်လုံးနှင့် စားပွဲငယ်တစ်လုံး၊ သုံးထပ်ပြားတစ်ချပ် ကန့်လန့်ကာ၍ အခန်းလုပ်ထားသည့် နောက်မှာ ကွပ်ပျစ်ငယ်တစ်ခု၊ ပြီးတော့. . . ကျဉ်းမြောင်းလှသော မီးဖိုချောင်လေး. . .

နေရာတိုင်း ကျဉ်းမြောင်းသော်လည်း အိမ်သစ်ကလေးမို့ ဦး ပျော်သွားမိသည်။

"ကဲ. . . အိမ်တော့ ရပါပြီ၊ ဦး ဘာအလုပ် လုပ်ပြီး ထမင်းစားရမှာလဲ"

"ကိုမောင် ရှာကျွေးမှာပေါ့ ဦးရဲ့"

"အို. . . မဟုတ်တာ၊ ဦးက ကိုယ့်ခြေထောက်ပေါ်မှာပဲ ကိုယ်ရပ်ချင်တာ၊ ဘယ်သူ့မှ အားမကိုးချင်ဘူး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ညွန့်လှမောင်က တစ်ချက် မျက်မှောင်တွန့်လိုက်ပြီး စောစောကလို ပုံစံတူ အပြုံးတုကို သူပြုံးလျက်. . .

"ဖြစ်ရပါစေမယ်ဗျာ၊ ကိုမောင်က ဦးအတွက် အသင့် လျော်ဆုံး အလုပ်ကို ရှာပေးပါ့မယ်၊ ကဲ. . . ညစာ စားဖို့ သွား ဝယ်လိုက်ဦးမယ်နော်"

"ဦး ဆီက ပိုက်ဆံယူသွားလေ"

"ဦးက ကျွေးမယ်ပေါ့"

"ဒါပေါ့. . . ဦးအတွက် အစ်ကိုမောင်က ကျေးဇူးရှင် ပဲဟာ"

တင်မေဦးက ထိုင်နေရာမှ ပိုက်ဆံအိတ် ဖွင့်နေသည်ကို ညွန့်လှမောင် အပေါ်စီးမှ ချောင်းကြည့်ဖြစ်၏။

ရာတန်က အရွက်နှစ်ဆယ်ခန့်လောက် ရှိမည်။ ပြောင် ပြောင်လက်လက်ကလေးကိုလည်း ဖျတ်ခနဲ တွေ့လိုက်ရ၏။ လက်ဝတ်လက်စား တစ်စုံတစ်ရာ ဖြစ်လေမည်။

တင်မေဦး ပိုက်ဆံအိတ် ပြန်မပိတ်မီ တစ်ဘက်သို့ လှည့် ထားနှင့်ရသည်။ တင်မေဦးက ဆယ်တန်တစ်ရွက် လှမ်းပေး ပြီး. . .

"စားဖို့တင် မဟုတ်ဘူးလေ၊ ဦးတစ်ယောက်စာ အိပ်ရာ လည်း ရှာခဲ့ပေးဦးနော်"

"ဦးက တစ်ယောက်တည်း အိပ်ရဲလို့လား"

"အို. . . ဘာလို့ မအိပ်ရဲရမှာလဲ၊ ဘယ်သူ့မှ မကြောက် လို့ တစ်ယောက်တည်းနေဖို့ တစ်ယောက်တည်း အိမ်ထ





ွက်လာခဲ့တာများ၊ ဘာလဲ အစ်ကိုမောင်က ဦးကို စကြောက် သေးလို့ ထင်လို့လား၊ ဟင်း. . . ဘယ်သူ့မှ မကြောက်သေး ဘူး"

"သိပ်တော့ မလွယ်ဘူး"

ဟူသော အသိများဖြင့် ညွန့်လှမောင် ခဝဲခြံမှသည် င်းစိန်လမ်းမပေါ်သို့ ထွက်ခဲ့ရတော့သည်။

◆ ◆ ◆

ရှစ်တန်းတောင် မအောင်ခဲ့သော ဦးအတွက် အလုပ်က တယ်ခက်ကြောင်း ဦးကိုယ်တွေ့ သိမြင်ရပါပြီ။

ညွန့်လှမောင်နှင့်အတူ. . . ပလတ်စတစ် စက်ရုံ၊ ခြမ်းခင်းကောဇောအရောင်းဆိုင်၊ မဂ္ဂဇင်းတိုက်၊ ဗိုလ်ချုပ်ဈေး ဆည်များသို့ ခြေတိုအောင် သွားပြီးခဲ့ပြီ။

ပညာကလည်း မတတ်၊ ငယ်ကလည်း ငယ်၊ လူလည်းရုပ် ပါက်နေသော ညွန့်လှမောင်နှင့်အတူ ရောက်ရှိလာသော းမလှလေးကို ဘယ်သူကမှ လက်မခံချင်ကြ။

အမှန်တော့ ညွန့်လှမောင်ကလည်း သဘောလောက် ပီတ်ပေးရုံပါ။

တင်မေဦးကို ဘယ်မှာ တကယ် အလုပ်ရစေချင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ပါ ဦးရယ်၊ စိတ်မာတ်မကျပါနဲ့၊ အစ်ကိုမောင်
ကားလုပ်ငန်းမှာပဲ ရှယ်ယာထည့်ပါလား၊ ဦးရဲ့ငွေက နည်း
မယ့် အမြတ်ထက်ဝက်ပေးပါ့မယ်၊ ကိုမောင့်ကို ယုံရင်ပေါ့

"အစ်ကိုမောင့်မှ မယုံရင် ဦး ဘယ်သူ့ သွားယုံရမှာ
အစ်ကိုမောင်ရယ်"

ထောင်ချောက်တွင်းမှာ မိနေသော သားကောင်သ
လှောင်အိမ်တံခါးကို ဖွင့်လိုက်စေကာမူ သူ့ကို တိုက်ခိုက်နိုင်
အင်အားမရှိတော့ပါလား။

ညွန့်လှမောင်၏ အပြုံးများက စဉ်းလဲခြင်းများ ခြံရံလ
တောက်ပလျှချေသည်။

◆ ◆ ◆

ဖယ်မလီယာကားတစ်စင်း. . သူ့သူငယ်ချင်းတစ်ယော
တို့နှင့်အတူ ရှည်ဝေးသော ခရီးများကို ကွေ့ပတ်မောင်းနှင်
သည်။

သူ့ သူငယ်ချင်းက ရှေ့ ဒရိုင်ဘာဘေးမှာထိုင်၍ သူ
တင်မေဦး၏ပခုံးကို ဖက်ထားသည်။

နောက်ခန်းမှာ အောင်မြင်မှုအပြုံးများနှင့် မြူးပျော်နေ
က ညွန့်လှမောင်. . .

လမ်းကြိုလမ်းကြားများစွာကို ဖြတ်သန်းပြီး ရုံးငယ်တ





ခွင်းသို့ ဝင်ခဲ့၏။

တာမွေမြို့နယ် တရားရုံးဖြစ်ကြောင်း နောင်သောအခါမှ
တင်မေဦး သိခွင့်ရလာခဲ့ပါပြီ။

ယုံကြည်အောင် ဟန်ရေးပြ၍ ယုံကြည်အားကိုးနေခဲ့ရှာ
သော မိန်းကလေးနှင့် နှစ်ယောက်တည်း အတူလာ၊ အတူသွား၊
အတူနေခွင့်ရနေမှတော့ ညွန့်လှမောင်အတွက် ဘာလိုသေးလဲ
သည်။

"အစ်ကိုမောင် ဦးကို အတည်ယူမှာလား ဟင်"

ရင်ခွင်မှာ မျက်နှာအပ်ပြီး မျက်ရည်စက်လက်နှင့် ပြော
သော တင်မေဦးကို အားပါးတရ ဖက်လျက်. . .

"နက်ဖြန်နံနက်. . . ရုံးတက်၍ လက်ထပ်ကြပါမည်"

သူငယ်တန်း ကလေးတစ်ယောက် စာဖတ်သံနှင့် ညွန့်
လှမောင်က ပြောတော့. . . တင်မေဦး၏ ရယ်သံလေးက
ပ်သက်မြတ်နိုးစရာ။

သူ့စကားအတိုင်းပင် ယနေ့ တရားရုံးမှာ လက်မှတ်
ရေးထိုးခဲ့ကြခြင်းဖြစ်ပါ၏။

ပြီးတော့ ဟိုတယ်တစ်ခုမှာ သူ့သူငယ်ချင်းနှစ်ယောက်၊
သူတို့ "လင်မယား" နှစ်ယောက် ထမင်းအတူစားကြစဉ်မှာပင်
ညွန့်လှမောင် အရက်တွေသောက်လေ၏။

ညွန့်လှမောင်နှင့် တောင်ညွန့်အိမ်မှာ. . . တွေ့ခဲ့ရသည်
မှာ ဆယ့်နှစ်ရက်. . .၊ ခဝဲခြံ အခန်းကျဉ်းလေးမှာ ဆုံရသည်က
နှစ်ရက်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဆယ့်ကိုးရက်အတွင်းမှာ တင်မေဦးဆိုသေ
ပြည်မြို့ မျက်နှာဖုံး သူဌေးကြီး၏သမီးဦးလေး. . . ၊ ဟည်း
သော တိုက်ကြီးနှင့်နေ. . . ၊ စိန်ရွှေတွေ အပြည့်ဝတ်ပြီး၊ လို
သေးမရှိ နေခဲ့ရသော ဘဝမှသည်. . .

ရပ်ကွက်ကလည်းကျပ်၊ အခန်းကလည်း ကျဉ်းသေ
အတွင်းမှာ ညွန့်လှမောင်ဆိုသော သူ၏ တရားဝင်ဇနီးအ
၂၈ ရက် နေထိုင်ခဲ့ရသည်။

ညွန့်လှမောင် ဆိုသော သူကို ညွန့်လှမောင် ဆိုသည်
လွဲ၍. . .

ဘယ်သူ့သားသမီးလဲ၊ ဘာမျိုးရိုးလဲ၊ ပညာဘယ်လော
တတ်သလဲ၊ ဘယ်ရပ်ရွာဇာတိလဲ၊ လူပျိုလူလွတ်မှ ဟုတ်
လား. . .

ဟူသော မေးခွန်းပေါင်းများစွာကို တင်မေဦး မမေ
မေးရကောင်းမှန်းလည်းမသိ။

အိမ်ထောင်တစ်ခုတွင် ဒါတွေဟာ အလိုအပ်ဆုံးသေ
အရာဆိုသည်ကိုလည်း ဆယ်ကျော်သက်မလေး တင်မေ
နားမလည်ခဲ့ပါချေ။

◆ ◆ ◆



အခန်း ။ ၂၂ (ခ) ။

သူနှင့်အတူ ပါလာခဲ့သော စိန်နားကပ်ငယ်လေးတစ်ရံ၊ ငွေသားနှစ်ထောင်၊ စိန်နှင့် နီလာလက်စွပ်လေး တစ်ကွင်းနှင့် ရွှေဆွဲကြိုးတစ်ကုံး။

အားလုံး တက်တက်ပြောင်သွားပြီ။

ညွန့်လှမောင်က တစ်ချိန်လုံး အိမ်မှာမရှိ. . . ၊ ညတော့ ပြန်လာ၏။

တင်မေဦး စားဖို့ကတော့. . . အားလုံး ဝယ်ခြမ်းလာခဲ့သည်။

"အစ်ကိုမောင်. . . ဦးကို ဒီလို ထမင်းကျွေးနေရုံနဲ့ ပြီးတော့မှာလား၊ လက်ထဲမှာလည်း ပိုက်ဆံ တစ်ဆယ်တောင် မပြည့်တော့ဘူး"

"အစုစပ် လုပ်ထားတဲ့ကားက ရောင်းမထွက်သေးလို့ပါ၊ ရောင်းပြီးရင် ငါ့မိန်းမထည့်ထားတဲ့ ကားဖိုးထက် နှစ်ဆပြန်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ၊ ပူမနေပါနဲ့"

အရက်နဲ့ တထောင်းထောင်းနှင့် စကားပြောလိုက်တိုး
ခပ်ပေါ့ပေါ့ဖြင့် မပူပါနဲ့ဟု ပြောသော်လည်း တင်မေဦး သူ့အ
အတွက် ပူပန်စ ပြုလာခဲ့ပြီ။

"အစ်ကိုမောင်"

"အင်း. . . ပြော၊ နားပူအောင်တော့ မလုပ်နဲ့ကွာ"

"ဦးက စွန့်စားချင်တဲ့မိန်းမ၊ ကိုယ့်ခြေထောက်ပေါ် ကို
ရပ်မယ်ဆိုပြီး ထွက်လာခဲ့တာ၊ ခုတော့. . . ဒီအိမ်ခန်းကျဉ်း
လေးမှာပဲ နေနေရတာ၊ မနေနိုင်တော့ဘူး အစ်ကိုမောင် ဦး
အလုပ်တစ်ခုခုရှာပေး"

"ရှစ်တန်းတောင် မအောင်တာ ဘယ်လိုလုပ် ရနိုင်မှာလဲ
သိရဲ့သားနဲ့. . . ထပ်ပြောမနေနဲ့"

"ဒါဖြင့်လည်း အစ်ကိုမောင်သွားတဲ့ နေရာအားလုံး
လိုက်ခဲ့မယ်. . . ဒါပဲ"

"ဟ. . . ကားပွဲစားလုပ်ငန်းဆိုတာ မိန်းမပါလို့ ဘယ်ဖြစ်
မလဲ"

"ဖြစ်ဖြစ်-မဖြစ်ဖြစ် လိုက်မှာပဲ၊ ကိုယ့်ယောကျ်ားနောက်
ကိုယ်လိုက်တာ ဘာဖြစ်လဲ"

"လိုက်လို့ရတဲ့နေရာမှ မဟုတ်တာပဲ ဦးရယ်"

"ဟင်အင်း. . . ဘာဖြစ်ဖြစ် လိုက်မှာပဲ၊ ဒီမှာမနေခဲ့နိုင်
တော့ဘူး၊ ထားရဲထားကြည့်"

'မလွယ်ဘူး' ဆိုသည်ကို အစကတည်းက သိထားသော





နှံ့လှမောင်မှာ သူနှင့်ပြိုင်ကာ ရန်ဖြစ်နေ၍လည်း အကြောင်း
ဘူးတော့သဖြင့် ညဏ်နီညဏ်နက်များဆင်ရန် စဉ်းစားရ
တော့သည်။

◆ ◆ ◆

ယခုတော့. . .

တရုတ်တန်းမှ အလှပြင်ခန်းမ တစ်ခုတွင် တင်မေဦး
ဆိုင်တန်းသူ ဖြစ်၍နေချေပြီ။

အလှပြင်သူများ၊ အလှဆင်သူများ၊ အဝတ်ဆန်းများ၊
ဆံပုံဆန်းများ၊ ထဘီပုံဆန်းများ အားလုံးနှင့် မြင်တွေ့နီးစပ်
ရသဖြင့် တင်မေဦး ပျော်သွားသည်။

ရှေ့မှာလည်း မျှော်လင့်ချက်နှင့်. . .

"ကဲ. . . ဒီပညာကို တတ်အောင်သင်၊ ကိုမောင် ဆိုင်
ခန်း ဖြစ်အောင်ငှားပြီး အလှပြင်ဆိုင် ဖွင့်ပေးမယ်၊ ကျေနပ်
သား"

တင်မေဦး နှစ်ခြိုက်စွာပြုံး၍ ခေါင်းညိတ်ပြပြီး သူ့ခင်ပွန်း
သည်ကို ချစ်မြတ်နိုးစွာ ဖက်ထားလိုက်မိသည်။

ယုံပြန်ပါပြီ။

စွီတီ(Sweety)လှရိပ်မြုံမှ ပိုင်ရှင် မကျင်မွေးကဲ့သို့ ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



ဦးတော့မည်။ ခေတ်ရွေ့ပြေးသော အဝတ်အစားများ၊ တပည့်များနှင့် အလှပြင်ဆိုင် ပိုင်ရှင်မကြီး ဖြစ်ရချေသေးရဲ့ ဟူသော မျှော်လင့်ချက်တွေများဖြင့် တင်မေဦး ပျော်ပြန်ပါပြီ။

ထိုသင်တန်းတက်၍ ဆယ်ရက်မပြည့်မီမှာပင် ညွန့်လှမောင်က. . .

"ဦးရေ. . . မန္တလေးကို ကားကိစ္စ ခဏသွားစရာရှိတယ်"

"ဦးလည်း လိုက်မယ်"

"ဘယ်ဖြစ်မလဲကွယ်၊ ငွေလိမ်သွားလို့ လိုက်တောင်းရမှာ ရဲနဲ့ ဆွဲတန် ဆွဲရမယ်၊ မကြာပါဘူး၊ နှစ်ညအိပ်လောက်တည်းပါ"

"ဟင်. . . ဦး တစ်ယောက်တည်း နေခဲ့ရမှာလား"

"ဟိုဘက်ခန်းကလည်း ကူညီကြသားပဲကွယ်၊ နေ့ခင်းဆိုလည်း ဦးက တစ်နေကုန် အလှပြင်သင်တန်း သွားနေတာပဲလေ"

"ဒါဖြင့် မြန်မြန်ပြန်လာနော်"

"စိတ်ချ. . . အစ်ကိုမောင့်မိန်းမ လှလှလေးကို ဘယ်ထားထားနိုင်ပါ့မလဲဗျာ၊ ချက်ချင်း ပြန်လာမှာပါ၊ ရော့. . . ငွေနှစ်ရာ ယူထားနော်"

ဤသို့ နှစ်သိမ့်မှုများနှင့် ထွက်ခွာသွားခဲ့လေသူ ညွန့်လှမောင်ကို တင်မေဦး နောက်ဆုံး ဆုံခွင့်ရလိုက်ခြင်းပါတည်း။

တင်မေဦး၏ ယခုဘဝ၊ ယခုအချိန်အထိ ညွန့်လှမောင်ဆိုသော သူကို တစ်ကြိမ်တစ်ခါမျှ ပြန်လည်၍ တွေ့ဆုံခွင့် မရရှိတော့ပါ။

◆ ◆ ◆



"တင်မေဦး. . . သင်တန်းကြေး ခြောက်ရာက ထက်ဝက် ပေးထားသေးတာနော်၊ အခု တစ်လကျော်ပြီ တက်နေတာ၊ ကျန်ငွေပေးမှပဲ တက်ခွင့်ပြုနိုင်တော့မယ်"

"ဦးရဲ့ယောက်ျား ခရီးလွန်နေလို့ပါ မမမွှေးရယ်၊ သူပြန်လာရင် ဆက်ဆက်ပေးပါ့မယ်"

"အဲဒါဆိုရင်တော့ ညည်း ဒီသင်တန်းက ထွက်သွားဖို့ပဲ ရှိတော့တယ်။ နက်ဖြန်ကစပြီး လာစရာမလိုတော့ဘူး"

"ရှင်. . . ဘာ. . . ဘာဖြစ်လို့လဲ မမမွှေးရယ်"

"ရော့. . . ဒီသတင်းစာ ဖတ်ကြည့်"

မကျင်မွှေး ပစ်ပေးသော ကြေးမုံသတင်းစာကို ဖြန့်ကြည့်လိုက်တော့. . .

"ဘိန်းမှောင်ခိုလင်မယား နှောင်ချို
ကားဂိတ်မှာ ဖမ်းဆီးရမိခြင်း"

လားရှိုးမှ မန္တလေးသို့ ဆင်းလာသော ဂျစ်ကားအမှတ် ( )ကို သတင်းအရ ရှာဖွေရာ ဘိန်းဖြူ သုံးထုပ်၊ ဆေးခြောက် ငါးထုပ်၊ ကာလတန်ဖိုး သုံးသောင်းကျော်ကို သက်ဆိုင်ရာမှ ရှာဖွေဖမ်းဆီးရမိသည်။

မှောင်ခိုသယ်ယူလာသူမှာ ညွန့်လှမောင်ခေါ် တိုးကြီး၊ အသက် ၃၀ နှစ်၊ မှတ်ပုံတင်အမှတ် ( )နှင့် ၎င်း၏ဇနီး မလှလှထွေး၊ အသက် ၃၂ နှစ်၊ မှတ်ပုံတင်အမှတ် ( )တို့ ဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်မေဦးမှာ ကမ္ဘာပြိုသော အသံကို ကြားလိုက်ရသော သတ္တဝါကဲ့သို့ပင် သတင်းစာကို အလန့်တကြား လွှင့်ပစ်လိုက်ကာ သူ၏ ပလတ်စတစ်ခြင်းလေးကို ဆွဲလျက် ဒေါ်ကျင်မွှေး၏ အလှပြင်ဆိုင်ခန်းတွင်းမှ ပြေးထွက်ခဲ့ရပါတော့သည်။

နောင်ကိုလည်း ဤဆိုင်ခန်းကို ဘယ်သောအခါမှ လာခွင့်ရတော့မည် မဟုတ်ပါ။

လက်ကြောတင်းအောင် အလုပ်မလုပ်ချင်သော်လည်း အလှပြင်ခြင်း၊ အလှဆင်ခြင်းကို ဝါသနာပါသော တင်မေဦးမှာ ဆံပင်ထုံးဖွဲ့မှု၊ မိတ်ကပ် လိမ်းခြယ်မှုတို့ကို အတော်လေး တတ်ကျွမ်းနေခဲ့ပြီ။

ယခုတော့. . .

ဤပညာရပ်များသည် မိမိ၏ ဘဝလေးနှင့်အတူ လုံးဝ ပျက်စီးဆုံးရှုံးခဲ့ရပါလေပြီ။

ကယ်တင်ရှင် ညွန့်လှမောင်က စတင်၍ ဖျက်ဆီးခဲ့သော တင်မေဦး၏ ပထမ ဘဝ။

◆ ◆ ◆



အခန်း ။ ၂၂ (ဂ)

တင်မေဦးဘဝ၏ ဒုတိယကယ်တင်ရှင်က

"နော်နန်းနွဲ့". . .

မကျင်မွှေးက နှင်လွှတ်ပြီး. . . သူနှင့် မတွေ့မီ ကာလများ တင်မေဦးဘဝ၏ ဒုက္ခအရောက်ဆုံးကာလများဖြစ်သည်။

အိမ်စပေါ်တင်ထားခြင်း မရှိ၊ သုံးလစာသာ တစ်လလျှင် ငါးရာဖြင့် ငွေခြောက်ရာ ပေးထားကြောင်း၊ သုံးလပြည့်၍ ဆက်ငှားလိုလျှင် ထပ်၍ ခြောက်ရာပေးရမည်။ မပေးနိုင်လျှင် အခုလကုန် အိမ်ပေါ်မှ ဆင်းပေးရမည် ဆိုသော စာချုပ်ကို အိမ်ရှင်က ထုတ်ပြသည်။

တင်မေဦး အိမ်ပေါ်မှဆင်းရန် ၉ ရက်သာ လိုတော့သည်။

ဘယ်သွား၍ ဘာစားပြီး ဘယ်လို နေရမှန်း မသိနိုင်အောင် တင်မေဦး၏ရှေ့မှာ ခရီးကြမ်း နွေကန္တာရ ပူပြင်းလှ



www.burmeseclassic.com

www.burmeseclassic.com



ပါဘိ။

ညဘက်လည်း အိပ်မရ၊ ဝယ်စားစရာလည်း ပိုက်ဆ
ကုန်ခဲ့ပြီ. . .။

သည်လိုအချိန်မှာ နော်နန်းနွဲ့က မဏီမေခလာ။

"တင်မေဦးရဲ့အဖြစ်ကို ကြားသိရတာနဲ့ လာခဲ့တာ
နန်းက ဟိုဘက်လမ်းမှာ နေပါတယ်၊ နန်းလုပ်နေတဲ့ 'စည်းစိ
စားသောက်ဆိုင်မှာ လူလိုနေလို့ တင်မေဦး အလုပ် လုပ်နိုင်
မလား ဟင်"

"ဘာလုပ်ရမှာလဲ၊ ဦး ဘာမှ မချက်တတ်ဘူး"

စားပွဲရုံမှာ မိန်းကလေး အလုပ်ရမယ်ဆိုသဖြင့် ချက်
ပြုတ်ရမည်ဟုပင် ထင်ခဲ့သည်။

"ချက်ရမှာ မဟုတ်ဘူးလေ တင်မေဦးရဲ့၊ စားပွဲထိုး
လုပ်ရမှာ"

"ရှင်"

တင်မေဦး တစ်ခါမှ မကြားဖူးသော အလုပ်မျိုးပါလား

"ဘာတွေ လုပ်ရမှာလဲဟင်"

"ဆိုင်မှာ လာပြီး စားသောက်တဲ့ လူတွေကို ဟင်း
ပန်းကန်ချပေး၊ အရက်ဆိုလည်း ငှဲ့ပေး၊ ဒါလောက်ပါပဲ၊ ဘာ
မပင်ပန်းပါဘူး"

"ခုမှတော့ ပင်ပန်းမှာလည်း မကြောက်ပဘူး၊ လခ
ဘယ်လောက်ရမှာလဲ၊ ဒီအိမ်လခကချည်း နှစ်ရာပေးရမှာ"

"စပေါ်မပေးနိုင်ရင် ဒီလိုပဲလေ၊ စည်းစိမ်စားပွဲရုံက





လခကတော့ တစ်ရာ့ငါးဆယ်ပဲ။ ထမင်းလည်းကျွေးမယ်၊
အခိုကာမကျပါဘူး၊ လာစားတဲ့ ဧည့်သည်တွေကို ဧည့်ခံ
ောင်းရင် ကိုယ့်အတွက် တစ်နေ့နှစ်ရာ သုံးရာအထိ ရနိုင်
ပါ"

"အို. . . ဟုတ်လား၊ ဦး အလုပ် ဝင်ချင်ပါတယ်၊ ဘာမှ
တော့ မတတ်ဘူး၊ နန်းက သင်ပေးမှာလားဟင်"

"သင်စရာတောင် မလိုပါဘူး တင်မေဦးရယ် အလုပ်က
င်သွားမှာပါ၊ တစ်နေ့ပဲ လိုက်ကြည့်"

"ကောင်းပြီနန်း. . . ဦး လိုက်ခဲ့မယ်"

မိန်းကလေးတစ်ယောက် အိမ်ထောင်တစ်ခါပြု မှားခဲ့
သည့် အဖြစ်မျိုးကတော့ ဖြစ်တတ်နေကျပါ။

ဤအခြေနေမျိုးမှနေ၍ မိမိကိုယ်ကို ကောင်းအောင်
စည်အားထုတ်သွားသူများက အများကြီး။

ဒုတိယ အိမ်ထောင်နှင့် ကြွေးရသွားသူများ၊ ဆက်၍
မ်ထောင်မပြုဘဲ မိမိသိက္ခာကို ထိန်းကာ စီးပွားရှာရာမှ
းပွားသွားသော မြန်မာအမျိုးသမီးများ. . . မြန်မာပြည်မှာ
းစွာရှိပါသည်။

ယခုတော့. . .

တင်မေဦးသည် ဒုတိယအကြိမ် သူ့ဘဝပျက်စီးရန်
မ်းမပေါ်သို့ ခြေချမိပြန်ချေပြီ။

အမှန်တော့ မိမိဘဝကို ပျက်စီးစေတော့ဟူသော စိတ်မျိုး
လျှဉ်းမရှိခဲ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှ မိုက်မဲစွာ ထွက်လာခဲ့ပြီးသည့်နောက်မှာ ဖြစ်ချင်သလို ဖြစ်လာသည့် ဘဝကပေးသော အခြေအနေပါတည်း။

ပြည် ဆောင်းက လွန်ကဲစွာ အေးတတ်သဖြင့် ထရိုင်စိမ်း စွယ်တာသုံးထည် ရှိသည့်အနက် တင်မေဦးတစ်ထည်သာ ယူခဲ့သည်။ အသစ်ကလေးကိုတောင် နှစ်ရာနှင့် တောင်းပန်၍ ရောင်းပြီး အိမ်လခ တစ်လစာသာ ပေးထားနိုင်သည်။ ထိုစဉ်က ထိုစွယ်တာအသစ်၏ဈေးမှာ သုံးရာ့ငါးဆယ်ကျပ်။

မထူးတော့၊ နေစရာ တစ်လစာ ရှိပြီ. . .

ထမင်းလည်း နပ်မှန်အောင် စားရတော့မည့်အဖြစ် လခက ရဦးမည်ဆို၍ နန်းလာခေါ်သော အလုပ်ကို လက်ခံရန် ကျေနပ်စွာ သဘောတူလိုက်ပြီ။

ပြီးတော့. . . နန်း အကြံပေးသည့်အတိုင်း သူလည်း သူ့နာမည်ရင်းမဟုတ်ဟု နော်နန်းနွဲ့က ပြောကြားသွားသည့် အတိုင်း အလုပ်မဝင်ညီညာက မိမိ၏အမည်ကို မိမိဘာသာ နာမည်ပေး ကင်ပွန်းတပ်ရန် အမျိုးမျိုး စိတ်ကူးသည်။ စာနှင့် ချရေးကြည့်သည်။ ရရှိသော နာမည်များထဲမှ တင်မေဦး အကြိုက်ဆုံး အမည်တစ်ခုကို ရွေးချယ်လိုက်သည်။

"ဇေကရီဦး"

ဇေကရီဦး ဟူသော ဘဝသစ်ကို သူ စပေတော့မည်။

◆ ◆ ◆



## အခန်း ။ ၂၂ (ဃ)

ဇေကရီဦး ဟူ၍. . . သည်ဘက်ဘဝကို ရောက်ပြီးမှ တိယမြောက် ကယ်တင်ရှင်က "မင်းစိုးမောင်"

၍ မင်းစိုးမောင်သည်ပင်လျှင် ဇေကရီဦး၏ဘဝကို ပညာ းစွာပေးသွားသူ၊ အတတ်မျိုးစုံကို သင်ကြားပေးသွားခဲ့သူ လည်း။

မင်းစိုးမောင်နှင့် ဆုံရသည်ကတော့. . .

"စည်းစိမ်စားသောက်ဆိုင်"မှာပါပဲ။

သူကတော့. . . ညွန့်လှမောင်လို လူလိမ် မဟုတ်၊ တယ့် သူဌေးသား၊ ကိုယ်ပိုင်ကားနှင့်၊ ထိုစဉ်က Represen-ve ဆိုသော နိုင်ငံခြားကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်၊ လခ မြန်မာငွေ သုံးထောင်ကျော်သတဲ့၊ မြန်မာပြည်မှာလည်း ခြားသော စီးပွားရေးများကိုလည်း လုပ်ကိုင်နေသူဖြစ်ကြောင်း မှန်အတိုင်း သိခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



“နော်နန်းနွဲ့”

“နော်နန်းနွဲ့ လွှတ်လိုက်ပါ”

မင်းစိုးမောင်က နော်နန်းနွဲ့ ဧည့်ခံသည်ကိုမှ နှစ်ခြို လေသူ။

သူက သည့် စည်းစိမ်စားသောက်ဆိုင်သို့ လာနေ

“ဆရာ . . . နော်နန်းနွဲ့ သူ့အမေ နေမကောင်း သုံးရက် ခွင့်ယူသွားပါတယ်။ သူ့သူငယ်ချင်း ကောင်မ အသစ် ရောက်နေတယ်၊ သိပ်လှတာပဲ၊ ဆရာ သုံးကြည့်

“နာမည်က ဘယ်သူတဲ့လဲ”

“ကေရီဦးပါတဲ့ ဆရာ”

“ဟ . . . နာမည်က သားနားလှချည်လား၊ မိဖု ခေါင်ကြီး အမည်ပဲ၊ အရွယ်ကရော”

“ငယ်ငယ်လေး ဆရာ၊ ဆယ့်ရှစ်နှစ်လောက်ပဲ ရှိဦးမ

“အေးကွာ . . . လွှတ်လိုက်စမ်း”

မင်းစိုးမောင် ကေရီဦးကို မြင်တော့ အံ့ဩသွားသ ရုပ်ရည်ကိုက သည်နေရာနှင့်တန်သော ရုပ်ရည်မျိုး မဟု ပြီးတော့ . . . သည်အလုပ်၏ အထာကို ဘာမှ ကျွမ်းသေးပုံ

ပြီးတော့ . . . သည်အလုပ်ကို လာလုပ်ကြသော ကလေးတို့သည် သူတို့၏ အဖိုးတန်ပစ္စည်းများဖြစ်သော . .

ကညာ့ဂုဏ်နှင့် သိက္ခာ၊ ရှက်ခြင်းနှင့် ကြောက်ခြင်းဆိုသ အရာများကို ဆိုင်ဝတွင် ပုံချထားပစ်ခဲ့ရသည်။

ကေရီဦးကတော့ သည်သို့ မဟုတ်သေးပါလား။





“ကေရီဦး . . . မင်း အပျိုလား”

“မဟုတ်ဘူးရှင့်”

ဖြေပုံကို သဘောကျသွားသည်။

“မင်းယောက်ျားက ဒီအလုပ် လုပ်ခိုင်းလို့လား”

“သူမှ မရှိတော့တာ”

“ဘယ်ရောက်သွားလဲ”

“သူ့မိန်းမကြီးနဲ့အတူ . . . အို . . . ဒီအကြောင်းတွေ မပြောပါရစေနဲ့လားရှင်၊ ကေရီကို ခိုင်းချင်တာခိုင်းပါ”

စားပွဲထိုး မိန်းကလေးတိုင်း ညီထားကြသလို ဘဝနာ ဇာတ်လမ်းများတွင် သူတို့က သနားစရာ ဇာတ်လိုက်မင်းသမီး လေးများသာ ဖြစ်ကြသည်။

ကေရီဦး ဖြေပုံက သီးခြား လမ်းခွဲ၏။

ထိုစဉ်ကတည်းက ကေရီဦးသည် နိမ့်ကျသော အမျိုး အနွယ်ထဲမှ မိန်းကလေးတစ်ယောက် မဟုတ်ကြောင်း မင်းစိုး မောင် နားလည်ခဲ့ရသည်။

ကေရီ၏ အရှက်၊ ကေရီ၏ မျက်လွှာချထားသော အပြုံး၊ ကေရီ၏ အပြုအစုနှင့်၊ ကေရီအား ထိတွေ့မှုများကို မင်းစိုး မောင် တစ်ခါဖူးမျှ မကြုံဖူးသော သာယာခြင်းများဖြင့် သာယာ ခဲ့လေပြီတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း သတင်းစာမှာ ကြော်ငြာအကြိမ်
ကြိမ် ပါလာသည်။

တင်မေဦး(ပြည်)အမြန်ပြန်လာပါ။
အလွန်စိတ်ပူနေသည်။
ကြီးကြီးစုနှင့်မေမေ

ဆိုသော ကြော်ငြာကို တင်မေဦး တွေ့ရှိရသည်။

အိမ်မှာလည်း မိန်းမသားသုံးယောက် ဆိုစေကာ အဆွေအမျိုးများ၊ မိတ်သင်္ဂဟများ၊ အပေါင်းအသင်းများထံ လွှတ်၍ ရှာခိုင်းမှာ သေချာသည်။

နောက်ဆုံး. . .

မေမေ့အစ်ကိုအရင်းမှ မွေးဖွားသော မင်္ဂလာ တပ်မြို့နယ်နေ အစ်ကိုလှထူးထံ အကြောင်းကြားချင်ကြားမယ် အကူညီတောင်း၍ အတူရှာချင် ရှာကြမည်။

မြင့်မြင့်မင်း အိမ်သို့လည်း မရောက်ဘဲ နေမည်မဟုတ်

ဟိုဘက်ခန်းမှာ ခေတ္တလာရောက်နေထိုင်သူ ခြေသလုံး အိမ်တိုင်နှင့်လူ၊ နောက်ဆုံး ဘိန်းဖြူမှုနှင့် မိသောသူနောက်သို့ ပါသွားပြီဆိုကာမှ. . .

ခြေရာလည်းပျောက်၊ ရေလည်းနောက်၍ သူတို့ သတင်း စာမှ ကြော်ငြာကြခြင်းဖြစ်ပေမည်။

တတိယမြောက် သတင်းစာမှာ ကြော်ငြာပါလာပြီးသည်





ခါ. . .

မေမေနှင့် ကြီးကြီးစု. . .
ဦးကို ပြန်ခေါ်ဖို့ ဘယ်နည်းနဲ့မှ မကြိုးစား ကြပါနဲ့တော့။
ဦး ဘယ်တော့မှ ပြန်မလာပါ။
ထပ်ကြော်ငြာလျှင် ထပ်၍ အရှက်ကွဲ အောင် လုပ်ပြမည်။ သို့မဟုတ် ဦးကိုယ်ဦး သတ် သေလိုက်မည်။
ဦးကို စွန့်လွှတ်လိုက်ကြပါတော့။
တင်မေဦး

ဟူသော စာပြန်ကြားပြီးကတည်းက မေမေနှင့် ပြည်မြို့ အကြောင်းအရာများ ဘာမှ ထပ်မံမကြားရတော့ပါ။ တင်မေ ဟူသော မိန်းကလေးသည် ထင်ရာစိုင်းတတ်သော တစ်ဇွတ် လုပ်တတ်သော မိန်းကလေးဖြစ်ကြောင်း အိမ်က သိပြီး ၍. . .

မေမေက မျက်ရည်စက်လက်နှင့် တမ်းတနေလိမ့်မည်။

ကြီးကြီးစုကတော့ စိပ်ပုတီးတစ်ချောက်ချောက် စိတ်ရင်း မ်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းပါစေ. . . သော မေတ္တာတွေပို့နေပေလိမ့်မည်။

မတတ်နိုင်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



ဦး၏ ဘဝသည် နစ်ခဲ့ပြီ။

နစ်ရုံ နစ်စေ အကျွံတော့ မခံ ရုန်းမရအောင် စုန်းစုန်း မြုပ်သွားသော ဘဝမျိုး မဖြစ်စေရ။

တင်မေဦးပဲ. . . ဘာရမလဲ။

ရအောင် ရုန်းပြမည်။

ဟူသော အားမာန်များဖြင့် မင်းစိုးမောင်ကို မျှော်လင့် ကြီးစွာ ကပ်မိသည်။

မင်းစိုးမောင်ကလည်း ဦး၏ဘဝ အစအဆုံး သိခွင့်ရခဲ့ပြီ။

ပြည်မြို့က ကြော်ငြာပြ၍ ပြည်မြို့က လိပ်စာနှင့် မိဘ အကြောင်းများ ပြောပြတော့ သူလည်း စုံစမ်း၏။

တကယ့် ဒိတ်ဒိတ်ကြဲ သူဌေးသမီးပါလား။

သူ့အဖေက ပစ္စည်းဖြုန်း၍ တင်မေဦး အရှက်ရကာ ပြည်မြို့မှ ထွက်ပြေးသွားသည်ဆိုခြင်းမှာလည်း အမှန်ပင်။

တင်မေဦးကလည်း ယင်းကြော်ငြာ သတင်းစာကို ပြသည်။ သူ သိမ်းထားသော ညွန့်လှမောင်၏ ဓာတ်ပုံနှင့်တကွ သတင်းစာကို ပြသည်။

သူ့ဘဝ၏ အဖြစ်မှန်အားလုံးကို ပြောပြပြီးသည့်နောက် မှာ သူ ယုံကြည်စွာ လက်ခံပါလေ၏။

ညွန့်လှမောင်နှင့် တွေ့ဆုံရက်က ဆယ့်နှစ်ရက်၊ ပေါင်း သင်းရက်က နှစ်ဆယ့်ရှစ်ရက်၊ စုစုပေါင်း ရက်လေးဆယ်မျှသာ။

အလုပ်သဘောအရ ဆိုင်မှာ လုပ်နေရသော်လည်း ကေရီဦး မျှော်လင့်သည့်က မင်းစိုးမောင်၊ သူ ပြုစုချင်သူက





င်းစိုးမောင်။

တစ်ပတ်ပြည့်အောင် ကြာပြီးခါမှ ရောက်လာသော င်းစိုးမောင်က. . .

"နိုင်ငံခြားချည်သည် ရောက်နေလို့ အလုပ်ကိစ္စတွေလည်း ပုဂံကိုလည်း လေယာဉ်နဲ့ လိုက်ပို့နေရလို့၊ သွားသာ ရတာ ကေရီ့အတွက် နည်းနည်းလေးမှ စိတ်မချဘူး"

"မယုံပါဘူး ကိုကိုရယ်၊ စိတ်မချရင် ဒီဘဝက ကိုကို ကယ် ကယ်မှာပေါ့"

မင်းစိုးမောင် သက်ပြင်းချပြီး. . .

"ကေရီ့ကို ဘယ်သူခေါ်သွားသေးလဲ"

"အောင်မယ်. . . ဘယ်သူခေါ်လို့ လိုက်ရမှာလဲ"

"အိမ်ပြန်ပို့တော့ရော"

"နော်နန်းနွဲ့နဲ့ ပြန်တာပေါ့"

"လိုက်ပို့ပေးမယ့်ကောင်တွေ မတွေ့ဘူးလား"

"အများကြီးပေါ့ ကိုကိုရယ်၊ သိတဲ့အတိုင်း"

"ကေရီ ဘယ်သူနဲ့မှ မလိုက်တာ တကယ်လား"

"ဘုရားစူး. . . ဒီမှာလည်း စုံစမ်းကြည့်"

"ဟား. . . ဟား. . . ယုံပါပြီဗျာ၊ ကဲ. . . ဒီညတော့ ကိုနဲ့ပဲ အတူတူပြန်စို့နော်"

ကေရီဦး၏ အပျော်ရက်ကလေးများ စခဲ့ပြီ။

ကိုကိုဆိုသော မင်းစိုးမောင်၏ တိုယိုတာ စပရင်တာကား ပေါ်မှာ ငြိမ့်ငြိမ့်လေး စီးခွင့်ရခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့နား တိုးစမ်းပါ ကေရီရဲ့"

"အနားတိုးရုံမကဘူး၊ ကိုကို့ ရင်ထဲကို တစ်ခါတည်း ဝင်လိုက်ချင်ပါတယ် ကိုကိုရယ်"

"ဒါကြောင့် ချစ်ရတာ"

ကေရီဦးအိမ်သို့ မပို့သေး။ အင်းလျားကန်စပ်မှာ ကရဝိက်အနီး ကုက္ကိုပင်ကြီးများအောက်မှာ. . . ကားကိုရပ် ကိုကို့ရင်ခွင်မှာသာ ကြည်နူးရပါဘိခြင်းလေ။

"ကေရီလေး. . . ကိုကို့ကို တကယ်ချစ်ရဲ့လားဟင်"

"အဲဒီစကားက ကေရီက မေးရမှာပါ ကိုကိုရယ်"

"ကေရီကို သိပ်ချစ်တယ်၊ သိပ် သနားတယ်လို့ စ ပြောခဲ့သူက ကိုကိုပါ ကေရီရဲ့. . ."

"ကိုကို"

"ဗျ"

"ကေရီကတော့ ကိုကို့ကို ချစ်ရုံမကဘူး၊ သိပ်လည်း အားကိုးပါတယ်ရှင်"

"ကိုကိုလည်း ကေရီ့အတွက် အမျိုးမျိုး စဉ်းစားနေ ပါတယ်"

"ဘာကိုလဲ ကိုကို"

"ဩော်. . . ဒီဆိုင်မှာ ဒီလိုဘဝနဲ့ ကိုယ့်ချစ်သူကို ဘယ် ထားချင်ပါ့မလဲ"

"ကေရီလည်း မလုပ်ချင်ပါဘူး၊ ကိုကိုနဲ့ပဲ နေချင်တယ် ကိုကို့ကို ကေရီ သိပ်ချစ်တယ်"





ကေရီသည် လနှင့်ချီပြီး မင်းစိုးမောင်နှင့် တွဲခဲ့သည်။ တူသွားခဲ့သည်။ အချစ်ကြီး ချစ်ခဲ့သည်။ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပါသည်။

ညွန့်လှမောင်နှင့်က ယူသာ ယူလိုက်ရသည် နှလုံးသားမှ ထွက်လှဲသော အချစ်မျိုး မဟုတ်ခဲ့။

ငယ်ရည်းစား ခင်မောင်အေးနှင့်ကတော့ ကလေးကစား သလိုသာ ချစ်ခဲ့ရုံပါ။ ရင်ထဲအထိ အစွဲငြိ။

အခု မင်းစိုးမောင်ကိုတော့ ကေရီ နှလုံးသားအကုန်နှင့် ချစ်ခဲ့ပါသည်။ ဘဝလုံးပုံ၍ သက်လုံးပုံ၍ အချစ်ကြီး ချစ်ခဲ့ ပြီးသည့်နောက်မှာ. . .

"ကိုကိုက ကေရီ ဒီဆိုင်က ရသလောက်ငွေ ထောက်မယ်၊ အလုပ်က ထွက်လိုက်တော့ဆိုတဲ့ စကား ပြောသွားတဲ့ ညကများ တစ်ညလုံး အိပ်လို့မရဘူး ကိုကိုရယ်၊ ကေရီ ပျော်လိုက်တာ"

"ကေရီ ပျော်တယ်ဆိုရင် ကိုကို ဝမ်းသာပါတယ်ကွယ်"

"ကိုကို. . . ကေရီ့ အချစ်ရယ်၊ ဆိုင်ရှင်ကို အလုပ်ထွက် တော့မယ့်အကြောင်း ဘယ်တော့ ပြောလိုက်ရမလဲ ဟင်"

"ကိုကို အားလုံး စီစဉ်လိုက်ဦးမယ်လေ"

"ကောင်းပါပြီး ကိုကိုရယ်၊ ကိုကို အဆင်ပြေတဲ့နေ့ကျရင် ပြောနော်၊ ကေရီလေ. . ."

"ဘာလဲချစ်"

"ကိုကိုနဲ့တူတူ နေချင်လှပြီ၊ ကေရီ့ကို တကယ်လက်ထပ် မလားဟင် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကေရီရယ်. . . လက်မထပ်ချင်ဘဲ ချစ်တယ်လို့ ပြော မလား"

"ကိုကို. . . ကိုကိုရယ်၊ ကိုကို့ကိုလေ ကေရီ အား လိုက်တာ၊ ကေရီ ချစ်မြတ်နိုးလိုက်တာရှင်"

ကေရီဦး၏ စိတ်ကူးယဉ် ကမ္ဘာလေးမှာ ပြည့်စုံခြင်း စွာဖြင့် လှပနေတော့သည်။

နော်နန်းနွဲ့ကို အကြောင်းစုံ ဖွင့်ပြောပြတော့ နော်နန်း ၏ အပြုံးက ဆန်းပြားလှချေသည်။

ဤအပြုံးမျိုး၏ အဓိပ္ပာယ်ကို ကေရီဦး ဘာသာမ တတ်။

◆ ◆ ◆

ကေရီ. . .

ကေရီ့ကို ကိုကို သနားပါတယ်။

ကိုကိုဟာ ကေရီ့ကို လက်ထပ်ယူမယ့်သူ ဆိုတဲ့အထိ ကေရီ မျှော်လင့်နေလိမ့်မယ်လို့ ကိုကို မထင်ခဲ့မိဘူး။

ရင်ခွင်တစ်ရာထဲက စားပွဲထိုးမလေး တစ် ယောက်ကို ယူလောက်အောင် ကိုကို့မှာ သတ္တိမရှိ ပါဘူး. . . ကေရီ။

ကိုကိုတို့ အသိုင်းအဝိုင်း အလယ်မှာလည်း





ဘယ်ဖြစ်ပါ့မလဲကွယ်. . .

ဒါကြောင့် ကိုကို့ကို မေ့လိုက်ပြီး မျော်မွေ့ စရာ လူသစ်ကိုရှာပါ။ စည်းစိမ် စားသောက်ဆိုင် ကို အများကြီး. . . အများကြီး ရောက်လာကြ မှာပါ။

ကိုကို

စာလုံးလေးများ မွန်းနစ်သွားမတတ် စာရွက်ကို ကိုင်ပြီး ကေရီဦး မျက်ရည်ဖြိုင်ဖြိုင်ကျတော့ နော်နန်းနွဲ့က အားပါးတရ ဟား. . . တော့သည်။

"ယောကျ်ားတွေများ ယုံစားလို့ ကေရီရယ်. . .

"ဒီမှာ. . .

"ယောကျ်ားဆိုတာ အားလုံး လူလည်ချည်းပဲ. . .

"သူတို့သာ. . . တစ်ခုလပ်၊ မုဆိုးမ၊ စားပွဲထိုးမ၊ အပျက် မ. . . စတဲ့ မိန်းကလေးတွေနဲ့ ဖြစ်ချင်သလိုဖြစ်မယ်၊ ချစ်ချင် သလို ချစ်ကြမယ်. . .

"ဒါပေမယ့် တကယ်ယူတော့ ညွှန့်မှ ဖူးမှ ပညာတတ်မှ လှမှ ဂုဏ်ဒြပ်ချင်း ညှိနိုင်မှ ယူကြတာ. . . ကေရီ. . .

"ငိုမနေစမ်းပါနဲ့ကွာ. . . ယောကျ်ားဆိုတာကို နှလုံးသား ပုံပြီး မချစ်ရဘူး ကေရီရဲ့၊ အထူးသဖြင့် တို့လိုဘဝမျိုးမှာ ပေါ့ကွာ. . .

"ဒါကြောင့် ကျုရာလူနဲ့ ကြုံသလိုပြော၊ ကြိုက်တဲ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့် ပြန်ကြား၊ နှလုံးသားက စကားမထွက်စေ
ပါးစပ်ဖျားကပဲ ဆို. . .

“အခု မင်းစိုးမောင် လုပ်သွားပုံကြည့်လေ. . .

“ဒါကြောင့် သူတို့နဲ့ဆုံရင် ကိုယ့်နှလုံးသား ပါမသွားစေ
သူတို့ဆီကပဲ ရအောင်ယူ၊ သူတို့ဆီကသာ ကိုယ့်အတွက်
ကျန်ရစ်အောင် ကြိုးစားတော့ ကေရီ”

“နားလည်ပါပြီ၊ ကေရီ နားလည်သွားပါပြီ. . . နော်နန်း
နဲ့ရေ. . .

“ဘဝကို ရေဆန်ကူးပြီး ဆိပ်ကမ်းသာ ရှာဖို့ ကေ
မကြိုးစားတော့ပါဘူးကွယ်. . .

“ရေစုန်မျှောချပြီးတော့ပဲ ကေရီ့ ဘဝအတွက် ကေ
ယူတတ်အောင် ကြိုးစားပါတော့မယ်. . .

“ကေရီ့ကို ပညာပေးကြလွန်းလို့ ကေရီ့မှာ ဘဝစာပေ
စာတတ် ပေတတ် ပညာတတ်မကြီး ဖြစ်သွားခဲ့ရပါပြီ နော်နန်း
ရေ”

◆ ◆ ◆



အခန်း ॥ ၂၃ ॥

ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း အပေါ်ထပ်မှာ
ဆိုင်ရင်း ဖြတ်သန်းလာခဲ့ရသော ဘဝများကို စဉ်းစားမိသော
ကေရီဦး။

သူနာမည်နှင့် ဝယ်ထားပေးသော ကော်ရိုလာအဝါလေး
သည်း ဝင်လာခဲ့ပါပြီ။

သူမကိုယ်တိုင် ပိုင်ဆိုင်သော သိန်းချီတန်သည့် ကေရီဦး
မြတ်လက်(ပ)ဆိုင်ခန်းကြီးကလည်း စည်ကားဝေဆာလျက်။

ဆိုင်မှာ ငှားထားသည့်အထဲမှ တာဝန်ခံအမျိုးသမီးကို
သန်ကြား မှာကြားလျက် ကေရီဦး ဗိုလ်ချုပ်ဈေး အပေါ်ထပ်
ကြိုလမ်းမှာ လေဒီရှူးဖိနပ်ဖြင့် ကြွကြွရွရွ ကြော့ကြော့ကော့
ကော့လေး လျှောက်ကာ ဆင်းလာခဲ့ချေပြီ။

ကားနောက်ခန်းမှာ ငြိမ့်ခနဲ ထိုင်လိုက်ပြီးသည်နှင့် ကား
ဒရိုင်ဘာက ရိုကျိုးညင်သာစွာ မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်မှာတော့. . .

ကေရီဦး၏ အလှ၊ ကေရီဦး၏ မထပ်အောင် ဝတ်ဆ
ပြင်နိုင်သော ကြွယ်ဝမှု၊ တိုက်ပိုင်ရှင် ကားပိုင်ရှင်၊ အလှပြင်ဆိုင်
တစ်ခု ပိုင်ရှင်အဖြစ်နှင့် ထင်ပေါ်ကျော်ကြားနေပြီဖြစ်သော
ကေရီဦး။

သူဖြတ်သန်းလာခဲ့ရသော ဘဝကြမ်းကို လူသူတို့ မေ့
ထားကြသည်။ မသိသူများကလည်း မစေကြောကြ။ ငွေရှိ
မှာသာ အထင်ကြီးတတ်ကြသည်က လူ့သဘာဝ။

ဗိုလ်ချုပ်ဈေး၏ ရှုပ်ထွေးသောကားများ၊ ရောင်စုံခြယ်
မလှသူများ၊ ခြယ်သပြီး လှသူများ၊ အမျိုးစားစုံ ကားများ အော
ဖြည်းဖြည်း ဖြတ်သန်းစဉ် ကေရီဦး၏ အလှကို ငေးငေးသွား
သဖြင့် ကေရီဦး ပြုံးလိုက်သည်။

"ဩော်. . . ဒီဘဝရောက်အောင် ဘယ်လောက် ရင်း
ရတယ်ဆိုတာ သူတို့မသိကြဘဲကိုး"

မင်းစိုးမောင်၏ စာရပြီးချိန်မှစ၍ ဆယ်ရက်လော
အထိတော့ အလူးအလဲပါပဲ။

နောက်ပိုင်းမှာတော့ ကေရီဦးတို့ အစစအရာရာ နပ်သွား
ခဲ့ပါပြီ။

ကေရီဦး၏ ဘဝထဲမှာ၊ ရင်ထဲမှာ၊ နှလုံးသားထဲမှာ. . .

ခင်မောင်အေးသည် လည်းကောင်း. . .

ညွန့်လှမောင်သည် လည်းကောင်း. . .

မင်းစိုးမောင်သည် လည်းကောင်း. . . တစ်ယောက်မှ





မရှိကြတော့. . .

နောက်ထပ်လည်း မည်သူ့ကိုမှ အဝင်မခံ။

ခံစားမှုပိုင်းဆိုင်ရာ ကေရီဦး၏ ပျော်င်းနွဲ့နူးညံ့လှသော
နှလုံးသားများလည်း ယခုအခါမှာ ကျစ်လျစ်ရင့်မာလာခဲ့ပြီ။

သူ့ နှလုံးသွေးလည်း ပန်းနုရောင်မှသည် နီစွေးရဲတောက်
သော အသွင်သို့ ပြောင်းခဲ့ပြီ။

မြန်မာပြည်မှာ ယောကျ်ားတစ်ယောက်သည် သူ ကျွေး
နိုင်လျှင် အရည်အတွက် သတ်မှတ်ခြင်း မရှိသော အိမ်ထောင်မဲ့
မိန်းမတို့ကို တရားဝင် လက်ထပ်နိုင်ခွင့် ရှိသည်။

မိန်းမတို့သည်သာ ကိုယ့်လင်သားမှလွဲ၍ ဖောက်ပြားခွင့်
မရှိ။ နောက်တစ်ယောက် ယူ၍ မရ။

ဤသို့ဖြင့် ညွန့်လှမောင်၏ နှစ်ဆယ့်ရှစ်ရက်ကြာ တရား
ဝင်ဇနီး ဖြစ်ခဲ့သည်။ တစ်လပြည့်အောင်ပင် ယောကျ်ားတစ်
ယောက်နှင့် မပေါင်းသင်းခဲ့ရ။

မင်းစိုးမောင်နှင့်ကျတော့လည်း နှလုံးသားပုံ၍ ချစ်ရ
သော ချစ်သူအဖြစ်နှင့်။

သည့်နောက်မှာတော့ ကေရီဦးတို့ နပ်သွားခဲ့ပြီ။

ဘဝကိုလည်း မပုံ။ ဘယ်သူ့ကိုမှလည်း မယုံတော့ဘဲ
ကြုံရင် ကြုံသလို လှိုင်းရှုံမက ပိုင်းတန် ပိုင်း၊ ဖြတ်တန် ဖြတ်၊
ပါးပါးလှီးတန် လှီး။

သူ့ဒဏ် မခံနိုင်လို့ သွားလည်း သွားကြပေါ့။ လာလည်း
စမ်း. . . နောက်တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ကေရီဦး၏ သည်သို့သော နှလုံးသား ကျစ်လျစ်လာခြင်း မှာတွေ့ဆုံရသူက. . .

"ဦးမြင့်ဟန်"

ထိတ်ထိတ်ကြီ သူဌေးကြီးတဲ့။

သူ ကေရီဦးကို အစွဲကြီး စွဲပြီတဲ့။ ရယ်တော့ ရယ်ရသား ဖခင်အရွယ်ကြီးက ခံစားမှုတွေ နုပြနေလိုက်တာ။

ပထမဆုံး ဦးမြင့်ဟန်ကို မြင်ရစဉ်က ကေရီဦး ရွံရှာ မုန်းတီးစိတ်ဖြင့် အနားပင်မကပ်ချင်။

နောင်တော့လည်း အလုပ်သဘောအရ ညှော်ခံရာမှ အဘိုးကြီးက စွဲလမ်းသွားတော့သည်။

ဤအချိန်မှာ အမျိုးသမီး စားပွဲထိုးများ မထားရတော့ဘူး လိုလို သတင်းများ ကြားလာရသည်။

ပိတ်လည်း ပိတ်သင့်ပါသည်။

မြန်မာပြည်နှင့် လုံးဝ မအပ်စပ်သော လုပ်ငန်း၊

မြန်မာ အမျိုးသမီးလေးများနှင့် ဘယ်ရှုထောင့်က ကြည့်၍မှ မသင့်လျော်သော အလုပ်။

ဤအတွက် သက်ဆိုင်ရာမှ ကယ်တင် ကူညီပေးခဲ့သည် ကိုပင် အထူး ကျေးဇူးတင်လှပါသည်။

ဤသတင်း ကြားကတည်းက ကေရီဦးတို့ မျက်လုံးပြူးရ ပြီ။

သူ့မှာ လက်ကြောတင်းအောင် လုပ်ကိုင်တတ်သော ပညာ မရှိပါ။





စည်းစိမ် စားသောက်ဆိုင်မှ ပေးအပ်သော အတတ် ပညာဖြစ်သည့် တစ်သိန်းမျှသော မာယာအတတ်ပညာသာ ရှိပါ၏။

ဤပညာဖြင့် သူ့ကို အစွဲလမ်းကြီး စွဲလမ်းနေပြီဖြစ်သော ဦးမြင့်ဟန်သို့ ကေရီဦး ကပ်တော့သည်။

"အစ်ကိုကြီးရယ်. . . ကယ်ပါဦး"

"ကေရီ့ကို သနားပါနော်"

ဆိုသော စကားလုံးနှင့် မျက်ရည်လေး သုံးလေးစက် ထွက်ပြရုံဖြင့်. . .

"စိတ်ချ၊ အစ်ကိုကြီး ကေရီ့ကို လက်ထပ်မယ်၊ ဒါပေမယ့် ဘယ်သူမှတော့ မသိစေရပါဘူးလို့ အစ်ကိုကြီးကို ကတိပေး ပါတွယ်"

"ဟင်. . . အစ်ကိုကြီးကလည်း၊ ဒါက ဘာဖြစ်ရတာလဲ"

"ဩော်. . . ကွယ်၊ အစ်ကိုကြီးမှာ အသိုင်းအဝိုင်းနဲ့ ဆက်ဖြပ်က ရှိသေးတော့ သမီးအရွယ်လောက်လေးကို. . ."

"အို. . . နားလည်ပြီ. . . နားလည်ပြီ၊ ကေရီ့ကို ကယ်တဲ့ အစ်ကိုကြီး စိတ်မချမ်းသာတာ ဘာမှမဖြစ်စေရပါဘူး၊ စိတ်ချ"

"လိမ္မာလိုက်တာဗျာ"

"အစ်ကိုကြီးရဲ့ တရားဝင်ဇနီးပါလို့ ဘယ်သူမှ မသိစေရ ဘူး ဘယ်သူ့ကိုမှလည်း မပြောဘူး၊ အစ်ကိုကြီး အသိုင်းအဝိုင်း ကိုလည်း ကေရီ ဘယ်တော့မှ မလာဘူး ကေရီ ကတိပေးပါ တယ် အစ်ကိုကြီးရယ်၊ ကေရီ့ကိုလည်း ပြန်ပြီး သနားပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ပစ်မထားပါနဲ့နော်. . . အစ်ကိုကြီးနော်”

ဤသို့ အပေးအယူ တည့်ခဲ့ကြသည်။

ယခုအချိန်မှာ ကေရိဦးသည် မုဆိုး။

ဦးမြင့်ဟန်သည် သားကောင် ဖြစ်သွားခဲ့လေပြီ။

သည်သို့ဖြင့် ကေရိဦး တစ်နေ့တခြား ချမ်းသာကြွယ်ဝလာခဲ့ရခြင်းပါတည်း။

◆ ◆ ◆



## အခန်း ॥ ၂၄ ॥

“နေမင်းသာရဲ့ ကားသံကြားကတည်းက ကလေးတွေက ဆွ့ဆွ့ခုန် ဝမ်းသာနေကြတာ”

“ကျွန်တော်လည်း ဆွ့ဆွ့ခုန် ဝမ်းသာနေရတာပဲ မထွေးရဲ့”

“အလိုတော်. . . ဘာ့ကြောင့်လဲ”

“ဒီမှာလေ. . . စူးပါလာလို့ပေါ့”

“အို. . . ကိုကိုကလည်း”

“လာပါအေ. . . ရှက်မနေစမ်းပါနဲ့၊ တစ်ခြားအိမ်မှတ် . . . စူးနဲ့ နေမင်းသား အဆင်ပြေသွားတာကို စူးတို့ အစ်ကို အထူးကြီးကရော မမထွေးကပါ ဝမ်းသာနေကြတာပါ။ ကဲ. . . . . . ထိုင်ကြ”

စူးတို့၏ အကြောင်းစုံကို သိပြီးဖြစ်သော မမထွေးက . . .တ်လှဲ့ဝမ်းသာစွာ ကြိုဆိုရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ ဝယ်လာတာတွေကိုတော့ အားမနာတော့ဘူး
ဟော့. . . ပျော်ပျော်ကြီး စားပစ်လိုက်မယ်၊ လာဟော့. . . သမီး
သားတို့"

နေမင်းသာ လက်ထဲမှ ဟိုတယ် ဟင်းလျာထုပ်နှင့် မုန့်
ထုပ်များကိုယူပြီး မီးဖိုခန်း ဝင်သွားတော့ စူးကပါ လိုက်ဝင်
ရင်း. . .

"အစ်ကိုရော မမထွေး"

"ဒီတနင်္ဂနွေနေ့လေး အားမယ်ကြံပါတယ်၊ သူ့ သူငယ်
ချင်း တစ်ယောက်က လာခေါ်သွားတယ်လေ၊ ဗေဒင်မေးတဲ့"

"ဟင်. . . ဗေဒင် မေးတယ်ဆိုတာ မိန်းမတွေ အလုပ်ပဲ"

"သူလည်း ဝါသနာ မပါလှပါဘူး၊ အမယ်လေး. . .
တချို့ ယောကျ်ားတွေလည်း ဝါသနာပါကြတယ်၊ ဗေဒင်ဆရာ
တွေ စားသာနေတာ ဘာကြောင့်လဲ. . . သိလား"

"ရှင်"

"လူတိုင်းဟာ ကိုယ့်အကြောင်းထက် ပိုပြီး ဘယ်အရာ
အကြောင်းမှ စိတ်မဝင်စားကြဘူး စူးရဲ့၊ ဗေဒင်ဆရာက ကိုယ့်
အကြောင်းတွေချည်း ပြောတာကို. . . ခင်ဗျားတော့ ဘယ်လို
ဆင်းရဲမယ်၊ ဘယ်နှစ်မှာ ဆေးရုံတက်ရမယ်လို့ ဘယ်သူ
ဟောမှာလဲ၊ သိခဲ့ရင်လည်း ဒီအချိန်မှာ အညွှန့်ရှိတယ် ယတြာချေ
ဘာညာပေါ့. . . အဲ. . . ဗေဒင် မေးလာသူတိုင်း ကြားရ
လိမ့်မယ်၊ မွေးလလွန်ရင် ကောင်းပြီ၊ ချမ်းသာမယ်၊ နိုင်ငံခြား
သွားရမယ်၊ ဘာညာပေါ့လေ"





"မမထွေးက မယုံတိုင်း"

"အေးလေ. . . ငါ့မှာလည်း ဝမ်းသာလုံးဆို့ပြီး ပါးစပ်ထဲ
ရောက်ရာတွေလျှောက်ပြောနေမိတယ်၊ ဒါနဲ့ စူးတို့ ဘယ်တော့
. . . ကြမလဲဟင်"

"သူကတော့ စူး ခေါင်းညိတ်ရင် ချက်ချင်း လက်ထပ်
ချင်တယ်တဲ့"

"အေး. . . ဒီလာတုန်းကလည်း ဒီလိုပဲ ပြောသွားတယ်၊
အစ်ကိုလှထူး စီစဉ်ပေးပါတဲ့၊ ကြိုက်တဲ့ပုံစံ ဖြစ်ရပါစေ့မယ်တဲ့၊
သူကတော့ ချက်ချင်းကို လိုချင်နေရှာတာ၊ ဒါကိုပဲ ဝမ်းသာ
နေရတယ် စူးရေ"

"ရှင်"

မမထွေးက စူးနားကပ်၍ လေသံနှိမ့်ပြီး. . .

"သိပ်ချမ်းသာတဲ့ သူဌေးသား မဟုတ်လား. . . တကယ့်
မေတ္တာစစ်နဲ့ချစ်ပြီး အတည်ယူမယ်ဆိုတာ ဝမ်းသာစရာပဲ၊ အချိန်
ဆွဲမနေပါနဲ့လား စူးရယ်"

"ကျောင်းကလည်း အခုမှ ပထမနှစ် ရှိသေးတာ၊ ကျောင်း
သာတက်တာ တစ်နှစ်မပြည့်ခင် ယောကျ်ားယူလိုက်တယ်
ဆိုတော့. . . လည်း"

"ဘာဖြစ်လဲ၊ ဘယ်သူရှက်ရမှာလဲ၊ ထိတ်ထိတ်ကြဲရမှာပဲ၊
ကြားစရာတောင် ဖြစ်သေးတယ်၊ စာမေးပွဲက ထားလိုက်စမ်းပါ၊
ဘွဲ့ရတော့လည်း တစ်နေ့ခြောက်ကျပ်ခွဲ အလုပ်ရဖို့တောင်
မနိုင်နိုင်ပါ။ ဘွဲ့ရပြီး သူနဲ့ ယူပြီးရင်လည်း စူးလား အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမှာ. . . ဝေးသေး"

"ဟုတ်ပါတယ်. . . စူးကိုက မယူချင်သေးတာ၊ စူး ငယ်လည်း ငယ်ပါသေးတယ် မမထွေးရယ်၊ ပြီးတော့. . . မမဦးကိုလည်း တိုင်ပင်ဦးမှ"

"တင်မေဦး လာရဲ့လား"

"ဟုတ်ကဲ့. . . လာပါတယ်၊ လိုလေသေးမရှိလည်း ထောက်ပံ့ပါတယ်"

"အေးကွယ်. . . ကြားရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့. . . မမထွေး"

"စူး အစ်ကိုလာတော့လည်း တိုင်ပင်ဦးလေ"

"ဘာကိုလဲ"

"နေမင်းသာနဲ့ ယူဖို့ကိစ္စ"

"ဟာ. . . မမထွေးကလည်း၊ စူး ဘယ် တိုင်ပင်ရဲပါ့မလဲ"

"အေး. . . မမထွေးပြောမယ်"

စကားကောင်းနေကြဆဲ နေမင်းသာ လိုက်ဝင်လာသည်။

"ဘာဝိုင်းလုပ်ရမလဲ မမထွေး"

မမမြတ်မြတ်ထွေးက အထုပ်နှင့် ဟင်းလျာများကို ဇ… များ၊ ပန်းကန်များအတွင်းမှာ ဖြေထည့်ရင်းက. . .

"ဘာမှလည်း ဝိုင်းမလုပ်ပါနဲ့၊ ကဲ. . . မရွှေစူး၊ အိမ်ရှေ့ ကြွ. . . ဟိုက နှစ်ယောက်တည်း နေချင်တာ"

"ဟာ. . . မမထွေးကလည်း"

"ဘာမှ မမထွေးတွေ ဘာတွေ လုပ်မနေနဲ့၊ တို့တုန်းက…





…ည်း ဒီလိုပဲ၊ လူသူကြား နေချင်တာမဟုတ်ဘူး၊ ကဲ. . . …သွားကြ၊ ဟဲ့ကလေးတွေ လာခဲ့ကြစမ်း. . . နောက်ဖေးကို"

မမထွေးစကားကြောင့် အားလုံး ရယ်မောနေဆဲမှာပင် …ကိုနေမင်းသာက သူ၏ ချစ်လှစွာသော စူး၏လက်ကို …လျက် အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့တော့သည်။

"ကိုကို့နားမှာ နေစမ်းပါ မိစူးမလေးရဲ့"

နေမင်းသာက စူး၏ပါးကို မချင့်မရဲ လိမ့်ဆွဲပြီး အံကြိတ် …လေးနှင့် ပြောလာသည်။

"ကိုကိုကလည်း"

"ဘာကိုကိုကလည်း လဲ၊ စူးကို ကိုကိုအမြဲ ကြည့်နေချင် …ယ်လို့ ပြောတယ် မဟုတ်လား၊ အနားမှာ ထိုင်နေ"

အမိန့်ပေးသံဖြစ်သော်လည်း ကိုကို့၏ မျက်နှာက …ပြုံးကြီး။

"ကိုကို"

"ဘာလဲစူး"

"ဒီအိမ်မှာ ကိုကို စူးကို လာဟောက်တာ မှတ်မိသေး …ား"

"ဟား. . . ဟား. . . ကိုကို့ကို မချွတ်နဲ့ကွာ၊ မျက်နှာ …တယ်"

နေမင်းသာက လက်ချောင်းများခဲ့ပြီး မျက်နှာကို …ထား၏။ လက်တစ်ဘက်ကလည်း စူး၏ ပခုံးစွန်းလေးကို …်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသည် စူးနှင့်တွေ့လေတိုင်း စူး၏ ပခုံးဖြစ်ဖြစ် လက်မောင်းဖြစ်ဖြစ်၊ လက်ခုံကိုဖြစ်ဖြစ် ဆုပ်ကိုင်ထားတတ်သည်။

ကလေးတစ်ယောက် လိမ့်ကျသွားမှာ စိုးရိမ်တတ်သော ဖခင်တစ်ယောက်၏ အကြင်နာမျိုး။

စူးကို နေမင်းသာသည် ငုံထားမတတ် ချစ်မြတ်နိုးရှာလွန်းကြောင်း စူးသိပါ၏။

ကိုကို့လို လူတစ်ယောက်၏ချစ်သူ ဖြစ်ခွင့်ရခြင်းအတွက် စူး၏ ကုသိုလ်ကံတရားသည် အကောင်းဆုံးနှင့် အမြင့်ဆုံး နေရာမှာ ရောက်ရှိခဲ့ပါပြီ။

"စူးရဲ့ မမဦး ဒီတစ်ခါလာရင် ပြောလိုက်တော့ကွာ"

"ဘာပြောရမှာလဲ"

"စူး ယောကျ်ားယူချင်ပြီလို့"

"ကိုကိုနော်. . . ပြောပုံက အကြောကြီးနဲ့၊ စူး ယောကျ်ားမယူချင်တာ"

"စူး ယောကျ်ားမယူချင်ပေမယ့် ကိုကိုက မိန်းမယူချင်လှပြီ စူးရဲ့"

"သွား. . . ကြိုက်တဲ့လူ သွားယူ"

"ကြိုက်တဲ့လူက ဒီမှာဗျ"

ဖျတ်ခနဲဖက်ပြီး လှစ်ခနဲ နမ်းလိုက်သော ကိုကို့ကို မထေ့မချမ်းဟန်ပြ မျက်စောင်းသာ ထိုးလိုက်ရသည်။ ရန်မတွေ့နိုင်။ မမထွေးနှင့် ကလေးများ ကြားသွားမှာစိုး၍ပါ။





အို. . . စူး ကိုယ်တိုင်ကလည်း ကိုကို့၏ အကြင်နာအထိအတွေ့ မြတ်နိုးမှု အနမ်းအရှိုက်ကလေးများကို ကြည်မွေ့သာယာပါသည်လေ။

မကြာမီအတွင်းမှာ အစ်ကိုလှထူး ပြန်ရောက်လာသည်။

အစ်ကို့မျက်နှာသည် မှိုတောကြီးတစ်ခုလုံး ဆွတ်ခူးခွင့်ရလာသည်သို့ ပြုံးပျော်နေပေ၏။

"တံထွေးလေးများ သီးမလာဘူးလား ကိုလှထူး"

နေမင်းသာတို့ ဝယ်ခြမ်းလာသော ဟင်းလျာများကို ရှယ်စူးပြီး မမထွေးက သူ့ခင်ပွန်းကို လှမ်းနောက်၏။

"ကဲ. . . ထမင်းစားမလား ကိုလှထူး"

"အေး. . . အားလုံး စားကြတာပေါ့"

"အို. . . လူကြီးတွေ အရင်စားမယ်လေ၊ နောက်မှ သူတို့နှစ်ယောက် စားကြပစေပေါ့"

"ဩော်. . . အေး. . . အေး"

အစ်ကိုလှထူးက မျက်နှာပူဟန်နှင့် "အေး" ရရှာသည်။

အစ်ကိုလှထူး ကျောခိုင်းထားချိန်မှာ ကိုကိုနေမင်းသာက မမထွေးသို့ စစ်ဗိုလ်တစ်ဦးအား အလေးပြုပုံဖြင့် နဖူးမှာ လက်ကပ်ပြီး ဆတ်ခနဲ ပြန်ချလိုက်သဖြင့် မမထွေးက ရယ်မောရင်း အတွင်းသို့ ဝင်သွားလေတော့သည်။

ကလေးသုံးယောက်က ပထမတစ်ဝိုင်း။

အခု အစ်ကိုလှထူးနှင့် မမထွေးက တစ်ဝိုင်း။

ပြီးတော့ စူးတို့ အချစ်ဦးနှစ်ယောက်. . .



www.burmeseclassic.com

www.burmeseclassic.com



စိလည်း စီစဉ်တတ်တဲ့ မမထွေး၊ အိမ်ရှင်မတစ်ယောက် အစီအစဉ်ကောင်းလျှင် အိမ်သားများရော ဧည့်သည်စောင် သည်ပါ အဆင်ပြေ၍ အနေချောင်လှချေသည်။

ကိုကိုနေမင်းသာကလည်း စီစဉ်တတ်သူပါ၊ ဟင်းလျာ ချည်းဝယ်လျှင် ထမင်း ထပ်ချက်နေရမှာစိုးသည့်အတွက် ထမင်း ကြော် အစိတ်တန် အထုပ်ကြီးတစ်ထုပ်ပါ ဝယ်လာခဲ့သေးသည်။

အစ်ကိုလှထူးတို့ ထွက်လာပြီး စူးတို့အလှည့် ရောက် တော့လည်း ထမင်းဟင်းလျာများက အားလုံး အဆင်သင့်. . .

နှစ်ယောက်တည်း နောက်ဖေးချောင်က မြန်မာစားပွဲဝိုင်း ပုလေးဘေးမှာ နီးနီးကပ်ကပ်ထိုင်ရင်း ကောင်းနိုးရာရာများကို တစ်ဦးမှ တစ်ဦးသို့ ထည့်ပေးဖြစ်သည်။ စူး၏ ကိုကိုကတော့ အသည်းတုံးလေးများကို စူး ပါးစပ်သို့ အရောက် ခွံ့ပေး၏ လေ၏။

တစ်ချိန်သောအခါက စူး၏ မမဦးသည် ရမ္မက်မျက်ဝန်း များနှင့် တစ်ခါမျှ မမြင်ဖူးခဲ့သော ယောကျ်ားတကာတို့ကို သည်လိုပင် အသည်းဖတ်များ ခွံ့ကျွေးခဲ့ရသည်ဟု စူးသာ သိခွင့် ရခဲ့ပါလျှင်. . . မမဦး၏ အထောက်အပံ့ကို ယူရက်တော့မည် မထင်။

ယခုတော့. . .

မမဦးကလည်း သူဌေးမကြီးဖြစ်နေလေပြီ။ သူဖြတ်သန်းခဲ့ ရသော ဘဝကို စူး မသိနိုင်။

ကိုကိုဆိုသော စူး၏ အချစ်ဦး သည်လည်း လိုအပ်ခြင်း





မဲ့သော ကွက်လပ်မရှိလေအောင် အစစအရာ ပြည့်စုံသူပါ တည်း။

"စူး. . . ကိုကို အစ်ကိုလှထူးကို ပြောလိုက်တော့မယ်"

"ဘာလဲ"

"စူးနဲ့ လက်ထပ်ပါရစေတော့လို့"

"ကိုကိုရယ်. . . စူး ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ဘာမှ မပြောနဲ့လေ၊ ကိုကိုပဲ ပြောမှာပေါ့၊ ယောကျ်ား ယူချင်တဲ့အကြောင်း နှမက ဖွင့်ပြောရတာ ကောင်းနိုင်ပါ့မလား စူးရဲ့"

"ကဲ"

သူ့ပေါင်ကို ထုတော့ မနာဘဲနှင့် ရှုံ့မဲ့ပြနေသည်။

"စူးလည်း ကိုကိုနဲ့တူတူ နေချင်လှပါပြီ ကိုကိုရယ် ဒါပေ မယ့်. . . စူးစိတ်ထဲမှာ တစ်ခုထင့်နေတယ်"

"ဘာလဲ. . . ကိုကို့ကို မယုံဘူးလို့ ပြောဦးမှာ မဟုတ်လား တင်. . . အဆိုးမလေး"

"မဟုတ်ပါဘူး၊ ကိုကိုကလည်း"

"ကဲ. . . ဒါဖြင့်. . . ဘာလဲ၊ ပြော"

"စူး ပညာတတ်ချင်တယ်၊ အလုပ် လုပ်ချင်တယ်၊ ပြီး တော့. . . စူးကိုယ်တိုင် ရှာလို့ရတဲ့ငွေနဲ့ မိဘကို မဆပ်လိုက်ရတဲ့ ကျေးဇူးကို အတိုးချပြီး ဆပ်ချင်တယ်"

"ကြီးကြီးစုကို မဟုတ်လား"

"ဒါပဲပေါ့ ကိုကို၊ ဒီတစ်ယောက်ပဲ ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"စူးက ဘယ်လို လုပ်ချင်လို့လဲ"

"ခြော်. . . မရင်းနှီးတဲ့ တူမဝမ်းကွဲတွေဆီမှာ မျက်

မမြင်တဲ့ ဒုက္ခိတ ဘဝကြီးနဲ့ ထားရစ်ခဲ့ရတာကို စူး သိပ်သနား

တာပဲ ကိုကိုရယ်"

မိခင်နှင့်မခြား ချစ်မြတ်နိုးစွာ ယုယပိုက်ထွေး ကျွေးမွေး

လာခဲ့သော ကျေးဇူးရှင်ကြီးကြီးစု၏ အကြောင်းကို တွေး

ပြောမိတော့ စူး မျက်ရည်လေးများပင် ဝဲလာသည်။

"စူး အဲဒီလိုပြောမှ ကိုကိုလည်း စိတ်ထင့်စရာအကြောင်း

တစ်ခု ပြန်ပြီး သတိရသွားလို့ပါ"

"ဘာစိတ်ထင့်စရာလဲ ကိုကို"

"ဦးဘဆန်းပါ"

"ဦးဘဆန်းဆိုတာ ဘယ်သူလဲဟင်"

စူးထံမှ မေးခွန်းများ ဆက်ဆင့်လာလေမှ နေမင်းသာ

ပြန်လည်သတိရသွားမိသည်။

ဦးဘဆန်းဆိုသော ဖေဖေ၏ လူယုံကြီးနှင့် ဘားလမ်

တည်းခိုခန်းမှာ ဆုံရာမှ စခဲ့သော ဇာတ်လမ်းကို စူး မသိ

ချင်သေး။

နေမင်းသာ ကိုယ်တိုင်ကလည်း ဤဦးဘဆန်းနှင့်

တစ်နည်းနည်းများ ပတ်သက်လေရော့သလား ဆိုသည့် အတွေး

သာ ရှိသည်။ စူးကို အသိပေးဖို့ လိုအပ်ချိန် မဟုတ်သေးပါ။

"ဒီလို စူးရဲ့၊ ဦးဘဆန်းဆိုတာ ပြည်ကတိုက်မှာ

အစောင့်ထားတဲ့လူပါ၊ ကိုကို မမှတ်မိခင် အရွယ် သုံးလေးနှစ်





ဘားလောက်ကတည်းက ဖေဖေရဲ့ လူယုံအဖြစ် အလုပ်လုပ်နေ

တာ"

"သူက ဘယ်မှာ နေတာလဲဟင်"

"ပြည်မှာပဲ၊ ကိုကိုတို့. . . အဲ့လေ. . . စူးတို့ ငယ်ငယ်က

နေခဲ့တဲ့ ကမ်းနားလမ်းက တိုက်ကြီးမှာ"

"ဖေဖေဆုံးပြီး အဲဒီ တိုက်ကြီးပေါ်က ပြောင်းပေးရတာနဲ့

မေဦးက ရှက်တယ်ဆိုပြီး ထွက်ပြေးသွားခဲ့တာပဲလေ"

"ဟုတ်ပါတယ်၊ ဒါက လူကြီးတွေ ကိစ္စကွယ်၊ အခု ကိုကို

တို့ စူးတို့ခေတ်၊ မျိုးဆက်တစ်သစ် ရောက်လာခဲ့ပြီလေ၊ စူးက

ရော. . . စိတ်နာနေတာပဲလားဟင်"

"ဟာ. . . ကိုကိုကလည်း၊ စူးတို့ဖေဖေ ဆိုးတာ တစ်မြို့

သုံးသိသလို၊ ကိုကို့ ဖေဖေ စူးတို့အပေါ် ကောင်းခဲ့တာလည်း

အားလုံး သိကြပါတယ်၊ စူး အထိ သိခဲ့ပါတယ် ကိုကို၊ ဦးလေး

ဦးချမ်းသာဟာ စူးတို့ရဲ့ ကျေးဇူးရှင်ပါ"

"စူး ဒီလို တွေးပေးတာပဲ ကျေးဇူးတင်လှပါပြီ စူးရယ်"

"နောက်ဆုံး ငွေငါးထောင်ပေးလို့ ကြီးကြီးစုကဆို ဝမ်း

သာရှာလွန်းလို့"

"ကိုကိုလည်း ဒီလိုကြားရတာ ဝမ်းသာပါတယ်စူး"

"နေပါဦး၊ ဒါနဲ့ စောစောက ကိုကိုပြောတဲ့ စိတ်ထင့်

တယ်ဆိုတာ ဘာလဲဟင်"

"ခြော်. . ."

နေမင်းသာက ခေတ္တမျှ ဆိုင်းငံ့ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဦးဘဆန်းက ဆေးရုံတက်ရမယ်တဲ့၊ သူတက်ရ
ကိုကို ခဏ သွားကြည့်ပေးရမယ်"

"စိုးရိမ်စရာ ရှိလို့လားဟင်"

"သူ့အတွက် စိုးရိမ်တာလည်း စိုးရိမ်တာပေါ့၊ ပြီးတော့
ကိုကို ပြည်သွားရမယ့်အတွက် စိတ်ဆင်းရဲရဦးမယ်"

"ဟင်. . . ဘာကြောင့်လဲ ကိုကို"

"ကိုကို စူးလေးနဲ့ မခွဲနိုင်လို့ပေါ့"

"ဟာ. . . ကိုကိုကလည်း"

"တကယ်ပြောတာပါ စူးရဲ့၊ ကိုကို လုံးဝ မခွဲချင်တော့ဘူး
ကွာ၊ စူးပါ ပြန်လိုက်ခဲ့ပါလားဟင်၊ ကြီးကြီးစုဆီလည်း သွား
အောင်လေ"

"ကိုကိုကလည်း. . . မဟုတ်တာ၊ လူမြင်လို့. . . လူကြား
လို့ ကောင်းပါ့မလားလို့"

"အင်း. . . ဒါလည်း ဟုတ်တာပဲ၊ ဒီလိုဆို ဦးဘဆန်း
ဆေးရုံတက်ရမယ်ဆိုတာနဲ့ ကိုကိုခဏသွားမယ်နော် စူး"

"အင်းပါ. . . သွားပါ"

"ကိုကို. . . ကြီးကြီးစုဆီလည်း သွားလိုက်မယ်"

"ကိုကို သွားတတ်ပါ့မလား"

"ဧရာဝတီမြစ် ဟိုဘက်ကမ်း ဒီဘက်ကမ်းများ စူးရယ်"

"မဟုတ်ဘူး၊ သူတူမတွေ ဘယ်မှာဆိုတာ"

"အဲဒီ ကံမမှာ ကိုကို့ သူငယ်ချင်းတွေ အများကြီး"

"ဒါဖြင့်လည်း ပြီးရော"





"စူး"

"ရှင်"

"ကြီးကြီးစုကို တစ်ခါတည်း ပြောခဲ့မယ်၊ နောက် တစ်ခါ
ည်း စီစဉ်ခဲ့မယ်နော်"

"ဘာကိုလဲ ကိုကိုရဲ့"

"စူးနဲ့ ကိုကိုနဲ့ လက်ထပ်ကြတော့မယ်၊ ပြီးရင် ကြီးကြီးစုကို
တ်ချင်းလာခေါ်မယ်လို့"

"ဖြစ်ပါ့မလား ကိုကိုရယ်"

"သိပ်ဖြစ်တာပေါ့၊ ကြီးကြီးစုကို မျက်စိကုပေးမယ်လေ၊
တ်ကုမှ မြင်မယ်ဆိုတဲ့ ဆေးရုံတင်မှာပေါ့၊ သူနာပြု ငှားထား
ပေါ့၊ တကယ်လို့. . . ကုမရဘူးဆိုရင်လည်း သူ့အတွက်
ခ်ဖော်ကောင်းတစ်ယောက် ငှားထားပေးမှာပေါ့၊ အစား
သောက်နဲ့ ဆေးဝါးက စူးကြိုက်သလို ပြုစုပေးလေနော်"

"ကိုကိုရယ်"

"စူး သဘောမကျဘူးလားဟင်"

"ဒီလိုဆို စူးကျောင်းပြီးအောင် မတက်ရတော့ဘူးလား
င်. . . ကိုကို"

"မတက်ရဘူး၊ ယောကျ်ားယူရမယ်၊ ဒုတိယနှစ်မှာ
တ်ကြီးနဲ့ ကျောင်းတက်ရမယ်၊ တတိယနှစ်မှာ ကလေး
စ်ယောက်နဲ့ ဗိုက်တစ်ဗိုက်၊ စတုတ္ထနှစ်မှာ ကလေး
ယောက်နဲ့ ဗိုက်. . ."

"သွား. . . သိပ်ဆိုးတဲ့ကိုကို၊ သူများ မကြားရဲဘူး



www.burmeseclassic.com

www.burmeseclassic.com



သိလား"

နေမင်းသာ၏ တဟားဟား ရယ်သံက အိမ်ရှေ့သို့ ပျံ့လွင့်ပါလေမည်။

ထမင်းစားပြီးတော့ စူးကိုယ်တိုင် ဆေးကြောသိမ်းဆ ပါ၏။ အိမ်ရှေ့ထွက်လာတော့ အားလုံး မျက်နှာချင်းဆိုင်

အစ်ကိုလှထူးက နေမင်းသာသို့ မကြည့်ဘဲနှင့်. . .

"အစ်ကို တစ်ခုမေးမယ် နေမင်းသာ၊ အေး. . . ပွ လင်းလင်းပဲ မေးပါရစေတော့ကွာ။ မင်း ငါ့ညီမလေး ဘယ့်လောက်ထိ စေတနာထားတယ်ဆိုတာ အစ်ကိုသိပါတ ဒါပေမယ့် မင်းအဖေက တို့ဆင်းရဲလို့ သဘောမတူနိုင်ဝ ဆိုရင်ကောကွာ"

"အစ်ကိုရာ. . . ကျွန်တော် ဒီကို လာတုန်းတည် ပြောခဲ့ပြီးပါပြီ၊ ဖေဖေ သဘောမတူလည်း ကျွန်တော် ယူမယ်၊ အစ်ကိုတို့ စူးတို့ ခွင့်ပြုရင် အခုပဲ တရားရုံးသွားချ အကောင်ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . ဒီမှာက မိဘမရှိဘူး၊ မင ဘက်ကပါ သဘောတူတယ်ဆိုရင်တော့ ပိုကောင်းတာပေါ့ တော်ကြာ သားအဖြစ်မှ စွန့်လွှတ်ခြင်းတွေ ဘာတွေ. . .

"မဆက်ပါနဲ့တော့ အစ်ကိုရယ်၊ ဖေဖေက ပြောထာ သားပါ၊ သားကြိုက်တဲ့ မိန်းမကို ရွေး၊ ချူတဲ့ မြူတဲ့ အလည်ထ မဖြစ်စေနဲ့၊ အပျိုရွယ်လေးနဲ့ မိကောင်းဖခင် သားသမီးဖြ ပြီးရောတဲ့၊ သားချစ်တဲ့ မိန်းမဟာ အဖေ့ချွေးမပဲတဲ့၊ ဆွေး





သားပါ အစ်ကိုရ"

"စူး ဆိုတာရော သိပြီလား"

"ဒီဘက်က မသေချာလို့ ထည့်မပြောသေးဘူး၊ စူးဟာ အချစ်ဆုံး သူငယ်ချင်းရဲ့ သမီးလေးဆိုတာ သိရင် ဖေဖေ မ်းသာသွားမှာပါ"

"အေး. . . ငါက ပိုဝမ်းသာပါတယ်ကွာ၊ ငါ့ညီမလေး အားကိုးနဲ့ ရောက်လာပြီးမှ မင်းနဲ့တွဲနေတာ သူ့အသိုင်းအဝိုင်း ငါ့ပတ်ဝန်းကျင်ကပါ သိကြပြီလေ. . .၊ မင်း ငါ့နှမကို သွားမှာ စိုးရိမ်ဆုံးပဲ နေမင်းသာရေ"

"အစ်ကိုရယ်. . . ကျွန်တော် အသက်ကြေးလောင်းပြီး ကတိပြုရဲပါတယ်၊ စူးကို ကျွန်တော် သိပ်ချစ်တယ်၊ သိပ် ည်း သနားတယ်၊ ဘယ်လို အကြောင်းမျိုးကမှ ကျွန်တော့်ကို တ်လို့ မရနိုင်ပါဘူး အစ်ကို၊ စူးကို ခွဲရရင် ကျွန်တော် ရင်ရူးမှာပါ။ ဒါကြောင့် အမြန်ဆုံး လက်ထပ်ခွင့်ပေးပါလို့ ရဲ့ မိဘနေရာထားပြီး ကျွန်တော် တောင်းပန်ပါတယ်"

"အင်း. . . ကောင်းပါတယ်ကွယ်၊ အချိန်ခါပေးတုန်း တာလည်း အချိန်ဆွဲမနေနဲ့တော့. . . ကြားလား"

"ဝမ်းသာလိုက်တာအစ်ကိုရယ်၊ ဒါဆို ကျွန်တော် ပြည်ကို ပြန်မယ်၊ ပြီးတာနဲ့ အမြန်ဆုံး အစ်ကိုပဲ စီစဉ်ပေးပါတော့ င်ဗျာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုယောက်ဖမျိုး ကမ္ဘာပတ်ရှာ တွေ့မှာမဟုတ်ဘူး
စူးနဲ့ဆို အချိန်ဆွဲနေဦးမှာ၊ ကိုကို ပြည်ကို နက်ဖြန်သွားလိုက်မယ်
ဟိုမှာ နှစ်ရက်ပဲနေမယ်၊ ပြန်လာ၊ ပြီးတာနဲ့. . . နော်”

“ကိုကိုရယ်”

“ဒီနေ့ တနင်္ဂနွေနော်. . . တနင်္လာနေ့သွား၊ အင်္ဂါ
ပြည်မှာနေ၊ ဗုဒ္ဓဟူး ကံမဘက်ကမ်းကူး၊ နေ့ချင်းပြန်လာ၊ ကြာသ
ပတေး ရန်ကုန်ရောက်၊ အိပ်ရာခန်းနားဝယ်၊ အစ်ကိုလှထူး စနေ
တနင်္ဂနွေမှ အားတာ၊ အားလုံး စီစဉ်ပြီး နောက်တစ်ပတ်
တနင်္လာနေ့ တရားရုံးမှာ လက်ထပ်မယ်၊ ညစာခံပွဲကိစ္စကိုတော့
ဖေဖေ့ပဲ စီစဉ်ပေးခိုင်းမယ်”

“ဟင်. . . တစ်ပတ်အတွင်း”

“ဒါပေါ့၊ နောက်တစ်ပတ်ကြာရင် ငါ့ယောက်ျားရတော့
မယ်ဆိုတာ တွေးထား၊ ဝမ်းသာပြီး အိပ်မပျော်ဘဲနေလို့ သတို့
သမီး မျက်တွင်းဟောက်ပက်ကလေး ဖြစ်နေဦးမယ်နော်”

“စကားပြောလိုက်ရင် သူ့အသာစီး၊ သူ့တစ်ဖက်သတ်
ချည်းပဲ၊ လေကလည်း ပေါလိုက်တာ. . . သွား၊ မုန်းတယ်”

ဟန်လုပ်ခြင်းမဟုတ်ပါဘဲ ချစ်သူအတွက် ပေါက်ဖွားလာ
သော သဘာဝ အမူအရာလေးက ချစ်စရာကောင်းလှချည်ရဲ့
ကွယ်။

“ကြည့်ပါလား. . . ကြည့်ပုံကြီးက”

“မိစူးနော်. . . သိပ်ချစ်စရာကောင်းအောင် လုပ်မနေနဲ့
ကိုကိုက မျိုချလိုက်မှာဗျ”





“အဟား. . . ကိုကို့ စကားက အရှုံးကြီးကျနေတာပဲ”

“တကယ်ပဲ. . . စူးလေး၊ ရှုံးမတတ် ချစ်တယ်ဆိုတာ
ကိုလက်ခံသွားပြီ၊ စူးကိုလေ ကိုကို ဘယ်လိုချစ်မှန်း မသိ
အောင်ကို ချစ်တယ်ကွယ်၊ ဒီနားတိုးပါဦး အချစ်ရယ်”

ကိုကို့နား တိုးလိုက်ရသော်လည်း သိပ်ပြီး နီးနီးကပ်ကပ်
ကြီးတော့ မနေဝံ့။

စူးတို့နှစ်ယောက် အစ်ကိုလှထူးအိမ်က အပြန်မှာ ခရီး
ဆက်ပြီး မင်္ဂလာဒုံဥယျာဉ်သို့ လာခဲ့ကြခြင်းဖြစ်သည်။

အများပြည်သူတို့ အပန်းဖြေနိုင်ရန်အတွက် ငွေကြေး
များစွာ အကုန်အကျခံပြီး နိုင်ငံတော် အစိုးရက တည်ဆောက်
ဖွင့်လှစ်ပေးထားသော ဥယျာဉ်ကျယ်ကြီးတစ်ခုပါ။

ဖွင့်ပြီးစ လောက်ကလို ပန်းများ မဝေဆာလှသော်
လည်း. . .

နေရာတိုင်းမှာတော့ အေးငြိမ်းသာယာမှုကို အထိုက်
အလျောက် ပေးစွမ်းနိုင်ပါ၏။

ငန်းနက်များ ကျက်စားရာ ရေကန်နှင့် မနီးမဝေး အုတ်ခုံ
တန်းလျားလေးမှာ စူးတို့ စုံတွဲ. .

သင်းဖွဲ့နေကြသော ငှက်တို့သည်လည်း လှောင်အိမ်
ကျယ်ကြီးအတွင်းမှာ မြူးပျော်ပျံလွှားနေကြသည်။ ဤအထဲတွင်
ချစ်သူ စုံတွဲလေးများ ပါကြလိမ့်မည်ဟု ကိုကိုက ပြောတော့
ရှယ်မိရ၏။

ကိုကို၏ စကားတိုင်းသည် စူးအတွက် ပျော်ရွှင်ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com

စရာ ဖြစ်ခဲ့သည်။ ချစ်ခင်းမေတ္တာ ဖွဲ့ဆိုမှု၌လည်း စူး၏ နှလုံးသည်းပွတ်ကို စူးနစ်သွားအောင် ပြောတတ်လေသည့် ကိုကိုရယ်လေ။

စူးဘဝအတွက်သာမက စူး၏ ကျေးဇူးရှင် ကြီးကြီး အတွက်ပါ တာဝန်ယူမည်ဆိုတော့ မမဦးလည်း တာဝန်ပေါ့သွား ပေတော့မည်။ အစ်ကိုလှထူးတို့ ဖနီးမောင်နှံကလည်း အကြီး အကျယ် ဝမ်းသာနေရှာပါ၏။

စူး၏ ကျန်ရစ်သော မိသားစု အဝန်းအဝိုင်းလေးတစ် လုံးကို အဆင်ပြေအောင် လုပ်ပေးနိုင်ရှာသည့် ဖန်တီးရှင် ကိုကို ရယ်လေ။

“ကိုကို”

“ဗျ”

ကိုကို့လက်ခုံကို စူးက အားပါးတရ အုပ်ကိုင် ဖျစ်ညှစ် လိုက်ရင်း. . .

“နောက်တစ်ပတ်ကြာရင် ကိုကိုနဲ့ စူးရဲ့ဘဝ နှစ်ခု ပေါင်းဆုံရတော့မယ်ဆိုတာ တကယ်ပဲလား. . . ဟင်”

“ဒီစကားကို ဘာလို့မေးတာလဲဟင်. . . စူး”

“ကြောက်လို့”

“ဒါပေါ့. . . ယောကျ်ားရခါနီးဆိုတော့ ကြောက်စရာကြီး ပေါ့”

“ကိုကို မစနဲ့ကွယ်၊ စူး အတည်ပြောနေတာ”

“ဘာကိုများလဲ အချစ်လေးရဲ့”





“သူဌေးသားနဲ့ ဆင်းရဲသူမလေး ကြိုက်ကြရော၊ ယူခါနီး ရင် အဖေက သဘောမတူလို့၊ အမေက နှလုံးရောဂါ ရှိလို့၊ မဟုတ် အကြောင်းအမျိုးမျိုးကြောင့် ကွဲသွားတတ်ကြတယ် ”

“အဲဒါ ရုပ်ရှင်ထဲမှာပါ”

“မဟုတ်ဘူး ကိုကို၊ ရုပ်ရှင်ထဲမှာက မင်းသားနဲ့ မင်းသမီး ာက်ဆုံး ညားသွားကြတာချည်းပဲ၊ စူးပြောသလို ဖြစ်တတ် ာက အပြင်မှာ”

“ဟင်”

“အလွှာမတူတဲ့လူတွေ နောက်ဆုံး ကွဲသွားတတ်ကြတယ် ၊ ဒီအထဲမှာ မိစူး ပါသွားမှာကို ကြောက်လွန်းလို့ပါ”

“အချစ်ရယ်”

“တကယ်ပြောတာပါ ကိုကို၊ စူးလည်း ကိုကို့ကို သိပ်ချစ် ပါပြီ၊ ကိုကိုနဲ့ ခွဲရမှာ စူးကြောက်တယ်”

“မကြောက်နဲ့. . . မကြောက်ပါနဲ့ ချစ်ရယ်၊ ကိုကို့ဘက်က ာမှ ပျက်စရာအကြောင်း မရှိပါဘူး”

“စူးဘက်က သာပြီး မရှိတော့မှာပေါ့ ကိုကိုရယ်၊ စူးမှာ ယ်သူ့ အားကိုးစရာ ရှိလို့လဲ၊ စူးကြောက်နေတာ ကိုကို့ ဖေကို”

“ဟင်”

“သူဖျက်လိုက်မှာစိုးတယ်၊ စိတ်ထဲမှာလည်း လေးနေ ယ် ကိုကိုရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စူးလေး . . ကိုကို့ကို ကြည့်စမ်း"

နေမင်းသာက ညှိုးနေသော စူး၏မျက်နှာလေး မော့

စေရန် မေးစေ့မှ ဆွဲမော့လိုက်သည်။

"ကိုကို ဒီနေ့ပဲ ဖေဖေ့ကို သွားပြောမယ်၊ စူးနဲ့ တနင်္လာ

လက်ထပ်မယ်၊ ဖေဖေကျေနပ်သလား၊ မေးမယ်"

"အင်း"

"သူကျေနပ်ရင် လက်ထပ်ပြီး ဧည့်ခံပွဲလုပ်ကြမယ်. . .

အင်းလျားလိတ်မှာ၊ တကယ်လို့ သူ မကျေနပ်ဘူးဆိုရင်

လက်ထပ်စာချုပ်နဲ့ပဲ ကျေနပ်ရမှာပေါ့လေ၊ တစ်ခုတော့ရှိတယ်

ပေါ့. . . စူး"

"ဘာလဲ ကိုကို"

"သူက မကျေနပ်လို့ နောက်ဆုံး အမွေဖြတ်လည်း ဖြတ်

ပစေ၊ ဖြစ်တဲ့နည်း ရတဲ့အလုပ်နဲ့ ကိုကို ရှာကျွေးနိုင်ပါတယ်

စူး နည်းနည်းတော့ အနေဆင်းရဲချင် ဆင်းရဲမယ်ပေါ့လေ"

"ဆင်းရဲစမ်းပါစေ ကိုကိုရယ်၊ စူး ဘာကိုမှ မကြောက်

ပါဘူး၊ ကိုကိုနဲ့ လွဲရမှာ. . . ခွဲရမှာကိုပဲ စူး ကြောက်တယ်"

"တော်ပါတော့ ချစ်ရယ်၊ အလကား စိတ်ပင်ပန်းနေ

မယ်၊ ဒီမှာ. . . စူး၊ ဘယ်လိုအကြောင်းမျိုးကြောင့်မှ စူးနဲ့ ကိုကို

မလွဲစေရဘူး၊ စူး စိတ်ချ၊ ယောကျ်ားစကား၊ ယောကျ်ားသစ္စာ

စူး"

"ကိုကို့ကို ယုံပါတယ် ကိုကိုရယ်၊ ကံကြမ္မာကိုသာ

တာပါ"





"ကံကြမ္မာ"

"ဟုတ်တယ်"

"အင်းလေ. . . ဒီအတွင်း ကိုကို သေသွားခဲ့ရင်

တော့. . ."

"အို"

စူးက နေမင်းသာ၏ ပါးစပ်ကို အတင်းလှမ်းပိတ်လိုက်

ပြီး. . .

"မပြောနဲ့. . . မပြောကောင်းပါဘူး ကိုကိုရယ်၊ ခရီးသွား

ခါနီးကြီး၊ စူး စိတ်လေးလိုက်တာ"

"စူးလေးရယ်. . . အယူ မသည်းစမ်းပါနဲ့၊ မြည်နဲ့ ရန်ကုန်

များ ကိုကို့တစ်သက်လုံး သွားခဲ့ လာခဲ့တာ အခေါက်ပေါင်း

တစ်ထောင်ကျော်လောက်ရှိရောပေါ့၊ ကဲ ကဲ. . . တော်တော့

ဒီအကြောင်း၊ အချစ်ဆုံးနှစ်ယောက် တွေ့တုန်းမှာ အပျော်ဆုံး

အချိန်ပဲ ဖြစ်သင့်ပါတယ် စူးရယ်၊ ဟောဟိုမှာ ကြည့်လိုက်

စမ်း. . ."

ကိုကို ညွှန်ပြရာအပေါ်သို့ စူး မော့ကြည့်လိုက်တော့

လည်း ဘာမှ မမြင်၊ တူယှဉ်တွဲ၍ ပျံသန်းသွားကြသော ငှက်

မောင်နှံများ ရှိလေမလားဟု စူး လိုက်ကြည့်တော့လည်း မတွေ့။

"တွေ့လား"

"ဟင်အင်း. . . ဘာမှ မတွေ့ပါလား"

"ဟာကွာ. . . ဒီလောက်ပဲ ရှုန်းရသလား"

"တကယ် မမြင်တာ ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com





"ဒီလောက် ထင်းထင်းကြီးများ မမြင်ဘူးလား စူးရဲ့"

"ကိုကို ဘာကိုပြတာလဲလို့"

"မိုးတောင်းကင်ကြီးကို"

"လုပ်ပြန်ပြီ၊ မိုးပေါ် မော့ကြည့်မှတော့ ကောင်းကင် မမြင်ဘဲ နေပါ့မလား"

ကောင်းကင်နှင့် ယှဉ်နှိုင်းပြီး အချစ်ကို တင်စားမလား အထင်နှင့် စူးက မော့ကြည့်နေဆဲမှာ စူး၏ ပါးပြင်လေးကို အ ခိုးနမ်း၏။

အငိုက်ခံလိုက်ရသော စူးက သူ့အချစ်ဦးကိုကိုကို ထုရိုက်၏။

သူတို့ အနီးအနားမှာ လူသူရှင်းခိုက်မို့ ချစ်သူနှစ်ဦး၏ ချိုမြိန်သော ရယ်မောသံကို သာသာသဲ့သဲ့လေး ကြားနိုင်ပါ၏။

ကန်ရေပြင်ထဲမှာ ငန်းနက်ကလေးနှစ်ကောင်ကလည်း ဖို-မ၏ သဘာဝအတိုင်း ရေစက်များနှင့် ကျီစယ်ကြ ပျော်မြူး ကူးခတ်ကြနှင့်. . .

ညနေစောင်းလာပြီမို့ ကျယ်ပြန့်သော ဥယျာဉ်တွင်းမှ အေးမြသောလေက နုနုပြည်ပြည်လေး တိုက်ခတ်နေသည်။

မုတ်သုံ၏ မိုးငွေ့မိုးသက်များမပါ။

ယနေ့မှာမှ ထူးထူးခြားခြား နေသာနေပေသည်။

စူး ကိုကို့ကား မစီးရဲမီ ချစ်သူဘဝဖြစ်စ ကာလ ရွာလိုက်တဲ့မိုး. . .

ထီးလေးတစ်ချောင်း နှစ်ယောက်အတူ ဆောင်းပြီး မိုးစက် မိုးသက်လေတို့ကြားမှာ အတူသွားရသည်ကိုလည်း ရင်၌ နှစ်ခြိုက်တပ်မက်စွာ ပျော်ခဲ့ဖူးပါသည်။



ယခုလို နေသာချိန်မှာ ကိုကို့ ကားသစ်ကလေးနှင့် နှစ်ယောက်အတူ လည်ရတော့လည်း ရင်ခိုက်ကြည်နူးအောင် မြူးပျော်ခဲ့ပါ၏။

ဤအချစ်ဆုံးသော အချစ်ဦးနှင့် ယခုလို ပျော်မြူးရသော ကာလက ဘဝနှင့်အမျှ ပိုင်ဆိုင်ရရှိပေတော့မည်။

စူးကို အဆောင်မှာ ထားခဲ့ပြီး ကိုကို ပြန်သွားသည့်အခါ ရင်တွင်းမှာ ဟာ၍ကျန်ရစ်ရသော အလွမ်းခံစားမှု ဝေဒနာ သည်း ယူပစ်သလို ပျောက်ကင်းရပါတော့မည်။

ကိုယ့်ထက် အသက်ကြီးပြီး၊ အားကိုးထိုက်ဖွယ်သော ယောကျ်ားမြတ်ကိုလည်း ခင်ပွန်းသည်အဖြစ်နှင့် စူး ပိုင်ဆိုင်ရရှိပေတော့မည်။

စူး ဆိုသော ဘဝ နာခဲ့ရသည့် မိန်းမလှလေး၏ ရှေ့ခရီးမှာ ဆူးကင်းသော ပွင့်ဖတ်ကြွေလေးများ ဖြန့်ခင်းထားသည်သို့ အိညက်ချောပြေကာ မွေ့ပျံ့သင်းလှိုင်နေပေတော့သည်သာ။

"ကိုကို"

"စူးရဲ့ အချစ်ဦး ကိုကိုရယ်၊ စူး ကိုကို့ကို သိပ်ချစ်တာပဲရှင်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၅ ။

ညီမလေး စူးထံသို့ ဒီနေ့လည်း မသွားဖြစ်။

မနက်အိပ်ရာထကတည်းက အန်လိုက်တာ အကြိမ်ကြိမ်။

လူလည်း ဖျော့ပြီး နုံးချည့်မှုဝေနေပြီ။ ဘာမှလည်း စားချင်စိတ်မရှိ၊ ဆီပြန်ဟင်းနံ့များကိုပင် မခံချင်။

လိမ္မော်ရည် သောက်လိုက်တော့ အန်သည့်အခါ အန်၍ မအန်သည့်အခါလည်း မအန်နှင့်ပင် တစ်နေကုန်ရှော့မည်။

တစ်နေကုန် ဘာအဖတ်မှ စားမဝင်၊ စားချင်စိတ်လည်း လုံးဝမရှိ။

ဤဝေဒနာရရှိသည်ကိုပင် ဇေကရီဦးမှာ ဆုလာဘ်တစ်ခု ရရှိသည်သို့ ပျော်မွေ့နေပါ၏။

တမင် ခံစားရအောင် လုပ်ယူရသည့် ဝေဒနာပါ။

လွန်ခဲ့သော သုံးပတ်ကတော့ မသေချာသေး။ ဆီး





ကြည့်တော့ ပေါ့စတစ်ဖ် ပြနေခဲ့ပြီ၊ တစ်ခါတစ်ရံလည်း မမှန် တ်၊ ဆီး စစ်ရုံနှင့် မသေချာ။

လွန်ခဲ့သော သုံးရက်ကတော့ မီးယပ်သားဖွား ဆရာဝန်မ ထံသွား၍ နောက်ဆုံး ရာသီလာသည့်ရက်နှင့် ဆီးစစ်စာရွက်ကို ပြ၏၊ ဆရာဝန်မက စမ်းသပ်ပြီးချိန်မှာ. . .

"ဇေကရီဦး၌ ကိုယ်ဝန်ရှိနေပြီတဲ့"

ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

ဤကိုယ်ဝန် ရရှိအောင် တစ်ယောက်တည်း ကျိတ်၍ စီစဉ်ထားရာမှ ရရှိလာသော အောင်မြင်မှု။

ဦးမြင့်ဟန်နှင့် တရားရုံးမှာ တရားဝင်လက်ထပ်ပြီးချိန်မှ စ၍. . .

"ဦးမြင့်ဟန်၏ ဒုတိယဇနီး"

အဖြစ်နှင့် သူ့ဘက် ကိုယ့်ဘက် ဘယ်သူမှ အသိမခံခဲ့ကြ။

အရေးထဲ ဇေကရီဦးကို လိုက်သူများက ရှိသေးသည်။

ဦးမြင့်ဟန်နှင့် လက်ထပ်ပြီးမှ. . . ခေတ်၏ရှေ့မှ ပြေးနေသော အဝတ်စားများဖြင့် အလှဆုံးဆင်၍ ဦးမြင့်ဟန်ထံမှ ရသော ချူရုံမှလွဲ၍ ဘယ်ယောက်ျားတစ်ယောက်ကိုမှ အနားကပ် မခံခဲ့သည့် ဇေကရီဦးပါ။

ခင်ပွန်းသည်အပေါ်တွင်လည်း သစ္စာရှိစွာ နေခဲ့ပါသည်။

ဘယ်သူမှ မသိစေရ ဟူသော ကတိကိုလည်း တည်စေခဲ့ပါ၏။

ဤသည်တို့ကို သိရှိလက်ခံလေ. . အဘိုးကြီးက ဇေကရီဦး



www.burmeseclassic.com

www.burmeseclassic.com



ကို အသည်းခိုက်လေ ဖြစ်နေချိန်မှာ. . .

"ကလေးမယူချင်ဘူး အစ်ကိုကြီးရယ်"

"လက်ထပ်ထားတာလည်း ဘယ်သူမှ သိတာမဟုတ်ဘဲ ကိုယ်ဝန်ရှိလာရင် ခက်မယ်"

"ဟုတ်တယ်နော်"

"ကလေးမရတဲ့ဆေးတွေ ဧကရီ သုံးချင်တယ်။ အစ်ကို ကြီး စီစဉ်ပေးပါနော်"

ဆိုပြီး နှစ်ဦးသဘောတူ ကလေးမရရေး စီမံကိန်းထို ချခဲ့ကြသည်။

ဦးမြင့်ဟန်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူ့ထံ ပစ်ပယ်သွားလိမ့်မည်၊ သူကလည်း ဦးမြင့်ဟန်ဆိုသူကို မေ့ ပျောက်ကာ နောက်ထပ်တစ်ယောက် ရှာရမည်ဟု ဧကရီဦး အသေအချာ တွေးဆထားခဲ့သော်လည်း နှစ်လများစွာ ကြာပြီး သည့်နောက်တွင် ဧကရီဦး အတွေးတစ်မျိုး ပြောင်းသွားခဲ့သည်။

ဧကရီ လက်လှမ်းမီသမျှ သိရကြားရသည်မှာ ဦးမြင့်ဟန် နောက်ထပ်ဝယ်သော ကား၊ တိုက်၊ ခြံမြေ စသည်တို့မှာ သူ့ နာမည်နှင့်မဟုတ်၊ သူ့သားအမည်နှင့် ဝယ်သည်ဟုသာ သိရှိ လာခဲ့ရသည်။

ဧကရီဦးအတွက် ဘောက်ထော်မှ ချောင်ကျသော နေရာ တွင် တိုက်ငယ်တစ်လုံး၊ ကားတစ်စီး၊ အလှပြင်ဆိုင်တစ်ခု။

အတွင်းပစ္စည်းတော့ ဘာမှ သိပ်မရှိ။ ရသမျှလည်း အဝတ်အစားဖိုးနှင့်ကုန်၏။ ဧကရီဦးက အသုံးအဖြုန်း ကြီးသူ လေ။





ယခုနောက်ပိုင်းမှာ စူးအတွက်ပါ တာဝန်ယူရရုံမက ကြောက်ခမန်းလိလိ ကုန်ဈေးနှုန်းများ ကြီးမြင့်လာသဖြင့် တစ်လ တစ်လ ပိုလျှံသည် မရှိလှ။

ဤတိုက်၊ ဤကား၊ ဤအလှပြင်ဆိုင်က ဧကရီဦးအတွက် တစ်သက်စာ မဖူလုံနိုင်။

ဦးမြင့်ဟန်နှင့် ဧကရီဦးက သားအဖအရွယ်၊ မွေးလာမည့် သူ့ရင်သွေးက မြေးအရွယ်မို့ အနှစ်ကလေး ဖြစ်ပေရော့မည်။

ကလေး အသိဉာဏ်ရှိပြီး တတ်လာသည်နှင့် အမျိုးမျိုး ဆင်ပြီး သံယောဇဉ်ကြီးအောင် လုပ်ယူရမည်။

"သားလေး သို့မဟုတ် သမီးလေးအတွက် ကင်ပွန်းတပ် ပေးရအောင်"

"ကလေး နေမကောင်းလို့ ဘုန်းကြီးဆွမ်းကျွေးရအောင်"

"ကလေးမွေးနေ့ပွဲ ကျင်းပရအောင်"

ဟူသော အကြောင်းအမျိုးမျိုးပြပြီး ဦးမြင့်ဟန်၏ အသိုင်းအဝိုင်းကို ရအောင် ဆွယ်ယူမည်၊ သူ့ကို အသိအမှတ် ပြုစေမည်။

ဦးမြင့်ဟန်၏ ဒုတိယဇနီးအဖြစ်နှင့်ပင် ပွဲလယ်တင့် အောင် အတင်းတိုးဝင်ယူတော့မည်။

ယောက်ျားတွေ၏အကြောင်းကို နောကြေလာခဲ့ပြီသော ဧကရီဦးမှာ ဦးမြင့်ဟန်ထံ၌ပင် မိမိဘဝကို မြှုပ်နှံမှ ဖြစ်တော့ မည်ဟု မှန်ကန်စွာ တွေးတတ်လာခဲ့ပြီ။

ဒုတိယဇနီးများသည်လည်း မယားပြိုင်အဖြစ် ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝက် ရနိုင်သည်၊ မယားကြီး မရှိလျှင် သေဆုံးလျှင်လည်း အားလုံးသော အကျိုးခံစားခွင့် ရှိနိုင်သည်။

သည်သို့သော မျှော်လင့်ချက်များဖြင့် အချစ်တွေ အသည်းတွေ ကလီစာတွေ ဘာမှ ထည့်တွက်စရာမလိုဘဲ ကိုယ့်ဘဝ နေပျော်အောင် ချမ်းသာအောင် ဦးမြင့်ဟန် ပစ်မသွားနိုင်အောင် ဆောင်ရွက်ဖို့သာ အရေးကြီးပေသည်ဟု ကေရီဦး ပိုင်နိုင်စွာ ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါ၏။

သည်နေ့ ဦးမြင့်ဟန် လာလျှင်ပင် မာယာလုပ်ငန်းစမှ ဖြစ်တော့မည်။

ကိုယ်ဝန်ရှိစ ယနေ့ ခံစားနေရသော ဝေဒနာများသည် တစ်သက်စာ ဖူလုံရန်အတွက် ဖြစ်သည်ဟု ကေရီဦး ဝမ်းမြောက်ဝမ်းသာစွာ ခံယူနေမိပါ၏။

"ဩော်. . . ငါ့ညီမလေးတော့ မျှော်ရှာပေရော့မယ်၊

"ဒီကိုလာရင် ငါ့ယောကျ်ား မတွေ့စေချင်ဘူး၊

"ငါ့အဖြစ်ကိုလည်း သူ မသိစေချင်ဘူး၊

"ဒါကြောင့် သူ့ကို မဆက်သွယ်ခိုင်းတာ၊ ငါသွားမှ သူတွေ့ရရှာမယ်ဆိုတာ သိရက်နဲ့ ငါမသွားနိုင်ခဲ့ဘူး။

"ခွင့်လွှတ်တော့ ညီမလေးရေ. . . မမဦး ဘဝအတွက် အောင်မြင်မှုတစ်ခု ထပ်မံရရှိဖို့ ခဏလေးတော့ သည်းခံလိုက်ကြဦးစို့နော်"

ညီမငယ်သို့ တမ်းတစွာ ပြောကြားနေသည့် အတိုင်း. . .

သူ့ညီမ စူးကလည်း သူသည် နေမင်းသာနှင့် ယခု





စ်ပတ် အတွင်းမှာပင် လက်ထပ်တော့မည့်အကြောင်း ာ်ရွှင်စွာ ပြောချင်၍ စောင့်နေရှာကြောင်းကိုတော့ဖြင့်. . .

ကေရီဦး မသိရှာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၆ ။

"ဟယ်. . . ကိုကိုပါလား၊ စောစောစီးစီး"

စူးက သူ့လက်မှ နာရီလေးကို ကြည့်လိုက်ပြီး တအံ့တဩ ပြောလိုက်သည်။

အချိန်က ၇ နာရီ မိနစ် ၄၀။

"ဒီနေ့ စူးနဲ့ ကိုကိုနဲ့. . . ကိုးနာရီခွဲမှာ ချိန်းထားတယ်လေ"

"အင်းလေ. . . ဒါကြောင့် ပြောတာပေါ့၊ အစောကြီး ရှိသေးတယ်လို့"

"မဟုတ်ဘူး၊ ကိုကို အချိန်မီ ပြန်မရောက်မှာစိုးလို့ ကြိုပြီး လာပြောထားတာ"

"ဟင်. . . ကိုကိုက ဘယ်လဲ"

"ဗဟိုအမျိုးသမီးဆေးရုံကြီးကို သွားမလို့"





"အို. . . ဘာကိစ္စလဲ"

"သွေး သွားလှူမလို့"

"တကယ်လား"

"တကယ်ပေါ့. . . ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး၊ သွေးလှူတယ်ဆိုတာ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်မှာ လှူရတာမဟုတ်လား"

"ဒပ်ဖရင် ဆိုတဲ့ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာလည်း သွေးလှူဘဏ်ထားတယ် စူးရဲ့"

"ဩော်"

"အဲဒါ. . . ကိုကို သွေးသွားလှူမလို့ တမင်ဝင်ပြီး လာပြောတာ"

နေမင်းသာက နာရီကိုကြည့်လိုက် ချစ်သူကိုကြည့်လိုက် ဖြင့် ရှိနေ၏။ စူး၏မျက်နှာလေးမှာ သံသယ အစအနလေးများ မြင်ရသလို ရှိသည်နှင့်. . .

"ကိုကိုရဲ့ အရင်းနှီးဆုံးသူငယ်ချင်း ကျော်ဦးဆိုတာ ရှိတယ်၊ ပြည်ကပဲ၊ သူ့ မနှစ်က မိန်းမရတယ်၊ အဲဒါ သူ့မိန်းမ ကလေးပျက်ကျတာ ဆေးရုံကို အချိန်မီရုံလေးပဲ ရောက်သွားလို့ အသက်မသေတာတဲ့၊ သွေးခြောက်ပုလင်းသွင်းရတယ်၊ အဲဒါ ဆေးရုံကို အစားပေးရမှာမို့ ကိုကို့ကို အကူညီတောင်းတယ်လေ"

"ကိုကိုတစ်ယောက်တည်း ခြောက်ပုလင်း ပေးရမှာလား"

"ဟာ. . . စူးကလည်း. . . မဟုတ်တာ"

"ဒါဖြင့် ဘယ်နှပုလင်း ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို တစ်ကြိမ်မှာ တစ်ပုလင်းပဲ ပေးရ
ပေါ့"

"မသိပါဘူး၊ သွေးလှူတဲ့အကြောင်း နားမလည်ပါ
ကိုယ့် ကိုယ်ထဲက သွေးတွေ ဖောက်ထုတ်ပေးရမယ်ဆို
တော့. . . မကောင်းပါဘူး ကိုကိုရယ်၊ ကိုကိုက သူ့ငွေပဲ
ငွေ ပေးလိုက်ပါလား၊ ဒါမှမဟုတ်လည်း လိုတဲ့အသုံးအဆော
ဝယ်ပေးလိုက်ပေါ့"

ချစ်သူ သွေးကို သူတစ်ပါး၏ ဇနီးအတွက် ထုတ်
ရမည်ဆို၍ စူး တွန့်တိုနေမိသည်။

"ကိုကိုက လမ်းစဉ်လူငယ် လူငယ်ခေါင်းဆောင်သင်တ
ဆင်းလေ၊ အဲဒီတုန်းက လမ်းစဉ်လူငယ်တွေ စုပေါင်းသွေးလှူ
တုန်းကလည်း ကိုကို လှူဖူးတယ်"

"ဩော်"

"နောက် ပြည်က ကိုကိုတို့အသိ ဆေးရုံလာတက်
သွေးသွင်းရတယ်၊ အသိလည်း မရှိလို့ သနားတာနဲ့ တင်
လှူလိုက်ရသေးတယ်၊ ခုလည်း သူငယ်ချင်း ဇနီးအတွက်ပါ"

"အင်းနော်. . . သတင်းစာထဲမှာ မကြာခဏပါတ
အကြိမ်လေးဆယ်မြောက်၊ ငါးဆယ်မြောက်၊ ငါးဆယ့်ခြော
ကြိမ်မြောက် ဆိုတာတွေ"

"ဟုတ်တယ် စူးရဲ့၊ တစ်ကြိမ်နဲ့တစ်ကြိမ်ကြားမှာ အနည်
ဆုံး လေးလခြားပြီးရင် နောက်ထပ် လှူလို့ရတယ်လေ၊ သွေ
ဆိုတာ. . . ထုတ်ပေးလိုက်ပြီးရင်လည်း လူရဲ့ ကိုယ်ခန္ဓာ





သွေးအစားဟာ ပြန်ပြီး ဖြစ်ထွန်းလာတာပဲ"

"အား နည်းမသွားဘူးလား ဟင်"

"ထုတ်ပြီးစ အချိန်လေးမှာတော့ နည်းနည်း မူးတာတို့
ဘာတို့ ရှိမှာပေါ့၊ ကဲ. . . ဒီလိုလုပ်ရင် မကောင်းဘူးလားဟင်"

"ပြော ကိုကို"

"စူးလည်း ဒီနေ့ အားနေတာပဲ၊ ကိုကိုနဲ့ လိုက်ခဲ့ပါလား"

"ကိုကို သွေးလှူတာကို အနားက ထိုင်ကြည့်လို့ရတယ်
လား"

"သွေးလှူခန်းရဲ့ အပြင်ဘက် ခုံတန်းလျားမှာ ထိုင်စောင့်
နေလို့ ရတယ်လေ. . .။ စူးလည်း ဗဟုသုတဖြစ်တာပေါ့"

ဗဟုသုတဖြစ်တာထက်၊ ကိုကို့ကို ကြည့်နေချင်လို့ပါ
ဟူသော စကားကိုတော့ စူး မပြောဖြစ်တော့ပါ။

သွေးယူသူနှင့် သွေးလှူသူတို့၏ အကြောင်းကိုလည်း စူး
စိတ်မဝင်စားလှ။

ချစ်သူသွားမည့် နေရာတွင် ချစ်သူနှင့်အတူ လိုက်ပါခွင့်
ရမည်ဆိုခြင်းအတွက်သာ စူး ကြည်နူးသွားခြင်း ဖြစ်လေသည်။

ကိုကိုနှင့်လိုက်သွားရန်အတွက် အမြန်ဆုံး အဝတ်လဲ၊
အလှပြင်နေမိပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သွေးသည် လူ၏ ကိုယ်ခန္ဓာထဲတွင် လေးလီတာ ခန့် မဟုတ် ၄၀၀၀ စီစီ(4000 cc) ရှိလေသည်။

ထိုအထဲမှ သွေးတစ်ကြိမ်လှူလျှင် ၅၀၀-စီစီ လှူရသည်။ တစ်နည်းအားဖြင့် တစ်ကိုယ်လုံးမှာရှိသော သွေး၏ ရှစ်ပုံတစ်ပုံ ကို ထုတ်ပေးလိုက်ရခြင်းဖြစ်ပါသည်။

ဤအတွက် သွေးလှူပြီးစအချိန်မှာ တချို့ မူးဝေတတ် လေသည်။

သွေးလှူပြီးပြီးချင်း ရုတ်တရက် ထခြင်း၊ အလုပ် လုပ်ခြင်း များကို မပြုရပါ၊ ကောင်းစွာ အနားယူသင့်ပါ၏။

ဝန်ထမ်းများ သွေးလှူကြလျှင် သွေးလှူသည့် နေ့နှင့် နောက်တစ်နေ့ကို "အထူးခွင့်" အနေဖြင့် သူတို့၏ သက်ဆိုင်ရာ ဌာနများက ခွင့်ပေးကြပါသည်။

လူ့ခန္ဓာကိုယ်တွင်း၌ရှိသော သွေးတို့သည် ထုတ်ယူခြင်း မရှိပါကလည်း သူ့အလိုလို ပျက်စီးသွားတတ်သော သဘာဝ ရှိပါ၏။

ထို့ကြောင့် ကျန်းမာသန်စွမ်းသူတိုင်း သွေးလှူဒါန်းသင့် ပေသည်။

ကိုယ်ခန္ဓာမှ ထုတ်ယူလိုက်သော သွေးကြောင့် သွေးလှူ သူမှာ ယာယီအားဖြင့် အားနည်းမည်ဖြစ်သော်လည်း လူ့ခန္ဓာ ကိုယ်၏ သဘာဝ စက်ယန္တရားကြီးမှ နောက်ထပ် သွေးသစ်များ ပြည့်ဝစွာ ဖြစ်ထွန်းလာအောင် ထုတ်လုပ်ပေးနိုင်သော စွမ်းအား ရှိပါ၏။





ထိုသွေးများသည် လူ့ခန္ဓာကိုယ်ရှိ ရိုးတွင်းချဉ်ဆီမှ တစ်ဆင့် အသစ်တစ်ဖန် ပြန်လည် ထုတ်လုပ် ဖြည့်တင်းပေး ခြင်းဖြင့် လေးလအတွင်းမှာ ပုံမှန်အတိုင်း ပြန်လည်ဖြစ်ထွန်းသွား တော့သည်။

လူ့ခန္ဓာကိုယ်သည် လူတို့ တီထွင်နိုင်သော စက်များထက် များစွာ ပိုမို၍ ဆန်းကြယ် ရှုပ်ထွေးလှပေ၏။

အသား၊ ငါး၊ အသီးအရွက် စားသောက်လိုက်ခြင်းဖြင့် ကိုယ်ခန္ဓာထဲမှာ သွေးသစ် ဖြစ်ထွန်း၏။ သွေးအားကောင်းလာ ၏။ သွေး သန့်သွား၏။

ထိုသို့ အသီးအရွက်နှင့်အသား ငါးကို ချက်လုပ်ဖော်စပ် ၍ သွေးဖြစ်အောင် ကမ္ဘာပေါ်တွင် မည်သည့် သိပ္ပံရှင်ကမှ တီထွင် မထုတ်လုပ်နိုင်ကြပါ။

သွေးတုတော့ ရှိပါ၏။

သို့သော်လည်း ထိုသွေးတုသည် လူ့ခန္ဓာကိုယ်အတွင်းမှ သွေးစစ်စစ်နှင့် အာနိသင်များစွာ ကွာခြားလှပေသည်။

သွေးလှူသော ပုဂ္ဂိုလ်သည် အသည်းရောင် အသည်းဝါ ရောဂါ၊ ငှက်ဖျားရောဂါနှင့် ကာလသားရောဂါ ဆိုသော ရောဂါသုံးမျိုး လုံးဝ ကင်းစင်ရပါမည်။

မိမိလှူလိုက်သော သွေးထဲတွင် ထိုရောဂါပိုးများ ပါရှိသွား က သွေးယူသူ လူနာရှင်မှာလည်း ထိုရောဂါကို ခံစားရသဖြင့် ဤရောဂါ သုံးမျိုးရှိသူများ မလှူဒါန်းမိရန်လည်း အထူး လိုအပ် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာ သန့်စွမ်းသော လူများအနေနှင့်မူ သွေးလှူခြင်းဖြင့် အသက်ကယ်ပေးသင့်လှပါသည်။

ဒဏ်ရာကြောင့် သွေးထွက်လွန်နေသောသူများ၊ သွေးသွန်နေ အမျိုးသမီးများ၊ သာလာဆီးမီးယားဆိုသော သွေးသက်တမ်းတို ရောဂါရှင်များနှင့် ခွဲစိတ်မှု အမျိုးမျိုး ပြုလုပ်ရသော လူနာများအတွက် 'သွေး'မှလွဲ၍ တခြားအစားထိုး နိုင်သော ဆေးဝါး မရှိပါ။

ဤလူနာများအတွက် အသက်ကယ်နိုင်သည့် နည်း… လည်း သွေးသွင်းကုသခြင်းမှ လွဲ၍ တခြားနည်းလမ်း မရှိ…

ထို့အတွက် သွေးသည် အသက်ဆိုသော စကားအတိုင်း အမှန်တကယ် သေလုမြောပါး ခံစားနေရရှာသော ဝေဒနာရှင် များအတွက် မိမိ၏ သွေးပေးကာ အသက်ကယ်ခြင်းသည် အမြတ်ဆုံးသော ဒါနဖြစ်ကြောင်းကို. . .

◆ ◆ ◆

နေမင်းသာ ပြောပြ၍ သိခွင့်ရလာခဲ့ပြီးသော စူး… ကိုကိုနှင့်အတူ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိလာခဲ့…

သွေးလှူရှင်မို့ စူးတို့နှစ်ယောက်နှင့် ကိုကို့ သူငယ်ချင်း ကိုကျော်ဦးတို့ပါ ဆေးရုံအပေါ်ထပ်သို့ တက်ကြည့်ခွင့် ရခဲ့ပါ…

"အို. . . အမျိုးသမီးလူနာတွေ အများကြီးပါလား"

သွေးသွန်ခြင်း၊ သားပျက်ခြင်း၊ သားအိမ်ရောဂါဖြစ်ခြင်း စသော ဝေဒနာရှင် အမျိုးသမီးများစွာတို့မှာ ကိုယ့်ခုတင်ပေ…





ပေါ်တွင် နုံးချည့်ဖျော့တော့စွာ ရှိနေကြသည်။

တချို့လည်း သွေးပုလင်းများကိုယ်စီဖြင့်. . .

"နွယ် နေကောင်းတယ်နော်၊ ဒါ မောင်ပြောတဲ့ မောင့် သူငယ်ချင်း နေမင်းသာလေ"

နွယ်ဆိုသော အမျိုးသမီးက နွမ်းလျစွာ ခေါင်းညိတ်ပြရှာသည်။

သူ့လက်မှာလည်း သွေးသွင်းထားသော အပ်ကြီး စိုက်လျက်။

သွေးပုလင်းမှ သွေးစက်များကလည်း ပလတ်စတစ်ပိုက်မှတစ်ဆင့် တစ်စက်ချင်း တစ်ပေါက်ချင်း နွယ်၏ ခန္ဓာကိုယ်အတွင်းသို့ စီးဆင်းနေသည်ကို စူး ငေးကြည့်နေမိသည်။

ဟိုဘက် ခုတင်မှာလည်း အောက်စီဂျင်ပိုက် တန်းလန်းနှင့်၊

ခြေရင်း ခုတင်များမှာလည်း သွေးပုလင်းများ ကိုယ်စီဖြင့်. . .

ကိုကိုနှင့် ကိုကျော်ဦးသည် နွယ်၏ခုတင်ခြေရင်းရှိ လူနာ၏ ရာဇဝင်မှတ်တမ်းစာရွက်(ချပ်)တစ်ထပ်ကြီးထဲမှ လိုအပ်သော စာရွက်ကိုယူ၍ သွေးလှူဘဏ်သို့သွားရန် ပြောဆိုနေကြပေသည်။

ယခုစနစ်က လူနာတစ်ဦး ဆေးရုံမှာ သွေးသုံးပုလင်းသွင်းရလျှင် သုံးပုလင်းအစား ပြန်ပေးပြီးမှ ဆေးရုံမှ ဆင်းသွားခွင့်ပြုသည်။ လိုအပ်လျှင် လိုအပ်ချင်းတော့ သွေးကို ကြိုတင်၍



www.burmeseclassic.com

www.burmeseclassic.com



သွင်းပေးထားပါ၏။

တချို့ မိတ်ဆွေ အားကောင်းသူများ၊ ရုံးမှ အရာရှိတို့၏ ဇနီးများဆိုလျှင် လိုအပ်သော သွေးထက်ပင် ပို၍ လှူဒါန်းသူများ များပြားတတ်ကြပါသည်။

နယ်မှ ဆင်းရဲနွမ်းပါးသူများအတွက်မူ သွေးအစား ပြည့် အောင် မပေးနိုင်လျှင်လည်း ဆေးရုံမှ မဆင်းရဘဲနှင့် မနေရပါ သွေးအစားပြည့်အောင် မပေးနိုင်သော်လည်း ဆေးရုံဆင်း လက်မှတ်ကို သက်ညှာစွာ ထုတ်ပေးကြရပါသည်။

သို့အတွက် သွေး ပိုလှူခဲ့သူနှင့် သွေး မလှူခဲ့နိုင် သူများ အတွက် ညှိယူရသည့် သဘောဖြစ်ပါ၏။

ကိုကျော်ဦးတို့လို အလယ်အလတ်တန်းစား လူနာရှင်များ အဖို့မူ ဇနီးအတွက် သွင်းထားသော သွေးခြောက်ပုလင်း အစားပေးမှ ဖြစ်ပေမည်။

"သူ့ သွေး အမျိုးအစားက အေဘီတဲ့၊ ကိုကို့သွေးက ဘ ဆို ပေးလို့ရလို့လား"

"သွေးမျိုးတူမှ ပေးလို့ရတာ မဟုတ်ဘူးလေ. . . စူးရဲ့ ဘာအမျိုးအစားပဲဖြစ်ဖြစ် ကိုယ်က ခြောက်ပုလင်း ပြည့်အောင် လှူလိုက်ရုံပဲ"

"ဩော်. . . စူး နားလည်ပြီ၊ သွေးလှူဘဏ်က ထိ သိမ်းထားပြီး လိုအပ်သလို ထုတ်ယူပေးမှာပေါ့နော်"

"ဒါပေါ့. . . စူး၊ သွေးလှူဘဏ်က ထုတ်လာပြီးတော့ လည်း လူနာရဲ့သွေးကို ဖောက်ပြီး တည့်မတည့် နှစ်မျိုးပေါင်း





စစ်ဆေးပြီးမှ လူနာကို ပေးသွင်း ရတာတဲ့"

"အင်း. . . သွေးချင်း မတည့်ဘဲ သွင်းလိုက်ရင် သေရော ဆို"

"ဟုတ်တယ်. . . စူး"

ကိုကျော်ဦးက သူ့ဇနီးနားမှာ ကျန်ရစ်သည်။ ကိုကို က. . . "ဒီလူနာအတွက် သွေးလှူဖို့ပါ"ဟု ပြသရန်အတွက် စာရွက်တစ်ရွက်ကို ကိုင်ပြီး ထွက်ခဲ့ကြသည်။

"စူး. . . ဟိုထောင့်ခုတင်က အမျိုးသမီးကို ကြည့်လိုက် စမ်း"

ကိုကို ပြသဖြင့် ကြည့်လိုက်တော့ အင်္ဂလို အင်ဒီယန်း ဆိုသော အမျိုးနွယ် ဖြစ်မည်ထင်သည်။ ကုလား ကပြားလိုလို၊ ဗိုလ်ကပြားလိုလို အမျိုးသမီး၊ အသားဖြူဖြူ နှာတံပေါ်ပေါ်နှင့် ချောမောလှပသော်လည်း. . .

ဝေဒနာ ခံစားရလွန်းသဖြင့် နုံးချည့်ကာ တစ်ကိုယ်လုံး ဖြော့နေပေသည်။

"သူက ဘာဖြစ်လို့လဲ ကိုကို"

"မနေ့က ကျော်ဦး ပြောပြတယ်၊ ကပြားအမျိုးသမီးတဲ့၊ သူ့သွေးက အဆန်း၊ အိုနက်ကတစ်ဖ်တဲ့"

"ဩော်"

"သွေးဆိုတာ အထူးသဖြင့် အရှေ့တိုင်းမှာ အေ၊ အေဘီ၊ ဘီနဲ့ အို ပဲ ရှိတတ်ကြတယ်၊ ဗိုလ်သွေးစပ်တဲ့ အခုလို အို နက်ကတစ်ဖ် သွေးက သိပ်ရှားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ် နော်"

"အို နက်ကတစ်ဖ်ရှိတဲ့ သွေးပိုင်ရှင်က လှူထားချင်ဦး သွေးလှူဘဏ်က တစ်လထက်ပိုပြီး သွေးကို ထားလို့မရတော့ ဒီ. . . အို နက်ကတစ်ဖ်သမားက လှူထားလို့ မရဘူး၊ သူ့ စေတနာရှိရင်၊ အမျိုးတူသွေး လိုအပ်ရင် လှူချင်ပါတယ်ဆိုပြီး လိပ်စာ ပေးခဲ့ရတယ်. . .

"အခုလို အို နက်ကတစ်ဖ်နဲ့ အမျိုးသမီး ရောက်လာ တော့မှ သူ့ဆီပြေးခေါ်ရတာပေါ့"

"အခု မရသေးလို့လားဟင်"

"စာရင်းပေးထားတဲ့ အမျိုးသားနှစ်ယောက် ရှိတယ်တဲ့ တစ်ယောက်က ခရီးထွက်နေတယ်၊ တစ်ယောက်ကတော့ သူကိုယ်တိုင် နေမကောင်းဖြစ်နေလို့တဲ့"

"ဟင် ဒါဖြင့်. . . ဒီမိန်းမ ဘယ်လိုလုပ်မလဲ ကိုကို"

"ကျော်ဦး မိန်းမ နွယ် လို ဆိုးဆိုးဝါးဝါး မဖြစ်လို့ပေ ကွယ်. . . မဟုတ်ရင်တော့ သေရရှာမှာပဲပေါ့"

"သနားပါတယ် ကိုကိုရယ်"

"ဆေးရုံကလည်း သွေးသွန်တာကို တားဆေးတွေ သွေးအားကောင်းစေတဲ့. . . စားဆေး၊ ထိုးဆေး၊ သွင်းဆေးတွေ လုပ်ပေးထားကြလို့သာပေါ့"

"ဩော်. . . သွေးဆိုတာ အေ၊ အေဘီ၊ ဘီ နဲ့ အို လေးမျိုး ပဲ ရှိတယ်လို့ စူး ကြားဖူးထားတာ၊ အိုနက်ကတစ်ဖ်ဆိုတာ မ ကြားဖူးတယ်၊ စူးရဲ့ သွေးကျတော့ရော အိုနက်ကတစ်ဖ် မဖြစ်နိုင် ဘူးလားဟင်. . . စူး ကိုယ် စူး ဘာသွေးမှန်းလည်း မသိဘူး၊ စစ်ခါမှလည်း မစစ်ဖူးဘူး"





"စူးက မြန်မာစစ်စစ်ပဲ အိုနက်ကတစ်ဖ် မဖြစ်နိုင်ဘူး၊ အနောက်တိုင်းသွေးရောမှသာ ဖြစ်တတ်တာ"

စူးသည် ကပြားမ ချောချောကို သနားကရုဏာများစွာ ဖြင့် ကြည့်မိ၏။

ဝဒ် ဆိုသော လူနာများထားရာ ခန်းမမှ ဖြတ်လာရင်း သွေးကြောင့် ဝေဒနာခံစားနေရသော အမျိုးသမီးများစွာကို မြင်တွေ့လာခဲ့ရသည်။

"ဩော်. . . မိန်းမဆိုတာတို့မိခင် အပါအဝင် မျိုးဆက် သွေးကို ဖြစ်တည်မွေးဖွားပေးရတဲ့လူသား ဖြစ်တဲ့အတွက် သွေးဟာ တကယ်အရေးကြီးပါလား။

"ဒီအမျိုးသမီးတွေရဲ့ အသက်ကို သွေးသွင်းကုသပေးမှ သာ ကယ်တင်နိုင်မှာပါလား။

"သူတို့အတွက် သွေးပေးခြင်းဟာ အသက်ပေးခြင်းနဲ့ အတူတူပါပဲလား။

"ယောက်ျားတွေထက် တို့မိန်းမတွေက ပိုပြီး သွေးဆိုတဲ့ အသက်ကယ်ပစ္စည်းကို လိုအပ်ပါလားနော်. . ."

စူးသည် ဆေးရုံ၏ လှေကားထစ်များမှ ဆင်းသက်လာ ရင်း နေမင်းသာ၏ လက်မောင်းကို တွဲခို ဆုပ်ကိုင်လိုက်ပြီး. . .

"ကိုကို"

"ဘာပြောမလို့လဲ စူး"



www.burmeseclassic.com

www.burmeseclassic.com



အားမာန်ပြည့်သော၊ စေတနာပါသော၊ ကရုဏာလွှမ်းသော စကားတစ်ခွန်းကို စူး လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

"စူးလည်း သွေးလှူမယ် ကိုကို"

◆ ◆ ◆



အခန်း ॥ ၂၇ ॥

"ဟာ. . . ဖေဖေ၊ သားလည်း ခုပဲ ဖေဖေ့ဆီ လာတော့မလို့"

"ဟုတ်လား၊ သားလာမှာ ဘာကိစ္စလဲ"

"ဖေဖေကရော ဘာကိစ္စနဲ့ လာတာလဲ"

"ငါ့သား အရင်ပြော"

"ဖေဖေ အရင်ပြော"

ဦးချမ်းသာက သား၏ပခုံးကို ဖက်လိုက်သည်။ သားအဖနှစ်ယောက် ရယ်သံလွှင်သွားပြီးမှ ထိုင်ဖြစ်ကြ၏။

နေမင်းသာအတွက် ငှားပေးထားသော အင်းလျားလမ်းမှ တိုက်ကလေးအတွင်းမှာပါပင်။

"ဖေဖေ အရင်ပြောရမယ်ဆိုရင်တော့ သား ဝမ်းသာစရာပဲ"

"ဘာအကြောင်းမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သား နိုင်ငံခြားသွားဖို့ ကိစ္စလေ၊ အားလုံး အဆင်ပြေသွားပြီ၊ ဒီမှာ စာရွက်စာတန်းတွေ၊ သား ဝန်ကြီးများရုံးကို နက်ဖန်ခါသွားဖို့ ဖေဖေ လာပြောတာ"

"ရပါသေးတယ် ဖေဖေရဲ့၊ နက်ဖြန်မှ ရယ်မဟုတ်ပါဘူး"

"အို. . . သွားစရာရှိတာ စောစောသွားလိုက်ပေါ့၊ မြန်မြန်ပြီး မြန်မြန်ထွက်ရတာပေါ့"

"အဟဲ"

"ဘာလဲသား၊ ငါ့သားကြည့်ရတာ တစ်မျိုးကြီးပါ၊ စပ်ဖြဲဖြဲနဲ့၊ မှိုရတဲ့မျက်နှာလိုပဲ"

"မှိုမဟုတ်ဘူး ဖေဖေရဲ့၊ အဲ. . . မှိုလိုပဲ ကြာသပတေးနံ"

"ဘာ"

"သား. . . မိန်းမ ယူတော့မလို့"

"ဟင်. . . ငါ့သားပဲ နိုင်ငံခြား သွားချင်လှချည်ရဲ့ဆို"

"အခုတော့. . . မိန်းမလိုချင်လှချည်ရဲ့ ဖြစ်သွားပြီ ဖေဖေ"

"မင်းသဘောပဲကွာ၊ နိုင်ငံခြားသွားချင်တယ်ဆိုလို့ လုပ်ပေးနေရတာ၊ သိပ်တော့ လွှတ်ချင်လှတာ မဟုတ်ဘူးဆိုတာ သားအသိပဲ"

"ဒါဖြင့် အဲဒီကိစ္စ ခဏထားပြီး သားကို မိန်းမပေးစားပါ ဖေဖေရာ"

"ဒီကောင် ဒါကြောင့် တွေ့တိုင်း အဖေကို မိန်းမယူဖို့ တိုက်တွန်းနေတာကို. . .၊ မင်းနဲ့ ငါနဲ့ဆို ငါက စိနီယာ ကျတယ်





လေကွာ၊ အဟား. . . ဟား. . . ဟား"

"လုပ်လိုက်လေ၊ အဖေတစ်တွဲ သားတစ်တွဲ တစ်ခါတည်း ခိတ်လိုက်ရင် နှစ်ခါ ဧည့်ခံစရာ မလိုဘူးပေါ့နော် ဖေဖေ"

"မလုပ်ပါနဲ့ကွာ၊ မင်းဟာမင်းသာ ယူပါ၊ ဖေဖေ အိမ်ထောင်ပြုချင်တဲ့စိတ်ကို မရှိလို့ပါ၊ ဒါနဲ့ နေစမ်းပါဦး၊ သားက ဘယ်သူ့ကို ယူမှာလဲ"

"ဖေဖေပြောတဲ့အတိုင်းပါ၊ အလည်အရှုပ် မဟုတ်ဘူး၊ အဖျိုရွယ်လေး၊ မိကောင်းဖခင်သားသမီး. . . ပြည်ကပဲ"

"ဘယ်သူ့သမီးလဲ"

"ပြောလိုက်ရင် ဖေဖေ အံ့သြသွားမယ်"

"ပြောစမ်းပါဦး"

"ဖေဖေ့ရန်သူ ဦးချစ်ငွေရဲ့သမီး"

"ဟေ"

နေမင်းသာ ပြောသည့်အတိုင်း ဦးချမ်းသာ မျက်လုံးဝိုင်းသွားသည်။

"ချစ်ငွေကသာ ဖေဖေ့ကို ဒုက္ခပေးသွားတာပါ၊ ဖေဖေက သူ့ကို ရန်သူလို့ မသတ်မှတ်ပါဘူး၊ နေစမ်းပါဦး၊ ချစ်ငွေမှာ သမီး နှစ်ယောက်ရှိတယ်လေ၊ ဘယ်သူလဲ"

"အငယ်မလေး စူးပါ ဖေဖေ"

ဦးချမ်းသာက ခေါင်းညိတ်ရင်း သက်ပြင်းချသည်။

"သြော်. . . သူတို့မိသားစုရဲ့ ဒုက္ခကို ခံဖို့ တို့သားအဖမှာ ဝဋ်ပါလာသလား သားရယ်. . .၊ အဖေ့လက်ထက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို နှိပ်စက်ပြီးပြီ”

“စူးက ဒီလို မဟုတ်ပါဘူး ဖေဖေ၊ ငယ်ငယ်လေး ရှိ သေးတယ်၊ ရိုးရိုးသားသားပါ၊ သူ့အစ်မ ဦးသာ ပြည်ပ ထွက်သွားပြီး ဘာလိုလို ကြားနေရတာပါ”

“အင်း... ဖေဖေလည်း ကြားတယ်”

“ကဲ... ဖေဖေသဘောတူတယ် မဟုတ်လားဟင်”

“ထပ် ဆွေးနွေးကြသေးတာပေါ့ သားရယ်”

နေမင်းသာသည် ဦးချမ်းသာ၏လက်ကို ဆုပ်ကိုင်လိုက် ပြီး...

“ဖေဖေ...

“ဖေဖေ တစ်ခွန်းထဲပြောပါ၊ သဘောတူးလား... မတူ ဘူးလား”

“သဘောမတူစရာတော့ အကြောင်းမရှိပါဘူးလေ”

“ဒါနဲ့များ ဖေဖေရယ်... သားဖြင့် လန့်သွားတာပဲ”

နေမင်းသာ၏မျက်နှာ ဝင်းကြည်သွားသည်နှင့် ဆန့်ကျင် ဘက် ဦးချမ်းသာ၏ မျက်နှာညိုမှိုင်းလာ၍...

“ဖေဖေ... ဖေဖေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခု များ မကျေနပ် ဖြစ်နေသလားဟင်”

ဦးချမ်းသာသည် ကြာမြင့်စွာ ငြိမ်တွေနေပြီးမှ...

“ဟုတ်တယ် သား”

“ဗျာ”

“ဩော်... ဒီမှာလေ... စာရွက်စာတမ်းစုံနဲ့ လာခဲ့တဲ့





ဖေဖေ၊ နိုင်ငံခြား တစ်ခါထွက်ရဖို့ လျှာထွက်အောင် လိုက်ထား ခဲ့ရတဲ့ ဖေဖေ့အနေနဲ့ နည်းနည်းတော့ စိတ်မကောင်း ဖြစ်သွား တာပေါ့လေ”

“မိန်းမယူပြီး သွားလည်း ဖြစ်တာပါပဲလေ...၊ ဖေဖေ စောစောစီးစီး မြေးချီရအောင်လို့ပါ”

“ကဲ... ဒါဖြင့် ဖေဖေ ပြန်မယ်သား”

“ဟာ... ဖေဖေကလည်း ချက်ချင်းကြီး”

“လာရင်းကိစ္စက ပြီးဆုံးသွားပြီလေ သားရယ်”

“ဖေဖေ သားကို စိတ်မဆိုးနဲ့နော်”

“မဆိုးပါဘူး သားရယ်၊ ကံကြမ္မာရဲ့ အလှည့်အပြောင်း ဆိုသာ အံ့သြမိတာပါ”

“နိုင်ငံခြားကို သား သွားဖြစ်အောင် သွားမှာပါဖေဖေ၊ ဒီမှာ အခြေကျပြီးရင် သားသွားပါ့မယ်၊ စိတ်မကောင်း မဖြစ် ပါနဲ့”

အားတက် ဝမ်းသာစွာ လာသော ဖခင်ကြီး စိတ်ပျက် ညှိုးငယ်စွာ ဖြစ်သွားတော့လည်း လက်ထပ်မည့် ရက်ကို ကြေညာရဲသေး။

“သဘောမတူစရာ အကြောင်း မရှိပါဘူးလေ” ဆိုသော စကားတစ်ခွန်းသည် နေမင်းသာအတွက် အရာခပ်သိမ်း ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါလေပြီ။

“ထပ်ဆွေးနွေးကြတာပေါ့ သားရယ်” ဆိုသော စကား နောက်ကတော့ နေမင်းသာတို့၏ လက်ထပ်စာချုပ် ပြုလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးခြင်းသို့ အလိုလို ရောက်သွားပေတော့မည်။

"ဖေဖေ"

"ဟင်"

"သား ပြည် ခဏပြန်ချင်လို့"

"ဘာကိစ္စလဲ"

"အဘဆန်းရော ဆေးရုံတက်ပြီလားလို့"

"အဲဒီကိစ္စက သားနဲ့ဘာဆိုင်လဲ၊ ဖေဖေ ငွေလိုသလောက် ပေးမယ်လို့ ပြောထားပြီးပြီပဲ"

"မဟုတ်ပါဘူး ဖေဖေ၊ သား အိမ်ကိုလည်း ခဏ ပြန်ချင်သေးလို့ပါ"

"ဘာကိစ္စလဲသား"

"ဘာရယ် မဟုတ်ပါဘူး၊ ဖေဖေ ဝယ်ပေးတဲ့ ကားလေး မောင်းပြီး ကိုယ့်အိမ်ကိုယ် ခဏပြန်ချင်လို့ပါ"

"ကောင်မလေးက ဟိုမှာမို့လား"

"မဟုတ်ပါဘူး၊ ဒီမှာ"

ဦးချမ်းသာ သက်ပြင်းချသည်။ ဘာမှဖြင့် စကားဆက် မလာပါ။

"ကားကို တစ်ယောက်တည်း မောင်းသွားလို့ ဖြစ်ပါ့မလား၊ ဒရိုင်ဘာ ထည့်ပေးလိုက်ရမလား"

"ဟာ. . . ဖေဖေကလည်း ဖြစ်ပါတယ်၊ ပြည်နဲ့ ရန်ကုန် ၁၇၅ မိုင်ပဲ ရှိတာ၊ ခဏလေး ရောက်သွားမှာပါ"

"သား"





"ဗျာ"

"ဖေဖေတစ်ခု သေသေချာချာ မှာလိုက်ပါရစေ"

နေမင်းသာ အူရော အသည်းရော မြူးနေပြီးပြီ။ စူးနှင့် သဘောတူပါတယ် ပြောပြီးမှတော့ ကြိုက်ရာမှာ၊ မှာချင်တာမှာ။

"ဦးဘဆန်း ကိစ္စပဲ"

"ဗျာ"

"သူ မနေ့က ဆေးရုံတက်တယ်၊ ဗိုက်ကတော့ ချက်ချင်း မခွဲရသေးဘူး"

"ဒါပေါ့၊ လိုအပ်တဲ့အားပြည့်မှ ခွဲမှာပေါ့"

"သူ့ဆီကို သား မသွားပါနဲ့"

"ဟင်"

"သူ ဘာပဲပြောပြော သား မယုံပါနဲ့"

"ဗျာ"

"သူနဲ့ ဖေဖေနဲ့ ယှဉ်ရင် ဖေဖေ့ဘက်ကပဲ သားရှိပါ၊ ဖေဖေ့ဘက်ကပဲ နေပေးပါ သားရယ်နော်၊ အဲဒါတစ်ခုကို ဖေဖေ လေးလေးနက်နက် မှာလိုက်ပါရစေ"

"ဘာများဖြစ်လို့လဲ ဖေဖေရယ်"

"သား ဖေဖေ့စကားကို နားထောင်ပါ၊ ဒါပဲ ဖေဖေ ပြောချင်တယ်၊ သားဆီ လာခဲ့ရတဲ့ အခေါက်ပေါင်းများစွာထဲမှာ ဒီနေ့ စိတ်မချမ်းသာဆုံးပဲ သားရေ ကဲ. . . ဖေဖေ ပြန်မယ်"

"ဖေဖေ. . . ဖေဖေ"

နောက်သို့ပင် ပြန်လှည့်မကြည့်တော့။ ကားပေါ် တက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဒရိုင်ဘာက ချက်ချင်း ကားမောင်ထွက်သွားတော့သည်။ ဖေဖေ့အမိန့်ကြောင့်ပဲ ဖြစ်ပါမည်။

စူးနှင့် လက်ထပ်ရေး ကိစ္စ။

နိုင်ငံခြား သွားရခါနီးကိစ္စ။

ထို့ထက် ကျော်လွန်ကာ ဖေဖေ့အတွက် အရေးကြီးသောကိစ္စတစ်ရပ်သည် ဦးဘဆန်း ဖြစ်နေပါလား။

တလောက ဘားလမ်းမှသည် လစ္စလမ်းသို့ လိုက်ပို့ရင်း သူ့ကို 'လူလေး. . . လူလေး'ဟူ၍ ခေါ်ခဲ့သော ကိစ္စ၊ သူသေဆုံးခါနီး ကာလမှာ ဖွင့်ပြောခဲ့မည်ဆိုသော စကားရပ်များ။

ထိုစဉ်ကတည်းက ရင်ထဲမှာ စွဲငြိကာ သံသယရှိခဲ့သော ကိစ္စရပ်သည် နေမင်းသာ၏ ရင်မှာ ပြန်လည်၍ အရှိန်အဟုန် ပြင်းပြလာခဲ့ပြီ။

ဖေဖေ့ကို သိပ်ချစ်ပါသည်။

ဖေဖေက သူ့ထက်ပို၍ သူ့ကို ချစ်ကြောင်းလည်း နေမင်းသာ သိပါ၏။

"ဒါပေမယ့် ဖေဖေရယ်၊ သားကို ခွင့်လွှတ်ပါ. . .

"သား ဦးဘဆန်းနဲ့ သွားတွေ့ပါရစေ. . .

"အဖြစ်မှန်ကို သိပါရစေ. . .

"လူလေးလို့ ခေါ်တတ်တဲ့ ဦးဘဆန်းဟာ. . . သား. . . သားရဲ့. . . သားရဲ့ အဖေအရင်းများ ဖြစ်နေလေမလားဗျာ"

◆ ◆ ◆



အခန်း ။ ၂၈ ။

မနက် ၆-နာရီ တိတိကမှ ကားမောင်း၍ ထွက်လာခဲ့သည်။

ကားကလည်း ဒထွေးနံပါတ် အသစ်စက်စက်၊ စတီယာရင်ကလည်းကောင်း၊ ဘီဝမ်းတူးတူး ဖြစ်ပြီး အင်ဂျင်ပါဝါကလည်း ကောင်းသဖြင့် မောင်းရတာ သက်သာလှသည်။

နေမင်းသာ၏ဘေးမှာ စူး လိုက်ပါမလာနိုင်သော်လည်း နေမင်းသာ၏ရင်ထဲမှာတော့ စူး ပါရှိလာပါသည်။

"ကိုကို့ရဲ့ အချစ်မြတ်နိုးဆုံး စူးလေးရယ်"

အစ်ကိုလှထူးတို့အိမ် ဝင်ရာလမ်းကို ဖြတ်တော့ သတိရ၏ရေပင် လမ်းခွဲနှင့် မင်္ဂလာဒုံ ဥယျာဉ်ရှိရာကို အဝေးမှ ဖြတ်ရတော့လည်း တမ်းတ. . .

အို. . . နေမင်းသာ၏ရင်ထဲမှာတော့ ဘယ်လို ချစ်မှန်းသိအောင် ချစ်မိရသော စူးက ထာဝရ စိုးမိုးလျက်။



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကြံ့ရောက်တော့ ပဲခူးကို ဖြတ်သန်းရမည့် ရန်ကုန်-မန္တလေး လမ်းရှိရာ လက်ယာဘက်သို့ မသွားဘဲ တည့်တည့်မှ မော်ဘီလမ်းခွဲအတိုင်း မောင်းနှင်လာခဲ့ပြီး. . .

တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်. . . စသည့် မြို့တို့ကို ဖြတ်ပြီး. . .

အင်းမ ရောက်တော့ ဆယ်နာရီ ကျော်ပြီ။

စားနေကျ 'ရသာမွန်' ဆိုင်ရှေ့မှာ ကားထိုးဆိုက်ပါလျှင် ဘေးဆိုင်တွေမှ အကြိုများကလည်း ကြွက်ကြွက်ညံအောင် ခေါ်ကြတော့သည်။

"ဩဇာသီးတွေတောင် အတော် အလုံးကြီးနေပြီ၊ အဖြူ စူး အဆောင်အတွက် အများကြီး ဝယ်သွားရမယ်။ သူ့ သူငယ်ချင်းတွေ ဝေပေးပါစေ"

သွားလေရာ တွေ့လေရာ မြင်လေရာမှာ စူးအတွက်ချည့်သာ၊ အတွေးမှာရော အမြင်မှာရော နှလုံးသည်းပွတ်မှာပါ အချစ်ဆုံးမလေး စူးမှ စူး. . .

"ဘာ ဟင်းစားမလဲ အစ်ကို၊ ဆတ်သား ရမယ်၊

ဖြူသားရမယ်၊ ငါးမြင်း၊ ငါးသလောက်၊ ကြက်၊ ဝက်၊ ဘဲ၊ အသုပ်စုံ"

လှိုက်လှဲပျူငှာစွာ ပြောနေသော ဆိုင်မှ ကောင်မလေးများကို ဆတ်သား၊ ငါးဟင်း၊ မြင်းခွာရွက်သုပ် မှာလိုက်သည်။ ချဉ်ရေဟင်း တို့စရာက အလျှံပယ်။





ဤ ပြည်လမ်းတစ်လျှောက်မှာ အင်းမ ထမင်းဆိုင်သည် နာမည်ကြီး။ ကြီးလောက်အောင်လည်း စား၍ ကောင်းလှသည်။ ဆိုင်တွေက အပြိုင်အဆိုင်မို့ ထမင်းစားပြီး လက်ဖက်သုပ်နှင့် ရေနွေး ထန်းလျက်ခဲတို့ပါ အချိုပွဲအဖြစ် သီးသန့် ဧည့်ခံပါသေးသည်။

နေမင်းသာ အင်းမမှထွက်ပြီး ပြည် ဝင်ခါနီးမှာမှ မိုးရွာလာခဲ့ပြီ။

စူး စုံမက်သော မိုးစက်များ၊ စူး ချစ်သော မိုးပွင့်များ။

ဤမိုးပွင့် မိုးစက်များကြားမှာ နှစ်ယောက်သား ထီးလေး တစ်ချောင်းနှင့် လျှောက်ရလေတိုင်း၊ ပျော်ရွှင် မြူးကြနေတတ်သည်။ မျက်နှာမှာ မိုးစက်လေးတွေ ခိုပြီး ပြုံးနေတတ်သည့် စူး၏ မျက်နှာလေးက ကြည့်မဝစရာ။

မိုးက သည်းလာတော့ ကားကို ခပ်ဖြည်းဖြည်းပင် မောင်းတော့သည်။

အမိုး မတင်ရသေးသော နောက်ခန်းမှာတော့ မိုးရေတွေ စိုလို့. . .

ပြည်မြို့ကို ဝင်လာပြီး လက်ယာဘက်မှာ သီရိခေတ္တရာ သည်းခိုရိပ်သာ၊ ဧရာဝတီမြစ် ရှိရာဘက်ကို ကျောပေးပြီး အောင်လံ-ကွေး-မန္တလေး လမ်းဘက်သို့ မျက်နှာမူ၍. . .

လမ်းမတော် လမ်းမကြီးက ဦးတိုက်လျက်. . .

ကျက်သရေရှိစွာ တည်ရှိနေသော ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းသာ၏ကားမှာ ပြည်မြို့ဈေးကြီး ရှိသည်အဆ
မောင်းစရာ မလို။ လက်ဝဲဘက်ကို ချိုးကွေ့ပြီး တရုတ်ကျောင်း
ကြီးရှိရာ ပွဲစားလမ်းဘက်သို့ ဖြတ်ပြီးမှ ကမ်းနားလမ်းအရောင်
တွင် လက်ယာဘက်ကို ချိုးကွေ့ပြီး ရပ်လိုက်၏။

ကမ်းနားဘက်သို့ မျက်နှာမူထားသော နှစ်ထပ်တိုက်ကြီး
နှင့် ဘေးမှာ မြေတစ်ကွက်စာပိုသည့်နေရာကို ပန်းခြံသဖွယ်
လုပ်ထားခဲ့သော်လည်း ယခုတော့ . . . ပြုပြင်မည့်သူ မရှိ
အားလုံး ညှိုးခြောက်မှိုင်းမှုန်နေလေပြီ။

ဤတိုက်ကြီးသည် တစ်ချိန်က . . . စူးတို့၏ တိုက်။

ယခုတော့ နေမင်းသာ အမည်နှင့် ဖေဖေက ပြောင်းပေ
ခဲ့ပြီးဖြစ်သဖြင့် . . .

ဦးချစ်ငွေ၏တိုက်နှင့် မြေမှသည် နေမင်းသာ၏ တိုက်နှင့်
မြေအဖြစ် ပြောင်းလဲခဲ့ချေပြီ။

သြော် . . . မိဘကောင်းလျှင်လည်း သားသမီးတို့ စံစား
ရသလို၊ ကိုယ့်တစ်ကိုယ်စာ ပျော်ဖို့ပါးဖို့ ကြည့်ပြီး နောင်ရေး
ဘေးချိတ်ထားရက်သော မိဘများ၏ သားသမီးများဖြစ်ရလျှင်
ဒုက္ခပေါင်းစုံ၊ ဆင်းရဲခြင်း နည်းမျိုးစုံနှင့် ကြုံရတတ်ကြောင်း
နေမင်းသာ တွေ့ရှိရပါပြီ။

"စူးလေးရေ . . . ဒီတိုက်ဟာ ကိုကို့တိုက်မို့ စူး ပြန်လည်
ပိုင်ဆိုင်ခွင့်ရပြီလို့ပဲ မှတ်ယူလိုက်တော့နော် . . ."

"စူး ပျော်အောင် ကိုကိုနဲ့ လက်ထပ်ပြီးတာနဲ့ တခြား
ဘယ်မှ ဟန်နီးမွန်း မထွက်ဘဲ၊ ဒီတိုက်ကြီးမှာပဲ ပျားရည်ဆမ်း





ခရီးထွက်မယ်ကွယ် . . .

"စူးနဲ့ ကိုကို နှစ်ယောက်တည်းနော်၊ ပျော်စရာကြီး
အချစ်ရယ်"

သော့ဖွင့်ရင်း နေမင်းသာ ပြုံးနေလိုက်သေးသည်။

တိုက်ထဲမှာ အိုက်လှောင်နေ၍ တံခါးများအားလုံး
ဖွင့်လိုက်သည်။

မိုးမှုန်လေးများက မစဲသေး။

အိမ်ရှေ့ ဝေးဝေးဆီမှာ မြစ်ရေသည် ညင်သာစွာ
စီးဆင်းလျက်ပါ။

အပေါ်ထပ်မှကြည့်လျှင် ဧရာဝတီမြစ်ကြီး စီးဆင်း
နေသည်ကို ပို၍ လှပစွာ မြင်ရပေသည်။

တံခါးများ ဖွင့်ပြီးသည်နှင့် ပြည်ဆေးရုံကြီးမှ အသိ
ဆရာဝန်ထံ ဖုန်းဆက်သည်။

"အခုတော့ ဦးဘဆန်းရဲ့ အခြေအနေက မဆိုးပါဘူး၊
ခွဲစိတ်ဒဏ် ခံနိုင်ဖို့ ကုသနေကြတယ်၊ ခွဲပြီးမှပဲ ရိုးရိုးအစာအိမ်
ရောဂါလား၊ ကင်ဆာလား ဆိုတာ ခွဲခြားလို့ရမယ်"

ကင်ဆာ မဖြစ်ပါစေနဲ့ ဟူသော ဆုတောင်းများဖြင့် အဘ
ဦးဘဆန်း အသက်ရှည်စေချင်ပါသေးသည်။

အဖြစ်မှန် အားလုံးကိုလည်း နေမင်းသာ သိခွင့်ရချင်
သေးပါပြီ။

မိုးစိုလာပြီး ပင်ပန်းလာသည့်အတွက် ရေတော့ ချိုးရဦး
မည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနှင့် နေမင်းသာ ဆေးရုံသို့ တန်း၍သွား
တော့မည်။

◆ ◆ ◆

ဆေးရုံ၏ ခုတင်ပေါ်မှာ အဘဦးဘဆန်းကို လန်းဆန်း
စွာ တွေ့လိုက်ရသည်။

နေမင်းသာ ပြည်မြို့သို့ ရောက်ရှိလာပြီး ဖုန်းနှင့်လှမ်း
သတင်းမေးသည်ဆိုသော အကြောင်းကို ဦးဘဆန်း သိ
နေလေပြီ။

ဦးဘဆန်းက ပြုံး၍ နေမင်းသာကို ကြို၏။

နေမင်းသာသည်မူ ထိတ်ထိတ်ခုန်နေသော ရင်ကြော
ပြန်လည် ပြုံးပြရသော်လည်း အင်အားနည်းလှပါချေ၏။

"ဒီအဘိုးကြီးသာ ငါ့အဖေ ဖြစ်ခဲ့ရင်တော့ တက
သနားစရာပဲ၊ ငါ ဂရုစိုက်မယ်၊ ပြုစုမယ်၊ လိုအပ်သမျှ အထ
အကျခံပါ့မယ်. . .

"ဒါပေမယ့်လေ. . .

"ဒါပေမယ့်ကွယ်. . .

"ငါ့ရဲ့ဖေဖေ ဦးချမ်းသာဟာ ငါ့ကို တကယ်ချစ်ရှာ
အခု နောက်ပိုင်း ဝယ်သမျှ ပစ္စည်းအားလုံးဟာလည်း ငါ့နာမ
နဲ့ချည်းပဲ. . .

"တရားသဖြင့် စီးပွားရှာရာမှာ အပင်ပန်းခံခဲ့တယ်၊





ည မအိပ်ဘဲ အလုပ်တွေ ဆက်တိုက်လုပ်ခဲ့ရတယ်"

"ဖေဖေ အခုလို တပင်တပန်း ရှာနေတာ ငါ့သားအတွက်
ပါကွယ်"

ဟူ၍ ထာဝရ ပြောကြားလေ့ရှိရုံမက. . .

အရွယ်ရှိသေးလျက်နှင့် နောက်အိမ်ထောင် လုံးဝမပြု
သော ဖေဖေ။

နေမင်းသာသည် ဦးချမ်းသာကို ကြည်ညို၏။ အထင်ကြီး
၏။ လေးစား၏။ မြတ်နိုး၏။ ပြီးတော့. . . အလွန်အမင်း
ချစ်ခဲ့ရသော ဖခင်။

ဦးချမ်းသာသည် မွေးစားဖခင် ဖြစ်စေဦး. . . နေမင်းသာ
အချစ် မလျော့နိုင်ပါ။ ဘယ်နည်းနဲ့မှ အကြည်ညို မပျက်နိုင်ပါ။

"ဘာပဲဖြစ်ဖြစ် ငါ့အဖေဟာ ငါ့အဖေပဲ ဖြစ်ပါရစေတော့"

နေမင်းသာ၏ လှုပ်ရှားသောစိတ်ကြောင့် အမူအရာများ
ပျက်နေလေသလား မသိ။

"နေမင်းသာ. . . လာလေ. . . လူလေး၊ အဘ နေ
ကောင်းပါတယ်၊ ခရီးပန်းလာလို့လား၊ လူလေးမျက်နှာတွေ
ညှိုးလို့"

"ဩော်. . . ဟော်. . . ဟုတ်တယ်အဘ၊ လမ်းမှာ မိုးမိ
လာလို့"

"အေး. . . စောစောက လူလေးဆီက တယ်လီဖုန်းဆက်
တယ်၊ လာလိမ့်မယ်လို့ 'ဒေါက်တာ စောလင်း'က လာပြော
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဘ၊ ရောက်ရောက်ချင်း ဆက်ကြည့်ရတာ အဘနေကောင်းရဲ့လား"

"အေးကွာ. . . ဗိုက်ထဲက စူးအောင့်လိုက်၊ နာလိုက် ကတော့ ရှိသေးတယ်၊ ခွဲစိတ်နိုင်အောင် ဒရစ်(ပ)တွေ သွင်း ဆေးတွေ ကျွေးနဲ့ အတော်လေး ဂရုစိုက်ကြပါတယ်"

"ဟုတ်ကဲ့"

"လူလေး အဖေဆီက ငွေတစ်ထောင် ပို့လိုက်သေးတယ်"

"ဟုတ်ကဲ့"

"သူရော နေကောင်းလား"

"ကောင်းပါတယ်"

လူနာ ဦးဘဆန်းက ပြန်၍ ညည့်ခံနေရသည်။ နေမင်းသာ မှာ ခံစားမှုများ ပိတ်ဆို့နေ၍ ရွှန်းဝေသော စကားကို မဆိုနိုင်။

"ဒီမှာ လူလေး"

"ဟုတ်ကဲ့အဘ"

"လူလေးနဲ့ ဒေါက်တာစောလင်း ရင်းနှီးတယ်မဟုတ်လား"

"ရင်းနှီးပါတယ်"

"ဒါဖြင့်. . . မေးကြည့်ပေးပါလား"

"ဘာကိုလဲ"

"အဘရောဂါဟာ အသက်ရှင်နိုင်မလား၊ သေနိုင်မလား လို့"

"ဟာ. . . အဘကလည်း၊ ခွဲစိတ်တာတွေ အောင်မြင်နေ





ပြီ"

"မဟုတ်သေးဘူး လူလေး၊ အဘ အတိအကျ သိချင် တယ်"

ဦးဘဆန်းသည် ဖြတ်သန်းလာရသော သူ့အတိတ်ကို တွေးနေဟန်ရှိ၏။

ရန်ကုန်မှာ ခေတ္တ တွေ့ကြရစဉ်က သူ မသေခင် ပြောခဲ့ ည်ဆိုသော စကားရပ်၏ နိဒါန်းဖြစ်မှန်း နေမင်းသာ သိပါ၏။

"ဒီလိုရှိတယ် အဘ"

"အေး"

"ရောဂါ မကျွမ်းသေးဘဲ လူနာတစ်ယောက်ကို သေ လား ရှင်မလားဆိုတာ ဘယ်လိုသမားတော်ကမှ မှန်းလို့ ရပါဘူး အဘ၊ လူနာရဲ့ ကံပဲ"

"အဘကံကို အဘ ကြိုမြင်ချင်လိုက်တာ"

"ဒါလည်း မဖြစ်နိုင်တဲ့ကိစ္စပဲ အဘရဲ့"

"အေး. . . ဒါဖြင့်လည်း မတတ်နိုင်တော့ဘူးပေါ့ကွယ်"

"အဘ"

"ဟေ"

"အဘကို ကျွန်တော် စကားတွေအများကြီး ပြောစရာ ရှိတယ်၊ ဒါကြောင့်လည်း လာခဲ့တာ၊ ဒီနေ့ အဘနဲ့ ဆုံပြီးရင် တ်ဖြန် ကံမက ကြီးကြီးစုဆီ သွားမယ်၊ ပြီးရင် နောက်တစ်နေ့ ပြန်မယ်"

"ကြီးကြီးစုဆိုတာ မောင်ချစ်ငွေရဲ့ အစ်မ မစုစုခင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလား"

"ဟုတ်ပါတယ် အဘ"

"ဟေ"

"မင်းက ဘာကိစ္စနဲ့သွားမှာလဲ၊ မင်းအဖေက ငွေ ပေးခိုင်းလို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော့်ဟာကျွန်တော် သွားမှာပါ"

"ဘာကိစ္စလဲ အဘကိုပြောစမ်း"

ဦးဘဆန်းသည် ခုတင်ပေါ်မှ ငေါက်ခနဲ ထထိုင်ပြီး... တအံ့တသြ မေးလာ၏။ နေမင်းသာက ခပ်ပေ့ပေ့ပြုံးပြလိုက်ပြီး...

"သြော်... အဘွားကြီး မျက်စိကွယ်သွားတယ်ဆိုတဲ့ သနားတာနဲ့ သွားကြည့်မလို့"

"ဒါဆိုလည်း မင်းအဖေ မသိစေနဲ့နော်"

"ဟုတ်ကဲ့ပါ"

"အရင်တုန်းက ဒီအုပ်စုနဲ့ လူလေး အဆက်အဆံ မရှိပါဘူး၊ ခု ဘယ်လိုကနေ ဘယ်လို..."

"သြော်... ကိုယ့် တစ်မြို့တည်းက အဘွားကြီးမို့ သနားလို့ပါ၊ အဲဒါ အကြောင်းမဟုတ်ပါဘူး၊ ကျွန်တော် အဘနဲ့ တွေ့ချင်လွန်းလို့ မလာနိုင်တဲ့ကြားက အတင်းထွက်လာခဲ့တာပါ"

စူးသို့ ရည်ညွှန်းပါ၏။ ဦးဘဆန်း အနေနှင့် ရိပ်မိနိုင်စရာ အကြောင်းမရှိ။

"ကဲ ပါ... ဒါ ထားလိုက်ပါ၊ အဘ ရင်ထဲမှာ အမှုန်း





တရားတစ်ခု သိမ်းဆည်းကွယ်ဝှက်ထားတယ် မဟုတ်လား၊ ဟင်... အဘ"

"အေး... ဟုတ်တယ်"

"အဲဒါကို ကျွန်တော် သိချင်လွန်းလို့ တမင်ပြန်လာခဲ့တာပါ၊ အဘ ကျွန်တော့်ကို ပြောပြပါနော်"

"အဘမှာ ကတိရှိထားတယ်၊ မင်းနဲ့ ရန်ကုန်မှာ ဆုံတုန်းက ပြောခဲ့တဲ့အတိုင်းပဲ"

"ဟုတ်ပြီ၊ ကျွန်တော် နားလည်ပြီ အဘ၊ ဒီမှာ... ကျွန်တော်ပြောမယ်၊ အခု... အဘ ရောဂါကို ခွဲစိတ်ပြီးရင် အဘ ကျန်းမာချင်လည်း ကျန်းမာမယ်၊ ခွဲစိတ်မှု မအောင်မြင်ဘဲ ရှိချင်လည်း ရှိမယ်"

"တဲ့တိုးသာ ပြော...၊ ငါသေရမှာ ကြောက်တဲ့ကောင် မဟုတ်ဘူး၊ မိန်းမ နောက်ယောကျ်ားယူသွားပြီးကတည်းက သားမရှိ သမီးမရှိနဲ့ တစ်ယောက်တည်း နေလာခဲ့တဲ့ကောင်ပါ၊ သေရမှာ မကြောက်ပါဘူး၊ မင်းပြောချင်တာသာ ရဲရဲပြောစမ်း လူလေး"

"ကောင်းပြီ အဘ၊ ဒီလိုရှိတယ်၊ ခွဲစိတ်တယ်ဆိုတာ ကြိုပြီးမှန်းလို့ ရတာမျိုးမှ မဟုတ်တာ၊ ခွဲစိတ်တာ အောင်မြင်ပေမယ့် ခွဲပြီးချိန်မှာ အဖျားဝင်မယ်၊ ရောဂါသည်းမယ်၊ ဒီအတွက် ဘာစကားတစ်လုံးမှ မပြောလိုက်နိုင်ဘဲ သေသွားကြတဲ့ လူနာတွေ အများကြီးပါ အဘ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သေရမှာ မကြောက်ဘူးဆိုတဲ့ အဘဟာ တကယ်လို့များ ကျွန်တော်ပြောသလို သေသွားခဲ့ရင် တမလွန်တိုင်ယူမသွားချင်ဘူးဆိုတဲ့ အဘရင်ထဲက 'အမှန်တရား'လည်း ပျောက်ဆုံးသွားတော့မယ်"

ဦးဘဆန်း နားလည်စွာ ခေါင်းညိတ်၏။

"ဒီကိစ္စဟာ ကျွန်တော်နဲ့ ပတ်သက်လိမ့်မယ်လို့လည်း ကျွန်တော် လုံးဝ ယုံကြည်ထားတယ်၊ ဟုတ်လားဟင် အဘ"

"ဆိုပါတော့ကွာ၊ ဒီကိစ္စကို သိသင့်သူဟာလည်း မင်း တစ်ယောက်တည်းပါ၊ အဘ ဖွင့်ပြောခဲ့မယ့်လူဟာလည်း ဒီ တစ်လောကလုံးမှာ မင်းတစ်ယောက်တည်းပါ လူလေးရယ်"

"အဘ. . . ဒီလိုဆို ပြောလေ၊ ကျွန်တော်ဘယ်လောက် သိချင်စိတ်ပြင်းပြ ဖြစ်နေမယ်ဆိုတာ အဘရယ်. . . ကိုယ်ချင်း စာပေးပါတော့ဗျာ"

နေမင်းသာ၏အဖြစ်ကို မြင်ရတော့ ဦးဘဆန်းက သက်ပြင်းချပြီး နေမင်းသာ၏ပခုံးကို ဆုပ်ကိုင်၏။

"အေး. . . မင်းသိချင်တာထက်ပိုပြီး အဘကတောင် ပြောချင်နေတာပါ၊ ငါ့ကိုယ်ငါ သေလူ ထားလိုက်တော့မယ် နေမင်းသာ။

"ငါ ကတိ မတည်လို့ အပါယ်ကျလည်း ကျစမ်းပါစေ တော့ကွာ၊ ကောက်ကျစ်ယုတ်မာတဲ့ လျှို့ဝှက်မှုကြီးကိုတော့ ငါ ထုတ်ဖော်ပြခဲ့ချင်တယ်"

အဘိုးကြီး၏အသံက လှိုက်ခုန်တုန်ခိုက်လာသည်။





"ဒါဖြင့် အခုပဲ ပြောပြပါတော့နော် အဘ"

"မရဘူး လူလေး၊ ငါ့ပါးစပ်က ပြောလို့ ဘယ်သူမှ ယုံမှာ မဟုတ်ဘူး၊ မင်းလည်း ယုံမှာ မဟုတ်ဘူး၊ သက်သေ သက္ကာရနဲ့ မှ"

"ဗျာ"

"အဘ ဝှက်ထားတဲ့ စာချုပ်တွေရှိတယ်၊ အဲဒါ မင်းကို ယူပြပြီး၊ အားလုံး ဖွင့်ပြောလိုက်တော့မယ်၊ အဘကို ဆေးရုံက ခဏဆင်းခွင့်တောင်းပြီး ကမ်းနားလမ်းအိမ်ကို ခေါ်သွားပေးပါ လူလေးရယ်"

"ဟုတ်. . . ဟုတ်ကဲ့ အဘ. . . ဟုတ်ကဲ့"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၉ ။

တိုက်ကြီး၏ မီးဖိုဆောင်တွင်းမှာ ဆောက်နှင့် ထွင်းနေသော တချွင်ချွင် မြည်သံကို ကြားနိုင်ပါ၏။

သိုက်တူးသူများ သို့မဟုတ် သချိုင်းမြေမှာ အလောင်းကို ပြန်လည်တူးဖော်နေကြသူများလို ရွံ့ထိတ် လန့်ကြောက်စိတ်ဖြင့် နှစ်ယောက်လုံး၏ မျက်နှာမှာ ချွေးသီးများ ဥနေသည်။

အိမ်ရှေ့မှ သံတံခါး၏ သော့ကို အသေအချာ ခတ်ပြီး မီးဖိုဆောင်၏ လက်ယာဘက်ထောင့် ပန်းခြံမြေနှင့် ကပ်လျက် အခန်းတွင်းမှာ. . .

နေမင်းသာနှင့် ဦးဘဆန်း။

ဦးချမ်းသာ ဝယ်ပြီးသည့် တိုက်ကြီးကို ဆေးအသစ်သုတ် မီးဖိုဆောင်ကို ခွဲ့စဉ်မှာ ဦးဘဆန်းအတွက် တစ်ခန်းပေး၏။ ထိုအခန်းကလည်း မကျဉ်းလှ။

ဦးဘဆန်း ခုတင်ထားသည့် အောက်တည့်တည့်မှာ ဦးဘဆန်း၏ လျှို့ဝှက်မှု ရှိသည်ဆို၏။





ဘယ်သူမှလည်း အသိမခံဝံ့၍ အကူညီလည်း ခေါ်၍ မဖြစ်။ ဦးဘဆန်းကလည်း လူနာမို့ ဘာမှ မကူညီနိုင်ရှာ။

သိချင်ဇော ပြင်းစွာဖြင့် ဦးဘဆန်း ညွှန်ပြသည့် နေရာမှ သမံတလင်းကို ဆောက်နှင့်ထွင်း တူရွင်းနှင့်ကော်ပြီးသည့် အခါမှာ. . .

"ထွက်လာပြီ အဘရေ. . . သံသေတ္တာလေး"

"အေး. . . အေး. . . ဟုတ်ပြီ၊ ယူလိုက် လူလေး"

အလွယ်တကူ ယူ၍မရပါ။ အင်္ဂတေများနှင့် ကပ်နေ၍ ဆပ်ပြီး ခဲခဲယဉ်းယဉ်း တူးဆွရသေးသည်။

နေမင်းသာသည် အားကစားလည်း လိုက်စားသူမို့၊ ကိုယ်ခန္ဓာက ကျစ်လျစ်သန်မာသူဖြစ်ပြီး သိချင်ဇောကြီးလွန်းသဖြင့်သာ ဤမျှ အခက်အခဲကို ရုတ်တရက် ရယူနိုင်ခြင်း ဖြစ်သည်။

"အထဲမှာ ဘာတွေပါလဲဟင် အဘ"

သံသေတ္တာဟောင်းလေးကို ကွဲရှပျက်စီးသွားမှာ ကြောက်သလို ကိုင်ထားရင်းက နေမင်းသာ မေးမိ၏။

"ဘာမှ အဖိုးတန် ပစ္စည်း မပါဘူး၊ စာချုပ်နဲ့ စာရွက်တွေပဲ"

"ဟင်"

"ကဲ. . . ခွဲကွာ. . . ကြာတယ်၊ တော်ကြာ မောင်ချမ်းသာ လိုက်လာလို့ ဒုက္ခကြီး တွေ့နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သည်။ ဖေဖေက ဦးဘဆန်းနှင့် သူ့သား ပတ်သက်မှာ စိုးရိမ်သူဖြစ်၏။ သံသယစိတ်နှင့်လည်း ကျန် သဖြင့် ကားနှင့် ငါးနာရီကြာမျှလောက်သာ မောင်းရသော ခရီးကို နောက်က လိုက်မလာဘူးဟု မပြောနိုင်။

ပွနေသော အင်္ကျီတောနှင့် အုတ်ခဲများကို ဖြစ်သလို ပြန် ခုတင်ရွှေ့လိုက်၏။ ပြီးတော့ ဆွေးမြည့်နေသဖြင့် ခဲခဲယဉ်းယ မခွဲရ။

သံသေတ္တာငယ်လေးကို လှပ်ဟလိုက်တော့ စာသုံးစော နှင့် စာချုပ်တစ်ခု။

"ဟင်. . . ဒါက အိမ်အရောင်းအဝယ် စာချုပ်၊ ဒါ ငွေချေးတဲ့စာတွေ၊ ဘာထူးလို့လဲ အဘရဲ့"

"အေး. . . လာ. . . ဘာထူးသလဲ ဆိုတာ အလင်းရောင်မှာ ကြည့်ကြရအောင်"

တိုက်၏ ဘေးပေါက်ကထွက်ပြီး အိမ်တစ်နေရာ အပိုပါသည့် မြေပေါ်မှ ခုံတန်းလျားလေးမှာ ထိုင်မိကြ၏။

"စာချုပ်ထဲမှာ. . . ဒီတိုက်ကို ဦးချစ်ငွေက ဖေဖေ အပိုင်ရောင်းတဲ့စာချုပ်ပဲ၊ ရောင်းဈေးက တစ်သိန်းနှစ်သောင်

"အေး. . . ဟုတ်တယ်"

"အဲဒီအချိန်က ကာလပေါက်ဈေး ဘယ်လောက် ထင်သလဲ"

"အလွန်ဆုံး တစ်သိန်း၊ တစ်သိန်းကျော်ပဲ ဖြစ်မှာ ကြာလှပြီပဲ၊ အခုတော့ ခြောက်သိန်း၊ ခုနစ်သိန်း ဖြစ်လောက်





ပေါ့"

"အေး. . . ဟုတ်တယ်၊ ဒါပေမယ့်. . . မင်းရဲ့ ဖေဖေဟာ ဒီတိုက်ကြီးနဲ့ မြေတစ်ကွက်စာကို နှစ်သောင်းတည်းနဲ့ ရလိုက် တာ လူလေး"

"ဗျာ"

"တစ်သိန်း နှစ်သောင်း ဆိုတဲ့ စာနေရာကို မင်း သေသေ ချာချာ ကြည့်စမ်း"

"ဟုတ်ကဲ့ အဘ"

"လက်နှိပ်စက် ၂၀၀၀၀ နေရာမှာ ရှေ့က ၁-ဂဏန်း ဆည့်တယ်၊တမင် ကွင်းစကိုအကျယ်ကြီးလုပ်ပြီး( နှစ်သောင်း) ဆိုတဲ့ ရှေ့က တစ်သိန်း ဆိုတာကို ထပ်ဖြည့်ထားတယ် တွေ့လား၊ ဒီတော့. . . (တစ်သိန်း နှစ်သောင်း) ဖြစ်သွားရော"

"အဲ. . . အဲဒါ အဘ ဘယ်လိုလုပ်သိလဲ"

"ဒီလက်နှိပ်စက်ကို အဘကိုယ်တိုင် ရိုက်ပေးခဲ့ရတာပဲ လူလေး"

"ဟာ"

"မင်းရဲ့ ဖေဖေဟာ ဦးချစ်ငွေဆီက ပစ္စည်းဥစ္စာ အားလုံးကို သူ့ရဲ့ မသမာ နည်းမျိုးစုံနဲ့ ယူခဲ့တယ်၊ ဒီမှာ ဒီစာရွက် တွေ ကြည့်ဦး"

မညီညာသော လက်ရေးများနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ချမ်းသာ. . .

ယခု လာသူနှင့် ငွေ ၃၀၀၀၀ ကျပ်
ပေးလိုက်ပါရန်

ချစ်ငွေ

အရက် မသောက်ရသေး၍လား၊ အရက် အလွန်အကျွံ သောက်ထား၍လား မသိ၊ လက်ရေးများက တွန့်ကွေးနေသည်။

"အဲတာက သုံးထောင်ရေးတာကို သုညတစ်လုံး တိုးထားတာ. . . သုံးသောင်းဖြစ်ကရော. . .

"ဒီမှာလည်း ကြည့်ဦး၊ ငွေလေး နှစ်ထောင် ရေးတာ ၂ ဂဏန်းကို အပေါ်က အကွေးလေးနဲ့ ဆက်ပြီး ၃၀၀၀ လုပ်ထားတယ်. . .

"ဒီစာရွက်ကတော့ ၁၀၀၀ ကို ၁-မှာ အမြီးတပ်ပြီး ၃၀၀၀ လုပ်ထားတာ"

ဦးဘဆန်း ပြသော နေရာကို အသေအချာကြည့်တော့ အားလုံးသော အားလုံးသည် ဟုတ်နေခဲ့လေပြီ။

နေမင်းသာ ရင်တွင်းမှာ ဆူဝေ လှိုက်ခုန်လာခဲ့၏။

"အဲဒီ စာရွက်ကလေးတွေက အသေးအဖွဲတွေကို စုထားတာ၊ ယုံအောင် သက်သေထူတာ၊ ဒါမျိုးက အများကြီး၊ အဓိက ပြောချင်တာကတော့. . ."

နေမင်းသာမှာ အသက်မှ ရှူမိရဲ့လားမသိ၊ ဦးဘဆန်း





ပြောလာမည့် စကားကို တောင့်တောင့်ကြီး စောင့်နားထောင်နေပါ၏။

"ဟောဒီတိုက်ကြီးနဲ့ ဒီမြေတစ်ကွက်ပဲ"

"ဗျာ"

"အဲ့တာကို ဂရံပေးပြီး ပေါင်ရာမှာ အရောင်းစာချုပ် ချုပ်ပြီး ငွေလေးနှစ်သောင်းနဲ့ ပေါင်ခဲ့တာကို တစ်သိန်း နှစ်သောင်း ဖြစ်အောင်လုပ်ပြီး မင်းအဖေက မတရား သိမ်းခဲ့တယ် နေမင်းသာ"

"ဦးချစ်ငွေက သူယူတာ နှစ်သောင်းတည်းပါလို့ မပြောဘူးလားဟင်"

"မောင်ချစ်ငွေ သေပြီးမှ အမှုဖြစ်ကြတာလေ၊ မင်းအဖေ ဆာ ငွေကလည်းနိုင်၊ စာချုပ်ကလည်း အပိုင်ကိုင်ထားတော့ ဒူခင်တို့ ရှုံးတာပေါ့ကွယ်"

"ဒုက္ခပါပဲဗျာ"

"အေး. . . အဲဒီတုန်းက မစုလေးက ဂါဝန်လေးနဲ့ ရှိသေးတယ်၊ မဦးကတော့ အပျိုလေး ဖြစ်နေပြီလေ၊ တိုက်ကြီးပေါ်က ဆင်းပေးရမယ်ဆိုတော့ အရှက်ကြီးရှက်ပြီး ရန်ကုန်ထွက်ပြေးသွားလိုက်တာ၊ သူ့အမေ သေတာတောင် မလာနိုင်ဘူး၊ ပျက်စီးသွားသလိုလိုတောင် ကြားတယ်. . .

"မောင်ချစ်ငွေ မိန်းမ ခင်ပပ သေရတာလည်း ဒီစိတ်ကြောင့်၊ မောင်ချစ်ငွေ သမီးကြီး ဘဝဆုံးရတာလည်း ဒီစိတ်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့. . . တော်ပါတော့ အဘဆန်းရယ်၊ ကျွန် တော့်အဖေမှာ ဒီလောက်ကောက်ကျစ်ယုတ်မာတဲ့ စိတ်တွေ ရှိလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ဘယ်တုန်းကမှ မထင်ခဲ့ဘူးဗျ"

"အေး. . . ပြောလက်စနဲ့ နောက်တစ်ခု ပြောရဦးမယ်"

"ဟင်"

"မင်းရဲ့ အမေဆီက စိန်တစ်ဆင်စာ ငှားဝတ်ပါ ဆိုပြီး အတင်းတိုက်တွန်းခဲ့တယ်၊ တို့မြို့က မျက်နှာကြီး မင်္ဂလာဆောင် မှာပေါ့"

"ဘယ်သူက ငှားဝတ်တာလဲ"

"ဦးနဲ့ စူးတို့မေမေ ခင်ပပပေါ့ကွယ်၊ သူက မိန်းမအေးပဲ သူများဟာ ငှားမဝတ်ချင်ပါဘူး၊ အဲဒါကို သူ့ဒွေး ကိုချစ်ငွေရဲ့ မိန်းမဖြစ်ပြီး စိန်မပါရင် မင်းပဲ မျက်နှာငယ်မှာပေါ့ ဆိုပြီး အတင်းပေးလိုက်တယ်၊ စိန်နားကပ်၊ စိန်ဆွဲကြိုး၊ စိန်လက်စွပ်နဲ့ စိန်လက်ကောက်၊ အဲဒါတွေကို မင်္ဂလာပွဲမှာ ဝတ်ပြီးတော့ မောင်ချစ်ငွေက တစ်ဆင့်ပဲ ပြန်ပေးတာပေါ့၊ သူငှားခဲ့တာကို"

"ဒီတော့. . ."

"မင်းအဖေ. . . မင်းအဖေလုပ်ပုံ. . ."

"ခင်ဗျာ"

"အသင့် စီစဉ်ထားတဲ့ ရွှယ်တူ စိန်အတုတွေနဲ့ သူဟာသူ ပြန်လဲပြီး ကိုချစ်ငွေကို ပေးလိုက်တုန်းက အစစ်တွေပါ၊ အခု အတုတွေနဲ့လဲပြီး ပေးတယ်ဆိုပြီး လမ်းမတော်က ပန်းထိမ် ဆရာကြီး 'ဦးဘိုလှ'ကို သက်သေထူပြီး ရပ်ရွာလူကြီးတွေထံ





တိုင်တယ်၊ မလျော်နိုင်ရင် ရုံးခန်းတိုင်မယ်၊ အမှုဖွင့်မယ်၊ မောင်ချစ်ငွေကို ဖမ်းမယ်ပေါ့"

"နေပါဦး၊ ဒီဦးချစ်ငွေကရော ဘာလို့ ငြိမ်ခံနေတာလဲ၊ ပြန်ပေးကတည်းက ပစ္စည်းအသေအချာ ကြည့်ပါဦးဆိုပြီး ဘာလို့ သက်သေထူပြီး မအပ်တာလဲ"

"ချစ်ငွေသာ ဒီလို ပြတ်သားရင် ဒီဘဝမျိုး ဘယ်ရောက် မလဲကွ"

"ဟင်"

"ချစ်ငွေဟာ သူ့ လက်ကြောတင်းအောင် တစ်ခါမှ ငွေရှာဖူးတဲ့ကောင် မဟုတ်ဘူး။ မိဘလက်ထက်က ရှာဖွေထား သို့သာ ချမ်းသာနေတာ"

"ဩော်"

"လူက သိပ်သဘောကောင်းတယ်၊ ဒါပေမယ့်. . . အားနာတတ်တယ်၊ မပြတ်သားဘူး၊ လက်ဖွာတယ်၊ ဒီလိုကောင် မျိုးက အရက်နဲ့ လောင်းကစား ဖက်လာတော့ ဘယ်ခံနိုင်မှာ သဲကွာ"

"အင်း"

"အဲဒီ ပျော့ကွက်ကို သိတဲ့ မောင်ချမ်းသာဟာ ဒီကောင့် ဆီ အပိုင်ကိုင်မယ်ဆိုပြီး ဖဲဝိုင်းက မူးမူးနဲ့ စာရေးလွှတ်သမျှ ငွေပေးတော့ ကြွေးက လည်ပင်းခိုက်လာတယ်လေ၊ ငွေက လည်း ဒီစာရွက်တွေ အတိုင်း မတရားတိုးရေးထား၊ ဟိုကလည်း မူးမူးနေတော့ ဘာမှမမှတ်မိ. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ်ငွေရဲ့အစ်မ အပျိုကြီး စုစုခင်ကလည်း နာမည်ပျက်မခံနိုင်တော့ ရှိသမျှတွေ ရောင်းချပြီး ဆပ်ရရှာပါတယ်"

"ဖြစ်ရလေ အဘရယ်"

"နောက်ဆုံးတော့ ခုနပြောတဲ့ စိန်မသမာမှုကြီး လုပ်လိုက်တာမှာ ကလေးတွေရဲ့ လက်ဝတ်လက်စားပါ ချွတ်၊ အို. . . နောက်ဆုံးကွာ. . . ရေဒီယိုတွေ၊ ဆိုဖာတွေကအစ ရောင်းပြီး တက်တက်ပြောင်အောင်ကို ယူပစ်လိုက်တာ"

နေမင်းသာသည် ဤအကြောင်းရာများကို မကြားရအောင် ကမ္ဘာ့အပြင်ဘက်သို့ ထွက်ပြေးခွင့်ရလျှင် ပြေးထွက်သွားချင်လှပါသည်။

"အဲ့ဒီလိုနဲ့ မောင်ချစ်ငွေဟာ အရက်ဒဏ်၊ ပစ္စည်းဆုံးပြီး စိတ်ဆင်းရဲတဲ့ ဒဏ်တွေကြောင့် သေဆုံးခဲ့ရတယ်၊ သူသေဆုံးပြီးတဲ့နောက်မှာမှ ဒီတိုက်ကြီးကို အပိုင်စီးပစ်လိုက်တော့တာပဲ လူလေး နေမင်းသာ"

"ကျွန်တော့်အဖေဟာ ဒီလောက်ဆိုးတောင်ပဲလား၊ ဒီ[illegible] အောင်ပဲလားဗျာ"

"အဘပါးစပ်ကပြောရင် မင်းတင်မဟုတ်ဘူး၊ ဘယ်သူ ယုံကြမှာ မဟုတ်လို့ သူ မီးရှို့ခိုင်းတာကို တခြားစာချုပ်တစ်[illegible] ရှို့ပြပြီး အဘ တမင်သိမ်းထားခဲ့တာ၊ မောင်ချမ်းသာက လက်[illegible] စက် မရိုက်တတ်ဘူးလေ၊ အဲဒီ ငွေတစ်သိန်းတိုးတာက အဘ ကိုယ်တိုင် ရိုက်ပေးခဲ့ရတာ၊ သူ့အလုပ် လုပ်၊ သူ့ထမင်းစား[illegible] လို့သာ လုပ်ပေးရပေမယ့် ရင်ထဲမှာ မချိဘူးကွယ်"





"အဘ"

နေမင်းသာ၏ အသံကျယ်ကြောင့် ဦးဘဆန်း အလန့်တကြား လှည့်ကြည့်လာသည်။

"ဒါတွေသိရတော့ ကျွန်တော် ဘာလုပ်ရမလဲဟင်. . . အဘ၊ ကျွန်တော် ဖေဖေ့ကို ဘယ်လို ရင်ဆိုင်ရမလဲဗျာ"

"အေး. . . ဒါတော့ မင်းတို့သားအဖ သဘောပဲ၊ အဘကတော့ ကိုယ့်ကိုယ်ကို သေလူထားပြီး ကတိဖျက်ပစ်လိုက်ပြီ၊ သူသိလည်း အဘ မကြောက်တော့ပါဘူးကွယ်"

သက်ပြင်းချလိုက်ကြသံက ပြိုင်တူ. . .

"မောင်ချမ်းသာ နစ်နာပါစေတော့ဆိုတဲ့ စိတ်မျိုး ရှိရင် အဘ လူတကာကို ပြောမှာပေါ့၊ အခုတော့ မောင်ချမ်းသာရဲ့ အမွေတွေ ဆက်ခံရမယ့် တစ်ဦးတည်းသောသား လူလေးဟာ ဒီကိစ္စတွေ သိသင့်တယ်ဆိုပြီး အဘ ဖွင့်ပြောလိုက်တာပဲကွယ်"

"ဟုတ်ပါတယ်၊ အဘ မှန်ပါတယ်၊ အဘ ဒီကိစ္စကို ဖွင့်ပြောပြလိုက်တာ သိပ်မှန်ပါတယ် အဘရယ်"

"အေးကွယ်. . . မောင်ချမ်းသာဟာ ငယ်ငယ်ကတည်းက သိပ်ချမ်းသာချင်တာ၊ သူ့ကို ဒီအမည်ပေးပြီး မချမ်းသာရကောင်းလားဆိုပြီး နာမည်တောင် ပြောင်းလိုက်သေးတာ. . .၊ နောက်တော့ တကယ်ချမ်းသာလာတော့မှပဲ ဒီနာမည် သူ ဆက်သုံးတော့တာ"

နေမင်းသာ၏ မျက်ဝန်းအိမ်မှာ မျက်ရည်များ ပြည့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"တဲ. . . ဒါပါပဲကွာ၊ မောင်ချမ်းသာဆိုတဲ့ မင်းရဲ့ အဖေဟာ သူ့သူငယ်ချင်းရဲ့ ပစ္စည်းဥစ္စာကို တက်တက်ပြောင်အောင် ယူခဲ့ဖူးတယ်ဆိုတာ မင်း သိထားလိုက်ရင် ပြီးပါပြီ. . .

"မောင်ချစ်ငွေတို့ တစ်မိသားစုလုံး လူညွန့်တုံးအောင် မောင်ချမ်းသာ ဆောင်ရွက်တဲ့နေရာမှာ အဘပါ ခိုင်းတာတွေ လုပ်ခဲ့မိပါတယ်လို့ ဖွင့်ပြောဝန်ခံပြီးရင် အဘ ရင်ပေါ့သွားပါပြီ လူလေးရယ်၊ ဒီလျှို့ဝှက်မှုကြီးကို အဘ တမလွန်အထိ ယူသွားစရာ မလိုတော့ဘူးပေါ့၊ တဲ. . . အဘလည်း ဗိုက်ထဲက တအားအောင့်လာပြီ၊ အဘကို ဆေးရုံပဲ ပြန်ပို့ပေးပါတော့နော်"

အဘ ဦးဘဆန်းကို တွဲပြီး ကားပေါ်တင်၊ တံခါးများပိတ်နေဆဲမှာ တယ်လီဖုန်း မြည်လာသည်။ ကောက်ကိုင်ပြီး ထူးလိုက်တော့. . .

"သား လား"

ပြည်နှင့် ရန်ကုန်က တိုက်ရိုက်ခေါ်၍ရသော အော်တိုဖုန်း ဖြစ်၏။

"သား လားလို့. . . ဖေဖေပါ"

နေမင်းသာ ဖုန်းပြန်ချလိုက်သည်။ ဖခင် ဦးချမ်းသာနှင့် စကားပြောနိုင်စွမ်း မရှိ၊ ပြောချင်စိတ်လည်း ကုန်ခဲ့ပါပြီ။

တံခါးမကြီးကို ပိတ်နေဆဲ တယ်လီဖုန်းသံ ထပ်မြည်လာသော်လည်း နေမင်းသာ ပြန်မထူးတော့။

ဦးဘဆန်းကိုတင်ပြီး ဆေးရုံကြီးသို့ ပြန်မောင်းလာခဲ့သည်။





ကားပေါ်တွင် စကားမပြောဖြစ်ကြ။

သီးခြားသော ခံစားမှုများဖြင့် ငြိမ်နေကြခြင်းပါ။

ဦးဘဆန်းကတော့ ရာဇဝင်ကြွေး ကြေသွားသူတစ်ယောက်လို ရင်မှာ ပေါ့ပါးလန်းဆန်းသွား၏။

နေမင်းသာသည်မူ. . .

ဆုပ်ညှစ်ခံထားရသည်သို့ ရင်မှာ တင်းကျပ်ဆို့နင့်နေသည်။

ဦးဘဆန်း၏ စကားဆန်းကြောင့် သူ့အဖေအရင်းများသားဟူ၍ ရုပ်ရှင်ထဲက အဖြစ်မျိုးဆန်ဆန် လွဲမှားစွာ တွေးခဲ့မိသေးသည်။

ဖခင်ကို လေးစားကြည်ညိုစွာ အထင်ကြီးခဲ့သည့် စိတ်သည်သာ နေမင်းသာ၏ နှလုံးအိမ်ထဲမှာ အမြစ်တွယ် စွဲမြဲနေခဲ့ပါသည်။

ယခုတော့. . .

ယခုတော့. . .

"ဖေဖေရယ်. . .၊ ဖေဖေ့ကို သား အထင်ကြီးခဲ့လေသမျှ အခုတော့ အားလုံး ဆုံးရှုံးခဲ့ပါပြီ. . .

"သားရဲ့ အချစ်ဆုံး ချစ်သူ ဖြစ်လာတဲ့ စုးတို့မိသားတစ်စုလုံးရဲ့ဘဝကို နင်းချေဖျက်ဆီးပြီးမှ ရလာတဲ့ စည်းစိမ်ဥစ္စာတွေကို သား ရွံတယ်၊ မုန်းတယ်. . .

"အို. . . ဖေဖေ့ကို သား ဘယ်လို ရင်ဆိုင်ရမလဲ၊ ဒီကိစ္စကို ဘယ်လိုနည်းနဲ့ ပြောပြ ဖြေရှင်းရမလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်း မျက်ဝန်းမှ ဝေနေသော မျက်ရည်များကို နေမင်းသာ လက်ဖမိုးနှင့် သုတ်ပစ်လိုက်သော်လည်း မျက်ရည်များက မရပ်တဲ့။

◆ ◆ ◆



အခန်း ။ ၃၀ ။

စူးသည် သူ့ကိုယ်သူ လေမှာလွင့်နေသူ တစ်ယောက်လို ထင်နေမိသည်။

ဘာလုပ်လို့မှ လေးလေးနက်နက်မရှိ။ ထိမိကိုင်မိသည်ပင် မထင်။

အလုပ်တစ်ခုကို လေးလေးနက်နက် ဆောင်ရွက်လို့ မရ၊ စာမကျက်နိုင်သည်က ထားတော့၊ အဝတ်လျှော်နေသော်လည်း အဝတ်သာ ရေဆေးခြင်းသို့ ရောက်နေပြီ၊ ဆပ်ပြာတိုက်ပြီးပြီလား၊ ဆောင့်ပြီးပြီလား၊ စဉ်းစား၍ မရတော့။

စူးရင်ထဲမှာ ဆာနေသလား၊ ဟာနေသလား စဉ်းစား၍ မရ၊ ဘာစားလို့မှ မဝင်၊ ကိုယ့်ကိုယ်ကို ရေသောက်ပြီးပလား၊ မပြီးသေးဘူးလား ဟူ၍ အသေးအဖွဲ ကိစ္စလေးကို ပြန်စဉ်းစားနေရသည်။

နောက်ဆုံးတော့ စူး၏ စိတ်သည် စူး၏ ကိုယ်မှာ ကပ်ငြိခြင်းမရှိ။

တွေဝေခြင်းများနှင့်သာ လွင့်မြောနေရာမှ ကိုကို့ထံမှာ ခရီးဆုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို နက်ဖြန် ပြန်လာတော့မယ်"

"နက်ဖြန်က ကြာသပတေး"

"တနင်္လာနေ့ကျရင် လက်ထပ်ရတော့မှာ တဲ့"

မနက်က အစောကြီး အစ်ကိုလှထူးနှင့် မမထွေး ရောက်လာပြီး သူတို့ကို ငွေတစ်ထောင်ပေးသွားပြီး လက်ထပ်သည့်နေ့မှာ ဝတ်ဖို့ စားဖို့ အသိသက်သေအဖြစ်သာမက စူးဘက်က လူကြီးမိဘနေရာထားပြီး လိုက်ခဲ့ဖို့အကြောင်း. . .

စူးကတော့ လက်မှတ်ထိုးရမည့်နေ့မှာ ဝတ်ရမည့် ဖဲပြောင် တစ်ဆင်စာကိုလည်း ချုပ်ပြီးပါပြီ။

လက်ထပ်မည့်နေ့မှာ ဝတ်ဖို့ ဝယ်ထားခြင်းမဟုတ်ပါ။ ဟိုးအရင် မမဦးလာစဉ်က ပေးထားသော အပြာနုနုလေး။

"ကိုကိုက အပြာရောင်ကြိုက်တာ၊ ဒါကြောင့် သစ္စာရှိတာ လက်ထပ်တဲ့နေ့မှ ကိုကို့ကား ပြာပြာလေးနဲ့တော့ ငါ့ဝတ်စုံတာ လိုက်တယ်"

"ကိုကိုက ဘာဝတ်မှာလဲ"

အိမ်ထောင်ပြုခါနီး တစ်ယောက်တည်းသာ ရှူးနေရသော ဆယ်ကျော်သက်မလေး စူး. . .

"ငါ့ဘက်ကတော့ အသေအချာ စီစဉ်နေပြီ၊ ကိုကို့ဘက်က သေချာပါ့မလား၊ သူ့အဖေက နီးမှဖျက်လိုက်ရင် ခက်ပြီ. . .

"အရေးထဲမှာ ကိုကိုကလည်း တစ်ယောက်တည်း ကား မောင်းပြီး ခရီးထွက်ရတယ်လို့. . .

"စိတ်လောပြီး မတော်တဆများ ကားမှောက်. . .





အို. . . အမယ်လေ. . . ဖွ. . . ဖွ. . . ဒီစိတ်ကလည်း ဘာလို့ တွေးကောင်းတာတွေ တွေးနေရတာလဲ"

တစ်ယောက်တည်း ရှူးနေသော စူး. . .

"စူးရေ"

"အမယ်လေး"

စူးတို့၏ ဘော်ဒါဆောင်ရှေ့မှ ခေါ်သံကြောင့် စူး အကြီးအကျယ် လန့်အော်လိုက်မိသည်။ အတွေးထဲမှ ရုတ်တရက် ဆွဲထုတ်ခံလိုက်ရသဖြင့် မလန့်သင့်ဘဲ လန့်ရာမှ. . .

"ဖုန်းလာတယ်၊ အရေးကြီးလို့တဲ့"

အခုမှ တကယ်လန့်ရပါပြီ။ နှလုံးသားတို့ လွင့်စဉ်ထွက်သွားမလား အောက်မေ့ရသည်။

စူးထံသို့ ဘယ်သူ့ဆီကမှ ဖုန်းမလာဖူးခဲ့။ ဘော်ဒါဆောင်ပိုင်ရှင်ကလည်း တော်ရုံတန်ရုံနှင့် ခေါ်မပေး။ ဖုန်းဆက်ခွင့်လည်းမရ။

"ယခုတော့ အရေးကြီးလို့တဲ့. . .

"ဘုရား. . . ဘုရား၊ ဘာမျှားပါလိမ့်. . .

"မမဦးဆီကလား၊ အစ်ကိုလှထူးဆီကလား. . .

"ကိုကို့ရဲ့ သတင်းဆိုးများ ကြားရမှာလား"

အလန့်တကြားတွေးရင်း ပြေးပြီးလာရတော့ စူး၏ အသံများ မောဟိုက်တုန်ယင်နေလျက်နှင့်. . .

"စူးပါရှင်. . . ဘယ်သူလဲဟင်"

"စူး. . . ကိုကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ချစ်မြတ်နိုးရပါသော ကိုကို၏အသံကို နားနှင့် ဆက်ဆက် ကြားလိုက်ရသဖြင့်. . .

နှလုံးသည်းပွတ်တို့ကို မိုးပေါ်သို့ မြှောက်ယူဆွဲပစ်လိုက်သည်သို့ ဝမ်းသာလိုက်ရသည့် ခံစားမှုက အတိုင်းအဆမရှိ။

"စူး"

"ရှင်. . . ကိုကို"

"စူး ဘာဖြစ်နေတာလဲ၊ အသံတွေလည်း တုန်လို့"

"ဖုန်းလာတယ်ဆိုလို့ ပြေးလာရတာ၊ ကိုကို့အတွက်လည်း စိတ်ပူရတာ ရင်ပွင့်မတတ်ဘဲ"

"ဟင်. . . ဘာလို့ စိတ်ပူရတာလဲ"

"ကိုကိုမှ ပြန်လာပါ့မလား၊ ပြီးတော့. . . ကားတိုက်မလား၊ မှောက်မလားနဲ့၊ အို. . . ပူလိုက်ရတာ. . . ရင်တွေတောင်ပူ တော့မယ်"

"စူးလေးရယ်. . . ပူစရာ မရှိတာကို အလကား စိတ်ဆင်းရဲခံလို့"

"အခု ကိုကို ပြည်က ဆက်တာလားဟင်"

"မဟုတ်ဘူး၊ ရန်ကုန်ပြန်ရောက်နေပြီ"

"ဟုတ်လား ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ကိုကို့အိမ်က ဆက်တာလားဟင်"

"ဟုတ်တယ် စူး"

"စူးနဲ့ အနီးလေးပဲ၊ ကိုကို လာမှာလားဟင်"





"မလာနိုင်သေးတာနဲ့ ဖုန်းဆက်လိုက်တာ"

"ဒါဖြင့်. . . ဘယ်တော့ လာမှာလဲ ကိုကို"

"ကိုကို ဖြေရှင်းစရာကိစ္စလေး ပြီးတာနဲ့ လာခဲ့မယ်၊ အခု ရောက်ရောက်ချင်း ဆက်လိုက်တာ"

"ဟုတ်ကဲ့ ကိုကို. . . ကြီးကြီးစုကရော ဘာမှာလိုက်သေးလဲဟင်"

"ဆောရီး စူးရယ်၊ ကိုကို မရောက်ခဲ့ဘူး"

ကိုကို၏ ထူးခြားသော အသံနှင့် ကြီးကြီးစုထံ သွားမည် ပြောပြီးမှ မရောက်ဖြစ်ခဲ့သော ကိုကို။ နက်ဖြန်မှ ရောက်ရမှာကိုယ်သည်၊ ဒီနေ့လယ် ပြန်ရောက်လာခဲ့သော ကိုကို။

"အကြောင်းထူးပြီ"

ဆိုသော အသိက စောစောဆီက အပျော်လေးများကို တွန်းတမ်းစွာ ဖြိုဖျက်၏။

"ကိုကို"

"ဟင်"

"ကိုကို နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ စူး"

"ကိုကို့အသံတွေက တစ်မျိုးကြီးပဲ"

"ပြည်မှာ စိတ်ညစ်စရာတစ်ခုနဲ့ ကြုံလာလို့ပါ"

"စူး မသိရဘူးလား ဟင်"

"အခုတော့ မသိရသေးဘူး၊ နောက်တော့ သိရမှာပေါ့"

ကိုကိုနှင့် ပတ်သက်၍ ခံစားမှု ပြင်းထန်တတ်သော စူး



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝဲလေပြီ။

"ကိုကို. . . ကိုကိုပြောတဲ့ တနင်္လာနေ့ကိစ္စလေ"

"ဘာကိစ္စလဲ စူး"

"ဩော်. . . ကိုကိုရယ်"

"အို. . . ဟုတ်သားပဲ၊ သိပြီ. . . လက်ထပ်ဖို့လေ၊ စူး အဆင်သင့်ဖြစ်နေပြီမဟုတ်လား"

"ဒီအစီအစဉ်ကို ဖျက်မယ်ဆိုလည်း ရပါတယ် ကိုကို"

"အို. . . မဟုတ်တာ၊ စူး ဘာတွေပြောနေတာလဲ"

"ဘာမှမပြောချင်တော့ပါဘူး ကိုကိုရယ်၊ ကိုကို့ဘက်က အဆင်ပြေသလိုသာ စီစဉ်ပါ၊ ကိုကို အချိန်မရွေး ခူးလို့ရနေပါပြီ စူးဟာ ကိုကို့ရဲ့ ချမ်းသာမှုကို မက်တာ မဟုတ်ပါဘူး၊ ကိုကို့ကို ချစ်တာပါရှင်"

"စူး. . . စူးလေး ဘာတွေပြောနေတာလဲကွယ်. . . ကိုကို စိတ်ညစ်ပြီး ပြန်လာတာ တခြားကိစ္စ၊ စူးနဲ့ ဘာမှမဆိုင်ဘူး၊ ဒီမှာ စူး"

"ဟုတ်ကဲ့ ကိုကို"

"ကမ္ဘာမပျက်ခဲ့ရင် ဒါမှမဟုတ် ကိုကို့အသက်မသေခဲ့ရင် တနင်္လာနေ့ကျ စူးနဲ့ကိုကို လက်ထပ်မယ်၊ ကြားလား၊ ဘယ်ထို အင်အားနဲ့မှ ဖျက်လို့ မရဘူး၊ စူး၊ စူး စောင့်နေ၊ ကိုကို ဆက်ဆက်ကြိုးလာခဲ့မယ်၊ ဒါပဲ စူး"

ကိုကို့ဘက်က စတင်၍ ဖုန်းချသွားသည့်တိုင် 'ကိုကို' ဆိုသော စကားတစ်ခွန်းကို ခေါ်ဖြစ်လိုက်ပါသေးသည်။ ဘာအ





မှ မကြားရ၊ ကိုကို့ အသံလှိုင်းတို့ ပြတ်တောက်သွားခဲ့ပြီ။

တော်ပါသေး၏။ ဖုန်းထားသော ဧည့်ခန်းမှာ လူ တစ်ယောက်မျှမရှိ။

စူး၏ မျက်ဝန်းမှ မျက်ရည်များ တစ်ပေါက်ချင်း ကျလာသည်။

ကတိတည်သော ကိုကို စူးကို ချစ်သော ကိုကိုက မလွဲမသွေ လက်ထပ်ပါမည် ဆိုသော်လည်း၊ ကိုကို့ဘက်က အခက်အခဲကြီးစွာ ရှိနေပြီဟု စူး မှန်းဆမိသည်နှင့် ရင်နင့်စွာ ငိုရှိုက်မိခြင်းပါ။

"စူးကို ဆက်ဆက် လပ်ထပ်မယ်ဆိုပေမယ့် ကိုကို့ဘက်မှာ ဘာအခက်အခဲတွေများ ရှိနေပြီလဲ ကိုကိုရယ်. . .

"စူး သိခွင့် ရချင်လိုက်တာ"

◆ ◆ ◆

နေမင်းသာသည် စူးနှင့် စကားပြောနေရာမှ သူ့ဘက်က ပြီး တယ်လီဖုန်း ချပစ်လိုက်သည့်အတွက် စူးလေးများ ဝမ်းနည်းနေမလားဟူ၍ တွေးမိလာသည်။

ထပ်ဆက်ရ ကောင်းမလားဟု တွေးပြီးကာမှ စောစောက တစ်ခါတောင် မနည်းပြေလည်အောင် ပြောပြီး ဆက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မဖြစ်သေးပါဘူး ဟူသော အသိဖြင့် ငြိမ်နေလိုက်ရ
စူးထံသို့လည်း မသွားနိုင်သေး. . .

နေမင်းသာ ဆောင်ရွက်စရာတစ်ခု အရေးတကြီး ရှိနေ
ပါ။

ယနေ့ ဘဏ်ကို သွားရမည်။ ဦးချစ်ငွေနှင့် မရှေးမနှော
လိုပင် သေဆုံးသွားခဲ့သော နေမင်းသာ၏မိခင် ဒေါ်မိမိ
လက်ဝတ်လက်စားများကို အန်နုံးဘောက်(စ်)ဖြင့် အပ်ထားရာ
ပြန်လည်ထုတ်ယူကြည့်ပါမည်။

မေမေဆုံးပြီးမှ စိန် ရွှေ ရတနာလည်း ထပ်မဝယ်ဖြ
ဖေဖေ့အနေနှင့် ဝယ်၍လည်း ဆင်ရမည့်သူမရှိ နေမင်းသာ
လည်း မိန်းကလေးမဟုတ်၍ ဆင်စရာမလို. . .၊ ပိုသမျှငွေ
တိုက်၊ ကား၊ ခြံမြေ၊ လုပ်ငန်း ချဲ့ထွင်ခြင်း စသော ကိစ္စရပ်တို့
သာ ရင်းနှီးမြှုပ်နှံ၏။

ကားကို အပြင်းမောင်းနှင်လာသဖြင့် ပင်ပန်း နွမ်းနယ်
သော ကိုယ်ခန္ဓာ လန်းဆန်းသွားစေရန် ရေကို တဝကြီး ချိုးလို
ပြီး ဘဏ်နှင့် သက်ဆိုင်ရာ စာရွက်များနှင့် သော့ကိုယူပြီး
ထွက်အံ့ဆဲဆဲမှာ. . .

တယ်လီဖုန်း မြည်လာသည်။

မကိုင်ဘဲ ထွက်သွားမည်ဟု လုပ်ပြီးမှ. . .

"စူးလေးများ ငါ့ကို ပြန်ဆက်သလား" ဆိုသော သံသော
ဇဥ်စိတ်ဖြင့်. . .

"ဟယ်လို"





"ဟာ. . . သား ပြန်ရောက်နေပြီကို. . . ပြည်ကို ဖေဖေ
ဆက်သေး. . .

"ဂျောက်"

စကားမဆုံးမီ ဖုန်းချ၍ လိုင်းဖြတ်ပစ်လိုက်သည်။

ဖေဖေ့အသံကို မကြားချင်၊ စကားလည်း ပြောနိုင်စွမ်း
ရှိသေး၊ အံကိုကြိတ်၊ စိတ်ကိုတင်းပြီး တံခါးကို သော့ခတ်လျက်
ားကို တရကြမ်းမောင်း၍ ထွက်ခဲ့သည်။

ဘဏ်မှ ပစ္စည်းများကို ပြန်လည် ထုတ်ယူဖို့. . .

◆ ◆ ◆

အသေအချာထုပ်ပိုး၍ စီးလ်နှင့် ပိတ်ထားသော ပစ္စည်း
ထုပ်ကို ဖြစ်သလိုဆုတ်ဖြဲ ဖြေချလိုက်သည်။

ပထမအထုပ်မှာ ရွှေထည်ပစ္စည်းများ၊ ရွှေဘီးနှင့် ပုံစံမျိုးစုံ
ရွှေလက်ကောက် လေးရံ၊ ရွှေကြိုးတပ် လက်ပတ်နာရီတစ်လုံး
နာရီကတော့ ရပ်နေပြီ။ ကောင်းတော့မည်မဟုတ်၊ သုံးဘတ်
ား အပါအဝင် ရွှေဆွဲကြိုး ကြီး-သေး လေးကုံး၊ နီလာ ပုလဲ
သော ရွှေနားကပ်သုံးရံ။

အားလုံး ရွှေနှစ်ဆယ်ကျပ်သားခန့်လောက် ရှိမည်။

သည်နေ့ တန်ဖိုးကတော့ နှစ်သိန်းနီးပါးပေါ့။

နောက် တစ်ထုပ်က စိန်. . .

စိန်နားကပ်ကြီး တစ်ရံ၊ စိန်ဆွဲကြိုး၊ စိန်ကြယ်သီး၊



www.burmeseclassic.com

www.burmeseclassic.com



စိန်လက်စွပ်နှင့် စိန်လက်ကောက်ကြီးတစ်ရံ။

စိန် ကြယ်သီးမှလွဲ၍အားလုံးသော. . . အားလုံးမှ စိန်
ကုပ်ထားသော စွန်ကုပ်များ ဖြုတ်တာဖြုတ်၊ လန်တာလန်
တချို့လည်း အထဲမှ စိန်လုံးများက လှုပ်နေ နဲ့နေ၏။

မူလစိန်ကို စွန်ကုပ်ဖြုတ်ပြီး အစားပြန်ထည့်ထားသည်
သေချာပြီ။

"ဒီဘူးက ဘာပါလိမ့်"

နေမင်းသာ ဖွင့်ကြည့်လိုက်တော့ တောက်ပဖွေးလက်
သည့် စိန်လုံးလေးများ တစ်ရာကျော် နှစ်ရာခန့် ရှိမလားမသိ
အပုံလိုက်. . .

စောစောက လက်ကောက် ဆွဲကြိုးများမှ စိန်နှင့်ယှဉ်
လိုက်တော့. . . လက်ပုံချင်းက ခြားနားလှသည်။

စိန် နားမလည်သော နေမင်းသာသည်ပင်လျှင် ဤစိန်
လေးများက အစစ်. . .၊ လက်ရှိ ရွှေထဲမှာ မြှုပ်ထားသော
စိန်ပွင့်များက အတုဟူ၍ သိလာသည်နှင့်. . .

"ဟုတ်ပါပြီ၊ အဘဆန်းပြောတာ ဟုတ်ပါပြီ"

"မူလကတည်းက စိန်တုတွေ ကြုံတင် ဝယ်၊ ဦးချစ်ငွေ
အတင်းငှားခိုင်း၊ ပြန်ပို့တော့ အတုတွေနဲ့ လဲတပ်ပြီး အလျော်
ခဲ့တယ်"

"ဒီမှာ အစစ်က ထုတ်ထားတဲ့ စိန်တွေကလည်း ပြ
တပ်ရင် အံကျ"

ပြန်တပ်ပြီး ဝတ်ရင် သိမှာစိုးလို့ အတုအတိုင်းပဲ လ





တ်လက်စားကို ထားပြီး ကော်ထုတ်ထားတဲ့ အစစ်တွေက
အထုပ်လိုက်။

သည်ပြစ်မှုကြီး ကျူးလွန်ပြီး မကြာခင်မှာပင် ဦးချစ်ငွေ
ရော နေမင်းသာ၏မိခင်ပါ ကွယ်လွန်ကုန်ကြ၍ ဖေဖေ ဒီပစ္စည်း
တွေကို ဒီအတိုင်း ပစ်ထားလိုက်ခြင်းဖြစ်မည်။

ရှိသမျှပစ္စည်း၊ ဝယ်သမျှ ခြံ၊ မြေ၊ ကားတို့ကလည်း
နေမင်းသာ နာမည်နှင့်။ ဤပစ္စည်းများကိုလည်း နေမင်းသာ၏
အမည်နှင့်သာ ဘဏ်မှာ အပ်ထားခဲ့ခြင်းဖြစ်သည်။

စိန်ထုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး နေမင်းသာသည်
အံကို ကြိတ်၏။ အောက်နှုတ်ခမ်းကိုလည်း ကြမ်းတမ်းစွာ
ကိုက်ပြီးမှ. . .

"ရက်စက်ယုတ်မာလှချည်လား ဖေဖေရယ်. . .

"သူးတို့ မိသားစု တစ်ခုလုံးရဲ့ ဘိုးဘွားအမွေတွေကို
အဖေပဲ နည်းအမျိုးမျိုးနဲ့ ယူတတ်ပါပေရဲ့. . .

"ဒါတွေကို သား ပိုင်ဆိုင်ဖို့ ပေးထားပေမယ့် သား
ယူချင်ဘူး. . .

"သူများမိသားတစ်စုလုံး ဘဝပျက်အောင်၊ ပြိုကွဲအောင်
လုပ်ပြီးမှ ရထားတဲ့ စည်းစိမ်ဥစ္စာတွေကို သံရည်ပူတွေလို သား
မြင်ယူနေမိပြီ ဖေဖေ. . .

"အဆိုးဆုံးတကာ့ အဆိုးဆုံးက ဒီစာချုပ်ပဲ၊ ငွေလေး
နှစ်သောင်းနဲ့ တိုက်ကြီးကို အပိုင်စီးပြီး ဆင်းခိုင်းရက်ခဲ့တဲ့
ဖေဖေရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



"တင်မေဦးလည်း ဘဝပျက်၊ သူတို့အမေလည်း စိတ်ဆင်းရဲစွာနဲ့ သေဆုံး၊ အခု စူးလေးမှာလည်း မိစရာ မရှိ၊ ခိုစရာ မရှိနဲ့. . .

"အို. . . ဖေဖေ သိပ်ရက်စက်ပါလား. . .

"သား သိပ်အထင်ကြီးခဲ့တဲ့၊ ကြည်ညိုလေးစားခဲ့တဲ့ ဖေဖေဟာ လူယုတ်မာကြီး ဖြစ်နေပါလားဗျာ. . .

"ဒီကိစ္စတွေ သား သိပြီဆိုတာ ဖေဖေ သိစေချင်တယ်. . .

"ဒါပေမယ့် သား ဖေဖေ့ကို ဘယ်လိုရင်ဆိုင်ရမလဲ. . .

"သားကို သိပ်ချစ်တဲ့ဖေဖေ့ကို ဘယ်လိုစကားလုံးတွေ သုံးပြီး ပြောရမလဲ. . .

"ဖေဖေ သိအောင် သား ဘယ်လိုလုပ်ရမလဲဗျာ"

◆ ◆ ◆



## အခန်း ॥ ၃၁ ॥

ဆန်နီကားပြာလေးသည် စူးကို တင်ဆောင်ပြီး ဝေးဝေးသို့ မသွား၊ အင်းလျားဆောင်ရှေ့ အင်းလျားကန် ရေစပ်မှ သရက်ပင်ကြီးအောက်မှာ ထိုးရပ်သွား၏။

ကားရှိသော သူကို ချစ်သူ ဖြစ်ခွင့်ရခြင်းက တစ်မျိုးတော့ ဘွားမြင့်ရသည်။ အတွဲလိုက်ကြီး လူသူလေးပါး မမြင်နိုင်၊ လူကြီးမိဘများထံသို့လည်း အလွယ်တကူ မပေါက်ကြားနိုင်ပါသော်လည်း ကားရှိချစ်သူက သစ္စာတော့ ရှိဖို့လိုပါလိမ့်မည်။

"ရော့. . . စူး"

"ဘာ စာအိတ်ကြီးလဲ ကိုကို"

"စူး ဖွင့်ကြည့်လေ"

စူး ဖွင့်ကြည့်လိုက်တော့ အပြာရောင် ဘရိုကိတ် ဖောင်းကြွဖြင့်အုပ်ထားသော. . .



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်စာချုပ်နှစ်စောင် . . .

သတို့သားအမည် သတို့သမီးအမည်၊ မှတ်ပုံတင်အမှတ် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ စသည့်နေရာများမှ ဝိုင်းစက် လှပသော ကိုကို့လက်ရေးနှင့်၊ စူးနှင့် ကိုကိုတို့၏ အမည်များကို ရေးဖြည့်ပြီးသား။

တရားသူကြီး ရှေ့မှောက်ရောက်မှ စူးတို့နှစ်ယောက် လက်မှတ်ထိုးရမည်။

ရုံးတံဆိပ် ခတ်နှိပ်ပြီးလျှင် စူးတို့ချစ်သူနှစ်ဦးမှာ တရားဝင် အကြင်လင်မယား ဖြစ်သွားကြပါတော့မည်။

ယနေ့ သော်ကြာ . . .

ကြာသပတေး နေပြီးလျှင် လပ်ထပ်ကြရတော့မည်၊ အရှင် တုန်းကတော့ လက်ထပ်ရမှာကို စူး ကြောက်နေပါ၏။

ယခုတော့ ချစ်လှစွာသော ကိုကို့ကို ပိုင်ဆိုင်ခွင့်ရတော့ မည့် အဖြစ်ကို စူး ပျော်မွေ့နေပါပြီ။

ကိုကို့ကို၊ ကိုကို့လိုပဲ စူးက သိပ်ချစ်ပါသည်။

"စူး ကြိုက်ရဲ့လား"

"ကိုကို ဘာပဲလုပ်လုပ် စူး ကြိုက်ပါတယ်"

"စူး ဆန္ဒကို သိချင်လို့ မေးနေတာ"

"ကြိုက်ပါတယ် ကိုကို"

ကိုကို့အသံ မာနေသလို မျက်နှာပါ တင်းနေ၍ စူးကဝင်





သူ့လက်ကလေးနှင့် ကိုကို့ပါးကို ညင်သာစွာ ထိတွေ့ကာ စူး ဘက် လှည့်လာစေပြီးမှ . . .

"ကိုကို . . .

"ကိုကို ပြည်က ပြန်လာတာ တစ်နေ့က . . . ဗုဒ္ဓဟူးနေ့ ကတည်းက . . . စူးဆီ ဒီနေ့မှ လာတွေ့တယ်၊ ပြီး ကိုကို့မျက်နှာ တာ တင်းလိုက်တာ ကိုကိုရယ်"

စူးက သက်ပြင်းချပြီးမှ စောစောကလိုပင် စကားသံကို တိုးတိုးနှင့် ဖြည်းဖြည်း ဆက်ပြော၏။

"စူး ကိုကို့ကို သိပ်ချစ်ပါတယ်၊ ကိုကို့ဆန္ဒဟာ စူးရဲ့ဆန္ဒပဲ ဖြစ်ရပါစေ့မယ်၊ စူးကို လက်ထပ်မယ်လို့ ကတိပေးထားတာကို ဖျက်ချင်လို့ အခက်အခဲကြားက လုပ်ရတာဆိုရင်လည်း မလုပ် ပါနဲ့တော့ ကိုကိုရယ်။ စူးလေ ကိုကို့ကို ချစ်နေရရင် ကျေနပ်ပါပြီ"

"စူး"

ကိုကိုက ကြမ်းတမ်းစွာ စူးကို လှမ်းဆွဲဖက်လိုက်ပြီး ရင်တွင်းမှ လှိုက်လှဲသော အသံနှင့် ခေါ်လိုက်သည်။

"ကိုကို့ မျက်နှာကြီးက တင်းမာနေတယ်လား . . . ဟုတ် တယ်၊ ကိုကို စူးကို ပြုံးတောင် မပြမိဘူး၊ ဒါကို စိတ်ကောက် ဖြစ်မယ့်အရွယ်လေးမှာ ကိုကို့ကို ခွင့်လွှတ်စကားတွေဆိုပြီး ကိုကို့ ကို ချစ်နေရရင် ကျေနပ်ပါပြီတဲ့လား . . . စူးလေးရယ်"

"စူး တကယ်ပြောတာပါ ကိုကို"

"ယုံတယ် . . . ယုံတယ်၊ ကိုကို စူးကို သိပ်သနားတယ်၊ သိပ်ချစ်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



စူး တစ်ကိုယ်လုံး ကြွေမွသွားမတတ် သူ့လက် သန်သန်ကြီးများနှင့် ဖက်ထားလိုက်သည်မှာ သူ့ရင်ခွင်ထဲသို့ နစ်မြုပ်ခွဲဝင်သွားတော့မတတ်။

"စူးနဲ့ ပေါင်းရခါနီးမှ ပြဿနာတစ်ခု ပေါ်လာလို့ ကိုကို စိတ်ညစ်နေလို့ပါ၊ စူးလေးရော စိတ်ညစ်သွားလားဟင်"

"ကိုကို့မျက်နှာကြီး တည်နေတာကို တွေ့ရတော့ စူး ငိုချင်တာပေါ့"

"အာ. . . ကိုကို့ အချစ်လေးရယ်"

ဖက်လိုက်မှုက ပို၍ တင်းကျပ်လာ၏။

"ပြဿနာဆိုတာ ဘာလဲ ကိုကို။ စူးလည်း သိပါရစေ"

"နောင်တော့မှ စူး သိပါ၊ အခု မပြောပါရစေနဲ့ဦး နော်. . . ဖေဖေနဲ့ ပြဿနာပါ"

"ဒါဆိုရင် စူး သိပါပြီ ကိုကို"

"ဟင်"

"စူးနဲ့ သဘောမတူဘူးလို့ ပြောလို့မဟုတ်လားဟင်"

"မဟုတ်ဘူး စူး၊ ဦးချစ်ငွေရဲ့ သမီးငယ်လေး စူးကို ယူမယ်လို့ ကိုကိုက ဖွင့်ပြောလိုက်တော့. . . ဖေဖေက လုံးဝ သဘောမတူစရာမရှိပါဘူးတဲ့ဗျား"

"ဒါဆိုလည်း ပျော်စရာကြီးများ ကိုကိုကလည်း"

"အဲဒါက ပျော်စရာပါ၊ ကိုကိုနဲ့ ဖေဖေ ဖြစ်ရတဲ့ ပြဿနာက တခြားစီးပွားရေးကိစ္စပါ"

"ဒါဆိုလည်း စူး သိပြီ"





"ဟာ. . . သိလှချည့်လား၊ ကဲ. . . ပြောပါဦး၊ ဘာလဲဆိုတာ"

"စူးနဲ့ လက်ထပ်ပြီးရင် နေဖို့ တိုက်၊ စီးဖို့ကား၊ သုံးဖို့ငွေတွေကို ကိုကိုတောင်းတယ်မဟုတ်လား၊ မှန်မှန်ပြော. . . ဒါကို အဘိုးကြီးနဲ့ ဈေးမတည့်တာမဟုတ်လားဟင် ကိုကို"

စူး မျက်နှာ ပြုံးပြုံးလေးကို ကြည့်ပြီးတော့ နေမင်းသာလည်း ပြုံးမိပါ၏။

သူ မပြုံးဖြစ်ခဲ့သည်မှာ တနင်္လာနေ့ ဦးဘဆန်းနှင့် ကြုံဆုံပြီးကတည်းက. . .

"ဟုတ်လားလို့"

"ဘယ်က ဟုတ်ရမှာလဲ၊ ဒါတွေက ကိုကို့နာမည်နဲ့ ရှိပြီးသားပါ၊ ဖေဖေ့ရဲ့ စီးပွားရေးကိစ္စပါ၊ စူးလို ကလေးက နားမလည်ပါဘူးကွာ"

"ကလေး ကလေးနဲ့ မခေါ်ပါနဲ့ရှင်၊ နောက်နှစ်ရက်ကြာပြီးရင် ယောကျ်ားရတော့မှာ"

"ဟဲ"

"အင်"

စူး၏စကားများနေသော နှုတ်ခမ်းထူထူလေးနှစ်ထပ်ကို နေမင်းသာ လက်နှင့်စုယူ ဆွဲလိမ်လိုက်ပြီးမှ စူး၏မျက်နှာအနှံ့သို့ နှိုက်မက်မြတ်နိုးဖွယ် အနမ်းများ ဆင့်ကာ ဆင့်ကာ ကြွေလာ၏။

စူး မရုန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား၏ နက်ရှိုင်းသော နေရာမှ သိမ့်သိမ့်ခါအောင် ကြည်နူးစေသော ခံစားမှုပါလား။

"စူး မ လေး"

"အင်"

"ကိုကိုကို ချစ်ရဲ့လား ဟင်"

"သိပ် ချစ်တယ် ဆိုတဲ့ စကားထက် အများကြီး ပိုချစ်ပါတယ် ကိုကိုရယ်"

"စူးရယ်"

"ကိုကိုကရော ဟင်"

"စူးကို စတင်ပြီး ချစ်ခဲ့ သနားခဲ့ရတဲ့ ကိုကိုက. . . စူး ချစ်တယ် ဆိုတာထက် အများကြီး ပိုချစ်တာပေါ့ကွယ်"

"စူးတို့နှစ်ယောက် ဘယ်တော့မှ မခွဲရတော့ဘူးဆိုတာ သေချာတယ်နော် ကိုကို၊ စူးစိတ်ထဲမှာ ကိုကို့ဖေဖေက ခွဲလိုက်မှာပဲ စိုးရိမ်နေတာ"

"နက်ဖြန် ဖေဖေနဲ့ကိုကို ချိန်းထားတယ်၊ ရုံးမှာ လက်မှတ်သွားထိုးမယ်၊ အဖေတစ်ယောက် အနေနဲ့ လိုက်ခဲ့ပါလို့ ခေါ်မယ် မလိုက်ဘူးဆိုလည်း ကိုကို့ ဝတ္တရားကုန်ပြီ၊ သူလိုက်မှာပါ၊ စူးနဲ့ ကိုကိုကို သဘောတူပြီးသားပဲဟာ"

"ဒါဆိုလည်း အရာအားလုံး ပျော်ရွှင်စွာနဲ့ ပြီးဆုံးသွားမှာပဲ ပေါ့နော် ကိုကို"

"ဒါပေါ့၊ သူတို့ ညားကြလေသတည်းမှာ ဇာတ်သိမ်းမယ်လေ"





စူးက ကိုကို့ရင်ခွင်မှာ မျက်နှာအပ်ပြီး၊ တခစ်ခစ် အသံလေးများထွက်အောင် ပျော်ရွှင်လွန်းစွာ ရယ်မောနေပါလေ၏။

"လိမ္မာလိုက်တဲ့ မိုးရယ်"

ကိုကိုက ကားမှန်များကို တင်ရင်း ရယ်၍ပြောသည်။

"စူးနဲ့ကိုကိုနဲ့ ဆုံရတိုင်း မိုးက ရွာတယ်နော်"

"ကိုကိုတို့ နှစ်ယောက်ရဲ့ အချစ်ကို ကောင်းချီးမင်္ဂလာ ပေးတဲ့ သဘောပါ"

"အမယ်. . . ကိုကို ရန်ဖြစ်ဖို့ ပထမဆုံး ဆုံတုန်းကလည်း မိုးတွေရွာတာပဲ"

"ဒီမိုးကြောင့်လည်း အိတ်ချင်းမှားပြီး ညားရတဲ့ဇာတ်လမ်း ပါပဲခင်ဗျ"

"ကြည့်"

စူးလေး အသံထွက်အောင် ရယ်ပြန်သည်။

စူး ပျော်နေသည်ကို တွေ့ရတော့၊ ရင် ချမ်းမြေ့စရာ ကောင်းလိုက်ပါဘိလေ။

မနေ့ကနှင့် တစ်နေ့က နှစ်ရက်လုံး သူ့တိုက်ကလေးမှာ စိတ်ညစ်ညစ်နှင့် အိပ်နေမိခဲ့သည့် အဖြစ်ကို နောင်တရ၍ မဆုံး။

ဖေဖေ့ထံ သွား၍ ရှင်းမည် ဆိုပြီးကာမှ မသွားရဲ။ မသွားချင်၊ မပြောရက်သလိုလို၊ စိတ်နာသလိုလိုနှင့် ဖေဖေ့ကို တမင် မတွေ့တော့ဘဲ နေလိုက်ခြင်းဖြစ်ပါ၏။

"သြော်. . . စူး၊ စူးရဲ့ မမဦးကိုရော ပြောပြီးပြီလား"

"မိန်းကလေးနှစ်ယောက် လာပြီး စားစရာနဲ့ ငွေပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ မမဦး နေမကောင်းလို့တဲ့၊ စူးလည်း သူတို့ကို ဘာမှ မပြောလိုက်တော့ဘူး"

"စူး လက်ထပ်ပြီးပြီ ဆိုရင်ရော"

"ရပါတယ်၊ သူက အချစ်တို့၊ အိမ်ထောင်ရေးတို့ထဲ သိပ်ပြီး အလေးအနက်ထားသူမှ မဟုတ်တာ၊ သူ့ဒုက္ခတွေ လွှဲပြောင်းယူမယ့်သူကြီး ဒီမှာ ပေါ်လာပြီလေ. . ."

စူးက နေမင်းသာ၏ရင်ဘတ်ကို လက်ညှိုးလေးနှင့် ထောက်၍ပြောတော့ အဲဒီလက်ညှိုးဖြူဖြူသွယ်သွယ်လေးကို ဆွဲယူပြီး နေမင်းသာက ကိုက်ထားလိုက်သည်။

"ကိုကို စူးကို တကယ်ချစ်လေ. . . စူး သိပ်ဝမ်းသာလေခဲ့ ကိုကိုရယ်"

နေမင်းသာက စူး၏ နဖူးမှာ သွယ်ချထားသော အချောင်းလိုက် ဆံယဉ်နုလေးများကို မဖယ်ရှားတော့ဘဲ သနားခြင်း၊ မြတ်နိုးခြင်း၏ သင်္ကေတအဖြစ် စူး၏ နဖူးပြေလေးကို တဝကြီး နမ်းရှိုက်လိုက်တော့သည်။

အပြင်မှာ မိုးပွင့် မိုးစက်တို့ အားပျော့သွားလေပြီ။ မိုးမှုန် မိုးမွှားလေးများကဖြင့် မြင်ကွင်းတဆုံး ကြဲဖြန့်နေဆဲပါ။ ဝန်းကျင် အနှံ့ မှိုင်းဝေမှုန်ရီနေသော်လည်း. . .

အချစ်ဆုံး နှစ်ယောက်၏ ကားရှေ့ခန်းလေးမှာတော့ အရာခပ်သိမ်းသည် လင်းထိန်တောက်ပလျက်. . .

စူးသည် နေမင်းသာ၏ ကျက်သရေပေါင်းဆုံရာ မျက်နှာကို ကြည့်လိုက်ပြီး ခင်ပွန်းသည်မဖြစ်မီ ချစ်သူဘဝမှာ မှတ်တိုင်လေးတစ်ခုတော့ တစ်သက်စာ စိုက်ထူချင်သောစိတ် ပေါ်လာခဲ့သည်နှင့်. . .

ကိုကို့လည်ပင်းကိုဖက်ပြီး ကိုကို့ပါးပြင်ကို အားပါးတရ မွှေးရှိုက်လိုက်ပြီးမှ ကိုကို့ရင်ခွင်မှာ ရှက်မျက်နှာကို အကြာကြီး အပ်ထားလိုက်မိပါတော့သည်။

အချစ်ဆုံး နှစ်ယောက်တို့၏ ဝန်းကျင်အနှံ့မှာတော့ တိုကိုပြောသည့် ကောင်းချီးမင်္ဂလာမိုးတို့သည် အဆက်မပြတ် ခြွေချပေးလျက်ပါ။

◆ ◆ ◆





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၃၂ ။

ဦးချမ်းသာသည် သူ့ပွဲရုံအပေါ်ထပ်ရှိ သူနေသော တိုက်ခန်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

သူ မစားရ မအိပ်ရ ဖြစ်နေခဲ့သည်မှာ တနင်္ဂနွေည ကတည်းက ယခုအထိ။

သား ပြည်ကိုသွားပြီး တယ်လီဖုန်းဆက်ကြည့်ရာ အသံ ကြားပါလျက် ဖုန်းချပစ်လိုက်သည်။

ရန်ကုန်အိမ်ကို လှမ်းဆက်တော့လည်း ထူးပြီးမှ သူ့စကား မဆုံးခင် ဖုန်းချပစ်၏။

သားက သူနှင့် စကားမပြောချင်ကြောင်း သိခဲ့ရလေပြီ။ ဦးချမ်းသာ ပြည်က မိတ်ဆွေတစ်ဦးကို ဖုန်းလှမ်းဆက်သည်။ မိတ်ဆွေ ဆရာဝန်ကြီးမှ တစ်ဆင့် စုံစမ်းလိုက်သည့်အခါ. . .

လူနာ ဦးဘဆန်းကို နေမင်းသာ ကားနှင့်တင်ခေါ် သွားသည်။ နှစ်နာရီလောက်အကြာမှာ ပြန်ပို့ပေး၏။





ဟူသော သတင်းကို ကြားရကတည်းက. . .

“ဒီကောင်ကြီး ဖော်လိုက်ပြီ”

ဟူသော အသိစိတ်ကြောင့် ရင်တွင်းမှ ဒေါသသည် မီးကဲ့သို့ ပူပြင်းနေလေသည်။

“သူသာ ငါ့သားကို ဒီအကြောင်း ပြောမယ်လို့ ငါကြိုပြီး သိခဲ့ရင် ငါကိုယ်တိုင် ဒင်းကို သတ်ပစ်ပါတယ်ကွာ. . .

“သူ့အတွက်လည်း တစ်သက်လုံး တာဝန်ယူ၊ သူတောင်းသမျှလည်း ငါပေးနေရက်နဲ့. . . တောက်”

ဦးချမ်းသာသည် မကျေမချမ်းဖြင့် တက်ခေါက်လိုက်ပြီးမှ. . .

“အေးလေ. . . သူပြောပြလည်း ဘာသက်သေသက္ခာရာမှ မရှိဘဲနဲ့ သားက ယုံမှာ မဟုတ်ပါဘူး”

ဦးချမ်းသာ ဖြေတွေး တွေး၏။

ဦးဘဆန်း၏ လျှို့ဝှက်ဇာတ်လမ်းကိုတော့ သူ မသိရှာ။

“ငါ့သားလေး ငါ့ကို ဘာလို့များ အဆက်သွယ် မပြုဘဲ နေရတာလဲ. . .

“ငါ့ရဲ့ အကြောင်းစုံတွေ သိသွားပြီလား”

ဟူသော မလုံမလဲ အတွေးကြောင့် သူ့အနေနှင့် သားလေး နေမင်းသာထံသို့ မသွားဝံ့။

တယ်လီဖုန်းဖြင့် အရင်ဆက်သွယ်ပြီး သားက တွေ့လိုပါသည်ဆိုခါမှ သူသွားရမည့်အဖြစ်။

ကိုယ့်အပြစ် ကိုယ်မလုံစွာဖြင့် သားလေးကို နာရီနှင့်အမျှ



www.burmeseclassic.com

www.burmeseclassic.com

ငုမျှော်နေဆဲမှာ. . .

"ဆရာ. . . အစ်ကိုနေမင်းသာက တယ်လီဖုန်းဆက်ပါ တယ်၊ သူ ညနေ လေးနာရီ ဒီပွဲကို လာတွေ့မယ်၊ ဆက်ဆက် စောင့်နေပါတဲ့"

ဟူသော သတင်းစကားကို နေ့လယ်က သူတစ်နေရာ ပွဲရုံသို့ တယ်လီဖုန်းဆက်ကြည့်ရာမှ သိခွင့်ရခဲ့သည်။

သုံးနာရီကတည်းက သူ လာရောက်စောင့်ဆိုင်းနေသည်။

စိတ်လှုပ်ရှားလွန်းသဖြင့် ဝီစကီနည်းနည်း သောက်သော် လည်း ရင်က မငြိမ်။

အိုက်လှောင် မွန်းကျပ်သလို ဖြစ်နေ၍ ရေချိုးလိုက်သော် လည်း လန်းဆန်း၍မသွား။

သူ့မှာလည်း ကိုယ်ပိုင်ပြဿနာနှင့်. . .

သားလေးကလည်း သူ့ကို စကားမပြောချင်လောက် အောင် စိတ်နာစရာ ဘာအကြောင်းများပါလဲ ဟူသော. . . သောကစိတ်တို့သည် ဦးချမ်းသာ၏ နှလုံးသားကို တိုးချ လှီးဖြတ်နေသလို နာကျင်စွာ ခံစားနေရ၏။

လမ်းလျှောက်လိုက်၊ နာရီကြည့်လိုက် လုပ်နေဆဲမှာပင် လေးနာရီ ထိုးရန် သုံးမိနစ်အလို၌. . .

"တီ. . . တီ"

ဆိုသော သား၏ ကားဟွန်းသံကို ကြားရလေပြီ။ အပေါ်ထပ် ပြတင်းပေါက်မှ ဦးချမ်းသာ ပြေးကြည့်၏။ လမ်း တွင်းမှာ ကားရပ်စရာ ပတ်ကင်ရှာပြီး၊ ကားအသစ် အပြာလေး





အတွင်းမှ စပို့ရှပ်အပြာ၊ လုံချည်ခဲရောင်နှင့် ထွက်လာခဲ့သော သားလေးကို မြင်ရတော့ ဦးချမ်းသာ၏ ရင်ခုန်နှုန်း ပို၍မြန်လာ ပြန်သည်။

တလောကလုံးတွင် သူ၏ အချစ်မြတ်နိုးဆုံးသော ရတနာသားလေး နေမင်းသာသည်၊ သူ့အပေါ်တွင် မကောင်း သော အမြင် မမြင်ပါစေနှင့်. . .။

အကယ်၍ မြင်ခဲ့သည့်တိုင်အောင် သူ့ကို ခွင့်လွှတ် နိုင်ပါစေ၊ သူ့ကို အပြစ်မမြင်ပါစေနှင့် ဟူသော ရင်တွင်းဆန္ဒ များစွာဖြင့် သားကို လှေကားပေါက်ဝမှ ကြိုသည်။

"သား"

သားနှင့် မျက်နှာချင်းဆိုင်မိသည်နှင့် သူ့စိတ် လှုပ်ရှားမှု များအားလုံးကို အပြုံးနှင့်ဖုံးပြီး ခေါ်လိုက်ရသော်လည်း နေမင်းသာသည် ဆက်တီကုလားထိုင် ရှိရာသို့ သွားထိုင်ပြီး ဖခင်ကို အကြည့်စိမ်းဖြင့် ကြည့်နေတော့သည်။

နေမင်းသာ၏ မျက်ဝန်းတစ်ခုလုံးလည်း နီးမြန်းနေ၏။ သားလေးများ ငိုလာလေသလား။

သားအဖ နှစ်ယောက် အကြည့်ချင်းဆုံကြ၏။ နှလုံးသား လှုပ်ရှားမှုများကလည်း စင်ပြိုင်။

"ထိုင်လေ. . . ဖေဖေ"

သားဘေးမှာ မရွံ့သလို မရဲသလို ရပ်နေရာမှ ဦးချမ်းသာ အသာအယာ ဝင်ထိုင်ပြီး သား၏ အရိပ်အခြည်ကို စောင့်ကြည့် နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နေမင်းသာသည်လည်း တစ်သက်လုံး ကြည်ညိုလေးစားခဲ့ရသော ချစ်ဖခင်ကြီး၏ မျက်နှာကို ရင်နင့်စွာကြည့်ပြီး ငိုချင်လာတော့သည်။

"ဒီအကြောင်းတွေ ဖေဖေ့ကို ငါ အခုချက်ချင်း ပြန်ပြောနေရင်လည်း နှစ်ယောက်လုံး စိတ်ဆင်းရဲရုံကလွဲပြီး ဘာမှ အကျိုးထူးမလာနိုင်တော့ဘူးလေ"

"စူးတို့ မိသားစုအပေါ် သိပ်ရက်စက်ခဲ့ပေမယ့် ငါ့အပေါ်ကျတော့ မိခင်နေရာရော. . . ဖခင်နေရာကပါ ကောင်းခဲ့တဲ့ ဖေဖေရယ်"

တစ်သက်လုံး အပြစ်မြင်စရာ မတွေ့ခဲ့ဖူးသော ဖခင်ကြီးကို မြင်ပြန်တော့လည်း ပြောမည့်စကားတို့က ပြောမထွက်ရက်နိုင်။

စိုးလန့်ရွံ့ထိတ်စွာ သားကို မျက်နှာငယ်လေးနှင့် ကြည့်နေရှာသော ဦးချမ်းသာကို နေမင်းသာ သနားမိလေပြီ။

"အေးလေ. . . ဒီကိစ္စတွေကို နောင်မှပဲ ဖြည်းဖြည်းပြောပြီး ဖြေရှင်းယူပါတော့မယ်၊ အခု ငါလက်ထပ်ဖို့ ကိစ္စကိုပဲ အရင်ပြောပါတော့မယ်. . .

"စူးနဲ့လက်ထပ်ပြီး စူးနဲ့အတူ နေခွင့်ရပြီးတော့မှပဲ ပြောချင်လည်း ပြောမယ်. . .

"ဖေဖေ့ကို မပြောရက်ရင်လည်း သားကိုပေးထားတဲ့ စိန်တစ်ဆင်စာ စူးကို ပြန်ဆင်လိုက်လို့ ဖေဖေကျေနပ်မယ်ဆိုလည်း ကိစ္စပြတ်သွားတာပါပဲလေ. . .





"စူးနဲ့ရပြီးမှပဲ တင်မေဦးနဲ့ပါဆုံပြီး သူ့ရပိုင်ခွင့်တွေကို ပေးပါရစေလို့ ဖေဖေ့ကိုပြောတော့မယ်"

နေမင်းသာမှာ သူယူလာခဲ့သော သားရေစစ် လက်ကိုင်အိတ်ပြားလေးအတွင်းမှ ဦးဘဆန်းပေးလိုက်သော စာချုပ်နှင့် စာရွက်များကိုပြဖို့ စိတ်မကူးတော့။

ကိုယ့်ဖခင်၏ တစ်ခါက ရက်စက်ကောက်ကျစ်မှုကို ခံပြင်းလှသော်လည်း အဖေဟာ အဖေပဲမို့ မျက်နှာချင်းဆိုင်ကြီး ပြောရမှာကျတော့ မပြောရက်၊ ပြောမထွက်. . .။

"သားလေး ထမင်းစားခဲ့ပြီးပြီလား"

အချိန်က ညနေ လေးနာရီတိတိ၊ ညစာစားချိန် မဟုတ်ပါဘဲလျက် စကားမရှိ စကားရှာ၍ ပြောရရှာသော ဦးချမ်းသာ။

"မပြီးသေးဘူး၊ စောသေးတာပဲ"

"ဖေဖေသွားဝယ်ခိုင်းလိုက်မယ်လေ"

"နေပါစေ၊ စားချင်စိတ်လည်း မရှိတော့ပါဘူး"

သားလေး ဘာဖြစ်နေသလဲဟု မေးလိုက်လျှင်. . . သူ့အဖြစ်မှန်တွေကြောင့်ပါဟု ပြောလာလျှင် မခက်ပေဘူးလား။

ဦးချမ်းသာမှာ ကိုယ့်သားကိုယ် မပြောရဲ မဆိုရဲဘဲ သား၏ အရိပ်အခြည်ကို ကြည့်နေရသော အဖြစ်။

"ဖေဖေ"

"ပြောပါ သားလေး"

နေမင်းသာ၏ ရင်တွင်းမှာလည်း ဆူဝေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ထဲမှာလည်း ရှုပ်ထွေးနောက်ကျိနေပါ၍ ပြောရမည့် စကားကိုပင် လွယ်လွယ်ကူကူ မပြောဖြစ်နိုင်။

"ဘာပဲဖြစ်ဖြစ် သားကို ဖေဖေ တစ်ခု ကြိုပြောထားပါရစေ သားရယ်"

"ပြောပါ"

"ဖေဖေဟာ တလောကလုံးအတွက် လူဆိုးကြီးတစ်ယောက် ဖြစ်ချင်ဖြစ်မယ် ဒါပေမယ့် သားအတွက်တော့ အကောင်းဆုံးလူပါ၊ အချစ်ဆုံး ဖခင်ပါ၊ အမိမဲ့သားလေးရဲ့ ဖေဖေ့အသက်လို သားကိုချစ်ခဲ့တဲ့ ဖခင်ပါဆိုတာလေးတော့ သား ကြိုသိထားပေးပါသားရယ်"

ဖေဖေ့စကားအရ ဦးဘဆန်းထံမှ ကိစ္စကို နေမင်းသာ သိလေပြီဟု ဦးချမ်းသာ သိနှင့်နေပုံရသည်။

ဖေဖေ့စကားသည် ယင်းကိစ္စကို ရည်ရွယ်ရည်ညွှန်းခြင်းသာ ဖြစ်မည်ဟု နေမင်းသာ ထင်ခဲ့ပါသော်လည်း. . .

"ဖေဖေ့သားကြီး နေမင်းသာ. . . ဖေဖေ့ကို ဘာပြောချင်လို့လဲဟင်"

ဦးချမ်းသာကလည်း ပြဿနာကို ရင်ဆိုင်ပစ်လိုက်တော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် မေးလာ၏။

သူ့ထုံးစံအတိုင်း နေမင်းသာကို 'သားကြီး' ခေါ်လိုက် 'သားလေး' ခေါ်လိုက်နှင့်. . .

သူ့အတွက်လည်း နေမင်းသာသည် သားကြီးလည်းမည်၏။ သားလေးလည်း ဟုတ်ပါ၏။





"တနင်္လာနေ့ကျရင် ဖေဖေ တရားရုံးကို ခဏလိုက်ခဲ့ပေးပါ"

"ဟင်. . . ဘာကိစ္စလဲသား"

"သားနဲ့. . . စူးနဲ့၊ လက်ထပ်ကြတော့မယ် ဖေဖေ"

"အို"

ဦးချမ်းသာသည် သေဒဏ်ကျခံစေ ဟူသော အမိန့်ကို နာခံရသည့် တရားခံတစ်ယောက်လို ဖြစ်သွား၏။

ကုလားထိုင် လက်တန်းနှစ်ခုကို တင်းတင်းကြီး ဆုပ်ကိုင်ပြီး ကိုယ်က မြောက်ကြွတက်လာသည်၊ မျက်လုံးက ပြူး၍ ဝါးစပ်က ပွင့်ဟလျက်။

မှူ အပျက်ကြီး ပျက်လျက်၊ သွေးပျက်သွားသူ တစ်ယောက်လို မျက်နှာပါ ဖြူရော်လာ၍. . .

"ဖေဖေ. . . ဖေဖေ"

နေမင်းသာက တအံ့တသြ အော်လိုက်ပြီး. . .

"ဖေဖေ ဘာဖြစ်တာလဲ၊ ဘာဖြစ်သွားတာလဲ. . . ဖေဖေ"

"သား. . . သားနဲ့ စူးနဲ့၊ တ. . . တကယ် ယူကြတော့မယ်လားဟင်"

"အဲဒါ အံ့သြစရာလား ဖေဖေ၊ ဖေဖေ့ကို သား ဖွင့်ပြောပြီးသား ကိစ္စပဲ"

"ဟုတ်. . . ဟုတ်ပါတယ်"

"ဖေဖေပဲ ပြောတယ်လေ. . . ချစ်ငွေရဲ့ သမီးငယ်လေးလားတဲ့၊ ဖေဖေ့အနေနဲ့ သဘောမတူစရာ မရှိပါဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်သား၊ ဒါပေမယ့် အခြေအနေက တစ်မျိုး ပြောင်းသွားခဲ့ပြီကွယ်"

"တစ်မျိုးမကလို့ ဆယ်မျိုးပဲပြောင်းပြောင်း. . . သား ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး ဖေဖေ၊ ဒီမှာ လက်ထပ်စာချုပ်တွေ တောင် လုပ်ပြီးပြီ. . .

"ဖေဖေ မလိုက်ချင်လည်းရတယ်. . .

"ဖေဖေ သဘောမတူဘူးဆိုလည်း ယူမှာပဲ၊ ဒါဟာ ဘယ်လိုနည်းနဲ့မှ မပြင်နိုင်တဲ့ သားရဲ့ ဆုံးဖြတ်ချက်ပဲဖေဖေ"

"သား. . . သားကြီးရယ်"

ဦးချမ်းသာ ငိုလေပြီ။

"ဟာဗျာ. . . ဖေဖေကလည်း၊ စူးနဲ့ ယူမှာကို ဖေဖေ ငိုရလောက်အောင်ဖြစ်စရာ ဘာအကြောင်းမှ မရှိဘူး"

"ဟုတ်ပါတယ်၊ အခြေအနေက ပြောင်းသွားပြီသားရဲ့"

"ဘာပြောင်းတာလဲ"

ဦးချမ်းသာက ငိုရင်း ဆက်ပြော၏။

"ဖေ. . . ဖေဖေ. . . ဖေဖေဟာ. . . တင်မေဦးကို လူသိရှင်ကြားဖြစ်အောင် ယူရတော့မယ် သားရဲ့"

ငို၍ ပြောသော်လည်း ဦးချမ်းသာ၏ စကားလုံးများ ပီသပါ၏။ မြန်မာစကား စစ်စစ်လည်း ဖြစ်ပါ၏။

သို့သော်လည်း နေမင်းသာ နားမလည်၊ သူကြားလိုက်ရ သော်လည်း မှားသော အကြားဟု ထင်၏။

"ဘာ. . . ဘာပြောတယ်၊ ဖေဖေ ဘာပြောလိုက်တယ်"





"စူးရဲ့ အစ်မ ဦးနဲ့၊ ဖေဖေနဲ့ ညားနေကြတာ သုံးနှစ် ကျော်ပြီ"

"ဗျာ"

"တိတ်တိတ်ပုန်း လက်ထပ်ပြီးနေခဲ့တာပါ၊ ခုတော့ သူမှာ ကိုယ်ဝန်ရှိလာပြီ သားရယ်. . .၊ ဒါကြောင့် သူ့ကို ဖေဖေ့ဇနီးပါ လို့ လူသိရှင်ကြား ကြေညာရတော့မယ်၊ ဒါမှလည်း ဦးရဲ့ ရင်သွေးဟာ အဖေပေါ်မယ်"

"ဝုန်း"

ဆိုသော အသံကြောင့် ဦးချမ်းသာ စကားလည်း ရပ်သွား သည်။

နေမင်းသာက သူ့ရှေ့မှ စားပွဲကို လက်သီးနှင့် တအား ထုလိုက်ပြီး မတ်တတ်ရပ်၍ နောက်ခိုင်းထားလိုက်၏။

သူ့ရင်သည် ကွဲထွက်တော့မတတ် နာကျည်းစွာ နာကျင် လာခဲ့ပါပြီ။

"စားသောက်ဆိုင်တစ်ခုမှာ စားပွဲထိုးမလေးအဖြစ် တွေ့ရ တာပါ၊ သူ့ကို ဘယ်သူမှန်း ဖေဖေ မသိခဲ့ပါဘူး၊ ဧကရီဦး ဆိုတာ ပဲ သိတယ်၊ ဖေဖေ့ကိုတော့ သူက သိတယ်လေ. . .

"ဖေဖေ့ နာမည်ကတော့. . . ငယ်နာမည် မသုံးဘဲ ဖေဖေ့ဘာသာ ပြောင်းထားခဲ့တဲ့ မှတ်ပုံတင်ထဲကနာမည် 'ဦးမြင့် ဟန်' အနေနဲ့ပဲ အဲဒီ ဝန်းကျင်မှာ သိစေခဲ့တယ်. . .

"ဖေဖေဟာ. . . ဧကရီဦးကို သနားမိပြီးမှ ချစ်ခွေရဲ့ သမီးမှန်း သိခဲ့ရတယ်၊ ဒါပေမယ့်. . . လွန်သွားပြီ၊ သား



www.burmeseclassic.com

www.burmeseclassic.com



ရယ်. . .၊ သူလေးကိုလည်း လူတကာရင်ခွင်ထဲက စားပွဲထိုး မလေးအဖြစ်နဲ့ မထားရက်လို့"

"တော်. . . ဖေဖေ့စကားကိုရပ်လိုက်"

နေမင်းသာ၏အသံသည် အရပ် ရှစ်မျက်နှာက ကြားသာ လောက်ပါ၏။

"မဦး ဒီလို ဘဝ ဖျက်ရတာ ဖေဖေ့ကြောင့်၊ စူး ဆင်းရဲရ တာ ဖေဖေ့ကြောင့်"

"ဘာဆိုင်လဲ သားရယ်"

"အဟင်း ဟင်း. . . တော်စမ်းပါ ဖေဖေရယ်၊ ဦးဘဆန်း ဟာ အစာအိမ်ကင်ဆာနဲ့ သေတော့မယ်၊ သူနဲ့သားနဲ့ တွေ့ခဲ့ပြီ ဆိုရင်. . . အဖြေဟာ ရှင်းနေပါပြီ"

"သားရယ်"

"ဖေဖေ သိပ်ရက်စက်တယ်ဗျာ"

"ဦး ပေါ်မှာ ဖေဖေ မရက်စက်တော့ပါဘူး၊ တရားဝင် ထင်ထင်ပေါ်ပေါ် လက်ထပ်တော့မှာပါ"

"ဒါဖြင့်. . . ကျွန်တော်နဲ့ စူးကိစ္စကရော"

"သားရယ်. . . ဖေဖေ တောင်းပန်ပါတယ်"

"ဘာကိုလဲ"

"သားတို့က ရှောင်ပေးကြပါ"

"ဘာ"

"ဦးနဲ့ဖေဖေက လက်ထပ်ထားတာလည်း ကြာလှပါပြီ အခု ကလေးလည်း ရပြီဆိုတော့ ယူမှဖြစ်တော့မယ်၊ သားတို့က





လူငယ်တွေ၊ ဘာမှ မလွန်ကျူးကြသေးဘူး"

နေမင်းသာ၏ အကြည့်က မီးဝင်းဝင်းတောက်တော့ မတတ်။

"သားအဖနှစ်ယောက်က ညီအစ်မနှစ်ယောက်ကို ယူတယ်ဆိုရင် ဘယ်လိုမှ မသင့်လျော်တဲ့ကိစ္စပါ၊ ဦးမှာက ကလေးရနေပြီ၊ နောင်ဆို စူးမှာလည်း မျိုးဆက်သစ် ရလာမှာပဲ၊ မွေးလာမယ့် ကလေးချင်း ဘယ်လိုဆွေမျိုးစပ်ရမှန်းတောင် မသိဘူး၊ လူ့လောကပတ်ဝန်းကျင်မှာလည်း ဝင်ဆန့်လို့ မရနိုင်တဲ့ အဖြစ်မို့၊ သားတို့ကပဲ ရှောင်ပေးပါကွယ်"

"ဒီမှာဗျ"

နေမင်းသာက ချာခနဲ လှည့်လိုက်ပြီး သူ့ရှေ့က ကုလား ထိုင်ကို ဆောင့်ကန်လိုက်ပြီးမှ ဖခင်ကို လက်ညှိုးငေါက်ငေါက် ထိုးလျက်. . .

"ကျွန်တော်နဲ့ စူးနဲ့ ချစ်ကြတာက လူငယ်ချစ်။ ရင်ထဲ နှလုံးသည်းပွတ်ထဲက လာတဲ့ မေတ္တာနဲ့ ချစ်ကြတာ၊ ခင်ဗျားတို့လို တဏှာရူးပြီး ချစ်ကြတာ မဟုတ်ဘူးဗျ"

"သား ပြောချင်တာပြောပါ၊ ဖေဖေ ခံနိုင်ပါတယ်၊ ရိုက် လည်း ခံမယ်၊ သတ်ရင်တောင် ဖေဖေ သေရဲပါတယ်၊ ဖေဖေက အပြစ်ရှိသူပါ၊ ဒါ. . . ဒါပေမယ့် သားလေးရယ်၊ မိဘနဲ့ သားသမီး ရန်ဖြစ်ရင် သားသမီးပဲ အပြစ်ရမှာမို့ ဖေဖေ တောင်း ပန်ပါတယ်သားရယ်၊ ဖေဖေ့ကို ဒီလို မပြောပါနဲ့နော်. . . သားလေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းသာကလည်း ပြောရင်းဝို။

နေမင်းသာကလည်း ဖခင်ကိုကြည့်ပြီး ငိုရင်းက. . .

"သား စူးကို ယူမယ်လို့ ကတိပေးပြီးပြီ ဖေဖေ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သား စူးကို လက်ထပ်မယ်၊ ကတိမဖျက်ချင်လို့ချည်း မဟုတ်ဘူး. . .

"သား စူးကို သိပ်ချစ်တယ်ဗျာ"

နေမင်းသာ ရှိုက်ကြီးတငင် ငိုချလိုက်တော့ ဦးချမ်းသာလည်း မကြည့်ရက်နိုင်။ သူ့အဖြစ်ကလည်း မထွေးနိုင် မအန်နိုင်။ နေမင်းသာ ပြည်သို့သွားသော တနင်္လာနေ့ကမှ ဦး၌ ကိုယ်ဝန်ရှိကြောင်း သိလာရသည်။ ကလေးအဖေအမည်ဖော်ကာ လူသိရှင်ကြား ဇနီးဖြစ်ရပါစေမည်ဟု ဦး၏မျက်ရည်များကို သုတ်ပေးရင်း ဦးချမ်းသာဟု ခေါ်သော ဦးမြင့်ဟန် ကတိပေးခဲ့မိလေပြီ။

အမှန်အတိုင်း ဝန်ခံရလျှင် သားနှင့်စူး၏ကိစ္စကို ထိုအချိန်က ဦးချမ်းသာမှာ လုံးဝ မေ့လျော့နေခဲ့သည်။ သူတို့နှစ်ယောက်တည်း ယခုလောက် မြန်မြန် လက်ထပ်ကြဦးမည်ဟု မထင်ခဲ့။

သားလေး နေမင်းသာသည် စူးကို သည်မျှချစ်လိမ့်မည်။ စူးအတွက် သည်မျှ ပေါက်ကွဲလိမ့်မည်ဟု မထင်ခဲ့။

လူငယ်တို့သည် ချစ်ခြင်းမေတ္တာနှင့် ပတ်သက်လာလျှင် ခံစားချက်ပြင်းထန်တတ်ကြကြောင်း ဦးချမ်းသာ သိခွင့်ရခဲ့ပါပြီ။

သားလေး၏မျက်ရည် စဲမည်ဆိုလျှင် သူ့အသွေးကိုထုတ်၍ သူ့အသားကို လှီးဖြတ်ပေးရပါသည်။





ယခုတော့. . . ဟိုမှာကလည်း ရင်သွေး ဖြစ်တည်နေလေပြီ။

"သား"

နေမင်းသာ လှည့်မကြည့်၊ သူ့မျက်ရည်များကို ကြမ်းတမ်းစွာ သုတ်ပစ်နေ၏။

"အရင် အခြေအနေအတိုင်းသာဆိုရင် ငွေဘယ်လောက်ပဲ ပေးရ ပေးရ ပေးပြီး ဖေဖေ ဦးတို့ ကွာပေးပါတယ်သားရယ်၊ သားလေးရဲ့ ခံစားချက်မျိုး ဖေဖေ့ရင်ထဲမှာ မရှိဘူးလို့ ဖေဖေ ဝန်ခံပါတယ်။

"ဒါပေမယ့်လေ. . .

"သားလိုပဲ ဖေဖေရဲ့ သွေးလေး ဦးရဲ့ ရင်ထဲမှာ ဖြစ်တည်နေပြီ၊ ဒါကြောင့် ဖေဖေ ဦးကို ပစ်လို့ မဖြစ်တော့တာပါ. . .

"ဖေဖေ့ အဖြစ်ကို နားလည်ပေးပါ သားရယ်"

နေမင်းသာက ဖခင်ကို ပက်စက်စွာ မပြောတော့သော်လည်း နာကျည်းမုန်းတီးလွန်းသော အကြည့်စိမ်းဖြင့် ကြည့်လိုက်ပြီးမှ. . .

"မဦးကို ကွာရင် ငွေတွေပေးရမယ်၊ အခုလို ယူရတော့လည်း သူစည်းစိမ်တွေ ခံစားရမှာပေါ့၊ ဟုတ်လား။ ဒါ တရားပါတယ်"

"ဒီလို ငေါ့ မပြောပါနဲ့ သားရယ်. . .၊ သားအတွက်လည်း ဖေဖေ အများကြီးပေး. . ."

"အို. . . ဘာငေါ့ပြောရမှာလဲ. . . အမှန်တရားပြောတာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ့ဆီက မတရားယူထားတဲ့ငွေနဲ့ ကြီးပွားလာလို့ ဦးခံစားထိုက်တယ်ဆိုတဲ့စကားကို တကယ်ပြောတာ၊ ယောကျ်ားစကားဗျ. . . ငေါ့ပြောပါ့မလား"

"သားရယ်"

"ကဲ. . . ဒီမှာ"

"ပြောပါ သား"

"ဖေဖေလည်း လုပ်ချင်ရာလုပ်၊ တနလ်ာနေ့ကျလည်း လိုက်စရာ မလိုဘူး၊ သားကတော့ စူးကို လက်ထပ်မှာပဲ"

"စဉ်းစားပါဦး သားရယ်"

"မလိုပါဘူး"

"ဩော်. . . ဒီမှာ၊ ကျွန်တော့်ကို ပေးပြီးသားပစ္စည်းတွေနဲ့ ပြည်ကတိုက်ပါ ကျွန်တော်ပိုင်တယ်နော်"

"ဖေဖေ ရှာသမျှ သားအတွက်ပါလို့ ပြောထားပြီပဲ"

"ကောင်းပြီ၊ ဖေဖေ့ မယားအတွက် နောက်ထပ် ဘာမှ လာမတောင်းနဲ့"

"သားရယ်"

"ကဲ. . . ကျွန်တော်သွားမယ်၊ ကျွန်တော် စူးကို ယူဖြစ်အောင် ယူမယ်. . . ဒါပဲ'

"ဒီမှာ သား"

"ဘာလဲ"

"စဉ်းစားပါဦးသားရယ်၊ ဖေဖေ့အဖြစ်က ကျွံနေပြီ၊ နှုတ်လို့မရတော့ဘူး၊ သားတို့က ရှောင်လို့ ရပါသေးတယ်"





"မရှောင်ပါဘူး၊ ဘာလို့ ရှောင်ရမှာလဲ၊ လူငယ်ချစ်သူနှစ်ဦးယူတာ ဘာဖြစ်လဲ။ ခိုးကြောင်ခိုးဝှက် လုပ်ထားစရာလည်း မလိုပါဘူး"

"ပြောပါ သားရယ်. . . ပြောပါ၊ ဖေဖေ နောက်ဆုံးတစ်ခုတော့ ပြောလိုက်ပါရစေ. . .

"ဖေဖေတို့သားအဖဟာ ယောကျ်ားနှစ်ယောက်ပါ၊ ဖေဖေတို့ သားအဖအတွက် ကဲ့ရဲ့မှုကို အရေးထားစရာ မလိုဘူးဆိုပေမယ့်. . .

"ဦးနဲ့စူးက မိန်းမသားတွေ၊ ညီအစ်မ နှစ်ယောက်က သားအဖနှစ်ယောက်ကို ယူတယ်ဆိုရင် ပေါက်ဖွားလာမယ့် မျိုးဆက်သစ်အထိပါ လက်ညှိုးထိုးစရာအဖြစ်နဲ့ ခေါင်းမဖော်ဝံ့အောင် ဖြစ်ရတော့မယ် သားလေးရယ်၊ စဉ်းစားပါဦးကွယ်"

"ကျုပ်ကို ဘာမှ ထပ်မပြောနဲ့. . .

"စူးကို ယူမယ်. . . စူးကို ယူမယ်၊ ဒါပဲ"

နေမင်းသာသည် တွေ့ရာပစ္စည်းများကို ကန်ကြောက်လျက် တိုက်ပေါ်မှ ပြေးဆင်းပြီး ကားကို ကြောက်ခမန်းလိလိဖြစ်အောင် တရကြမ်းမောင်း၍ ထွက်သွားပါတော့၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၃ ။

ခရေပင်ကြီးမှာ ရွက်ကြွင်များစွာ ကြွေကျသွားသော်လည်း ရွက်သစ်နုများ ထပ်ထွက်နေ၍ အိုမင်းခြင်း သရုပ်ကို မဆောင်. . .

ပိုမို၍ ထည်ဝါစွာဖြင့် အကိုင်းအခက်နှင့် ရွက်သစ်များ ဝေစည်စွာ ခန့်ညားနေပေသည်။

နေမင်းသာမှာ သူ့အိပ်ခန်း ပြတင်းဝမှ လှမ်းမြင်နေရသော ပင်စည်ကြီးကို ငေးကြည့်နေပေသည်။

သူ့ဘဝ တစ်လျှောက်လုံး၌ အိပ်ရာထဲ လှဲခွေနေလောက်သော ခံစားမှုမျိုး တစ်ခါမျှ မကြုံတွေ့ခဲ့ဖူးပါ။

ပြည်မှ ပြန်လာပြီး နှစ်ရက်လုံးလည်း သူ အပြင်မထွက်ခဲ့။ တက္ကစီသမားလေး ကိုတိုးကို စားစရာ ဖုန်းနှင့်မှာပြီး စားခဲ့သည်။

ဖခင်ကြီးကို ဘယ်လိုရင်ဆိုင် ဖြေရှင်းရမလဲ ဟူသော အတွေး၏ အဖြေက ပေါ်မလာလေ. . . သူ အိပ်ရာမှ မထလေ။

တတိယမြောက်နေ့မှာတော့ ချစ်လှစွာသော စူးနှင့်ဆုံပြီး ညှိုးနွမ်းခဲ့ရသမျှသော ကိုယ်စိတ်နှလုံး အားလုံးသော အရာတို့





သည် အသွင်ပြောင်းခဲ့ရပါပြီ။

ရင်ခွင်ပိုက်ခွင့် ရခဲ့သော စူးကို ရင်ခွင်ထဲက ထုတ်မပစ်ရက်တော့။

သည့်အတွက် ပြည်မြို့ကိစ္စကို အသာထားပြီး စူးနှင့်သူ လက်ထပ်တော့မည့်အကြောင်း ဖွင့်ပြောမိလေမှ. . .

“ဖေဖေရယ်. . .

“သားပေါ် တစ်သက်လုံး ကောင်းလာခဲ့သမျှ. . . အခုတော့ သားရဲ့ အသည်းနှလုံးကို မီးမြိုက်ရှို့လိုက်တာနဲ့ အတူတူပါပဲလား. . .

“သားအဖနှစ်ယောက်နဲ့ ညီအစ်မနှစ်ယောက်မှ သွားပြီး ဆုံတတ်ကြလေတယ်ဗျာ”

နေမင်းသာအမြင်တို့ ဝေဝါးပြီ. . .

မျက်ဝန်းမှာ ပြည့်ဝေလာသော မျက်ရည်တို့ကိုပင် မသုတ်မိ။

ဆုံးဖြတ်ရန် ခက်ခဲလှသော ပြဿနာမို့ သူ့ရှေ့ရေးသည် မည်းမှောင်ခြင်းများဖြင့် ပိတ်ဆီးထားသလို သွားစရာလမ်းကို မတွေ့နိုင်။

နေမင်းသာ၏ မိုက်ရိုင်းမှုများကို ခွင့်လွှတ်ခြင်းများဖြင့် တောင်းပန်ရှာခဲ့သော ဖေဖေ။

ဘာပဲဖြစ်ဖြစ်၊ သားကို ချစ်သည့်နေရာတွင် စံတင်ထိုက်သည့် ဖခင်ကြီး. . .

သူ့ လုပ်ဆောင်ချက်ကြောင့် အမျက်ထွက်ခဲ့မိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကို ချစ်ခင်အားကိုးလွန်းသော စိတ်၏ ထုထည်သည် မှ တရက် မပြယ်၊ ရင်၌ တည်နေဆဲပါ။

အမှန်တော့. . . ဤလေးယောက်လုံးတွင် အပြစ်မရှိ ပါ။

အသက်ငါးဆယ်ကျော်သော်လည်း နုပျိုသန်မာ ဖေဖေသည် စည်းစိမ်စားသောက်ဆိုင်လို နေရာမျိုးကို ရော သည်မှာ မဆန်း။

ငွေကြေးသုံးနိုင်သော ဖေဖေနှင့် လှပပျိုနုဆဲ တင်မေ တို့ ဆုံတွေ့ကြပြီး တိတ်တခိုး လက်ထပ်ပေါင်းသင်း နေထိုင် သည့် အဖြစ်မှာလည်း ယောကျ်ားတို့လောကတွင် ရိုးသလော ဖြစ်နေပါပြီ။

နေမင်းသာနှင့် စူးတို့မှာလည်း တစ်မြို့တည်းသူ တစ် တည်းသားမို့ အဝေးပြေးကားတစ်စင်းတည်း စီးမိကြသည် မဆန်း။

အိတ်ချင်း မှားပြီး ဆုံတွေ့ရာမှ အချစ်ကြီး ချစ်မိခဲ့ သည်မှာ အချစ်၌ မေ့လျော့တတ်သော လူငယ်တိုင်း ဖြစ် ဖြစ်ထရှိသော ဆုံဆည်းမှု။

လူပျိုလေး နေမင်းသာမှာလည်း အပြစ်မရှိ

အပြစ်ကင်းစင်ဆုံးသော အပြစ်မဲ့မလေးကတော့ စူး

နေမင်းသာသည် စူးကို ချစ်ရခြင်းထက်၊ ရင်၌ နင့် အောင်၊ နှလုံးသည်းပွတ်တွင်းမှ နင့်နေအောင် သနားကရု သက်ရခြင်းက ပိုမို၍ လွန်ကဲပါ၏။





အသက်ကြီးမှ ငိုကြီးချက်မနှင့် တောင်းပန်နေရှာသော ဖေဖေ့ကို သနားလှသော်လည်း. . .

နေမင်းသာအနေနှင့် စူးကို ဘယ်နည်းနှင့်မှ မစွန့်လွှတ် နိုင်။

ဝက်ပါ တွေးများနှင့် လေးယောက်၏ ပြဿနာတို့ ချာလည် လည်နေဆဲမှာ. . .

"ကိုနေမင်းသာ"

"ကိုနေမင်းသာ"

အိမ်ရှေ့ဆီမှ လူတစ်ယောက်၏ ခေါ်သံကြောင့် အိပ်ရာ မှ ဆတ်ခနဲ ထဖြစ်သည်။

ခုတင်ဘေးမှ မှန်ကို ကြည့်လိုက်တော့ ဂျင်းဘောင်းဘီ ရှည်နှင့် အင်္ကျီမပါသော ကိုယ်ခန္ဓာကျစ်ကျစ်။

ရှုပ်ပွနေသော ဆံပင်၊ နီမြန်းနေသော မျက်ဝန်းများ. . .

"ကိုနေမင်းသာ ရှိလားခင်ဗျာ"

ထပ်ခေါ်သော အသံကြောင့် ဝတ်မည့်အင်္ကျီကိုပင် တန်း မှ မဖြုတ်တော့ဘဲ သည်အတိုင်း ထွက်လာခဲ့သည်။

သော့ပိတ်ထားသော သံဆွဲတံခါးရှေ့တွင် လူတစ် ယောက် ရပ်နေသည်။ မြင်ဖူးသလိုလိုတော့ ရှိသား၊ ဘယ်သူမှန်း စဉ်းစား၍မရ။

"ဘာကိစ္စလဲ"

"ဦးမြင့်ဟန်. . . အဲလေ ဦးချမ်းသာက စာပေးခိုင်းလို့ပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို အမည်နှစ်မျိုးနဲ့ သိသူများလည်း ရှိပါလား။

သံဆွဲတံခါးကြားမှပင် စာအိတ် အညိုရှည် ခပ်ထူထူကို လှမ်းယူပြီး. . .

"ဝင်ဦးမလား"

"မဝင်တော့ပါဘူး ခင်ဗျ၊ ကျွန်တော်က သူကားဂိတ်ကပါ"

"တခြား ဘာမှာလိုက်သေးလဲ"

"မမှာဘူးခင်ဗျ၊ ဒါပဲ ပေးခိုင်းလိုက်တယ်"

"ကောင်းပြီလေ"

"ကျွန်တော် ပြန်မယ်နော်"

"ဟုတ်ပြီ. . . ကျေးဇူးပဲ"

ထိုသူ ပြန်သွားတော့ စာကိုယူလာပြီး မခေါက်ရသေးသော စောင်များနှင့် ရှုပ်ပွနေသော ခုတင်ပေါ်သို့ဝင် ဝမ်းလျားမှောက် ပစ်လှဲလိုက်ပြီး စာကို ဖွင့်လိုက်သည်။ ပိတ်ထားသော စာအိတ်ငယ်တစ်ခုနှင့် စာရှည်တစ်စောင်။

ဖေဖေ့ရဲ့. . .

ချစ်လှစွာသော သားလေးနေမင်းသာ. . .

စာ၏ ခေါင်းစဉ်ကို ဖတ်လိုက်ရကတည်းက ရင်တွင်းမှာ ဆို့နစ်လာသည်။ နေမင်းသာ ငယ်စဉ် ရန်ကုန်မှာ ဘော်ဒါကျောင်းထားစဉ်ကလည်း ဖေဖေနှင့် မေမေတို့ထံမှ စာလာလျှင် ငိုဖူး၏။ ယခု သည်ခံစားမှုမျိုးနှင့် မခြားပါ။





ယခုတော့ စာကို သိချင်ဇောဖြင့် ကိုယ်တိုင် တစ်ပတ်လှည့်ကာ ပက်လက်လှန်ပြီး ဆက်တိုက်ဖတ်လိုက်တော့. . .

သား ပြန်သွားပြီးကတည်းက ဖေဖေ အိပ်လို့လည်းမရဘူး၊ စားဖို့တော့ ဝေးရောပဲ။

ဖေဖေ သိပ်ထိခိုက်ရပါတယ်သားရယ်၊ ဖေဖေဟာ အမိမဲ့သားလေးမို့ စည်းစိမ်ဥစ္စာတွေ ပေးအပ်ရုံမကဘဲ. . .

ဖေဖေ့ရင်ထဲက မေတ္တာစေတနာ အားလုံး သားအပေါ်မှာ သွန်ပေးခဲ့ပါတယ်။

အားလုံးထဲမှာ သားလေး လိုရာဆန္ဒ ပြည့်ပါစေ၊ စိတ်ချမ်းသာပါစေဆိုတဲ့ စိတ်က ထိပ်ဆုံးကပါ။

အခုတော့ သား ငိုသွားတာ ပေါက်ကွဲသွားတာ တွေ့ရတော့ ဖေဖေ ရင်ကွဲမတတ် ခံစားခဲ့ရပါတယ်သား။

ဖေဖေ့အပြစ်တွေကို ဖေဖေ ဝန်ခံပါ့မယ်။

ဖေဖေဟာ ငယ်စဉ်ကတည်းက သိပ်ပြီး ကြီးပွားချမ်းသာချင်တယ်၊ အမျိုးမျိုး ကြိုးစားခဲ့ပေမယ့် ငွေရင်းငွေနှီးက မများတော့ မချမ်းသာနိုင်ခဲ့ဘူး။

ဒါနဲ့ပဲ ဒီနာမည်မှည့်ပြီး မချမ်းသာရ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလား ဆိုပြီး မြင့်ဟန်လို့ပြောင်းခဲ့တယ်၊ ပတ်ဝန်းကျင်အသစ်မှာဆိုရင် ဖေဖေ ဒီနာမည်ပဲ သုံးတယ်၊

ဒီလိုနဲ့ ပြည်ပွဲရုံမှာ စာရေးလုပ်ရင်း မတ်ပဲလေးဝယ်လှောင်။ တောင်ကုပ်ဘက်က လာတဲ့ ငါးပိ ငါးခြောက်ကလေး ဝယ်လှောင်နဲ့ တစ်စတစ်စ ကြီးပွားလာချိန်မှာ. . .

ချစ်ငွေက စပြီး ပျက်စီးနေပြီ။

ဖေဖေ့ဆီမှာ ငွေတွေ အတင်းချေး။ သူ့ ပစ္စည်းတွေပေါင်နဲ့. . . ဖေဖေ စိတ်ညစ်အောင် အမျိုးမျိုးလုပ်ခဲ့ပါတယ်။

နောက်ပိုင်းမှာတော့ ဒီကောင်ဟာ ဖဲဝိုင်း ကနေ အရက်မူးမူးနဲ့ စာရေးပြီး ငွေတွေ တောင်း ရာကနေပြီး သူ့ပျော့ကွက်ကို သိလာတာနဲ့ မသမာစိတ် မွေးမိခဲ့တယ်။ ချစ်ငွေဟာ ဖဲနဲ့ အရက်ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားဘူး၊ ငွေကြေးလည်း စာရင်းအင်း မရှိဘူးဆိုတဲ့ သူ့ ပျော့ကွက်ကို သိလာတာနဲ့ ဖေဖေ လောဘတွေ ထွက်ခဲ့ပါတယ်သား။

ငွေများများ ကိုင်နိုင်လေ စီးပွားဖြစ်နိုင်လေ ဆိုတဲ့ အသိနဲ့ စိန်တုတွေနဲ့လဲတယ်ဆိုပြီး လျော် ခိုင်းခဲ့တယ်။





ငွေ နှစ်သောင်းတည်းပေးပြီး တိုက်ကြီး အပိုင်စီးပစ်ခဲ့တယ်။ ဖေဖေ ကောက်ကျစ်ခဲ့ပါ တယ်၊ ယုတ်မာခဲ့ပါတယ်၊ ဒီကိစ္စကို သားရယ်၊ ဖေဖေရယ်၊ ဦးဘဆန်းရယ်ကလွဲပြီး ဘယ်သူမှ မသိကြပါဘူး။

ဖေဖေ ဝန်ခံပါတယ်သားရယ်၊ ဒါပေ မယ့်. . . ဖေဖေ သားကို ပြောခဲ့သလို ဖေဖေ ဟာ တလောကလုံးအတွက် လူဆိုးကြီး ဖြစ်ပေ မယ့် သားအတွက် အကောင်းဆုံးဖခင်၊ အချစ် တတ်ဆုံးဖခင်ပါ သားရယ်. . .

ဖေဖေ ရှာသမျှလည်း ငါ့သားလေး သုံးပါ စေ၊ ဖေဖေ သေသွားလည်း ငါ့သားလေးပဲ ရပါစေဆိုတဲ့စိတ်နဲ့ အားလုံး ငါ့သားနာမည်နဲ့ ထားခဲ့တာ သားအသိပါ။

အဲဒီ နိဒါန်းတွေ ရေးပြီးတော့. . .

ဖေဖေတို့ရဲ့ လက်ရှိပြဿနာကိစ္စကို ပြော ကြရအောင်။

သားပြန်သွားပြီး ဖေဖေ တစ်ညလုံး အိပ် မရဘူး၊ အမျိုးမျိုး စဉ်းစားတယ်၊ အားလုံးရဲ့ ထိပ်ဆုံးမှာ သားလေးရဲ့ မျက်နှာပဲ ဖေဖေ မြင်နေ ခဲ့ပါတယ်သား၊ ဒါဟာ ဖေဖေရဲ့ မှန်သောစကား ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်မနက် အစောကြီး ဖေဖေ တင်မေဦး ဆီ သွားခဲ့တယ်။

သားနဲ့ စူး ယူကြမယ်ဆိုတာ သူ ဘာမှ မသိသေးဘူး။ နေမကောင်းလို့ စူးဆီ မရောက်တာလည်း ကြာပြီတဲ့၊ ဒါနဲ့ ဖေဖေလည်း သူ့ကို သားတို့နှစ်ယောက်အကြောင်း ဘာမှမပြောဘဲနဲ့ ဖေဖေရဲ့ ဆုံးဖြတ်ချက်ကိုပဲ ပြောလိုက်တယ်။

ဖေဖေ ဆုံးဖြတ်လိုက်ပြီသား။

ဖေဖေ တင်မေဦးကို ကွာပေးမယ်. . ။

ဖေဖေရဲ့ စိတ်ချမ်းသာမှုထက် သားရဲ့ စိတ်ပျော်ရွှင်မှုက ဖေဖေ့အတွက် အများကြီးပိုပြီး အရေးကြီးတယ်ဆိုတာ သား အရင်ကတည်းက သိမှာပါနော်. . .

တင်မေဦးနဲ့ ဖေဖေဟာ တစ်ဦးဆီက တစ်ဦး မျှော်လင့်ချက်တွေနဲ့ ပေါင်းသင်းနေထိုင်ခဲ့ကြတာသာ ဖြစ်ပါတယ်။

သားတို့ လူငယ်နှစ်ယောက်လို အချစ်ကြီး ချစ်ခဲ့ကြတဲ့ ချစ်သူတွေ မဟုတ်ပါဘူးသား။

ဒါကြောင့် ဖေဖေဟာ တင်မေဦးကို ငွေစကားပြောရတယ်။

ပေါ်ပေါ်ထင်ထင် လူသိရှင်ကြားလည်း အသိမခံနိုင်ဘူး။ ကလေးရဲ့ဖခင်အမည်လည်း





မခံနိုင်ဘူး၊ ပြီးတော့. . . ဖေဖေ့ကိုလည်း တရားဝင် ပြန်ကွာရှင်းပေးပါ။

အဲဒီအတွက် ငွေဘယ်လောက် ပေးရမလဲ လို့. . . တင်မေဦးကို အပြတ်မေးပါတယ်သား။

ဖေဖေ့ရှိသမျှ စည်းစိမ်ပြုတ်ပါစေ၊ ဖေဖေ ပြန်ရှာယူပါ့မယ်၊ စီးပွားလည်း ရှာတတ်နေပါပြီ။

ပြီးတော့. . . တင်မေဦး ရင်ထဲက ဖေဖေ့ရင်သွေးကိုလည်း နှစ်ပေါင်း နှစ်ဆယ်ကျော် ချစ်မြတ်နိုးခဲ့ရတဲ့ သားကြီးလောက် ဖေဖေ ဘယ်မှာချစ်နိုင်ပါ့မလဲ။

ဖေဖေ့သားလေး နေမင်းသာထက်ပိုပြီး ချစ်စရာ လူသား ဒီလောကမှာ ဖေဖေ့အတွက် မရှိပါဘူး၊ ဘယ်သောအခါမှလည်း ရှိမလာနိုင်ပါဘူး. . . သား ယုံပါ။

ဒီလို သားကိုချစ်တဲ့ စိတ်တွေနဲ့ တင်မေဦးကို ဖေဖေ အပြတ်ပြောတော့. . .

သူက ငိုတယ်. . .

တင်မေဦး ငိုတာကိုကြည့်ပြီး၊ ဖေဖေ သနားမိတာတော့ အမှန်ပါပဲသား။

ဒါပေမယ့်. . . သား ငိုသွားသလောက်တော့ ဖေဖေ့ ရင်ထဲ အသည်းထဲမှာ နာကျင်လှိုက်လှဲခြင်း မရှိဘူးဆိုတာတော့ ဝန်ခံပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့. . . တရားရုံးမှာ ပြန်ပြီး ကွာပေးပါ။ ကွာပြီးတာနဲ့ ငွေ ‘ဆယ်သိန်း’ ပေးမယ်လို့ ပြောလိုက်တယ်။

ဆယ်သိန်းဆိုတော့ တင်မေဦးလည်း တွေဝေသွားတယ်။ တကယ်တော့. . . ဒီနေ့ ခေတ်မှာ ဆယ်သိန်းဆိုတာ မြေနေရာ ကောင်းကောင်း တစ်ကွက်စာဖိုးပဲရှိတယ်၊ ဖေဖေ့ရဲ့ အဝေးပြေးကားကြီးနှစ်စီးရဲ့ တန်ဖိုး လောက်ပဲ ရှိတယ်ဆိုတာ တင်မေဦး မတွေးမိ ရှာဘူး ထင်ပါရဲ့လေ။

သားတို့ကိစ္စ မပါဘဲ၊ ဖေဖေ့အနေနဲ့ပဲ သူ့ကို ဖျောင်းဖျ နှစ်သိမ့်ခဲ့ပါတယ်၊ ကွာပြီး ငွေယူပြီးတဲ့နောက်မှာလည်း ကလေးအတွက် လိုအပ်သလို ထောက်ပံ့ပါဦးမယ်လို့ ဖေဖေကပဲ ဖွင့်ပြောတော့ သူငိုပြီး ခေါင်းညိတ်လိုက်ရှာပါ တယ်သား။

ဖေဖေတို့ အပေးအယူ တည့်သွားတဲ့ အတွက် ဖေဖေကိုယ်တိုင် ဝမ်းမသာနိုင်ပါဘူး သား။

ဒါပေမယ့်. . . သား ဝမ်းသာရှာမယ် ဆိုတာ တွေးပြီး ဖေဖေဟာ သားနဲ့ထပ်တူ ပျော်ပါတယ်ဆိုတာ သားယုံကြည်ပါနော်။





နောက်တစ်နေ့မှာ တင်မေဦးဆီက စာ တစ်စောင် ရောက်လာတယ်၊ အဲဒါလည်း ထည့်ပေးလိုက်ပါတယ်၊ သားသိစေရုံပါ။

ဒီစာဟာ ဖေဖေ့ဆီကိုသာ ဦးတည်ပြီး ရေးတဲ့စာမို့ သားအနေနဲ့ ဘာမှ ထည့်တွက်စရာ မလိုဘူးဆိုတာလည်း မမေ့ပါနဲ့နော်သား။

ကဲ. . . သားရယ်၊ နောက်ဆုံး ပြောချင် တာကတော့ ဖေဖေ ရှောင်ပေးလိုက်ပါပြီ၊ သားစိတ်ချမ်းသာဖို့အတွက် ငွေဆယ်သိန်းနဲ့ လဲပေးလိုက်ပါပြီ၊ ဖေဖေ့ခံစားမှုကိုတော့ သား ထည့်မတွက်ပါနဲ့။

သားနဲ့ စူးတို့ လက်ထပ်ကြပါ။

တနင်္လာနေ့မှာ ဖေဖေ ပွဲရုံက အဆင်သင့် စောင့်နေမယ်၊ ဖေဖေ လိုအပ်တယ်ဆိုရင် သားတို့ လာခေါ်ကြပါ။

ဖခင်တစ်ယောက်ရဲ့ ဝတ္တရားအရ သားနဲ့ စူးကို ဖေဖေ ကျေကျေနပ်နပ်ကြီး လက်ထပ်ပေး ပါ့မယ်။

“သားတို့ ပျော်ရွှင်ချမ်းမြေ့ပါစေ”

“ဖေဖေရဲ့သားလေး နေမင်းသာ ကို. . .

ချစ်လှစွာသော”

ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စာ ဆုံးသွားတော့ ရင်ထဲမှာ နုံး၍ ကျန်ရစ်သည်။

ဖေဖေ၏ ကြီးမားသော မေတ္တာတရားကို နားလည်ခွင့် ရခဲ့ပါလေပြီ။

ဟိုတစ်နေ့ဆီက ဖေဖေ့ကို ပက်ပက်စက်စက်ပြော၊ ခုံကိုထု၊ ကုလားထိုင်တွေကို ဆောင့်ကန် ပစ်ခဲ့သော နေမင်းသာ၏ ရိုင်းစိုင်းမှု။

ဖခင်ကို ရန်သူကြီးတစ်ယောက်လို၊ လက်ညှိုးထိုးပြီး စွပ်စွဲပြောဆိုခဲ့ပါလျက်. . .

ကြီးမားသော ချစ်ခြင်းမေတ္တာဖြင့် ခွင့်လွှတ်ပေးခဲ့ရှာသော ဖေဖေရယ်. . .

သားရဲ့ ရိုင်းစိုင်းမှုကို ခွင့်လွှတ်ရုံမက သား စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးရှာတဲ့ ဖေဖေ. . .

ဖေဖေ့ကို သား ဒီကနေပဲ ကန်တော့လိုက်ပါရဲ့ဗျာ။

နေမင်းသာမှာ ဖခင်ကြီး၏ ကြင်နာစွာ ကြည့်တတ်သော မျက်နှာ။ ကလေးလေးတစ်ယောက်လို စိုးရိမ်ပူပန်ဆဲမျက်နှာ။ ချစ်တတ်ရှာလွန်းသော အကြည့်။ နောက်ဆုံး ဆုံခဲ့စဉ်က ပေါက်ကွဲနေသော သားကို ဆုံးမစကားဖြင့် ညင်သာနူးညံ့စွာ ပြောကြားလိုက်သော ဖေဖေ့အသံ၊ နောက်ဆုံးမှာ မြင်ရသည်က. . .

ဖေဖေ၏ မျက်ရည်များ။

"သား ကန်တော့ပါတယ် ဖေဖေရယ်၊ ဖေဖေက ခွင့်လွှတ်ပြီးသားဆိုတာလည်း သားသိပါတယ်. . .



"အခုလို ရှောင်ပေးတဲ့အတွက်လည်း ဖေဖေ့ကို ရင်ထဲနှလုံးသားထဲက ကျေးဇူးတင်လှပါတယ် ဖေဖေရေ. . .

"သား တကယ်ပျော်ပါတယ်ဗျာ"

နေမင်းသာမှာ ပြုံးလျက်ကပင် တင်မေဦး ဖေဖေ့ထံ ရေးထားသည်ဆိုသော စာအိတ်ကလေးကို ဖွင့်ဖတ်လိုက်သည်။

အစ်ကိုကြီးရှင့်. . .

ညက အစ်ကိုကြီး ပြန်သွားကတည်းက ဦးတစ်ညလုံး ငိုခဲ့ပါတယ်။

ဦး ဝန်ခံစရာရှိလို့ ဒီစာကို ရေးလိုက်တာပါ အစ်ကိုကြီးရေ. . .

ဦးတို့ နှစ်ဦးသဘောတူ ကလေးတားဆေးရေးကိစ္စကို အစ်ကိုကြီး မသိအောင် ဦး ဆေးဖြတ်လိုက်တယ်။

ဘာကြောင့်လဲ သိလား. . .၊

အစ်ကိုကြီး ဦးကို ပစ်သွားမှာ ကြောက်လွန်းလို့ပါ။

ကလေးရရင်တော့ ပိုပြီး သံယောဇဉ်ခိုင်မာမယ်ဆိုတဲ့ ဦးရဲ့ အတွေးဟာ မှားခဲ့ပြီပေါ့နော်။

ကလေးရတယ်လို့ ပြောပြတော့. . . အစ်ကိုကြီး သိပ်ဝမ်းသာသွားခဲ့တယ်၊ အဲဒီညက ဦးကိုလည်း ယုယသွားခဲ့တယ်။

ဒါပေမယ့်. . . အစ်ကိုကြီး ပြန်သွားပြီး စဉ်းစားတယ် မဟုတ်လားရှင်. . . ဦးလို ဘဝပျက်မလေးကို အစ်ကိုကြီး တကယ်မယူရဲတော့ဘူး မဟုတ်လား။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငွေဆယ်သိန်းဆိုတာ ဒီနေ့ခေတ် ကုန်ဈေးနှုန်းနဲ့ တစ်သက်စာ မဖူလုံနိုင်ဘူးဆိုတာ ဦးလည်း နားမလည်ဘဲ နေပါ့ မလား အစ်ကိုကြီးရယ်။

ဦးဟာ တစ်ကောင်ကြွက်အဖြစ်နဲ့ ဘဝပျက်ခဲ့ရပါတယ် အစ်ကိုကြီးကို တွေ့စက ရှုံမှန်းပေမယ့် နောက်ပိုင်းမှာ အစ်ကို ကြီးကို ဦး တကယ် အားကိုးလာမိပါတယ်ဆိုတာ ယုံပါ။ ဦး ကျိန်ပြောဝံ့ပါတယ်။

ဦးဘဝမှာ အစ်ကိုကြီးလို အားကိုးစရာ နောက်တစ် ယောက် ရှာမရနိုင်တော့ဘူးဆိုတာလည်း ဦးဘဝကို ဦး သိထား နားလည်ပါတယ် အစ်ကိုကြီးရယ်။

ဒါကြောင့်လည်း ဦးကို ပစ်သွားမှာ ကြောက်လွန်းလို့ ဦး တိတ်တိတ်ကလေး ကိုယ်ဝန်ရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။

အစ်ကိုကြီးရေ. . .

မြန်မာပြည်မှာ ယောကျ်ားတွေကသာ မိန်းမတစ်ယောက် ကို လိုချင်ရင် အတင်းလိုက်ယူလို့ရတယ်၊ ကွာချင်ရင်လည်း အတင်းကွာပစ်လို့ရတယ်နော်။

မိန်းမတွေမှာတော့ ဒီလိုအခွင့်အရေးနဲ့ အင်အားမျိုး ရှိ ပါလားရှင်. . .။

အခုတော့. . . အရာအားလုံးကို စိတ်လျှော့လိုက်ပါပြီ အစ်ကိုကြီးရေ. . .။

အစ်ကိုကြီး ဆန္ဒအတိုင်း ကွာရှင်းတဲ့စာချုပ်မှာ ဦး လက်မှတ်ထိုးပေးပါမယ်။





ငွေဆယ်သိန်း မပေးချင်လည်း နေပါရှင်၊ ဦး တစ်ခုပဲ လေးလေးနက်နက် တောင်းပန်ပါရစေ။

ကွာရှင်းပေးရပြီးပေမယ့်. . .

မှီခိုအားထားစရာ မရှိတဲ့ ဦးနဲ့. . .၊ ဦးရဲ့ ရင်ထဲက ပေါက်ဖွားလာမယ့် အစ်ကိုကြီးနဲ့ ဦးတို့ရဲ့ ရင်သွေးလေး. . .

အဖမဲ့သားလေး. . .

အို. . . ဒီစာရေးရင်း ဦး ငိုပါတယ် အစ်ကိုကြီးရေ. . .

အစ်ကိုကြီး ဆန္ဒအတိုင်း ဦး လိုက်နာပါ့မယ်။

ဦးတို့သားအမိကိုတော့ ပစ်မထားပါနဲ့လို့ ရှိသေစွာ ရှိခိုး တောင်းပန်လိုက်ပါတယ် အစ်ကိုကြီးရယ်. . .

ဘဝတစ်လျှောက်လုံး ဒုက္ခရောက်ခဲ့ရတဲ့. . .

ကံဆိုးမ. . .

မိဦး

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ၃၄ ။

အပြာရောင်နုနု ဖဲပြောင်လေးကို တံတောင်ဆစ်ကျော်ရုံ အနားဝိုင်းလေးနှင့် ပခုံးမှ လက်ဆုံးအထိ ရှုံ့ပြီး တွန့်ထားသော လက်ပွပွ ဖောင်းဖောင်းနှင့်၊ ရင်ဘတ်မှာတော့ ခပ်ရှင်းရှင်းလေး ချုပ်ထားသော အင်္ကျီခါးရှည်နှင့်. . .

တစ်ဆင်တည်း ဖဲပြောင်ထဘီကို ခပ်တိုတိုနှင့် ချပ်ချပ်ကလေး ဝတ်လိုက်တော့. . .

စူးမှာ တီဗွီထဲက အဆိုတော်လှလှလေး တစ်ယောက်လို စင်ပေါ်တက်လို့ရလောက်အောင် တောက်ပစွာ လှနေတော့သည်။

မနက်အစောကြီး ထပြီး ဆံပင်တိုလေးကိုပင် နားဘေးမှာ ကားနေအောင် ဖွဖွလေး ပုံသွင်းပြီး အပြာရောင် ပလတ်စတစ် ဆံညှပ်နှင့် အဖြူရောင် နားဆွဲ လိမ်လိမ်ရှည်ရှည်လေး ဝတ်ဆင်ပြီး မိတ်ကပ်ပါးပါးလေး လိမ်းထား၏။ ထဘီတိုတိုနှင့် အသားရောင် ခြေအိတ်၊ ပြီးတော့. . . လေဒီရှူး ဖြူဖြူဖွေးဖွေးနှင့်။

အမြဲ ရိုးသားစွာ ဝတ်လေ့ရှိသော စူးမှာ လူမှားမတတ် ဖြစ်အောင် လှချင်တိုင်း လှသွားတော့သည်။

စူး၏ ကိုယ်မှာ အဖိုးတန် လက်ဝတ်ရတနာတော့ တစ်ခုမှ မပါ။ ရှိလည်း မရှိ။

ပန်းနုရောင် မျက်နှာလေးကို မိတ်ကပ်လေး ထပ်ဖို့လိုက်၊ မှန်ကြည့်လိုက်၊ နာရီကြည့်လိုက်နှင့်. . .

"ကိုကိုကလည်း. . . ကိုးနာရီ လာမယ်ဆိုပြီး ဆယ်မိနစ်တောင် ကျော်သွားပြီ"

စူးမှာ လေဒီရှူး မစီးဖူးသဖြင့် မမြင့်လှသော ဖိနပ်ကိုပင် အကျင့်ရအောင် အခန်းကျဉ်းလေးအတွင်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိပါ၏။

ယနေ့ တနင်္လာနေ့မို့ ကျောင်းသူတွေ တစ်ယောက်မှ မရှိကြ၍ တော်ပါသေးသည်။

မိုးလင်းကတည်းက စူး ဘာမှ မစားရသေး၊ ကော်ဖီ တစ်ခွက်ကိုပင် မနည်းမျိုချလိုက်ရပါသည်။

စူးဘဝ၏ စိတ်အလှုပ်ရှားရဆုံးနေ့. . .

ယနေ့ စူးနှင့် ကိုကို လက်ထပ်ရမည့်နေ့။

ကိုးနာရီ ဒီကိုလာမည်၊ ကိုးနာရီခွဲ ရုံးအရောက်သွားမည်။

အစ်ကိုလှထူးနှင့် မမထွေးတို့လည်း ခပ်စောစောကတည်းက ရောက်နှင့်နေကြမည် ဆိုသော်လည်း ယခုအထိ ရောက်မလာကြ။



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်အဝတ်တွေနှင့် စိတ်ကျဉ်းကျပ်ရသည့်အထဲ ချိန်း
သောအချိန် ရောက်မလာကြ၍ စူး စိတ်ပူစ ပြုလာပြီ။

ကိုးနာရီ မိနစ်နှစ်ဆယ်. . .

ကိုးနာရီ နှစ်ဆယ့်ငါးမိနစ်. . .

ကိုးနာရီခွဲ။

စူး မျက်ရည်ဝဲလာပြီ၊ စူးကိုများ၊ အရူးလုပ်ကြပြီလား။

အလှကိုလည်း ထပ်ပြင်ချင်စိတ် မရှိတော့၊ မှန်လည်း
မကြည့်နိုင်တော့ပါဘဲ ကားသံကိုသာ နားစွင့်နေဆဲ. . .

ကိုးနာရီ မိနစ်လေးဆယ်ကြာမှ ကားနှစ်စင်း ဆက်တိုက်
မောင်း၍ဝင်လာကြသည်။

ကိုကို့ကား တစ်စင်းမှ မပါ။ ဆလွန်းကားချည်း နှစ်စင်း

"ဟယ်. . . စူးရယ်၊ လှလိုက်တာကွယ်"

ပထမဆုံး ထွက်လာသော မမထွေးက ဝမ်းသာအား
ဆိုသည်။ သူလည်း ပြင်လို့ ဆင်လို့။

အစ်ကိုလှထူးကလည်း ကားထဲမှ ထွက်လာပြီး အား
ပါးရကြီး ပြုံးလို့. . .

"ကိုကိုရော"

စူးက မျက်ဝန်း အဝိုင်းသားနှင့် မေးလိုက်တော့. . .

"ဟိုနောက်ကားမှာလေ၊ အမယ်လေး. . . သတို့သား
က ရှက်နေထင်ပါ့"

"ဟုတ်ပါ့ကွာ၊ ဟော့. . . နေမင်းသား"

အစ်ကိုလှထူးကပါ ငယ်နာမည်နှင့် နောက်ပြီးခေါ်တော့





ကိုကိုထွက်လာသည်။

စိတ်စောရသမျှ ရင်မောရသမျှ ကိုကို့မျက်နှာကို မြင်ရချိန်
မှာ အားလုံး ပြီးပြေခဲ့ပါပြီ။

ကိုကိုသည် ကော်လံကတုံး အကျီအဖြူ တိုက်ပုံအဖြူ
ဆွတ်ဆွတ်နှင့် အပြာရောင်အကွက် ပိုးပုဆိုးကို ဝတ်ထားပါ၏။

စူးနားသို့ ရှတ်တရက် မလာသေးဘဲ ဝေးဝေးက စူးစူး
စိုက်စိုက် ကြည့်နေ၍ စူးက မျက်စောင်းထိုးတော့မှ ကိုကိုက
ဖြည်းဖြည်းချင်း လျှောက်လာပြီး. . .

"လှလိုက်တာ စူးရယ်၊ ကိုကို ကြည့်လို့မဝအောင်ကို
လှလိုက်တာ"

"ကိုကို့ပဲ လှလှလေး ပြင်ထားဆို"

"စူးရယ်"

ကိုကို့အသံက တုန်လှိုက်နေ၏။

"စူး ဘာလုပ်စရာ ရှိသေးလဲ"

"မရှိဘူးလေ၊ ကိုးနာရီ လာမယ်ဆိုပြီးတော့"

"နောက်ကျသွားတယ်ကွယ်"

"ဒါဖြင့်. . . သွားကြမယ်လေ"

ကားပေါ် တက်အံ့ဆဲဆဲမှာ အစ်ကိုလှထူးက. . .

"ဟော့. . . နေမင်းသား၊ လက်ထပ်စာချုပ်ပါရဲ့လား"

"ပါတယ်၊ အစ်ကို့ကား ဒက်ရှ်ဘို့ထဲမှာ"

"အေး. . . ပြီးရော၊ ဒါဆို တရားရုံး တန်းသွားမလား"

"ဟုတ်ကဲ့ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းမှာ အစ်ကိုလှထူးနှင့် မမထွေးတို့ ဝင်ထိုင်ကြသည်။

စူးမှာ ကြောင်၍ ရပ်နေဆဲ. . .

"လာလေ. . . စူးလေး"

ကိုကိုက စူးလက်ကို ဆွဲခေါ်တော့ ကိုကို့လက်တွေအေးစက်လို့။

ကိုကိုလည်း စူးလိုပဲ ခံစားမှုတွေနှင့်ပါလား။

ကိုကိုက နောက်တံခါးဖွင့်ပေး၍ စူး ဝင်လိုက်ပြီးမှ ကိုကိုက ကားနောက်မှ ပတ်ကွေ့ကာ၊ ဟိုဘက်တံခါးပေါက်မှ ဝင်ပြီး စူးဘေးမှာ ထိုင်၏။ အနီးကပ် မဟုတ်။

အစ်ကိုလှထူးတို့ကားလို ရှေ့က ဒရိုင်ဘာ တစ်ဦးတည်း မဟုတ်ဘဲ. . .

ဒရိုင်ဘာ၏ဘေးမှာ တိုက်ပုံနှင့် သားသားနားနား ဝတ်စားထားသော ကိုကို့လိုအရွယ်တစ်ယောက် လူပိုပါလာ၏။

ကားက ကိုကိုနှင့်စူးတို့နှစ်ယောက် တရားဝင် လက်ထပ်ဖို့အတွက် တရားရုံးရှိရာသို့ ဦးတည်မောင်းနှင်နေလေပြီ။

ယခုခရီးသည် ချစ်သူဘဝဖြင့် နောက်ဆုံး သွားရသော ခရီး. . .

အပြန်ခရီးမှာဆိုလျှင် ချစ်သူဘဝမှ လွန်မြောက်ကာ တရားဝင် အကြင်လင်မယား အဖြစ်နှင့် ပြန်လာရပေတော့မည်။

စူးသည် ကိုကို၏ တရားဝင်ဇနီးဖြစ်ပြီ။

ကိုကို့ကို ပိုင်ဆိုင်ရတော့မည်။





စူးမှာ စိတ်ကူးနှင့် တစ်ယောက်တည်း ပျော်နေဆဲ. . .

"စူး. . . ဒါ ကိုကို့ အချစ်ဆုံးသူငယ်ချင်း 'ကျော်စွာအောင်' တဲ့၊ ဝင်ဒါမီယာမှာ နေတယ်၊ ဒါ သူ့ကားပဲ၊ ကိုကိုတို့ လက်မှတ်ထိုးရာမှာ သက်သေအဖြစ်နဲ့ လိုက်မယ့်သူ"

"ဟုတ်ကဲ့ရှင့်"

စူးက ပြုံးပြသော်လည်း ကိုကျော်စွာအောင် ဆိုသူက ခပ်တည်တည်ပင်။ သူ့မျက်နှာမှာ အပြုံးမမြင်ရ၍ စူးလည်း သူ့ကို ထပ်ပြီး နှုတ်မဆက်တော့။

ကိုကိုက စူး၏လက်ကလေးကို တစ်လမ်းလုံး ဆုပ်ကိုင်သာရှာသည်။

သူတို့ သူငယ်ချင်းနှစ်ယောက်သည် မျက်နှာက ပုံတူဆုထားသလို တည်ငြိမ်နေပါ၏။

ကိုကိုသည်သာ စူးလက်ကလေးကို ဆုပ်လိုက်၊ စူးကို အကြာကြီး ကြည့်နေလိုက်၊ ဆတ်ခနဲ လှည့်သွားလိုက်နှင့် ရှိနေသည်။

စူးလိုပင် ကိုကိုလည်း ခံစားမှုများနှင့် ပြည့်နှက်နေဟန်ရှိပါသည်။ ဘာစကားမျှမပြော။

နေမင်းသာ ရင်တွင်းမှာ သူ့ဖခင်နှင့်ပတ်သက်၍ ပြင်းပြစွာ ခံစားနေရသော ဝေဒနာ။

သူ့ မမဦး၏ စာအရ စိတ်လျှော့အားငယ်စွာ ငိုရှိုက်နေရှာသည့် ရင်ကွဲကြေဝေဒနာတို့ကို ဘာမှ မသိရှာသော စူးသည်လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ချစ်လှစွာသော ကိုကို၏ ဘဝတွင်းသို့ မိနစ်ပိုင်း အတွင်း ဝင်ခွင့်ရတော့မည်မို့ စကားပြောခွင့် မသာသော်လည်း ပြုံးမျက်နှာလေးက သူပျော်ကြောင်း ပြနေပါ၏။

နေမင်းသာသည်သာ ချစ်သောစူး မသိအောင် ခိုး၍ခိုး၍ သက်ပြင်းတွေ ချနေရသည်။

"ဦးလေးရေ. . . ဖေဖေ့ဆီ ခဏ ဝင်ချင်တယ်၊ အနောက် ပိုင်းကိုမောင်းပါ"

နေမင်းသာက ဒရိုင်ဘာကို လှမ်းပြောတော့ စူးက အလန့်တထိတ်ဖြင့်. . .

"အစ်ကိုလှထူးတို့နဲ့ လွဲကုန်မှာပေါ့"

"ရပါတယ်၊ သူတို့ ရုံးကစောင့်နေလိမ့်မယ်"

"ကိုကို"

"ဟင်"

"ကိုကို့ ဖေဖေဆီ ဘာဝင်လုပ်ရမှာလဲဟင်"

"ဖေဖေလည်း လိုက်မယ် ပြောလို့ ခဏလေး ဝင်မလို့ပါ"

နေမင်းသာ စကားဆုံးသည်နှင့် ကျော်စွာအောင်က ဆတ်ခနဲ လှည့်ပြီး. . .

"မင်းအဘိုးကြီးပါ လိုက်မယ် ဟုတ်လား"

"ဖေဖေ စောင့်နေလိမ့်မယ်၊ ခဏလေး တက်ပြောပြီး ကန်တော့မလို့ပါ"

ကျော်စွာအောင်က သူ့သူငယ်ချင်း နေမင်းသာကို ခပ်စိမ်း





စိမ်း ကြည့်ပြီး ပြန်လှည့်သွားတော့သည်။ ဘာမှ သူ မပြော တော့ပါ။

ရွှေတောင်တန်းရှိ ဦးချမ်းသာ၏ ချမ်းသာပွဲရုံရှေ့မှာ ကားရပ်တော့ နေမင်းသာက ဆင်းပြီး. . .

"ဟို အိတ် သတိထားနော်"

"ငါ အားလုံးသိတယ် ဟေ့ကောင်"

ကျော်စွာအောင်၏ ပေါင်ပေါ်မှာ အတက်ချီကေ့စ် တစ်ခု. . .။

စူးကပါ ဆင်းရန် ကားပြင်သို့ ခြေလှမ်းလိုက်တော့. . .

"စူး မဆင်းနဲ့လေ"

"ဟင်. . . ကိုကိုပဲ ခဏလေးတက်ပြီး ကန်တော့မလို့ဆို"

"စူး နေခဲ့ပါ"

စူးက ရှက်ရှက်နှင့် ကားတွင်း ပြန်ဝင်လိုက်ရသည်။ ကိုကို့ ကိုလည်း မကျေနပ်။

သဘောမတူစရာ မရှိပါဟု ဆိုထားသော ယောက္ခမကို လက်ထပ်သည့်နေ့မှ ဝင်ကန်တော့ရမှာ မောင်နှံစုံညီ မဖြစ်သင့် ပေဘူးလား။

အဲဒီ ကိုကို တစ်ယောက်က ဘာဖြစ်နေမှန်းကို မသိဘူး။

စိတ်တွင်းက ငြူစူစွာဖြင့် စူး. . . ခပ်စူစူပင် ထိုင်စောင့် နေမိသည်။

ဒရိုက်ဘာက ကားပြင်ထွက်၍ ဆေးလိပ်သောက်နေ သည်။ ကိုကျော်စွာအောင် ဆိုသူက စူးသို့ မကြာခဏ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လာသော်လည်း စူးကို နှုတ်ဆက်စကားဆိုရန် ဝေါဟာရများ ပျောက်ဆုံးနေသည် ထင်ပါ၏။

သူ့ နှုတ်မှ ဘာစကားမှ ထွက်မလာ။

◆ ◆ ◆

နေမင်းသာ တိုက်ပေါ်သို့ တက်လာချိန်မှာ ဦးချမ်းသာကို မတ်တတ်ရပ်လျက် တွေ့ရတော့ ခြေလှမ်းများ တန့်ပြီး ကြောင်သွားသည်။

ဦးချမ်းသာမှာ အင်းလေး ပိုးလုံချည်အသစ်နှင့် တိုက်ပုံအညိုနှင့် ကတ္တီပါဖိနပ် နီညိုရောင်ကိုပင် အသင့်စီးထားသည်။

"ဖေ. . . ဖေ"

"ဩော်. . . သားရောက်လာပြီလား၊ ဖေဖေ မနက် ကိုးနာရီကတည်းက အဆင်သင့် စောင့်နေတာ"

"ရုံးကို လိုက်မလို့လား"

"အေးပေါ့၊ သားနဲ့ စူးနဲ့ ဒီနေ့ လက်မှတ်ထိုးမယ်ဆို၊ ဖေဖေ စောင့်နေမယ်လို့ စာရေးလိုက်သားပဲ သားရဲ့"

ပကတိ တည်ငြိမ်ဟန်ဖြင့် ဘာမှ မခံစားရသလို ပြောနေရှာသော ဖေဖေ ဦးချမ်းသာရယ်လေ. . .

ဖေဖေရဲ့ ရင်ထဲမှာ အပူလှိုင်းတွေ ဖြတ်သန်းနေတယ်





ဆိုတာကိုတော့ ဖေဖေ ဘယ်လိုပဲ ဖုံးကွယ်ထားပေမယ့်. . . ဖေဖေ့ မျက်ဝန်းမှာ မြင်သာနေပါတယ်။

ဖေဖေ အစွမ်းကုန် ပြုံးထားပေမယ့်. . . ဖေဖေ့မျက်ဝန်းမှာ မှိုင်းညို့လျက်ပါ။

"သားကို ခွင့်လွှတ်ပါ ဖေဖေရယ်"

နေမင်းသာ ဖခင်၏ခြေရင်း ကြမ်းပြင်မှာ ထိုင်ချလိုက်သည်။

"ခွင့်လွှတ်ပြီးသားပဲ သားလေးရယ်၊ သားလေး ပျော်တယ်ဆိုရင် ဖေဖေ ဝမ်းသာလှပါပြီ၊ စူးရောပါတယ် မဟုတ်လား၊ ခေါ်ဦးလေသား"

"နေပါစေတော့. . . ဖေဖေရယ်"

"သားတို့ ရုံးက လက်ထပ်ပြီး ပြန်လာကြတာလား"

"အခုမှ သွားမလို့ပါ"

"ဖေဖေ လိုက်ခဲ့မယ်လေ သားကြီး"

"မလိုက်ပါနဲ့ ဖေဖေ"

"အေး. . . အေး၊ မလိုက်နဲ့ဆိုလည်း မလိုက်ဘူးလေ နော်"

နေမင်းသာသည် အံကို ခဲထားသော်လည်း မျက်ရည်က ထိန်းမရ။

"သား ဖေဖေ့ကို ပြစ်မှားခဲ့တာတွေ အတွက် သား. . . သား ကန်တော့ခဲ့ပါတယ် ဖေဖေ"

ဦးသုံးကြိမ်ချပြီး ပြန်မော့လာတော့ နေမင်းသာ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ မျက်ရည်တွေ စိုနစ်လျက်. . .

"အို. . . သား. . . သား ဘာလို့ ငို. . ."

"သား သွားတော့မယ် ဖေဖေ"

"သား. . . နေမင်းသာ. . . သားလေး"

ဦးချမ်းသာ၏အသံသည် လှေကားထိပ်မှ ပြေးဆင်းသွားသော နေမင်းသာကို လိုက်မမီတော့. . .

လှေကားမှ မထွက်မီ သူ၏ မျက်ရည် မျက်နှာကို ချစ်လှစွာသော စူးမမြင်မိစေရန် မျက်ရည်စက်တို့ကို အကုန်အစင် သုတ်ပြီးကာမှ ကားတွင်းသို့ နေမင်းသာ ဝင်ခဲ့သည်။

မျက်ရည်သာ စင်သော်လည်း ပျက်နေသော မျက်နှာနှင့် နီနေသော မျက်ဝန်းများကိုကြည့်ပြီး. . .

"ဘာလဲ. . . ကိုကို့ဖေဖေက မလိုက်နိုင်ဘူးလို့ ပြောလိုက်တယ်မဟုတ်လား"

"မဟုတ်ဘူး စူး"

ဖြေသူက နေမင်းသာမဟုတ်. . . ကျော်စွာအောင်။

"ဟိုမှာ. . . ဝရန်တာက အဘိုးကြီး ထွက်ကြည့်နေတယ်၊ ပုံစံအပြည့်နဲ့၊ စူး ကြည့်လိုက်စမ်း"

ကျော်စွာအောင် ညွှန်ပြရာသို့ မော့ကြည့်လိုက်တော့. . . ပွဲထိုင်သွား ဝတ်စုံပြည့်နှင့် ပြုံးပြီး လက်ပြနေသော ဦးချမ်းသာကို စူး မျက်ဝါးထင်ထင် မြင်ရပါပြီ။

"ဖေဖေက လိုက်မလို့ အဆင်သင့်ပြင်ထားတာပါ စူးရယ် ကိုကိုက မခေါ်ခဲ့တာပါ"





"ဟောဒီ ကိုကိုဟာလေ. . . ဘာဖြစ်နေမှန်းကို မသိဘူး"

စူး၏ ပြုံးပြုံးစစ အမူအရာလေးကို အကြာကြီး ငေးကြည့်နေပြီးမှ. . .

"ကိုကို့ကို ခွင့်လွှတ်ပါစူး"

◆ ◆ ◆

ဆယ်တန်းအောင်ခဲ့ပြီး ပထမနှစ် တက်နေဆဲ ကျောင်းသူတစ်ယောက်မို့ စာလုံးပေါင်း မရည်မတွက်နိုင်အောင် ရေးဖူးပြီး လက်မှတ်အကြိမ်ကြိမ် ထိုးဖူးပါလျက်. . .

သည်တစ်ခါ ထိုးရသော လက်မှတ်လောက် ချောက်ချားတုန်လှုပ်ရပုံမျိုး မကြုံဖူးသေးပါ။

လက်ထပ်စာချုပ်က နှစ်ရွက်မို့ ပထမတစ်ရွက် ထိုးအပြီးမှာ ဒုတိယစာချုပ်၏ သတို့သားလက်မှတ်ကို ကိုကိုက အရင်စ၍ ထိုးရသည်။

"အို. . . ကိုကိုလည်း စူးလိုပါပဲလား"

ကိုကို့ လက်မှတ်တို့သည် အဆွဲအသတ်များ၌ အထစ်အထစ်နှင့် အတွန့်အတွန့်လေးတွေ ဖြစ်နေတော့သည်။

ပြီးတော့. . . ကိုကျော်စွာအောင်နှင့် အစ်ကိုလှထူးတို့ သက်သေအဖြစ်. . .



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျ တရားရေးဝန်ထမ်းက အသိအမှတ်ပြုပြီး ရုံးတော်တံဆိပ် ခတ်နှိပ်ကာ. . . ရယ်ဂျစ္စတာ စာအုပ်ထူကြီး အတွင်းမှာ စာရင်းသွင်း၏။

"နေမင်းသားနှင့် စူးတို့နှစ်ဦး တရားဝင် အကြင်လင်မယား ဖြစ်လေပြီ"

ကိုကျော်စွာအောင်ကပင် တာဝန်ယူကာ ရုံးလုလင်လေးမှ တစ်ဆင့် ဝန်ထမ်းများအတွက် မင်္ဂလာ လက်ဖက်ရည်ဖိုးကို ပေး၏။ သူနှင့်အတူ ပါလာသော အိတ်ပြားပြား အမည်းကြီးကိုတော့ သူလက်မှမချ။

အပြင်ရောက်လာကြတော့. . .

"မင်းတို့ကား နှောက်ကျနေတော့ ငါဖြင့် စိတ်ပူလိုက်ရတာကွာ"

"ဟုတ်ပ၊ ကားများ တစ်ခုခုဖြစ်နေပြီလားလို့၊ ရင်ကို မနေရတာ၊ အခုမှပဲ အလုံးကြီးကျတော့တယ်"

အစ်ကိုလှထူးနဲ့ မမထွေးတို့၏စကား။

"နေမင်းသာ"

အစ်ကိုလှထူးက နေမင်းသားဟူ၍ မခေါ်တော့ဘဲ လေးနက်တည်ကြည်စွာ ခေါ်လိုက်ပြီး ယောက်ဖအသစ်စက်စက်ကလေး၏ ပခုံးကို ဆုပ်ကိုင်လျက်. . .

"ကျေးဇူးတင်ပါတယ်ကွာ၊ အဆင့်ချင်းက သိပ်ကွာနေလို့ မင်းတကယ်မှ စူးကို ယူပါ့မလားလို့ ငါ စိတ်ပူနေမိတယ်၊ အခုတော့. . . အစ်ကိုလှထူးကြီး မင်းကို တကယ် ကျေးဇူးတင်ပါ





တယ်၊ ငါ့နှမလေး ကောင်းစားသွားပြီပေါ့ကွာ"

ရင်မှ လှိုက်လှဲသောစကားဖြင့် တပ်ကြပ်ကြီး လှထူးက ပွင့်ပွင့်လင်းလင်း ကျေးဇူးတင်စကား ဆိုရှာပါ၏။

"ကဲ. . . ပြန်ကြမလား"

ကျော်စွာအောင်က နေမင်းသာ စကားကို ဖြတ်လျက်. . .

"ဘယ် ပြန်လို့ ဖြစ်ဦးမလဲ၊ အစ်ကိုလှထူးတို့လည်း အစောကြီးကတည်းက လိုက်လာရတာ၊ အားလုံး တစ်နေရာရာမှာ တစ်ခုခု စားကြဦးမှပေါ့"

"ငါ မဆာတာနဲ့ မေ့ပြီး ပြောမိတာပါကွာ"

"နေပါစေ မောင်လေးရယ်၊. . . မမထွေးတို့လည်း ဝမ်းသာလုံးဆို့ပြီး မဆာပါဘူး၊ မမထွေးတို့ကို ပြန်မပို့အားလည်း ရပါတယ်၊ လိုင်းကားနဲ့ပြန်လည်း ဖြစ်ပါတယ်"

"ဟာ. . . မမထွေးကလည်း၊ ကျွန်တော်တို့ပါ မင်္ဂလာဒုံ လိုက်ကြမှာပါ"

"ဩော်. . . ဟုတ်လား၊ လိုက်ခဲ့ကြလေ မောင်ကျော်စွာအောင်"

"ကဲ. . . ဒါဖြင့်လည်း မြို့ထဲမှာ နီးနီးနားနား နန်းယူမှာပဲ မနက်စာ စားကြတာပေါ့"

ကျော်စွာအောင် စီစဉ်သည်ကို နေမင်းသာက အနီးကပ်ပြီး. . .

"ငါ ဘာမှ စားချင်စိတ်မရှိဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com

"မစားချင်လည်း တစ်ခါတည်း လဲသေလိုက်ပါလား။ မင်းမျက်ခွက်လည်း မင်းပြင်ဦး"

"ဟင်"

"မင်းအဖေနဲ့ မင်းနဲ့ကိစ္စကို ခဏမေ့ထားလိုက်စမ်းပါ။ ဒီနေ့ စူးသိပ်ပျော်နေတယ်၊ ပျော်ပါစေကွာ၊ သနားပါတယ်"

ကျော်စွာအောင်၏ စကားအရ နေမင်းသာသည် ကားရှေ့မှာရပ်လျက် မမထွေးနှင့် စကားပြောရင်း ကြည်နူးစွာ ပြုံးနေရှာသော စူးကို လှမ်းကြည့်လိုက်မိသည်။

"အင်း. . . စူးဟာ ဒီနေ့ ငါ့ရဲ့ တရားဝင်ဇနီးလေး ဖြစ်သွားပြီ၊ ဟုတ်ပါတယ် စူး ပျော်ပါစေ. . . ပျော်ပါစေလေ"

"ကဲ. . . ဟော့ကောင်ကျော်စွာ၊ မင်းပဲ နန်းယုရောက်ရင် ကြည့်စီစဉ်ပြီး မှာကျွေးစမ်းပါ"

"ကဲ. . . မင်းအဘိုးကြီးနဲ့၊ မင်းနဲ့ ခွင့်လွှတ်ခြင်းတွေ စွန့်လွှတ်ခြင်းတွေ အားလုံး မေ့ထားလိုက်စမ်းပါ၊ ဘာမှမသိရှာတဲ့ စူးလေး သနားပါတယ်ကွာ"

ကျော်စွာအောင်၏ အစီအစဉ်အတိုင်း နန်းယုမှာ နံနက်စာကို စားဖြစ်ကြပါ၏။

စူးလည်း မစားနိုင်။

နေမင်းသာကတော့ တို့ရုံသာ. . .

အစ်ကိုလှထူးနှင့် မမထွေးကဖြင့် ဝမ်းသာခြင်း ဝမ်းဟာခြင်းတို့ကြောင့် စားကောင်းပါ၏။

လက်ကိုင်အိတ်နက်ကြီး တကားကားနှင့် ကျော်စွာ





အောင်၏ အစီအစဉ်မို့ မင်္ဂလာဒုံအိမ်မှ ကလေးတွေအတွက် ဘာမှ မမှာမိ။

မမထွေးက သူမျှားအိမ်မှာ ထားခဲ့ရသော သူ့သားသမီးများအတွက် သူ သတိရပါသော်လည်း သူက ပြော၍မတော်သည်မို့ ငြိမ်နေလိုက်ရသည်။

မိခင်တို့မည်သည် ကိုယ်စားကောင်းသောက်ဖွယ်လေးများ စားရလျှင် သားသမီးတို့ကို သတိတရဖြင့် ကျွေးချင်တတ်ကြသည်ပါ။

စားပြီး အားလုံး မင်္ဂလာဒုံသို့ ပြန်ကြချိန်မှာ နေ့လယ်တစ်နာရီ ထိုးခါနီးပြီ။

အပြန်လမ်းတလျှောက်လုံးမှာတော့ နေမင်းသာသည်. . ကားမှီပေါ်မှာ လက်တင်ပြီး စူး၏ ပခုံးလေးကို ဖက်ထားလိုက်သည်။

ကျန် လက်တစ်ဘက်က စူး၏ လက်ခုံလေးကို အုပ်ကိုင်ထားရင်း မြတ်နိုးစွာ အကြိမ်ကြိမ် နမ်းရှိုက်မိပါ၏။

စူး၏ လက်ကလေး ပူနွေးလာသော်လည်း နေမင်းသာ၏ လက်က အေးစက်နေဆဲ. . .။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၃၅ ॥

မမထွေးက ကလေးများကို သွားခေါ်နေ၏။ သူတို့ မိတ်ဆွေရင်းရှိရာ အနောက်ဘက်လိုင်းမှာ ထားခဲ့ခြင်းဖြစ်၏။

ကျော်စွာအောင် စီစဉ်လာခဲ့သော ဂျီအယ်လ် ကားကို ပြန်လွှတ်လိုက်ပြီ။

စူးတို့ စီးခဲ့သော တိုယိုတာ စပရင်တာ ကားပေါ်က ကျော်စွာအောင် မဆင်း၍ အစ်ကိုလှထူးသည် နောက်ခန်းမှာ ဝင်ထိုင်၍ စကားပြောနေရရှာပါ၏။

အိမ်ပေါ်မှာတော့. . .

"လှလိုက်တာ ချစ်ရယ်၊ ဒီနေ့ ဝတ်တဲ့ အပြာရောင် ဝတ်စုံလေးနဲ့ စူး၊ ကိုကို့မျက်စိထဲက တစ်သက်လုံး ထွက်နိုင်တော့မှာ မဟုတ်ဘူး"

"အဲဒါ မမဦး ဝယ်ပေးတာလေ ကိုကို"

မမဦးဆိုသော 'မဖေ့ရဲ့ ဇေရီ'အမည်ကို ကြားလိုက်





ရတော့ နေမင်းသာ ရင်ထဲမှာ နင့်သွားရပါပြီ။

တစ်ယောက်ပျော်လျှင် တစ်ယောက် ငိုရမည့်အဖြစ်။

ကံဆိုးလှတဲ့ ဦးနဲ့ စူးတို့ ညီအစ်မရယ်။

နေမင်းသာသည် စူးကို လှမ်းဖက်လိုက်ပြီ၊ ရင်ထဲမှာ နစ်သွားအောင် ပိုက်ထွေးထားလိုက်မိသည်။

စူးကလည်း နေမင်းသာ၏ခါးကို တအားသိမ်းကြုံး ဖက်ထားလိုက်သည်။

မိန်းမသားတစ်ယောက်အတွက် ကိုယ့်ရဲ့ အချစ်ဦးကို အဆင်ပြေစွာ ပိုင်ဆိုင်ခွင့် ရခြင်းသည် အကြီးမားဆုံးသော ဆုလာဘ်တစ်ပါးဖြစ်ပါပေ၏။

"ကိုကိုရယ်. . . စူး ပျော်လွန်းလို့၊ စူး ရင်တွေကို လှပ်လှပ်ခုန်လို့"

"ကိုကိုလည်း ပျော်ပါတယ် အချစ်ရယ်"

ရင်ချင်းအပ်၍ ဖက်ထားသော တစ်ဦးမျက်နှာ တစ်ဦး မမြင်သာ. . .

စူး၏ မျက်နှာလေးက အဆုံးမရှိသော ကြည်နူးခြင်းဖြင့် ပြုံးနေရှာသော်လည်း. . .

ပြဿနာစုံကို သိရှိခံစား နားလည်ထားပြီးသား နေမင်းသာ သည်မူ မျက်ဝန်းအပြည့် မျက်ရည်များ ဝဲလာသည်။

"ကိုကိုရယ်. . . ကိုယ့်အဖြစ်ကို ကိုယ်တောင် မယုံရဲ သလိုပဲ၊ ကိုကို့ကို စူး တကယ် ပိုင်ဆိုင်ခွင့်ရတာပါနော်"

"စူးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ဖေဖေကပါ သဘောတူတယ်ဆိုတာလည်း ယုံသွားပါပြီ၊ အဘိုးကြီး လိုက်မယ်ဆိုလည်း လိုက်ပါစေလား။ ကိုကို့ကို ရှည်တာ၊ အို. . . ဒီနေ့ ကိုကို တစ်မျိုးကို ဖြစ်နေပါတယ်"

စူး၏ ဆံယဉ်မွှေးလေးပေါ်မှာ ပါးအပ်ထားသော နေမင်းသာ သည် စူးမမြင်နိုင်မီ မျက်ရည်များ ခတ်သွင်းလိုက်ပြီးမှ စူး မျက်နှာလေးကို ငုံ့ကြည့်ပြီး. . .

"မိန်းမရတဲ့ နေ့လေ စူးရဲ့"

"ဟင်း"

"ရှင်လိင်ပြန်တဲ့နေ့ရယ်၊ ထောင်ထွက်တဲ့နေ့ရယ်၊ မိန်းမရတဲ့နေ့ရယ်ဟာ. . . ယောကျ်ားတွေ အတွက် အထူးခြားဆုံးတဲ့ ကိုကို သိပ်ထူးခြားနေလို့လားဟင် ချစ်"

"ကိုကို့ ကြည့်ရတာ တစ်မျိုးကြီးပဲ"

"မိန်းမမှ တစ်ခါမှ မရဖူးတဲ့ လူပျိုစစ်ကလေးပဲ၊ ဒီလောက်တော့ ရှိမှာပေါ့ မိန်းမရဲ့"

"ကြည့်ပါလား ခေါ်ပုံကိုက"

"ဟင်. . . စူးဟာ ကိုကို့မိန်းမ ဖြစ်သွားပြီလေ"

"ဟင်အင်း. . . ဒါပေမယ့်. . . အဲလိုကြီး မခေါ်နဲ့ ကိုကိုရာ"

"မိန်းမလို့ မခေါ်ရဘူး။ ကိုကို့ မိန်းမလို့ မခေါ်ရဘူးတဲ့လား စူးရယ်"

နေမင်းသာက သည်သို့ ပြောပြီးသည်နှင့် စူးကို ပြန်လည်





တင်းကျပ်စွာ ဖက်ထားပြန်သည်။

"ကိုကိုကလည်းကွယ်၊ ရှုတ်တရက်ဆိုတော့ နားထဲမှာ ရိုင်းသွားလို့ပါ၊ ကိုကို စိတ်မဆိုးပါနဲ့နော်"

"မဆိုးရက်ပါဘူး အချစ်ရယ်"

စူးက နေမင်းသာကို တိုးဖက်လိုက်သည်။ ဤအခေါ် အပြောလေးများကို ရင်သိမ့်ကြည်နူးစွာ ခံယူပါသည်ဆိုသော သက်သေပြချက်အဖြစ်. . .

နေမင်းသာက စူး၏ မျက်နှာလေးကို မော့ယူပြီး နမ်းရှိုက်တော့မည့်ဆဲဆဲမှာ. . .

"ဟဲ့သား. . . ဖြည်းဖြည်းတက်၊ သမီးလည်း လိမ့်ကျမယ်နော်"

တမင် အသံပေးပြီး မမထွေးတို့ မိသားစု ပြန်ရောက်လာကြပြီ။

စူးနှင့် နေမင်းသာလည်း လူချင်းခွဲပြီး ညှော်ခန်းကျဉ်းလေးမှာ ယှဉ်တွဲထိုင်လိုက်ရပါ၏။

အစ်ကိုလှထူး ဦးဆောင်ခေါ်လာ၍ ကိုကျော်စွာအောင်လည်း သူ့အိတ်နက်ကြီး ဆွဲပြီး တက်လာပါ၏။

"ထိုင်ကြဦး၊ အမောပြေ ကော်ဖီသောက်ပြီးမှ အားလုံးပြန်ကြပေါ့"

မမထွေး၏ ညှော်ဝတ်ကျေစကား ဖြစ်ပါလျက် နေမင်းသာနှင့် ကျော်စွာအောင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသည် စူးကို မနမ်းလိုက်ရလို့ ထင်ပါ၏။ နွမ်းနယ်စွာ ထိုင်နေရှာသည်။

"မမထွေးကို မင်းအစီအစဉ် ပြောလိုက်ဦးလေကွာ"

သည်တော့မှ နေမင်းသာက. . .

"မမထွေး ခဏ ထိုင်ပါဦး၊ ကော်ဖီလည်း မသောက်ချင်တော့ပါဘူး"

"အေး. . . အေး၊ လာပြီ"

ညှော်ခန်းမှာ ဆုံမိကြတော့. . .

"ကျွန်တော်နေတဲ့ တိုက်ကို ပြန်အပ်လိုက်ပြီးပြီ၊ စူးနဲ့ ကျွန်တော်နဲ့ နေဖို့တိုက်က ဝယ်ပြီးပြီ၊ ဆေးသုတ်နေတယ်၊ နက်ဖြန် သန်ဘက်လောက် ပြီးမှာပါ၊ ဒီတော့မှ အိပ်ရာခန်းနားပါ ဝယ်ရမယ်"

"ဩော်"

"လောလောဆယ်တော့ ကျွန်တော်တို့မှာ နေစရာမရှိသေးဘူး"

"ဟင်. . . မင်းဟာကလည်း၊ ဒါဆိုလည်း အားလုံးအဆင်သင့်ဖြစ်ပြီးမှ လက်မှတ်ထိုးကြရောပေါ့ကွယ်"

မမထွေးက မျက်မှောင်တွန့်ပြီး ဆို၏။

"စူးကို ဒီနေ့ လက်ထပ်မယ်လို့ ကျွန်တော် ကတိပေးထားလို့ပါ မမထွေး"

"အေးပေါ့"

"ဒါကြောင့် စူးကို အဆောင်လည်း ပြန်မပို့ချင်တော့ဘူး၊





ဒီမှာပဲ တစ်ည နှစ်ညလောက် ထားပါရစေနော်"

အင်း ကိုလှထူးက အစ်ကိုမို့ ညီမနှင့်ယောက်ဖ အိပ်ဖို့ နေဖို့ကိစ္စကို ဝင်မပြောသာ၍ ကလေးငယ်ကို ကောက်ချီပြီး တစ်ဘက်သို့ လှည့်နေ၏။

"မင်းဟာက မဟုတ်သေးပါဘူး ငါ့မောင်ရယ်"

"ဩော်. . . မမထွေးကလည်းဗျာ၊ ကျွန်တော် စူးကို ချစ်လွန်းလို့၊ ကျွန်တော့်ကို မယုံမှာ ကြောက်လွန်းလို့ ဒီနေ့ ဖြစ်တဲ့နည်းနဲ့ လက်ထပ်လိုက်တာပါ၊ ကျွန်တော့်ဘက်မှာ ပြဿနာလေးတွေ နည်းနည်းရှိလို့ပါ၊ စူးနဲ့မဆိုင်ပါဘူး၊ ဖေဖေနဲ့ စီးပွားရေးကိစ္စပါ"

"အေးလေ. . . ဒါဆိုလည်း စူးကို အကျိုးအကြောင်း ပြောပြပြီး ရှက်ရွှေ့လိုက်လည်း ပြီးတာပဲဟာ"

"ဟုတ်သားပဲ မမထွေး ပြောတာ၊ ကိုကိုက သောကြာနေ့က စူးနဲ့တွေ့တုန်းကလည်း ဘာမှ မပြောဘူး၊ စနေ တနင်္ဂနွေ တျတော့လည်း မလာဘူး"

"စူးနဲ့ ဒီနေ့မှာ လက်ထပ်ဖြစ်ဖို့အတွက် ကိုကို အလုပ်တွေ ရှုပ်နေလို့ပါကွယ်"

နေမင်းသာ၏ အသံက တိုးတိမ်နေ၏။

ကျော်စွာအောင်က သူတစ်ချိန်လုံး ဆွဲလာသော အိတ်နက်ကြီးကို နေမင်းသာလက်သို့ အပ်လိုက်သည်။

"အစ်ကိုလှထူးကြီး"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အိမ် အပ်လိုက်တော့ ကျွန်တော်ပိုင် အဖိုးတန်ပစ္စည်းတွေ သိမ်းလာခဲ့တာ၊ ဒီမှာပဲ ထားခဲ့မယ်နော်"

"ထားပါ၊ တို့တပ်ထဲကတော့ စိတ်ချရပါတယ်"

"ရော့. . . စူး၊ ဒီမှာသော့၊ အိတ်ထဲမှာ သေသေချာချာ သိမ်းထားနော်"

အိတ်နက်ကြီးကို ဘေးမှာချပြီး သော့ကို စူး၏ လက်ထဲသို့ အပ်၏။

"ကိုကိုက ဘယ်တော့ ပြန်လာမှာလဲ"

"လာခဲ့မှာပေါ့ စူး"

"ဒီညနေ ပြန်လာနော်" ဆိုသော စကားကို မှာချင်လှသော်လည်း ဇနီး အသစ်စက်စက်ဘဝမှာမို့ သည်စကားတို့ ပြောမထွက်၊ စူး ရှက်နေပါ၏။

"အစ်ကို ကျွန်တော်သွားလိုက်ဦးမယ်၊ ကိစ္စလေးတွေ မပြတ်သေးလို့"

"အေး. . . အေး"

"မမထွေး. . . ကျွန်တော် သွားမယ်နော်"

"မြန်မြန်လည်း ပြန်လာဟော့၊ စူး ငိုရင် တို့ မချော့တတ်ဘူး"

စူးက ရှက်ရယ်ကလေးရယ်ပြီး မမထွေးကို လှမ်းပုတ်၏။

"စူးလေးရယ်"

ထိုင်နေသော စူး၏ ပခုံးနှစ်ဘက်ကို တင်းတင်းကြီး ဆုပ်ကိုင်ပြီး ခေါ်လိုက်သော ကိုကို့၏ အသံသည်. . .





သူ နှလုံးအိမ်အတွင်းပိုင်းမှ ထွက်ပေါ်လာသော လှိုက်သံနှင့် မို့ စူး၏ နှလုံးသည်းပွတ်ကိုလည်း ကျင်ခနဲနေအောင် စူးရှ၏။

ကိုကို ဆင်းသွားတော့ စူး လိုက်ကြည့်နေမိသည်။

"အို. . . မိုးတွေ ရွာနေပါလား"

ကိုယ့်စိတ် လှုပ်ရှားမှုများကြောင့် မြင်ပကိုပင် မကြည့်ဖြစ်။

မိုးသည် အသံငြိမ်စွာဖြင့် သိပ်သိပ်သည်းသည်း ရွာချနေပါ၏။

ဝန်းကျင် တစ်ခုလုံး မှိုင်းညို့သွားခဲ့ပြီ။

မိုးစက် မိုးပွင့်များ ကြားမှာ ကိုကို့ကို တင်ဆောင်သွားသော ကားကို မြင်ကွင်းဆုံးသည်အထိ စူး လိုက်ကြည့်နေပါ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၃၆ ။

ပြောင်ပြောင်လက်လက် အဝတ်အစားကြီးကို ဝတ်ထားလို့လည်းမဖြစ်။ လဲစရာလည်း ပါမလာ၍ စူး နှစ်ကိုယ်စာဝင်၍ ရသော မမထွေး၏ ဘလောက်(စ်) ပွပွကြီးကို ဝတ်ထားရတော့လည်း လှပြီးသား စူးက ခေတ်ဆန်သွားသလို တစ်မျိုးကြည့်ကောင်းနေပြန်သည်။ ဒီနေ့ခေတ် မိန်းကလေးတွေက အကျႌပွပွကြီးတွေ ဝတ်နေကြသည်လေ။

အင်္ဂါနေ့ကလည်း နေမင်းသာ မလာ။

ယနေ့ ဗုဒ္ဓဟူးနေ့ နံနက်သို့ပင် တိုင်ခဲ့ပြီ။

မမထွေးနှင့် အစ်ကိုလှထူးတို့ကတော့ တီးတိုးပြောစပြုလာပြီ။ သူတို့မျက်နှာ များလည်း ပျက်စပြုနေပြီ။

စူးကတော့ ကိုကို့ကို သိပ်ယုံသည်။ စူးကို သိပ်ချစ်သော ကိုကို၊ ကတိတည်သော ကိုကိုပါ အစ်ကိုတို့ရယ်။

"စူးနဲ့ ကိုကိုနဲ့ နေဖို့ တိုက်ပြင်လို့ မပြီးသေးလို့ ဖြစ်မှာပါ၊





ပြီးတော့. . . အိမ် တစ်ဆောင်စာ ကိုကို တစ်ယောက်တည်း လိုက်ဝယ်နေလို့ ဖြစ်မှာပါ"

စူး တစ်ယောက်တည်း အတွေးထဲမှာ မျောနေဆဲ. . .

"စူး လာဦး"

အတွေး မပြတ်ခင်မှာ အစ်ကိုလှထူး ခေါ်သံကြောင့် သွားလိုက်ရသည်။

"ဟို အိတ်မည်းကြီးကို ဖွင့်လို့ရတဲ့သော့ ဟိုကောင် နင့်ကို ပေးသွားတယ် မဟုတ်လား"

"ဟုတ်ကဲ့. . . ပေးသွားပါတယ်"

"နင် ဖွင့်ကြည့်သေးလား"

"ဟင် အင်း"

"သွား ယူခဲ့စမ်း၊ အိတ်ရော သော့ရော၊ ဖွင့်ကြည့်ရအောင်"

"အဖိုးတန်ပစ္စည်းတွေ ပါတယ်လို့ ပြောတာပဲ၊ ကိုကိုလာမှ ဖွင့်ကြည့်ရင် မကောင်းဘူးလားဟင် အစ်ကိုလှထူး"

"မကောင်းဘူး"

"ရှင်"

"နင် နားမလည်ပါဘူး၊ အထဲမှာ နင့်အတွက် စာတွေဘာတွေများ ရေးထားလားလို့၊ ရှာကြည့်ရအောင်"

အစ်ကိုလှထူး စကားကြားရတော့ စူးရင်မှာ ပူလောင်လာပြီ။

"ကိုကိုများ စူးကို ပစ်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော အတွေးကို စူး ပထမဆုံး တွေးမိလာခဲ့ပါပြီ။

အတက်ချိုကော့စ်အိတ်မှ နံပါတ်နှင့် သော့ကို အစ်ကို လှထူး ခဲခဲယဉ်းယဉ်း ဖွင့်ရပြီး ပွင့်လာတော့. . .

"ဟယ်"

၇၅-ကျပ်တန် ဘဏ်ထုပ်အသစ်တွေ အထပ်လိုက်။

"ဟိုအဝတ်အိတ်ကို စူး ဖွင့်ကြည့်စမ်း"

စူးသည် အသေအချာ ထုပ်ထားသော အဝတ်အိတ်ကို ဖွင့်၍ ငုံ့ကြည့်လိုက်ပြီးသည်နှင့်. . .

"ဟာ. . . ဒီမှာလည်း စိန် ရွှေ လက်ဝတ်ရတနာတွေ အစ်ကို"

"အထဲမှာ စာရွက်တွေ ဘာတွေ တွေ့သလား"

"ဟင်အင်း"

"ပြန်သိမ်းထားလိုက်"

ကိုကိုများ စူးအတွက် စာရေးထားသလား ရှာတော့၊ အိတ်၏ အဖုံးထဲမှ သားရေပတ်ကလေးနှင့် ညှပ်ထားသော ကတ်ပြားလေး. . .

"စာရွက်ဆိုလို့ ဒါပဲ တွေ့တယ် အစ်ကို"

စူး လှမ်းပေးသော စာကို နှစ်ဘက်လှည့်ကြည့်ပြီး အစ်ကို လှထူးက ပြန်ပေး၏။ စူးလည်း ဖတ်၊ မမထွေးလည်း ဖတ်။

ကိုကို့ အချစ်ဆုံး စူးလေး. . .

ကိုကို သိပ် ချစ်ရတဲ့ စူးလေး. . .

စူးမလေးရဲ့ ကိုကို. . .





ကိုကို တွေ့ကရာ လျှောက်ရေးထားသော စာလေး သုံးကြောင်း။

တစ်ဘက် မျက်နှာက တိဗ္ဗိ ဗီဒီယိုအရောင်းဆိုင်တစ်ခု၏ ကြော်ငြာလိပ်စာကတ်ပြားလေး. . .

"ကဲ. . . ကဲ. . . ပြန်ပိတ်ထားလိုက်၊ သော့ကို သေသေ ချာချာသိမ်းထား"

အစ်ကိုလှထူး စကားဆုံးတော့ မမထွေးက. . .

"နေမင်းသာလောက် စူးကို ချစ်တာ ကမ္ဘာပေါ်မှာ ရှိမယ် တောင် မထင်ဘူး၊ ကြည့်ပါဦး ဒီလောက်ပစ္စည်းတွေ အပ်ခဲ့တာ၊ ပြီးတော့. . . သူကတိအတိုင်း တနင်္လာနေ့မှာ လက်ထပ် ဖြစ်အောင် ဆောင်ရွက်ရှာတယ်၊ သူမှာ ဘာကိစ္စတွေ အရေး ကြီးနေလဲမှ မသိတာ"

"အင်း. . . ဟုတ်မှာပါ"

"မိန်းမယူပြီဆိုတော့ သူ့အဖေနဲ့ စာရင်းရှင်းစရာ ရှိချင် ရှိမယ်၊ နေဖို့ အိမ်မပြီးသေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ စူးကို ဒီကောင်လေးချစ်တာ တရားလွန် တရားမဲ့ သေမတတ် ချစ်တာ၊ စူးဆီကိုများ သူပြန်မလာဘူးဆိုရင် ကျုပ်က ဇက်ဖြတ်တောင် ခံရဲသေးတယ်"

"အေးပါ. . . တရားဝင်တောင် လက်ထပ်ကြပြီးပြီပဲ၊ ဒါနဲ့ စာချုပ်ရော"

"စူးဆီမှာ ရှိပါတယ်အစ်ကို"

"အေး. . . အေး. . . ပြီးရော၊ သိန်းချီတန်တဲ့ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာတွေရော သူ့မိန်းမရော တို့ဆီမှာ အပ်ထားတာ၊ သူမလာဘဲ ဘယ်နေပါ့မလဲ၊ ဒီကောင်လေးမှာ ဘာအကြောင်းတွေများ အရေးတကြီး ရှိနေပါလိမ့်ကွယ်"

◆ ◆ ◆

ကားတစ်စင်း ဝင်လာသံ ကြားရပြီ။

အားလုံး လည်ဆန့်မျှော်နေဆဲမှာ စူးက ထအော်တော့သည်။

"ဟယ်. . . ကိုကို. . . ကိုကိုလာပြီ မမထွေးရေ"

စူး၏အသံက ကမ္ဘာပေါ်ရှိ ရတနာအားလုံးကို တစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ရသွားသကဲ့သို့ ဝမ်းသာခြင်းနှင့် ပြည့်နှက်နေပါ၏။

ကားကတော့ ကိုကို့ကားပြာလေး မဟုတ်သော်လည်း လက်ထပ်တဲ့နေ့က စူးတို့ စီးသွားသော ကျော်စွာအောင်၏ တိုယိုတာ စပရင်တာ ကားသစ်လေး. . .

ထွက်လာသူကလည်း ကိုကို မဟုတ်. . .

ကိုကျော်စွာအောင်. . .

ကိုကို့ကို အကြွင်းမဲ့ ယုံကြည်ပါသော်လည်း. . . ကိုကို ပါမလာသည့်အတွက် ရင်တွင်းမှာ ဗြောင်းဆန်သွားတော့သည်။

"ကိုကိုရော ဟင် ကိုကျော်စွာအောင်"





"ဒီကောင် အလုပ်တွေ သိပ်များနေလို့ ကျွန်တော့်ကို လွှတ်လိုက်တာ၊ ဒီမှာ စာပေးလိုက်တယ်"

စူးက လှမ်းယူပြီး ဖွင့်မည်အပြုမှာ. . .

"စူး၊ အေးအေးဆေးဆေးမှ ဖတ်လေ. . .၊ ကျွန်တော် လည်း လာခဲ့ရဦးမှာပါ၊ ကဲ. . . အားလုံးပဲ ကျွန်တော် ပြန်ပါဦး မယ်ခင်ဗျာ"

ဘယ်သူမှ ဘာစကားမှ မပြောဖြစ်လိုက်နိုင်မီမှာပင် ကိုကျော်စွာအောင်သည် အိမ်ပေါ်မှ အမြန်ဆင်းပြီး သူ့ကားကို သူကိုယ်တိုင် တရှိန်ထိုးမောင်း၍ ထွက်သွားလေတော့သည်။

အားလုံး ငြိမ်နေကြဆဲ. . . စူးသည် သူနှင့် ကလေးများ အိပ်ရသော အခန်းလေးအတွင်းသို့ လာခဲ့ပြီး ချစ်လှစွာသော ကိုကို၏ စာကိုဖောက်လျက် ရင်ထိတ်စွာ စတင်၍ ဖတ်မိပါပြီ။

ကိုကို့ အချစ်ဆုံး. . .

နှလုံးသည်းပွတ်မလေး. . .

စူးရေ. . .

ဒီစာနဲ့အတူ ပါရှိလာတဲ့ စာနှစ်စောင်ကို စူးဖတ်ကြည့်ပါ။

ဖေဖေ့ဆီက ကိုကို့ကို ရေးလိုက်တဲ့စာ နဲ့. . .

စူးရဲ့ မမဦးက ဖေဖေ့ဆီ ရေးလိုက်တဲ့ စာနှစ်စောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရယ်. . .

ကံကြမ္မာက ဆန်းကြယ်စွာ လှည့်စားပြီး ကိုကိုတို့ လေးယောက်အပေါ်မှာ ကျရောက်လာတယ်ကွယ်။

ဖေဖေ ဆုံးဖြတ်ပေးတဲ့အတိုင်း. . .

မမဦး စွန့်လွှတ်ပေးတဲ့အတိုင်း. . .

ကိုကိုနဲ့စူး ငွတ်ယူလိုက်ကြရင် အထိအနာဆုံးက စူးရဲ့မမဦးပဲ ဖြစ်ရှာမယ်။

ဖေဖေ့ကိုလည်း ကိုကို သိပ်သနားတယ် စူးရယ်။

သူတို့ ခွင့်လွှတ်ပေးကြတဲ့အတိုင်း ကိုကိုနဲ့ စူး အတူနေပြီးတဲ့နောက်ပိုင်းမှာ ကလေးသံယောဇဉ်ကြောင့် လုံးဝပြတ်စဲမယ်လို့ ကျိန်းသေမပြောနိုင်ဘူးပေါ့လေ။

ဒီအခါမှာ ဆွေမျိုးစပ်မရတဲ့ မျိုးဆက်သွေးလေးတွေ ပေါက်ပွားလာပြီး လောကအလယ်မှာ မနေဝံ့လောက်အောင် အရှက်ရရမယ့်အဖြစ်ပါ။

ကိုကိုနဲ့ ဖေဖေနဲ့ ဆုံဆည်းပေါက်ကွဲခဲ့တဲ့အကြောင်း၊ စူးကို အဘယ်မျှ ချစ်ရပါကြောင်းတွေ ကိုကို ရေးမပြချင်တော့ဘူး စူးရေ။

စူးနဲ့ကိုကို့မှာက ချစ်သူဘဝပဲ ရှိသေးတယ်။





ဖေဖေနဲ့ မမဦးက လက်ထပ်ထားကြတာ သုံးနှစ်ကျော်ပြီတဲ့။ နောက် သူတို့နှစ်ဦးရဲ့ ရင်သွေးလေးလည်း ရနေပြီတဲ့လေ။

ကိုကိုနဲ့စူး ခွဲခွာတာထက် သူတို့နှစ်ဦး ခွဲခွာရမှာက ပိုပြီး ရင်နာစရာကောင်းတဲ့အဖြစ်ပါပဲကွယ်။

ဒါကြောင့် ကိုကိုတို့နှစ်ယောက် ဖယ်ပေးတာက ပိုပြီးအဆင်ပြေမယ်၊ သဘာဝကျမယ်ဆိုတဲ့ အသိတွေနဲ့ ကိုကို့ရင်ထဲက သွေးစိမ်းရှင်ရှင်တွေ ကျလာသလို ကိုကို ရင်ကွဲခံပြီး စူးကို စွန့်လွှတ်ပါရစေတော့ အချစ်လေးရယ်။

ကိုကို ဒီလိုဆုံးဖြတ်ပြီးမှ စူးကို ဘာလို့ တရားဝင်လက်ထပ်လဲ. . . သိလား။

စူးဟာ ကိုကို့ရဲ့ တရားဝင်ဇနီးဖြစ်မှသာ ကိုကို့ရဲ့ ပိုင်ဆိုင်မှုအားလုံးကို ရရှိခံစားခွင့် ရှိနိုင်မှာမို့ပါ။

စူး မိဘလက်ထက်က ပိုင်ဆိုင်ခဲ့တဲ့ စိန်တစ်ဆင်စာရယ်၊ ကိုကို့မေမေရဲ့ ရွှေတွေရယ်၊ ဘဏ်က ငွေငါးသိန်းရယ်၊ အိတ်ထဲမှာ စူး တွေ့ပြီးရောပေါ့။

ဒါတွေ မမက်မောဘူး၊ ကိုကို့ကိုပဲ စူး ချစ်တယ်၊ မျှော်လင့်တယ်ဆိုတာလည်း ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



သိပြီးသားပါစူး။

နောက်ထပ် ကိုကိုပိုင်ဆိုင်သမျှ ခြံ မြေနဲ့ တိုက်တွေ ကားတွေ အားလုံးလည်း စူးနာမည်နဲ့ လွှဲပြောင်းပေးဖို့ ဖေဖေ့ကို ကိုကို ဖုန်းဆက်ပြီး ပြောလိုက်ပြီ။ ဖေဖေကလည်း သဘောတူရှာပါတယ်။

တကယ်တော့ ဖေဖေ့စာထဲမှာ ပါတဲ့အတိုင်း စူးရဲ့ဖေဖေ့ဆီက မတရားယူခဲ့တဲ့ ငွေနဲ့ ကြီးပွားလာခဲ့တာမို့ စူးတို့ ညီအစ်မပဲ ပြန်ပြီး ပိုင်ဆိုင်ခွင့်ရသွားတဲ့ အဖြစ်မို့ ဒီတစ်ချက်တော့ လောကကြီးက တရားမျှတသွားပဲနော်စူး။

ကိုကို့နာမည်နဲ့ ရှိနေတဲ့ ပြည်မြို့ ကမ်းနားလမ်းက တိုက်ကြီးနဲ့ မြေဂရံတွေလည်း ပေးလိုက်တယ်။ စူး တစ်ဦးတည်းပိုင်ဖြစ်ဖို့ ရုံးကိစ္စအားလုံး ကျော်စွာအောင် ဆောင်ရွက်ပေးပါလိမ့်မယ်။

စူး ပြည်မှာ ပြန်နေပါ။

ကျောင်းကိစ္စ နောင်မှပဲ စဉ်းစားပါတော့နော် စူး။

ဦးဘဆန်းလည်း အစာအိမ်ကင်ဆာနဲ့ ဆုံးသွားရှာပြီမို့ တိုက်ကြီးမှာ အစောင့်တောင် မရှိတော့ဘူး။

ကြီးကြီးစုကို ပြန်ခေါ်ပါ။





အားကိုးရမယ့်အမျိုးအဆွေကို လောလောဆယ်ရှာပြီး အတူနေကြပါနော်စူးလေး. . .

စူးရယ်. . . ဒီစာရေးရင်း ကိုကို ငိုနေပါတယ်၊ ကိုကို ငိုခဲ့ရတဲ့ ရက်လည်း ရှည်ကြာခဲ့ပါပြီ။

ဆုံးဖြတ်ပြီးကတည်းကဆိုပါတော့. . .

စူးနဲ့ လက်ထပ်တဲ့နေ့က ဖေဖေ့ကို တက်ကန်တော့တာလည်း ဖေဖေ့ကို နောက်ဆုံးတွေ့ခြင်းပါပဲ။

စူးကို မင်္ဂလာဒုံအိမ်မှာ ထားခဲ့တာဟာလည်း နောက်ဆုံးခွဲခွာခြင်းပါပဲ စူး။

ကိုကို နိုင်ငံခြားကို အခု ရက်ပိုင်းအတွင်းမှာပဲ အပြီးသွားတော့မယ် ချစ်ရယ်. . .

စူးရေ. . . ကွာရှင်းစာချုပ်မှာ ကိုကို လက်မှတ်ထိုးခဲ့ပါတယ်။

တကယ်လို့ စူးအတွက် သင့်လျော်မွန်မြတ်တဲ့သူ တွေ့ရင်လည်း စူး လက်ထပ်နိုင်အောင်ပါ။

စူးအတွက် သိန်းပေါင်းများစွာတန်တဲ့ ပစ္စည်းတွေ ထားရစ်ခဲ့တာကို စူး ဝမ်းမသာနိုင်သည့်တိုင်. . . ကိုကို့ရဲ့ အသည်းနှလုံးမလေးစူး သိပ်ပြီး မခံစားရပါစေနဲ့လို့ ကိုကို ဆုတောင်းပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့လို နှလုံးအကျ် အသည်းကွဲစွာနဲ့၊ ငိုမနေရပါစေနဲ့လို့ ကိုကို ဆုတောင်းပေးခဲ့ပါတယ် စူးလေးရယ်. . .

ကိုကိုလေ. . . စူးကို သိပ်ချစ်တယ်။ ပြောမပြနိုင်အောင်ကို အချစ်ကြီးချစ်ခဲ့ပါတယ်ဆိုတာ စူးလည်း အသိပါကွယ်။

စူးကို ကိုကို လွန်လွန်မင်းမင်း သနားနေမိပါတယ် စူး။

စူး သိပ်မခံစားရပါစေနဲ့လို့. . .၊ ကိုကို အထပ်ထပ်အခါခါ ဆုတောင်းပါတယ် အချစ်ရယ်။

သူတို့နှစ်ယောက်ရဲ့စာကို စူး ဖတ်မိရင်လည်း ကိုကို့လိုပဲ ဆုံးဖြတ်ပေးလိမ့်မယ်လို့ ထင်ပါတယ်။

ဘယ်သောအခါမှ မခွဲခွာဘူးလို့ ကြွေးကြော်ရင့်ကျူးခဲ့တဲ့ကောင်. . .

ခုတော့. . .စူးကို တကယ်ပဲ အပြီးတိုင်ခွဲခွာပြီး. . . မြန်မာနိုင်ငံကိုလည်း အပြီးပိုင်စွန့်ခွာသွားပါတော့မယ်စူးရယ်. .

ကိုကို ငိုနေပါတယ် အချစ်။

ဘာမှလည်း ထပ်ပြောစရာ မရှိတော့ပါဘူး။





ကိုကို့ရင်ထဲမှာ ကိုကို့ရဲ့ နှလုံးခုန် မရပ်သရွေ့. . . နှလုံးခုန်သံနဲ့အတူ အော်မည်နေမှာကတော့. . .

"စူးကို ကိုကို သိပ်ချစ်တယ်"

"စူးကို ကိုကို သိပ် ချစ်တယ်"

"စူးကို ကိုကို သိပ် ချစ်တယ်ကွယ်. . ."

စူးရေ. . . အချစ်ဆုံးရဲ့၊ ကိုကိုတို့ တကယ်ပဲ ခွဲကြရပါပြီ။

ဒီစာနဲ့ အချစ်ဆုံးကို နောက်ဆုံး နှုတ်ဆက်လိုက်ပါတယ်။

စူးရဲ့. . . ကိုကို

◆ ◆ ◆

"ဝုန်း"

ဆိုသော အသံကြောင့် မမြတ်မြတ်ထွေး ပြေးဝင်လာတော့. . .

မြန့်ကျဲနေသော လက်ရေးသုံးမျိုးနှင့် စာသုံးစောင်၏ဘေးမှာ လဲနေသော စူး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . စူး. . . စူး. . . "
"စူး"
"အမယ်လေး. . . ကိုလှထူးရေ. . . မြန်မြန်လာပါဦး၊ စူးကို ခေါ်လို့မရတော့ဘူး"

◆ ◆ ◆

အခန်း ။ ၃၇ ။

မှတ်သုံ ဆုတ်ခွာ၍ မိုးရာသီ ကုန်ဆုံးခဲ့လေပြီ. . .

ဧရာဝတီသည် သရေခေတ္တရာဟု ခေါ်တွင်ခဲ့သော ပြည်မြို့ကို ဦးတိုက်ကာ ကွေ့ဝိုက်ပြီးမှ စုန်ဆင်းသွားနေသည်။

မြစ်ဆိပ် ရေစပ်သောင်တွင် ထိုင်ကာ စာချုပ်နှစ်ရွက်ကို ဆုတ်ဖြဲလျက် ဧရာဝတီမြစ်ရေထဲသို့ မျှောချနေသော စူးဆိုသည့် မိန်းကလေး. . .

"စူး အတွက် သင့်လျော် မွန်မြတ်တဲ့သူ
တွေ့ရင်လည်း စူး လက်ထပ်နိုင်အောင်ပါ"

ဆိုသော စာနှင့်အတူ ကိုကို လက်မှတ်ရေးထိုးပေးခဲ့သော ကွာရှင်းစာချုပ်နှစ်စောင်. . .

"စူးအတွက် ဒုတိယလူဆိုတာ ဒီတစ်သက်မှာ ပေါ်ပေါက်လာစရာ ဘယ်သောအခါမှ မရှိနိုင်တာမို့ ဒီစာချုပ်ကို ဧရာဝတီကတစ်ဆင့် မျှောလိုက်ပါတယ်ကိုကိုရေ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာချုပ် အပိုင်းအစကလေးကို သယ်ဆောင်သွားမယ့် ရေကြောဟာ မြစ်ကနေ ပင်လယ်၊ ပင်လယ်ကနေ သမုဒ္ဒရာထဲကို စီးဝင်ပေါင်းဆုံသွားကြမှာပါ. . .

"ဒီကမ္ဘာမြေရဲ့ တစ်နေရာမှာ ကိုကို ရှိနေမှာပါနော်၊ ကိုကိုရှိတဲ့ နေရာမှာလည်း ရေပြင် ရှိမှာပါ။ ကမ္ဘာမြေရဲ့ ငါးပုံသုံးပုံကျော်ဟာ ရေတွေလေ ကိုကို. . .

"အဲဒီ ရေပြင်ကြီးထဲမှာ ကိုကို့ရဲ့ ကွာရှင်းစာချုပ်တွေ နစ်မြုပ်သွားပြီဆိုတာ ကိုကို သိနိုင်ပါစေသားကွယ်. . .

"ဒီကမ္ဘာမြေမှာ ပတ်ဝိုင်းနေတဲ့ ရေတွေ မခန်းသရွေ့လည်း ကိုကို့ပေါ်မှာ ထားရှိခဲ့တဲ့ စူးရဲ့ အချစ်နဲ့ သစ္စာဟာ မခမ်းပါဘူးဆိုတာ ရောဝတီကို သက်သေတည်ပြီး သစ္စာပြုလိုက်ပါ၏

စူးရဲ့ အချစ်ဆုံး ကိုကို၊ ကျေးဇူးရှင် ကိုကိုရေ. . ."

နှလုံးသားတွင်းမှ ရွတ်ဆိုမြည်တမ်းပြီး ကမ်းစပ်မှ နေ၍ ဖြည်းဖြည်းချင်း စူး ပြန်တက်လာခဲ့သည်။

ယခုအခါမှာ စူးသည် ပြည်မြို့ ကမ်းနားလမ်းကတိုက်ကြီးပေါ်မှာ ကြီးကြီးစုနှင့်အတူ နေထိုင်ပါ၏။

ကြီးကြီးစုလည်း မျက်စိခွဲပြီးပြီ၊ ကုသပြီးပါပြီ။ တစ်ဘက်က မမြင်ရ။ တစ်ဘက်ကတော့ ပြန်မြင်နေပါပြီ။ ကံမမှ သားသမီးမရှိသော သူတူမ ဝမ်းကွဲနှင့် ခင်ပွန်းတို့ လာရောက်ကာ သစ္စာရှိစွာ နေထိုင်ကြပါ၏။

သူဌေးမလေး စူးမှာတော့ ဘဏ်၌ အပ်နှံထားသော ငွေငါးသိန်းမှ ရရှိသော အတိုး တစ်နှစ် ရှစ်ရာခိုင်နှုန်းဖြင့် တစ်ယသုံးထောင်ကျော်မျှသော ဝင်ငွေနှင့် အေးငြိမ်းစွာ နေနိုင်ခဲ့ပါပြီ။



ဤကိစ္စအားလုံးကို ကိုကို့သူငယ်ချင်း ကျော်စွာအောင်က ဆောင်ရွက်ပေးခဲ့ပါသည်။

စူးသည် ကမ်းပေါ်တက်လာပြီး စောစောက ထိုင်ခဲ့သော ကျောက်ဆောင်ပေါ်မှာ ဖြည်းလေးစွာ ပြန်ထိုင်၏။

ဖတ်ပြီးသား သတင်းစာကိုပင် ကောက်ယူကာ ထပ်ဖတ်နေမိသည်။

"သမီးဦး ရတနာ ဖွားမြင်ခြင်း"

ရန်ကုန်မြို့၊ ရွှေတောင်တန်း၊ ချမ်းသာပွဲရုံပိုင်ရှင် ဦးချမ်းသာ ခေါ် ဦးမြင့်ဟန်၏ ချစ်ဇနီး တင်မေဦး (ဧကရီဦး ဖြူတီလက်ပ်ပိုင်ရှင်)သည် ၆-၂-၁၉၈၇ နေ့က ဗဟိုအမျိုးသမီး ဆေးရုံကြီးတွင် သမီးဦးရတနာလေးကို ဖွားမြင်ပြီးစီးပါကြောင်း။

မိခင်ရော ကလေးပါ ကျန်းမာကြောင်းနှင့် မွေးဖွားပေးသော ပါရဂူဆရာဝန်ကြီးနှင့် ဆရာဝန် ဆရာမများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဦးချမ်းသာ-တင်မေဦး နှင့်
မီးမီးလေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာကို ပိတ်လိုက်ပြီး မျက်ဝန်းမှာ မျက်ရည်ကို့ ဝေခြင်းနှင့်အတူ. . .

ရင်တွင်းမှာလည်း ချစ်လှစွာသော မမဦးအတွက် ပီတ် တွေ ဝေနေမိသော စူးပါ။

သတင်းစာကို ပိတ်လိုက်တော့ မျက်နှာဖုံးမှာ စာလုံးမည်း လေးများနှင့်. . .

အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်. . . တဲ့။

"သြော်. . . ကိုကိုနဲ့ စတွေ့တုန်းကလည်း မိုးတွေရွာလို့၊ ချစ်ရချိန်ကလည်း မိုးတွေရွာလို့၊ ကိုကို့ကို နောက်ဆုံး ခွဲခွာလိုက်ရချိန်မှာလည်း မိုးတွေရွာလို့ပဲနော်. . . ကိုကို. .

"အခု မိုးရာသီကုန်ကာမှ အခါမဟုတ် မို[illegible] လေ. . .

"အဲဒီ အခါမဟုတ် ရွာတဲ့မိုးဟာ တစ်ကြိမ်နှစ်ကြိမ်သာ ဖြစ်မှာပါ. . .

"စူးရဲ့ မျက်ဝန်းမှာ. . . စူးရဲ့ ရင်ထဲမှာတော့ ကိုကို့ကို ချစ်ရတဲ့ မိုး၊ လွမ်းရတဲ့ မိုးက သုံးရာသီပတ်လုံး ထာဝရ ရွာနေဆဲပါ ကိုကိုရေ. . .

"ဟော. . . ပြောရင်းဆိုရင်း မိုးပေါက်တွေ လွင့်လာပြီ ကိုကို. . .

"မေတ္တာတရားကိုလည်း မိုးနဲ့ နှိုင်းတတ်ကြတယ်နော်၊

"ဒါပေမယ့်. . . မိုးဟာ ရွာသင့်တာထက် ပိုရွာရင် အပွင့်တွေ ကြွေပြီး အပင်ပါသေတတ်ပါတယ်. . .

"အခု ကိုကို့ရဲ့ မေတ္တာမိုးလွန်ကဲမှုကြောင့် စူးရဲ့ နှလုံးသားထဲက ချစ်ပွင့်လေးတွေကြွေပြီး နှလုံးသားရေသောက်မြစ်ပါ သေဆုံးခဲ့ရပါပြီ ဆိုတာရော ကိုကို သိပါရဲ့လားရှင်. . .

"ကိုကို့ရဲ့ မေတ္တာမိုး ခြွေလို့ ကြွေရတဲ့ 'မိုးခြွေပန်း'မလေး စူးဟာ ထာဝရ ကိုကို့ပေါ်မှာ ချစ်နေဆဲ. . . သစ္စာရှိနေဆဲပါ ဆိုတာကိုလည်း မိုးပေါ်က ကျလာတဲ့ မိုးပွင့်လေးတွေကို ထပ်ပြီး သက်သေထူလိုက်ပါတယ် ကိုကိုရေ. . .

"ကမ္ဘာမြေတစ်နေရာမှ စူးရဲ့ တစ်ဦးတည်းသော အချစ်ဆုံး ကိုကို သိရှိပါစေသားကွယ်"

◆ ◆ ◆

ပြီး ပါ ပြီ

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)
၃၁-၇-၁၉၈၇







BURMESE CLASSIC .com
www.burmeseclassic.com